www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
တြိစကူ
ကြာပိုက်သားပိုက်၊မှော်ဆိုက်တစေ/တြိစကူ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၂၅၅-စာ၊ ၁၂.၅x၁၈.၃ စင်တီ၊
(၁) တြိစကူ

ဖြန့်ချိရေး အောင်မြင်စာပေ၊ ၂၀၁၅ ခုနှစ်၊(ဇူလိုင်လ)၊အုပ်ရေ(၅၀၀)၊ပထမအကြိမ်၊



# ဒဿနလက်ဆောင်

လူတွင် "အမှတ်တရား" နှင့် "အမေ့တရား"
နှစ်မျိုးရှိသည်။ လူအတော်များများက
အမှတ်သညာကောင်းခြင်းကိုသာ အလိုရှိကြသည်။
မေ့လျော့ခြင်းကို အလိုမရှိကြပေ။
အမှတ်တရားကောင်းမှုကြောင့်
နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော
အမုန်းတရားများကို မှတ်မိသဖြင့်
ကလဲ့စားချေကြသည်။
ထိုနေရာမျိုးမှာတော့ "အမေ့တရား" က
"အမှတ်တရား" ရှိခြင်းထက်
ပိုကောင်းတတ်ပါသည်။

သစ်သားဘဝရောက်ရပြီးမှတော့
ဧည့်ခန်းမှာထားသော ပန်းပုရုပ်ပင်ဖြစ်စေ၊
မီးဖိုထဲမှ ငရုတ်ကျည်ပွေ့ပဲဖြစ်စေ မထူးတော့ပါချေ။
သစ်ပင်ဘဝမှာ မိမိဘာသာ ရပ်တည်ခဲ့သော်လည်း
သစ်သားဘဝနှင့် သူတစ်ပါးလက်ရောက်မှတော့
ဖြစ်ရာဘဝနှင့်သာ အကောင်းဆုံးလုပ်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

ရွှေတစ်ရွှေးကို ငွေပေးဝယ်၍ရပါတယ်၊
အိန္ဒြေမရှိလျှင်တော့၊ စိန်ရွှေနဲ့ညှိသော်လည်း
တန်ဖိုးရှိလာမည် မဟုတ်ပါချေ။

မီးစာလည်းကျွမ်း၊ ဆီလည်းခမ်းသော်...
လမ်းစဘယ်လိုရှာရမယ်...။
ဇရာလည်းပြို၊ ရုပ်လည်းအိုသော်...
ငါ့ကို ဘယ်သူကူပံ့မယ်...။

အချစ်သည်
နှလုံးသားကိုသော်လည်းကောင်း၊
စိတ်ကိုသော်လည်းကောင်း၊
သိမ်မွေ့စွာပင် နာကျင်စေသည်။
သိမ်မွေ့လွန်းသောကြောင့်
ခံရသူက ဝေဒနာဟုပင် မထင်မိတတ်ကြပေ။

# ဒဿနလက်ဆောင်

အလေ့အကျင့်ကောင်းတစ်ခုဆိုတာ
ပိုးချည်မျှင်တစ်ခုလိုပါပဲ။
တစ်မျှင်ချင်းကို ကျစ်ယူသောအခါ
တစ်ချိန်ကျလျှင်...
အသံမြည်သော စောင်းကြိုးတစ်ချောင်း
ဖြစ်လာပါလိမ့်မယ်။

စိတ်ကူးယဉ်သောအချစ်သည်
နုနယ်သောဘဝကပေးသည့်
အကောင်းဆုံးအတွေ့အကြုံတစ်ခုပင်
ဖြစ်ပေသည်။
ရင့်ကျက်လာသောအခါ ထပ်မရနိုင်ပေ။

အချစ်၏အကျိုးသက်ရောက်မှုသည်လည်းကောင်း၊
အမုန်း၏အကျိုးသက်ရောက်မှုသည်လည်းကောင်း၊
သာတူညီမျှပင်ဖြစ်သည်။
ခံစားရတာချင်းတူသောကြောင့် ဖြစ်၏။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ချစ်လျက်နှင့် အပြစ်မဲ့စွာ လမ်းခွဲပါသော်...
ဝေဒနာရှိတော့လည်း အတူတူ၊
ကြွေစရာရှိတော့လည်း အတူတူပါပဲ။

- ရည်မှန်းချက်ပန်းတိုင်ကို
ရှင်းလင်းပြတ်သားစွာ တွေ့မြင်ရခြင်းမှာ
ကံကောင်းခြင်း သံလိုက်တုံးနဲ့
ဆွဲကပ်ယူသလို နီးစပ်သွားနိုင်ပါတယ်။

- သင့်ရှေ့မှာ ချောက်တစ်ခုခံနေရင်
နှစ်ခုပဲ ရွေးစရာရှိပါတယ်။
ချောက်ထဲဆင်းမှာလား၊
တစ်ဘက်ကမ်းရောက်အောင်
ဖွဲ့ရှိရှိနဲ့ ကျော်ဖြတ်မှာလား...။
ဘဝရဲ့အခက်အခဲအတားအဆီးတွေဆိုတာ
ချောက်တစ်ခုကဲ့သို့ပါပဲ...။

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | ရှမ်ပဲလားသို့မဟုတ် ဝိဇ္ဇာတို့ဌာနီ အလုံပြည် |
| အခန်း(၂) | သားပိုက်ရွာမှ ဒေါ်ရွှေဇာနှင့်ဓာတ်ပညာ |
| အခန်း(၃) | ကြာပိုက် သားပိုက် စုန်းတိုက်ကဝေ |
| အခန်း(၄) | နတ်ရုပ်တုတွင်းမှရသော ကြေးပုရပိုဒ်များ |
| အခန်း(၅) | ပျက်ပြယ်သွားခဲ့သော မျှော်လင့်ခြင်းဆည်းဆာ |
| အခန်း(၆) | ချစ်ခြင်းမတူသောဘဝများ |
| အခန်း(၇) | ချောင်းပိုင်သရဲလက်ချက်ဖြင့် သေရသောသူ |
| အခန်း(၈) | သေရွာမှ ပြန်လာသောသူ |
| အခန်း(၉) | ရင်မောင်နှင့် နိမိတ်ဆိုးများ |
| အခန်း(၁၀) | ရင်မောစရာ အတွေးစများ |
| အခန်း(၁၁) | ဝီယဆေးကြောင့် အသက်ပေးရသူ |
| အခန်း(၁၂) | လူ့ဘဝနှင့် သရဲဘဝသို့ ရောက်ခဲ့ရခြင်း |
| အခန်း(၁၃) | အတွင်းဒီပါရုံစခန်းမှ ဦးသူတော် |
| အခန်း(၁၄) | မှော်တိုက်တစ္ဆေနှင့် ကလဲ့စား |
| အခန်း(၁၅) | သံသယမလိုသော ချစ်ခြင်းမေတ္တာ |


www.burmeseclassic.com



www.burmeseclassic.com


# အခန်း (၁)

# ရှမ်ဗလား သို့မဟုတ် ဝိဇ္ဇာတို့ဌာနီ အလုံပြည်

မြန်မာနိုင်ငံသည် စေတီပုထိုး၊ ဘုရားကျောင်းကန် လွန်စွာပေါလှသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းမှ စေတီပုထိုးများနှင့် ပုဂံမှာရှိသော စေတီပုထိုးများကို ကြည့်ရုံနှင့်ပင် ဘယ်လောက်များသည်ကို သိနိုင်ကြပေသည်။

'လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း'

'သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း'

ဟူ၍ လင်္ကာများဖြင့် စေတီဘုရားများ၏ အရေအ

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

တွက်ကို အမှတ်အသားပြုခဲ့ကြသည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှာတော့ ထိုမျှလောက် ဘုရားစေတီ မများပေ။

အဘယ်ကြောင့်ဆိုသော် မြစ်ဝကျွန်းပေါ်အရပ်ဒေသများမှာ ပေါ်ပေါက်တာနောက်ကျပြီး၊ အောက်ပိုင်းအရပ်ဒေသများမှာ လူများအခြေစိုက်နေထိုင်ကြသည်မှာ မကြာလှသေးသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်များမသိမ်းပိုက်ခင် အချိန်ကာလများက မြစ်ဝကျွန်းပေါ်အောက်ပိုင်းဒေသများတွင် လူနေထိုင်မှု မများလှပေ။

မြစ်ချောင်းအင်းအိုင်များ ပေါလှပြီး လှေတစ်စင်းမျှမရှိလျှင် တစ်နေရာမှတစ်နေရာသို့ သွားလာ၍မရသော အခြေအနေမျိုးဖြစ်သည်။ ကုန်းမြေအတော်များများကိုလည်း သစ်တောကြီးများက ဖုံးလွှမ်းထားလေသည်။

အင်္ဂလိပ်များသိမ်းပိုက်ပြီး ကာလအတော်ကြာတော့ သစ်တောများအတွင်းသို့ သစ်ဝါးခုတ်ယူသူများ ရောက်လာသည်။ လူနည်းစုမှ လူများစုဖြစ်အောင် စုပေါင်းနေထိုင်ကြရင်းမှ ရွာများ၊ ပွဲစားတန်းများဖြစ်လာသည်။

ပင်လယ်ပိုင်းဒေသသို့ ငါးပုစွန်ရှာသောလှေများ ရောက်လာကြသည်။

ငါးပုစွန်ရှာသူတို့မှာ ပထမတော့ ရာသီချိန်လောက်သာ နေကြပြီး မိုးကျကာနီး ရာသီချိန်ကုန်သောအခါ မိမိတို့နေရပ်သို့





ပြန်သွားကြသည်။

နောက်ပိုင်း လူများလာသောအခါ သွားလိုက်ပြန်လိုက် မလုပ်လိုကြတော့သဖြင့် သင့်တော်သောနေရာများတွင် တဲများထိုးနေရာမှ ရွာငယ်များဖြစ်လာကြသည်။

ယခုပင်လယ်ဝဒေသတွင် မြို့ငယ်တမျှ စည်ကားနေသော ကဒုံ၊ ဧရာ နေရာတို့မှာ ရှေးအခါက မျှင်ထိုးသမားတို့ စုပေါင်းစခန်းချသော နေရာများဖြစ်ခဲ့ကြသည်။

အင်္ဂလိပ်များလက်ထက်တွင် ချစ်တီးကုလားများက မြစ်ဝကျွန်းပေါ် အရပ်ဒေသမှာရှိသော လယ်များကိုသိမ်းပြီး လယ်လုပ်လိုသူများကို အငှားချစားခဲ့သည်။

ဤသို့ဖြင့် လယ်သမားများနေသော ရွာများဖြစ်ပေါ်လာသည်။ အများအားဖြင့် လက်လုပ်လက်စား၊ ဆင်းရဲသားများနေသော ရွာများဖြစ်သောကြောင့် ဘုရားစေတီ စသည်တို့ မတည်နိုင်ခဲ့ကြပေ။

တချို့ရွာများမှာတော့ ရွာဦးရွာထိပ်တွင် စေတီတစ်ဆူ၊ ကျောင်းတစ်ဆောင်ဆောက်၍ ကိုးကွယ်ကြသည်မျိုးတော့ ရှိသည်။ သို့သော် အထက်ပိုင်းဒေသများလောက်တော့ မများပေ။

စေတနာရှိသော်လည်း နေရာမရှိ၊ နေရာရှိသော်လည်း ငွေကြေးမရှိသောကြောင့်ဖြစ်သည်။ အင်္ဂလိပ်များပြေးပြီး(၁၉၄၈) ခုနှစ် နောက်ပိုင်းရောက်တော့လည်း အုပ်ချုပ်မှုမတည်ငြိမ်သေး၊ အောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသများ၌ လက်နက်ကိုင် သောင်းကျန်းသူများ နှိပ်စက်မှုဒဏ်ကို ခံကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

သောင်းကျန်းသူများက ၄င်းတို့စိတ်တိုင်းမကျလျှင် တစ်ရွာလုံးမီးရှို့ပြီး ကျောင်းကန်ဘုရားတို့ကိုပါ ဖျက်ဆီးတတ်ကြလေသည်။

ထိုအချိန်ကာလ မြစ်ဝကျွန်းပေါ်အရပ်ဒေသမှာရှိသော စေတီ၊ ဘုရား စသည်တို့မှာ အတော်များများ ဖျက်ဆီးခြင်းခံကြရသည်။

မြစ်ဝကျွန်းပေါ်အရပ်ဒေသ၏ နေရာအတော်များများမှာ မြေပြန့်နေရာများပင်ဖြစ်သော်လည်း အနောက်ရိုးမတောင်တန်းကြီး၏ တောင်နှာမောင်းဆင်းသော နေရာများမှာတော့ ကုန်းမြင့်ဒေသများ ရှိခဲ့ကြသည်။ ရခိုင်ရိုးမတောင်တန်းကြီးမှ သွယ်တန်းလာသော တောင်တန်းကြီးမှာ ဧရာဝတီတိုင်းဒေသအတွင်းသို့ ရောက်သောအခါ တောင်နှာမောင်းဆင်းသွားလေသည်။

၄င်းကိုတော့ အနောက်ရိုးမတောင်တန်းကြီးဟုပင် ခေါ်ကြလေသည်။

ရိုးမတောင်တန်းကြီးရှိသောနေရာတစ်ဝိုက်မှာ အထက်ပိုင်းကဲ့သို့ တောင်မြင့်ကြီးများ မရှိတော့သော်လည်း ပေပေါင်းတစ်ထောင်ကျော် နှစ်ထောင်နီးပါးမြင့်သော တောင်အချို့တော့ ရှိပေသည်။

ထိုတောင်များပေါ်မှာတော့ ရှေးကလူတို့တည်ခဲ့သော စေတီပုထိုးများရှိပေသည်။ ဂမ္ဘီရနှင့် သက်ဆိုင်သောနေရာများလည်းရှိသည်။ ဧရာဝတီတိုင်းသည် မြစ်ဝကျွန်းပေါ်အရပ်ဒေသ





ဖြစ်သောကြောင့် ဂမ္ဘီရဆန်သောနေရာများများတော့ မရှိပေ။

သို့သော်လည်း မော်တင်စွန်းစေတီကဲ့သို့ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော စေတီတော်ကြီးရှိသည့်အပြင် ထိုတောင်တစ်ကြောမှာလည်း ဂမ္ဘီရဆန်သောနေရာအချို့ ရှိပေသည်။

မော်တင်စွန်းစေတီတော်ကြီး တည်ထားသောနေရာမှာ အနောက်ရိုးမတောင်ကြီး တောင်နှာမောင်း အဆုံးသတ်ရာ 'နေရရေ့'အငူပေါ်၌ဖြစ်သည်။

ထိုနေရာရောက်သောအခါ အနောက်ရိုးမတောင်တန်းကြီးကို နာဂရစ်တောင်ရိုးဟု ဒေသခံများကခေါ်ကြသည်။

နာဂရစ်တောင်ရိုးမှ ခွဲထွက်သွားသော သီးခြားနေရာတွင် အခြားတောင်တစ်လုံးရှိသည်။

ဒီပါရုံတောင်ပင်ဖြစ်သည်။

ဒီပါရုံတောင်ကို အလုံဒီပါရုံတောင်ဟု ခေါ်ဝေါ်ကြသည်။ ထိုသို့ခေါ်ဝေါ်ကြခြင်းမှာ ဒီပါရုံစေတီတော်တည်ရှိပြီး တောင်၏အနောက်ဘက် တောနက်ထဲတွင် မြို့ပျောက်တစ်မြို့ ရှိသောကြောင့်ဖြစ်သည်။

မြို့ပျောက်ဆိုသည်မှာ ထိုက်သူသာတွေ့ခွင့်ရပြီး၊ မထိုက်လျှင် တွေ့ခွင့်မရသော ပျောက်ကွယ်နေသည့် နေရာမျိုးဖြစ်လေသည်။

ကမ္ဘာပေါ်တွင် သာမန်လူတို့ မတွေ့နိုင်၊ မရောက်နိုင်ဘဲ ပျောက်ကွယ်နေသော မြို့ကြီးများနှင့် နေရာများ ရှိကြပေသည်။


www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေအောက်တွင် နစ်မြုပ်ပျောက်ကွယ်နေသော အတ္တလန္တစ်ရွှေမြို့တော်၊ သုဝဏ္ဏဘူမိရွှေမြို့တော်၊ ဂိုဘီသဲကန္တာရအတွင်းမှရွှေမြို့တော်၊ ဂိုအာလူမျိုးတို့ကျိန်စာဖြင့် ကွယ်ပျောက်ထားခဲ့သော ဂိုအာရွှေမြို့တော်၊ သူတော်စင်တို့ မွေ့လျော်ရာ 'ရှမ်ဗဲလား' အစရှိသောနေရာတို့မှာ သာမန်လူတို့မတွေ့နိုင်၊ မရောက်နိုင်သော မြို့ပျောက်၊ နေရာပျောက်များ ဖြစ်ကြလေသည်။

ထိုအထဲတွင် ဒီပါရုံတောင် ဝန်းကျင်တစ်ဝိုက်မှာရှိသော်လည်း သာမန်လူတို့ မတွေ့နိုင်၊ မရောက်နိုင်သော 'အလုံမြို့ပျောင်း' ရှိပေသည်။

သို့ကြောင့် တောင်ပေါ်မှာ တည်ထားသောစေတီကို 'အလုံဒီပါရုံစေတီ' ဟုခေါ်ဝေါ်ပြီး၊ ၎င်းတောင်ကိုလည်း 'ဒီပါရုံတောင်' ဟု ခေါ်ဝေါ်ကြခြင်းဖြစ်လေသည်။ ဒီပါရုံစေတီတော်သည် ဒီပါလေးဆူဝင် စေတီတော်တစ်ဆူပင်ဖြစ်သည်။

ဒီပါလေးဆူစာရင်းဝင် စေတီလေးဆူတို့မှာ ဧရာဝတီတိုင်း နယ်နိမိတ်အတွင်းမှာပင် ရှိကြလေသည်။

(၁) ငပုတောမြို့နယ်အတွင်း၌ရှိသော
ပျဉ်းမချောင်း(အတွင်းအလုံ)ဒီပါရုံစေတီတော်။

(၂) ပုသိမ်မြို့နယ်အတွင်း၌ရှိသော
ရွှေတွင်းတူးဒီပါရုံစေတီတော်။

(၃) သာပေါင်းမြို့နယ်အတွင်း၌ရှိသော
တောင်ညိုဒီပါရုံစေတီတော်။

(၄) ရေကြည်မြို့နယ် သီတာကုန်းမြေဒီပါရုံစေတီတော်. .





စသော စေတီတော်လေးဆူတို့ ဖြစ်ကြလေသည်။

ထိုစေတီလေးဆူကို အဓိဋ္ဌာန်ဝင်သော သူတော်စင်များက အတွင်းဒီပါလေးဆူဟု ခေါ်ဝေါ်သတ်မှတ်ကြသည်။

ထို့ပြင် အတွင်းဒီပါစေတီတစ်ဆူလျှင် ဝန်းရံနေသော စေတီခုနစ်ဆူရှိပြန်ရာ အရံစေတီပေါင်း(၂၈)ဆူလည်း ရှိကြပေသေးသည်။

မဟာဂန္ဓာရီ ခရီးလှည့်ပြီ အဓိဋ္ဌာန်ဝင်သူများကတော့ အတွင်းဒီပါလေးဆူအပြင် အပြင်ဒီပါ(၂၈)ဆူတို့ကိုပါ ပြည့်စုံအောင်လှည့်လည်ပြီး အဓိဋ္ဌာန်ဝင်ကြလေသည်။

အချို့သူတေသီတို့က ဒီရေများသည် ငသိုင်းချောင်း၊ သီတာကုန်းမြေ၌ အဆုံးသတ်သောကြောင့် 'ရေဆုံး' ဟု သတ်မှတ်သည်။

အချို့ကလည်း အထက်မှစီးလာသော မြစ်ရေအပေါင်းတို့မြေဆုံးဟု သတ်မှတ်သော မော်တင်စွန်းစေတီတော်ကြီးရှိသော ပင်လယ်၌ အဆုံးသတ်သဖြင့် ရေဆုံးဟုသတ်မှတ်ကြသည်။

မြေဆုံးနေရာကတော့ အငြင်းပွားဖွယ်ရာမရှိပေ။ အနောက်ရိုးမ တောင်နွာမောင်းအဆုံးသတ်သွားသော နာဂရေ့အငူသည် မြေဆုံးနေရာပင်ဖြစ်သည်။

ရေလည်းဆုံး၊ မြေလည်းဆုံးသော နေရာတွင် ဒီပါလေးဆူရှိသောကြောင့်၊ 'လေးဆူဒီပါ သီတာရေမြေဆုံးစေတော့' ဟူသော သစ္စာတိုင်တေးသွား ပေါ်ပေါက်လာရသည်ဟု ကောက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချကာ ရေးသားကြသည်များလည်း ရှိပေသည်။

လေးဆူဒီပါနှင့်ပတ်သက်ပြီး အယူအဆမတူကြသည်လည်း ရှိပေသည်။

အချို့ အတွင်းဒီပါနှစ်ဆူ၊ အပြင်ဒီပါနှစ်ဆူဟု သတ်မှတ်ကြသည်။

အပြင်ဒီပါနှစ်ဆူမှာ . . .

မဟာမကုဋ္ဌရံသီ မြတ်မော်တင်စေတီတော်ကြီးနှင့် ငပုတောမြို့နယ်အတွင်း၌ရှိသော သုစိမာနဒီပါရုံ(ဘုရားလှချောင်းဖျား၊ စမ်းကြီးဒီပါရုံ)နှစ်ဆူတို့ကို အပြင်ဒီပါရုံနှစ်ဆူဟုသတ်မှတ်ပြီး၊ အတွင်းဒီပါ နှစ်ဆူတို့မှာ. . ပုသိမ်မြို့နယ် ရွှေတွင်းတူးဒီပါရုံနှင့် ပျဉ်းမချောင်းအလုံဒီပါရုံ နှစ်ဆူတို့ကို အတွင်းဒီပါနှစ်ဆူဟု သတ်မှတ်ကြလေသည်။

အလုံဒီပါရုံစေတီတော် တည်ထားသောတောင်မှာ ဒီပါရုံတောင်ပင်ဖြစ်သည်။

အမြင့်ပေ (၉၆၄)ပေအမြင့်ရှိပြီး၊ တောင်၏အကျယ်အဝန်းမှာ သုံးမိုင်ခန့်ရှိလေသည်။ ၎င်းတောင်နှင့် ပတ်ဝန်းကျင်တွင် ခွေးနက်တောင်ဟုခေါ်သော မျှော်တော်ယောင်တောင်ရှိသည်။ ဒီပါရုံတောင်မှာ အမြင့်ပေမများလှသော်လည်း ထူးခြားသော တောင်တစ်လုံးပင်ဖြစ်သည်။

အနောက်ရိုးမဟုခေါ်သော နာဂရာဇ်တောင်ရိုးမှ ခွဲထွက်လာသော သီးခြားတောင်တစ်လုံးပင်ဖြစ်သည်။

ငပုတောမြို့နယ်အတွင်း အကာကျေးရွာအုပ်စု၌ ပါဝင်





သသည်။ သစ်ပင်နှင့် သားရဲတိရစ္ဆာန်တို့အား ဘေးမဲ့ပေးထားသော နေရာလည်းဖြစ်သည်။

သို့ကြောင့် သစ်ကြီး၊ ဝါးကြီး၊ သစ်တော၊ ဝါးတောများတာ နေပြောက်မထိုးအောင် ကောင်းလှပြီး တောတိရစ္ဆာန်မျိုးစုံတို့ ပေါများသောနေရာလည်း ဖြစ်သည်။

မျှော်တော်ယောင်တောင်ဟုခေါ်သော ခွေးနက်တောင်နှင့် ယှဉ်လျက်ရှိသောကြောင့် ထူးခြားသောအဖြစ်အပျက်အချို့လည်းရှိခဲ့ဖူးသည်။

ဒီပါရုံတောင်ဝန်းကျင်တစ်ဝိုက်မှာ သစ်ပင်နှင့်သားကောင်တိရစ္ဆာန်တို့မှာ အခြားနေရာများထက် ပိုပေါလှသည်။

တောလိုက်မုဆိုးများက ထိုတောင်တစ်ဝိုက်မှာရှိသောသောတိရစ္ဆာန်တို့ကို ပစ်ခတ်ဖမ်းဆီးရန်အတွက် လာရောက်ကြသည်မျိုးရှိသည်။

သို့သော်လည်း တောတိရစ္ဆာန်တို့အား ပစ်ခတ်ဖမ်းဆီးခြင်းမပြုရသေးခင်မှာ တောထဲမှ ခွေးနက်ကြီးများ ထွက်လာသဖြင့် အသက်လုပြီး ပြေးကြရသည်။ အချို့လည်း ခွေးနက်ကြီးများ လိုက်လံကိုက်သတ်သဖြင့် သေကြေပျက်စီးရသည်မျိုးလည်းရှိသည်။

ခွေးနက်ကြီးများထွက်လာသောတောင်မှာ မျှော်တော်ယောင်(မျှော်တောင်)ဟု မူလအမည်ရှိသော်ငြားလည်း နောက်ပိုင်းမှာတော့ ခွေးနက်တောင်ဟုပင် ခေါ်ကြလေသည်။

ဒီပါရုံတောင်မှာ ထူးခြားသောတောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စေတီတည်ထားသကဲ့သို့ သုံးထပ်ရှိနေသော တော
အမျိုးအစားဖြစ်သည်။ တစ်ဆင့်ပြီးတစ်ဆင့် တက်ရသောတော
အမျိုးအစားဖြစ်သည်။

တောင်ခြေအတက်တွင် မတ်စောင်ပြီး အလယ်နေ
လောက်မြေပြန့်သောနေရာများရှိသည်။

ထို့နောက်. စေတီတော်ရှိသောတောင်ပေါ်သို့ တ
သောအခါမှာ မတ်စောက်သော တောင်တက်လမ်းများမှ တ
ကြရသည်။

ရှေးအခါက ဒီပါရုံတောင်ပေါ်သို့ တက်ရောက်
သော လမ်းလေးသွယ်ရှိသလို ထိုလမ်းများထိပ်၌လည်း မု
ပေါက်လေးခု ရှိခဲ့သည်။

နောက်ကာလကြာသောအခါ ထိုအတက်လမ်းများ
လူအသုံးနည်းလှသဖြင့် ကွယ်ပျောက်သွားခဲ့ကြပေပြီ. .။

တောင်ထိပ်အကျယ်အဝန်းမှာ သုံးမိုင်ခန့်ကျယ်ဝန်း
စိမ်းလန်းစိုပြေသော သစ်ပင်ရိပ်များရှိသည်။ အရှေ့၊ အနော
တောင်၊ မြောက် လေးဖက်လေးတန်နေရာမှ တက်သော
များမှာ တဖြည်းဖြည်းနှင့် လူသုံးနည်းသဖြင့် ကွယ်ပျောက်
ဖြစ်သော်လည်း အနောက်ဖက်တက်လမ်းရှိသော နေရာဖက်
တော့ ထူးခြားသောနေရာရှိသည်။

အခြားတော့ မဟုတ်ပေ။

သူတော်စင်များ၊ ဝိဇ္ဇာများ လာရောက်သီတင်းသုံး
အလုံမြို့ရှိသောကြောင့်ပင် ဖြစ်သည်။





အလုံမြို့သည် သာမန်ဟုတ်၊ မြို့ပျောက်ဖြစ်သည်။ ထိုက်သူများသာတွေ့ရပြီး၊ မထိုက်သူများဆိုပါက တကူးတက ရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရပေ။

သို့ကြောင့် ဂမ္ဘီရပညာကို လေ့လာလိုက်စားသူများ၊ ကျင့်ကြံအားထုတ်သူတို့ စိတ်ဝင်စားသောနေရာလည်းဖြစ်သည်။

အချို့ကတော့ ထိုနေရာကို 'ဝိဇ္ဇာတို့ဌာနီအလုံပြည်'ဟု ရေးသားခေါ်ဝေါ်ကြသည်။ ထိုနေရာဘက်တွင် မုခ်ဦးပေါက်တစ်ခုရှိသည်။ အောက်သို့အတင်အဆင်းပြုသော လမ်းဟောင်းရှိသည်။ ထိုလမ်းမှ ဆင်းသွားပါက အလုံမြို့သို့ရောက်နိုင်သည်ဟု မဟာဂန္ဓာရီလိုက်စားသူများက ပြောဆိုရေးသားကြသည်။

ထိုသို့ပြောသဖြင့် ဆင်းရှာသော်လည်း တောနက်ထဲသာရောက်သွားပြီး မြို့ကိုတော့ ရှာတွေ့မည်မဟုတ်ပေ။ ဒီပါရုံစေတီတော်တွင် အဓိဋ္ဌာန်ဝင်ကြသူတို့မှာ ညဘက်အချိန်ရောက်လျှင်သော်လည်းကောင်း၊ နံနက်အာရုဏ်တက်ချိန်ရောက်လာလျှင်သော်လည်းကောင်း. . မြို့ဟောင်းရှိသော နေရာဘက်မှ ခြေးစည်သံ၊ ဖားစည်သံများ၊ အုန်းမောင်းခေါက်သံများ ကြားကြရသည်။ တောပေါ်သို့ ကျော်တက်လာသော မီးရောင်များ တွေ့ကြရသည်။

တစ်ခါတစ်ရံလည်း အနောက်ဘက်လမ်းမှ ဘုရားရှိသောကုန်းတော်ပေါ်သို့တက်လာသော ဘုန်းကြီးများ၊ သူတော်စင်တို့ကို တွေ့ရတတ်ပေသည်။

တကယ်တော့ အလုံမြို့မှာ မြို့ပျောက်ဖြစ်သလို ဂမ္ဘီရ



www.burmeseclassic.com

www.burmeseclassic.com



ဆန်သောနေရာတစ်နေရာလည်း ဖြစ်သည်။ တစ်နည်းပြော[illegible] လျှင်တော့ ရှမ်ဗဲလားပင်ဖြစ်သည်။ 'ရှမ်ဗဲလား'ဟူသော ဝေါဟာ[illegible] ရမှာ လူသိများသော ဝေါဟာရဖြစ်ပြီး အဓိပ္ပာယ်ကတော့ 'သူ[illegible] တော်စင်တို့မွေ့ပျော်ရာ' ဟူသောအဓိပ္ပာယ်ဖြစ်သည်။

မြန်မာပြည်နယ်နိမိတ်အတွင်းမှာ ထိုကဲ့သို့သော ဂမ္ဘီ[illegible] ဆန်သောနေရာမျိုး အတော်များများရှိကြလေသည်။ ပုပ္ပါ[illegible] တောင်၊ ကေလာသတောင်၊ ကျိုက်ထီးရိုးတောင်၊ မဟာမြိ[illegible] တော စသောနေရာတို့မှာ ဝိဇ္ဇာဇော်ဂျီတပသီနှင့်၊ သူတော်စ[illegible] တို့ပျော်မွေ့သော ရှမ်ဗဲလားကဲ့သို့သော နေရာများဖြစ်ကြ[illegible] သည်။ အလုံမြို့မှာလည်း ထိုကဲ့သို့သော နေရာမျိုးဖြစ်ပေ သည်[illegible]

အလုံမြို့ကို မြတ်စွာဘုရား၏ ဗျာဒိတ်တော်အတိုင်[illegible] စကြာမင်းနှင့် သုဝဏ္ဏဘုမ္မိပြည့်ရှင် သီဟရာဇာမင်းကြီးတို့[illegible] ဦးဆောင်ဦးရွက်ပြုကာ တည်ထားခဲ့ခြင်းဖြစ်သည်။ ထိုသို့တ[illegible] သောအခါမှာလည်း အရှင်ဂဝံပတိရဟန္တာနှင့် သူတော်စင်ဝိဇ္[illegible] တို့က ဝိုင်းဝန်းကူညီပြီး မင်းအာဏာစက်ဖြင့် တည်ထားခဲ့သေ[illegible] မြို့တော်ဟောင်း ဖြစ်ပေသည်။

သို့ကြောင့် ဝိဇ္ဇာတို့ဌာနီအလုံပြည်ဟု တင်စားခေါ်[illegible] ကြသည့် အလုံမြို့မှာ 'ရှမ်ဗဲလား'ဟုဆိုရသော် လွဲမှားနိုင်မ[illegible] မဟုတ်ပါချေ။





# အခန်း (၂)

# သားပိုက်ရွာမှ ဒေါ်ရွှေစာနှင့် မိတ်ပညာ

ရှေးနှစ်ပေါင်းများစွာက အနောက်ရိုးမတောင်တန်းကြီး ရှိသော နေရာများမှာ လူသူနေထိုင်မှု မများလှပေ။ တောင်မြင့် ပေါ်မှာ နေရခြင်းမှာ အသွားအလာခက်ခဲသည်ကတစ်ကြောင်း၊ ရေရရှိရန် ခက်ခဲသည်ကတစ်ကြောင်း၊ သစ်ပင်ဝါးပင်များ ထူ ထပ်စွာ ရှိနေသည်ကတစ်ကြောင်း၊ သားရဲတိရစ္ဆာန် ပေါ်များ သည်ကတစ်ကြောင်း၊ သီးနှံစိုက်ပျိုးစားသောက်ရန် မြေနေရာ



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်သောကြောင့်သော်လည်းကောင်း၊ ငှက်ဖျားရောဂါအပါ အဝင် သဘာဝမှပေးသော ရောဂါများသည်ကတစ်ကြောင်း. . ထိုကဲ့သို့သော အကြောင်းကြောင်းတွေကြောင့် တောင်တန်း၊ တောင်မြင့်များပေါ်၌ မနေလိုကြခြင်းဖြစ်သည်။ သို့သော်လည်း တောင်မြင့်များပေါ်၌သာ နေလိုပြီး၊ မြေပြန့်ဒေသများမှာ မနေ လိုကြသူများလည်း ရှိကြပေသည်။

ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်မြင့်ကြီးများပေါ်၌ နေ ထိုင်ကြသောလူမျိုးမှာ တိဗက်လူမျိုးတို့ဖြစ်သည်။ ၄င်းတို့သည် ကမ္ဘာ့ခေါင်မိုးဟု တင်စားခေါ်ဝေါ်ကြသည့် အမြင့်ဆုံးတောင် ထိပ်များပေါ်၌ နေထိုင်ကြသည်။

မြန်မာနိုင်ငံအတွင်း၌လည်း ချင်း၊ နာဂနှင့် ပလောင် စသော တိုင်းရင်းသားတို့မှာ တောင်မြင့်ကြီးများပေါ်၌ နေထိုင် ရသည်ကို နှစ်သက်ကြလေသည်။

နောက်ပိုင်းကာလရောက်လာသောအခါ ရခိုင်ပြည် နယ်၊ ယောနယ်၊ ဆောနယ်ဘက်မှ လူအချို့သည် အနောက်ရိုးမ တောင်တန်းတလျှောက်တွင် ရေကြည်ရာမြက်နုရာ နေရာသစ် များရှာဖွေကြရာမှ တဖြည်းဖြည်းနှင့် အောက်ပိုင်းဒေသများသို့ ရောက်လာကြလေသည်။

၄င်းတို့သည်. . အချို့မှာမူလရှိသော ကျေးရွာများတွင် ဝင်ရောက်နေထိုင်ကြသည်မျိုးရှိသလို၊ အချို့လည်းကိုယ့်အစုနှင့် ကိုယ် သီးခြားရွာငယ်ကလေးများ တည်ထောင်ကာ နေကြလေ သည်။ ယောနယ်ဘက်မှ ရွှေ့ပြောင်းလာကြသော လူတို့သည်





ဆနွ ပျဉ်းမချောင်းဟုခေါ်သော ချောင်းကျယ်ကြီးတစ်ခု၏ ချောင်းဖျားပိုင်းနေရာသို့ ရောက်သောအခါ ရွာငယ်ကလေးများ တည်ထောင်ပြီး နေထိုင်ခဲ့ကြသည်။

နောင်ကာလကြာသောအခါ ရွာငယ်ကလေးများမှာ တဖြည်းဖြည်းနှင့် လူဦးရေများပြားလာပြီး ရွာကြီးများဖြစ်လာ ကြသည်။

ပျဉ်းမချောင်းကို အလယ်မှာထားပြီး ဟိုဘက်ကမ်း၌ ရွာတစ်ရွာ၊ ဒီဘက်ကမ်း၌ရွာတစ်ရွာ တည်ထားကြသည်။

မြောက်ဘက်ကမ်းတွင် ကြာပိုက်ရွာရှိပြီး၊ တောင်ဘက် ကမ်း၌ ရှိသောရွာမှာ သားပိုက်ရွာဖြစ်သည်။

ကြာပိုက်ရွာကို စီမံအုပ်ချုပ်နေသူမှာ ဦးသူတော်ဆိုသူ ဖြစ်ပြီး၊ သားပိုက်ရွာကို စီမံအုပ်ချုပ်နေသူမှာ ဒေါ်ရွှေဇာဆိုသော အမျိုးသမီးကြီး ဖြစ်သည်။

ထိုနှစ်ရွာစလုံးမှာ နေကြသူတို့မှာ ပြုစားတတ်သော ပညာများ တတ်ကြလေသည်။ ကြာပိုက်ရွာမှာနေသော ဦးသူ တော်က ထိုပညာများတတ်ကျွမ်းရုံမကဘဲ အတိတ်နိမိတ်ကောက် သောပညာကို များစွာကျွမ်းကျင်လေသည်။

ဒေါ်ရွှေဇာက ဆေးဝါးဓာတ်စာပညာအပြင် ဓာတ် ပညာကိုပါ ကျွမ်းကျင်နှံ့စပ်သူဖြစ်ပေသည်။ ကြာပိုက်ရွာတွင် ဦးသူတော်နေသော အိမ်ရှေ့တွင် ကျွန်းတုံးဖြင့်ထုလုပ်ထားသော နတ်ရုပ်ကြီးတစ်ရုပ်ရှိသည်။ နတ်ဝတ်တန်ဆာများ ဝတ်ဆင်ထား ပြီး ကြာဖူးကြီးတစ်ဖူးကို ပွေ့ပိုက်ထားသော ရုပ်တုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ၄င်းနေသောရွာကို ကြာပိုက်ရွာဟုပင် အမည်ပေးထားကြခြင်းဖြစ်သည်။

ထိုကဲ့သို့ပင် ချောင်းတစ်ဖက်ကမ်းမှာနေသော ဒေါ်မင်းဇာ၏ နေအိမ်ရှေ့မှာလည်း ကျွန်းတုံးဖြင့် ထုလုပ်ထားသော နတ်ရုပ်ကြီးတစ်ရုပ်ရှိလေသည်။ နတ်ဝတ်တန်ဆာများဖြင့် ဝတ်ဆင်ထားပြီး သားငယ်ကိုပွေ့ပိုက်ထားသော ပုံသဏ္ဌာန်မျိုး ထုလုပ်ထားလေသည်။

အရွယ်အစားမှာ လူတစ်ယောက်အရွယ်အစားအတိုင်းပင် ဖြစ်ပေသည်။ ထုလုပ်ထားပုံမှာ လက်ရာမြောက်လှသည့် အပြင် သူ့နေရာနှင့်သူ သင့်တော်သောဆေးရောင်များ ခြယ်သထားသောကြောင့် အဝေးမှကြည့်သောအခါ လူတစ်ယောက် မတ်တပ်ရပ်နေသည်နှင့်မခြား တူလှပေသည်။

ထိုရွာများမှာ နေကြသူများက ထိုနတ်ရုပ်ကြီးများကို တန်ခိုးရှိသည်ဟု ယုံကြည်ကြသည်။ ရောဂါဘယဖြစ်လျှင်သော်လည်းကောင်း၊ သားသမီးအလိုရှိလျှင်သော်လည်းကောင်း၊ စီးပွားဥစ္စာတိုးတက်စေရန်သော်လည်းကောင်း၊ အနှောင့်အယှက် အဖျက်အဆီးရန်တို့မှ ကင်းလွတ်စေရန်သော်လည်းကောင်း၊

သရဲ၊ သဘက်၊ ဖုတ်၊ ပြိတ္တာ၊ ဘီလူး၊ ကျပ်၊ မှင်စာ. . စသော ပရလောကသားတို့ နှောင့်ယှက်ခြင်းမှ ကင်းလွတ်စေရန်အတွက်သော်လည်းကောင်း၊

စုန်း၊ ကဝေ၊ ပယောဂတို့ ပြုစားနှောင့်ယှက်ခြင်းမှ ကင်းလွတ်စေရန်အတွက်သော်လည်းကောင်း၊ ကြာပိုက်နတ်





ရုပ်နှင့် သားပိုက်နတ်ရုပ်ကြီးများရှိသော နေရာသို့လာကာ ပန်းနံ့သာ၊ ဆီမီး၊ စားသောက်ဖွယ်ရာများ လှူဒါန်းကြပြီး လိုသောဆုတောင်းကြလေသည်။

ဦးသူတော်ကသော်လည်းကောင်း၊ ဒေါ်ရွှေဇာကသော်လည်းကောင်း၊ သူတို့ထံရောက်လာကြသူတို့၏ အခက်အခဲတို့ကို အကူအညီပေးကြရလေသည်။ သူတို့နှစ်ယောက်သတင်းက ကြာပိုက်၊ သားပိုက်ရွာ၌သာမကဘဲ အနီးတစ်ဝိုက်မှာရှိကြသော လူများကပင် အကြောင်းကိစ္စရှိပါက လာရောက်၍ အကူအညီတောင်းခံကြရပေသည်။

တစ်နေ့တော့ ဒေါ်ရွှေဇာရှိသော သားပိုက်ရွာသို့ လူတစ်စု ရောက်လာကြလေသည်။

“အမေကြီး၊ ကျုပ်တို့ရွာမှာ ကလေးတစ်ယောက်ကို စုန်းဖမ်းစားတာလား၊ သရဲဖမ်းစားတာလား မသိဘူး၊ သေတော့မလိုဖြစ်နေလို့ တဆိတ်လောက်လိုက်ကြည့်ပေးပါဗျာ”

“ကလေးက အခုဘာဖြစ်နေတာလဲ”

“တက်နေတာပါ”

ထိုအခါ ဒေါ်ရွှေဇာက သမီးဖြစ်သူ မမင်းဇာကိုခေါ်လိုက်လေသည်။

“မင်းဇာ. . . ကလေးတစ်ယောက် တက်နေတယ်လို့ ပြောတယ်၊ အချိန်ကြာသွားရင် အသက်ရှင်ဖို့မလွယ်ဘူး၊ ငါတို့ လိုက်သွားရအောင်၊ ဆေးလွယ်အိတ်ပါ တစ်ပါတည်းယူလာခဲ့”

ဟုပြောရာ မမင်းဇာလည်း ဆေးလွယ်အိတ်အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သော ပစ္စည်းများထည့်ကာ ယူလာလေသည်။

ထိုအချိန်က မိခင်ဖြစ်သူ ဒေါ်ရွှေဇာက အသက်(၅၀) ကျော်အရွယ်ရှိပြီး သမီးဖြစ်သူ မမင်းဇာက အသက်(၂၀)ဝန်းကျင်အရွယ်ခန့်သာ ရှိသေးသည်။ ဒေါ်ရွှေဇာတို့ သားအမိမှာ နှစ်ယောက်တည်းနေကြသော်လည်း မည်သူကမှ မထိပါ၊ မစော်ကားဝံ့ကြပေ။

အဘယ်ကြောင့်ဆိုသော် သူတို့သားအမိနှစ်ယောက် စလုံး စုန်းကဝေပညာ တတ်ကျွမ်းသည်ဟု တစ်ရွာလုံး၊ တစ်နယ်လုံးက ထင်မြင်နေကြသောကြောင့် ဖြစ်ပေသည်။

သို့ကြောင့် ဒေါ်ရွှေဇာကလည်း ရပ်ဝေးရပ်နီးမှ လူနာအတွက် လာခေါ်ပါက တစ်ယောက်တည်းဖြစ်စေ၊ နှစ်ယောက်ဖြစ်စေ လိုက်သွားလေ့ရှိသည်။

သူတို့သည် သားပိုက်ရွာတွင် နေထိုင်ခဲ့ကြသည်မှာ အတော်ပင်ကြာခဲ့ကြပေပြီ။ ထိုရွာစတည်ကတည်းက ရောက်လာကြရာ ယခုဆိုလျှင် နှစ်အတော်ကြာခဲ့ပြီဖြစ်ပေသည်။ ယခုအချိန်အထိတော့ သားအမိနှစ်ယောက်တည်း နေထိုင်ခဲ့ရသည် ဆိုသော်လည်း မှဲ့တစ်ပေါက်မစွန်းခဲ့ပေ။

သူတို့ကို ဒေသခံများက ယောနယ်၊ ဆောနယ်ဘက်မှ လာကြသူများဖြစ်သဖြင့် စုန်းကဝေပညာတတ်သည်ဟု ထင်နေကြသောကြောင့် မထိဝံ့၊ မစဝံ့ကြခြင်းဖြစ်သည်။

ထို့ပြင် ဒေါ်ရွှေဇာကိုလည်း ဆေးကုပေးသော ပညာမှာ သာမန်ဆေးပညာမျိုးမဟုတ်ဘဲ၊ ပယောဂပညာဖြင့် ကုသပေး





သည်ဟု ထင်ထားကြသည်။

ယခုလည်း လူနှစ်ယောက်က လှေဖြင့်လာခေါ်သဖြင့် သားအမိနှစ်ယောက် လိုက်သွားကြသည်။ ထိုဒေသမှာရှိသော ရွာများမှာ တစ်နေရာနှင့်တစ်နေရာ မဝေးလှသော်လည်း လှေဖြင့်သွားသောအခါ ရေစုန်ရေဆန်ရှိသဖြင့် အတော်ကြာအောင် သွားကြရသည်။ သူတို့သွားသောရွာမှာ ချောင်းအတွင်းပိုင်းမှာရှိသော 'ပျဉ်းမကုန်း'ရွာ ဖြစ်ပေသည်။

အိမ်ခြေသိပ်မများလှဘဲ၊ လက်လုပ်လက်စားအများစု နေကြသောရွာမျိုးဖြစ်သည်။

ရောဂါဖြစ်နေသောအိမ်မှာ ရွာလည်လောက်တွင်ရှိပြီး အမဲလိုက်သောအလုပ်ဖြင့် အသက်မွေးကြသူများဖြစ်သည်။ အိမ်ရှေ့တွင် စင်များ၊ တန်းများဖြင့် လှမ်းထားသော အမဲခြောက်များ၊ သားရေချပ်များနှင့် တိရစ္ဆာန်မျိုးစုံတို့၏ ဦးခေါင်းများရှိနေသည်။ ပတ်ဝန်းကျင်မှာလည်း ညှီစော်နံနေသည်။

ဒေါ်ရွှေဇာတို့ရောက်သွားသောအခါ အိမ်ထဲတွင် သတင်းလာမေးသူများဖြင့် ပြည့်နေသည်။ ယောက်ျား၊ မိန်းမ အတော်များများ ရှိနေကြပြီး ထင်ရာမြင်ရာပြောဆိုနေသော အသံများကြောင့် ဆူညံနေလေသည်။

ဒေါ်ရွှေဇာတို့လာတာမြင်တော့မှ အသံများတိတ်သွားလေသည်။ မိုးဦးကျ ဖားဂုံညင်းများ ဆူဆူညံညံအော်ဟစ်နေသော နေရာအပေါ်သို့ ဒညင်းသီးပြုတ်ရေဖြင့် လောင်းချလိုက်သောအခါ တစ်ပြိုင်နက်တည်း တိတ်ဆိတ်ငြိမ်သက်သွားသလို



www.burmeseclassic.com

www.burmeseclassic.com



မျိုး ငြိမ်သက်သွားခြင်းဖြစ်လေသည်။

"တက်နေတဲ့ကလေးက ဘယ်မှာလဲ"

ဒေါ်ရွှေဇာက မေးလိုက်သည်။

"အိမ်ပေါ်မှာပါ"

"အိမ်ပေါ်မှာရှိတဲ့လူတွေကို နည်းနည်းဖယ်ခိုင်းပေးပါ။ လူများတော့ သူတို့နဲ့အတူတူ အမှောင့်ပယောဂတွေ ပါလာလိမ့်မယ်"

ဟုပြောသဖြင့် အိမ်ရှင်ဖြစ်သူက ဝိုင်းအုံနေသောလူများ အောက်ဆင့်သို့ ဆင်းခိုင်းသဖြင့် ဆင်းပေးကြလေသည်။ အိမ်အပေါ်ဆင့်မှာတော့ တခွီးခွီးနှင့်တက်နေသော ကလေးငယ်နှင့် မိခင်ဖြစ်ဟန်တူသော အမျိုးသမီးတစ်ယောက်သာ ကျန်ခဲ့တော့သည်။

ကလေးမှာ တစ်နှစ်သားအရွယ်ခန့်ရှိသည်။ တက်နေပုံက အတော်ကလေးကြမ်းသည်။ မျက်စိနှစ်ဖက်စလုံး စွေစောင်းနေပြီး ဆန့်ငင်ဆန့်ငင်နှင့် တက်နေခြင်းဖြစ်သည်။ ဒေါ်ရွှေဇာက အနားမှာဝင်ထိုင်တော့ မိခင်ဖြစ်သူက အားကိုးသောအကြည့်ဖြင့် ကြည့်နေလေသည်။

"ဘယ်လိုဖြစ်တာလဲ"

"မနေ့ကတော့ ကိုယ်နည်းနည်းပူတယ်၊ မနက်ကတော့ ကိုယ်ပူအေးသွားလို့ ချောင်းထဲဆင်းပြီး ရေချိုးလိုက်သေးတယ်၊ အခုကျတော့ အဲဒီလို မရပ်မနားတက်တော့တာပဲ၊ နတ်တင်တာများလို့ နတ်ကိုင်တာဖြစ်မှာပါ၊ ကျွန်မသားလေးကို ကယ်ပါဦး





အမေကြီးရယ်"

မိခင်ဖြစ်သူက ကရင်သွေးပါသဖြင့် စကားသံဝဲဝဲဖြင့် ပြောပြလေသည်။ ကျေးလက်ရွာများမှာနေကြသူတို့ ထုံးစံအတိုင်း၊ ရောဂါတစ်စုံတစ်ခုဖြစ်လျှင် စုန်းတိုက်၊ နတ်တိုက်၊ ပယောဂတိုက်ဟု ထင်နေကြခြင်းကတော့ မထူးဆန်းတော့ပေ။

ဒေါ်ရွှေဇာက သူမပြောတာနားထောင်မနေတော့ဘဲ ကလေးအခြေအနေကို ကြည့်သည်။ ကလေးက ဝဖြိုးသည်၊ ကရင်သွေးပါသူဖြစ်သဖြင့် အသားဖြူသည်၊ တစ်ကိုယ်လုံး စောင်အဟောင်းတစ်ထည်ဖြင့်ပတ်ထားရာ မွန်းကျပ်နေဟန်ရှိသည်။ ဒေါ်ရွှေဇာက ကလေးကိုယ်ပေါ်မှာပတ်ထားသော စောင်နှင့်အဝတ်များကို ဖယ်ပစ်လိုက်သောအခါ ဆီဖြင့်ရောလိမ်းထားသော ဆေးများကြောင့် တစ်ကိုယ်လုံးမည်းပေနေလေသည်။

"ဘာတွေ လိမ်းထားတာလဲ"

"သူငယ်နာအုပ်ဆေးကို နှမ်းဆီနဲ့ရောပြီး လိမ်းပေးထားတာပါ"

ဟုပြောသဖြင့် ကိုယ်ပေါ်မှ အုပ်ဆေးများကို စင်ကြယ်သွားအောင် သုတ်သင်ဖယ်ရှားပစ်ရလေသည်။ သမီးဖြစ်သူ မမင်းဇာကလည်း မိခင်စေခိုင်းသမျှ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးရလေသည်။

"နင်တို့အိမ်မှာ ရှောက်သီးရှိသလား"

"ရှိပါတယ်"

"မြန်မြန်ယူလာခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com


ဟုပြောသဖြင့် မိခင်ဖြစ်သူက ရှောက်သီးတစ်လုံး ယူလာပေးသဖြင့် ဓားဖြင့်ခွဲကာ ကလေးမျက်လုံးထဲ ညှစ်ထည့် ပေးလိုက်သည်။

ထိုအခြေအနေကိုမြင်တော့ နံဘေးမှကြည့်နေသူများထံမှ တီးတိုးပြောဆိုသံများ ပေါ်ထွက်လာသည်။

"ဟဲ့ . . တက်နေတဲ့ကလေးမျက်လုံးထဲကို ရှောက်ရေတွေ ညှစ်ချနေပါလား၊ သေတော့မှာပဲ"

"ပယောဂဝင်နေတာကို အရင်ထုတ်တာဖြစ်မှာပေါ့ . .၊ ပယောဂဝင်နေရင် မျက်လုံးထဲကို ရှောက်ရေညှစ်ထည့်ပေးရင် ပြေးတယ်"

ဒေါ်ရွှေဇာကတော့ ဘာမှဂရုမစိုက်ဘဲ သူလုပ်စရာရှိသည်တို့ကို ဂရုစိုက်ပြီး ပြုလုပ်နေလေသည်။ တစ်ကိုယ်လုံး တုံရင်ကာ ဆန့်ငင်ဆန့်ငင် တက်နေသောကလေးမှာ မျက်စိထဲသို့ ရှောက်ရေဝင်သွားသောအခါ ထွန့်ထွန့်လူးသွားပြီးမှ ခဏကြာတော့ ငြိမ်ကျသွားသည်။ ဝိုင်းကြည့်နေသူများကတော့ ကလေး အသက်ပါသွားပြီဟု ထင်နေကြသည်။

"ကျောက်ပြင်နဲ့ ရေခွက်ယူလာခဲ့"

ဟု ခိုင်းသောအခါ မိခင်ဖြစ်သူက ယူလာပေးသည်။

ဒေါ်ရွှေဇာက ဆေးလွယ်အိတ်ထဲတွင် အသင့်ပါလာသော နံ့သာဖြူတုံးကို သွေးစေသည်။

မိခင်က နံ့သာဖြူသွေးနေစဉ် ဒေါ်ရွှေဇာက ကလေး၏ လက်ဖဝါး၊ ခြေဖဝါးတို့ကို ရှောက်ရေဖြင့် ပွတ်ချေပေးလေသည်။



နံ့သာဖြူအရေ များများရသောအခါ ကလေးတစ်ကိုယ်လုံးလိမ်းပေးပြီး မြန်မြန်ခြောက်သွေ့စေရန် မမင်းဇာကို အနားမှ ယပ်တောင်တစ်ချောင်းဖြင့် မပြတ်ယပ်ခိုင်းရလေသည်။ ကိုယ်ပေါ်မှာလိမ်းထားသော နံ့သာဖြူအရေ ခြောက်သွားသောအခါမှာတော့ မျက်ဖြူလန်ကာ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီးတက်နေသော ကလေးငယ်မှာ အတက်ကျသွားလေသည်။

ထိုအခါ မနီးမဝေးမှ ဝိုင်းကြည့်နေသူများထံမှ တီးတိုး စကားသံများ ထွက်လာပြန်လေသည်။

"ငါမပြောဘူးလား၊ ကလေးက ပယောဂဝင်ကပ်နေတာပါဆို၊ အခုအမေကြီးက ရှောက်ရေနဲ့မျက်လုံးထဲခပ်ပြီး နှင်ထုတ်လိုက်တော့ ပြေးရရောမဟုတ်လား"

"အမေကြီးက စုန်းကဝေပညာတတ်တော့ ပယောဂကို လည်းနိုင်နင်းတာပေါ့၊ သူရောက်လာလို့သာပဲ မဟုတ်ရင်တော့ ဒီကလေး ပယောဂလက်ချက်နဲ့ သေမှာပဲ"

ဒေါ်ရွှေဇာကတော့ ၎င်းတို့ပြောဆိုနေသော စကားများကို ဂရုမစိုက်ဘဲ ကလေးကိုသာ ဂရုစိုက်ကာ မျက်ခြည်မပြတ် စောင့်ကြည့်နေလေသည်။

မကြာခင် ငြိမ်သက်နေသောကလေးက ပြန်ပြီးတက်တော့မည့်အရိပ်လက္ခဏာများ ပြလာပြန်သည်။

ဒေါ်ရွှေဇာက အနီးမှာရှိနေသော ရှောက်ရေအနည်းငယ်ယူ၍ မျက်စိအတွင်းသို့ ထည့်ပေးလိုက်ရာ ပြန်ငြိမ်ကျသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

တလေးငြိမ်သွားတော့ ဖခင်ဖြစ်သူကို ဒေါ်မေးလိုက်သည်၊

"ကြောင်ပန်းရွက် ရနိုင်မလား"

"ရှိတယ်. . ရှိတယ်၊ အိမ်အနောက်ဘက်မှာ ရုံလိုက်ရှိတယ်"

"ဒါဖြင့် ကြောင်ပန်းရွက်အဲတော်များများ ခူးခဲ့ပေးပါ"

ဟုစေခိုင်းရာ မကြာခင် ကြောင်ပန်းရွက်များ ခူးလာပြီး လာပေးလေသည်။

သို့ကြောင့် ဒေါ်ရွှေဇာက ကြောင်ပန်းရွက်များကို အိပ်ယာပေါ်မှာခင်းပြီး ငြိမ်နေသောကလေးကို ချသိပ်လိုက်သည်။ ပြီးမှ လွယ်အိတ်ထဲမှာပါလာသော ကြေးမောင်းကိုထုတ်ပြီး. . တနောင်နောင်ဖြင့် ထုပေးလေသည်။

ထိုသို့ထုပေးနေစဉ်မှာ ယပ်တောင်ဖြင့်ခတ်သူက ခတ်ပေးကြလေသည်။

မမင်းဇာမှာ မိခင်ထံမှ ပညာသင်ယူနေသည့်အချိန် ဖြစ်သောကြောင့် ပြုလုပ်သမျှ ကြည့်ရှုကာ မှတ်သားနေလေတော့သည်။ အတန်ကြာသောအခါ ကလေးမှာ လုံးဝပြန်မတက်တော့ဘဲ ငြိမ်သက်စွာ အိပ်မောကျသွားလေတော့သည်။ ကြောင်ပန်းနှင့် ကြေးမောင်းမှ ကက်ကင်းဖြစ်ပြီး အခိုက်ဓာတ်ပြေစေသည်။

ကလေးမှ ကိုယ်တွင်းအပူရှိနေခိုက်တွင် ရေချိုးပေးသဖြင့် အပူခိုးပြန်ပိတ်ကာ ခန္ဓာငါးပါးတို့မှ တည့်သောဓာတ်များကို တိုက်ခိုက်သဖြင့် ရောဂါရကာ တက်နေခြင်းဖြစ်သည်။





*"အနှင့်စရ၊ ခေတ္တငြိုငြင်၊ မရွှင်ဒေါသ၊ မာနအမျက်၊ ထွက်လိမ့်ပုံသေ၊ မယွင်းပေသည့်၊ အရှည်ပေါင်းကာ၊ သင့်တင့်ပါ၏။"*

ဟုရှေးဆရာကြီးများ၊ ဓာတ်ဆရာကြီးများ ညွှန်ကြားခဲ့သည့်အတိုင်း၊ လေဓါတ်နှင့် မီးဓါတ်ကို အသုံးပြုပြီး ဝင်နေသော အခိုက်ဓာတ်ကို အပြင်သို့ပြန်ထွက်စေရန် ကုသခဲ့ခြင်းဖြစ်၏။

*"လေစာမီးတောက်၊ ပေးတုံမြောက်က၊ ရောက်သည့်ရောဂါ ကင်းလွတ်ကွာလိမ့်။"*

ဟူသည့်အတိုင်း ကုသပေးခဲ့သောကြောင့် ယခုပင် အသက်ထွက်လုမတတ် တက်နေသောကလေးမှာ ချက်ချင်း ရောဂါသက်သာပြီး ငြိမ်သက်သွားခြင်းဖြစ်ပေသည်။

ထိုအခါမှပင် မိဘများရော နံဘေးမှကြည့်နေကြသော ဧည့်သည်တို့မှာ သက်ပြင်းချနိုင်ကြလေတော့သည်။ စိတ်ချရသော အခြေအနေရောက်တော့ ဒေါ်ရွှေဇာလည်း ကလေးအတွက် ပေးသင့်ပေးထိုက်သော ဆေးဝါး၊ ဓါတ်စာတို့ကို ပေးခဲ့ပြီးနောက် မိမိရွာသို့ပြန်ခဲ့ကြလေသည်။

အိမ်သို့ပြန်ရောက်သောအခါ မမင်းဇာက မိခင်ဖြစ်သူအား မေးလေသည်။

"အမေ တက်နေတဲ့ကလေးဆိုရင် အခုလိုပဲ မျက်စိထဲ ကျောက်ရေခတ်ထည့်ပေးရင် ပျောက်ပလား"

"မသင့်တဲ့ကလေးကို တက်နေတဲ့အချိန်မှာ ရှောက်ရေ ကျောက်လုံးထဲခတ်ထည့်ရင် ရောဂါတော့မပျောက်ဘူး၊ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အသက်တော့ ပျောက်သွားလိမ့်မယ်”

ထိုသို့ပြောလိုက်သောအခါ မမင်းဇာမှာ ဇက်ပုဝင်သွား လေသည်။

ဒေါ်ရွှေဇာကတော့ လူနာကုသောအိမ်မှာ စိတ်ရော ကိုယ်ပါနှစ်ပြီး ကုသပေးခဲ့ရသောကြောင့် မိမိနေအိမ်သို့ ပြန် ရောက်သောအခါ ခြေကုန်လက်ပန်းကျနေသောဟန်ဖြင့် နား နေလေသည်။

မမင်းဇာကတော့ မနီးမဝေးမှာရှိနေရင်း မိခင်အတွက် လိုအပ်သောကိစ္စတို့ကို ဆောင်ရွက်ပေးရင်းနှင့် သိလိုသော အ ကြောင်းအရာတို့ကို တဖြည်းဖြည်းချင်း မေးမြန်းမှတ်သားနေ လေသည်။

ဒေါ်ရွှေဇာကတော့ သောက်နေကျ ဆေးတံရှည်ကြီးကို မီးညှိဖွာရင်း ပြောပြပေးသည်။

“ညည်းက ဒီပညာတွေကို တကယ်ပဲ စိတ်ဝင်စားရဲ့ လား”

“စိတ်ဝင်စားတာပေါ့ အမေရဲ့၊ ကိုယ်တတ်ထားတဲ့ပညာ နဲ့ လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်ပေးနိုင်ရင် ကုသိုလ် တာပေါ့”

“ဆေးကုတယ်ဆိုတာ မလွယ်လှဘူး၊ လူနာတွေက သူ တို့ရဲ့အသက်ကို ဆရာ့လက်ထဲကို ဝကွက်ပြီးအပ်ထားကြရတာ ကိုယ်ဘက်ကမှားလို့ တစ်ခုခုဖြစ်သွားရင် ကိုယ်တာဝန် မကင်း ဘူး၊ ဒါကြောင့် ဆေးကုတော့မယ်လို့ ဆုံးဖြတ်ထားရင် ဆေး





ပညာအပြင် ဓာတ်ပညာတွေကိုပါ လေ့လာသင်ကြားထားရ မယ်”

“ဟုတ်ကဲ့”

“လူ့ရဲ့ခန္ဓာကိုယ်မှာ ဓါတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထား တာဆိုတော့ ရောဂါဖြစ်ရင် ဓါတ်ဖောက်ပြန်လို့ ဒါမှမဟုတ်၊ ဓါတ် ချင်းမတည့်လို့ ဖြစ်ကြရတာများတယ်၊ ဒါကြောင့် ဆေးကုတဲ့ ဆရာဟာ ဓါတ်သဘောတွေကို သိရတယ်၊ ဓါတ်မခိုင်ဘဲ ဆေး ကိုင်ရင် သေတာများလိမ့်မယ်”

“ဟုတ်ကဲ့”

“ငါ့ပါးစပ်ထဲမှာ ခဲထားတာဘာလဲ”

ဒေါ်ရွှေဇာက ရုတ်တရက်မေးလိုက်သဖြင့် မမင်းဇာက ကြည့်လိုက်သည်။ ပါးစပ်မှာ တပ်ထားသော ဆေးတံရှည် တစ် ချောင်းမှလွဲပြီး အခြားဘာမှမရှိပေ။

“ဆေးတံ . . ဆေးတံပါ”

“ဟုတ်ပြီ၊ ဘာကြောင့် ဆေးတံဖြစ်နေတာလဲ”

မမင်းဇာက အနည်းငယ်ကြာအောင် စဉ်းစားလိုက်ပြီး၊

“အမေပြောတဲ့ ဓာတ်တွေကြောင့် ဆေးတံဖြစ်နေတာ ပါ”

ဟု ပြန်ပြောလိုက်တော့ ဒေါ်ရွှေဇာက သဘောကျစွာ ပြုံးနေလေသည်။

“ဟုတ်ပါပြီ၊ ဘယ်လိုဓာတ်တွေလဲ ပြောပြပါဦး”

“ကျွန်မ မသိသေးဘူး၊ အမေပဲပြောပြပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဆေးကုချင်တဲ့သူဆိုတာ မလိမ်ရဘူး၊ မညာရဘူး၊ ဟန်မဆောင်ရဘူး၊ ကိုယ်မသိတာကို သိဟန်မဆောင်ရဘူး. . မှားတတ်တယ်၊ ဆေးဆရာမှားရင် လူနာသေတတ်တယ်၊ ဒါကြောင့်ဘယ်ပညာမဆို နှံ့စပ်အောင် သိထားဖို့လိုတယ်၊ ဓါတ်ဆိုတာရှစ်ပါးရှိတယ်၊

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသဩဇာ ဆိုတဲ့ ဓါတ်တွေပဲ၊ ဒီဓါတ်တွေကိုပိုင်ပြီ နိုင်ပြီဆိုရင် ဆေးဆောင်စရာမလိုတော့ဘူး၊ နင့်လက်နဲ့ထိမိကိုင်မိတာ ဆေးဖြစ်ပြီးပတ်ဝန်းကျင်မှာရှိနေတဲ့ အပင်တွေ၊ အရွက်တွေ၊ အရာဝတ္ထုတွေမှန်သမျှ ဆေးဖက်ဝင်ပစ္စည်းတွေချည်း ဖြစ်လာကြလိမ့်မည်"

ဒေါ်ရွှေဇာက သမီးဖြစ်သူ မမင်းဇာအား သူကျွမ်းကျင်သော ဆေးပညာ၊ ဓါတ်ပညာများကို စိတ်ရှည်လက်ရှည်နှင့်သင်ကြားပြသပေးခဲ့လေသည်။





# အခန်း (၃)

# ကြာပိုက် သားပိုက် စုန်းတိုက်ကဝေ

သားပိုက်ရွာတွင် ဒေါ်ရွှေဇာက သူ့ပညာနှင့်သူ ဆရာတစ်ဆူဖြစ်ကာ အနီးတစ်ဝိုက်ရွာများမှ ရောဂါခံစားရသူများကိုကုသပေးသဖြင့် နာမည်ကြီးလှသလို. . .

တစ်ဖက်ကမ်းမှာရှိသော ကြာပိုက်ရွာမှာလည်း ဦးသူတော်ဆိုသော ဆရာကြီးတစ်ယောက်ရှိပေသည်။ ဆရာကြီးဟုဆိုသော်လည်း လူများကို ဆေးကုပေးသောဆရာတော့ မဟုတ်ပေ၊ ဘေးအန္တရာယ်များ မရောက်ခင်က ကြိုတင်ကာကွယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော အတိတ်နိမိတ်ကောက်သောပညာဖြင့် အကူအညီပေးနေလေသည်။

သို့ကြောင့် ဦးသူတော်၏ပညာကိုလည်း ရှာသူရှာသားများက ယုံကြည်မှုရှိကြလေသည်။ ဦးသူတော်ထံမှာလည်း တပည့်ခံနေသော တပည့်နှစ်ယောက်ရှိကြလေသည်။ တစ်ဦးက ကိုဗန်ကောင်းဖြစ်ပြီး ကျန်တစ်ဦးက ကိုချမ်းမြဆိုသူဖြစ်သည်။

ထိုအချိန်က ဆရာကြီးဦးသူတော်မှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ကိုဗန်ကောင်းနှင့် ကိုချမ်းမြတို့နှစ်ယောက်ကတော့ အသက်(၂၀)ကျော်အရွယ်သာ ရှိကြသေးသည်။

"လူတွေဟာ ဒုက္ခကို မလိုချင်ကြဘူး၊ သုခကိုပဲရချင်တယ်၊ လိုချင်ကြတယ်၊ ဒါပေမယ့် လောကဓံရှစ်ပါးက ကောင်းတစ်လှည့် ဆိုးတစ်လှည့်ရှိလေတော့ ကောင်းတာတွေချည်းလည်းမရဘူး၊ ဆိုးတာတွေချည်းလည်း ဖြစ်မနေနိုင်ဘူး ကောင်းတစ်လှည့် ဆိုးတစ်လှည့် ကြုံတွေ့ရမှာပဲ"

"ဟုတ်ပါတယ် ဆရာကြီး"

"မကောင်းတဲ့ကိစ္စတွေ မဖြစ်အောင် ကြိုတင်ကာကွယ်တဲ့နည်းတွေ ရှိကြပါတယ်၊ ဒါပေမယ့် မကြာခင်မှာ ဘာဖြစ်တော့မယ်ဆိုတာကို ကြိုသိရရင် ပိုမကောင်းပေဘူးလား၊ ရောဂါဖြစ်မှ ဆေးကုရတာထက် ရောဂါမဖြစ်ခင် ကြိုတင်ပြီး ရှောင်နိုင်ရင် ပိုမကောင်းဘူးလား"

"ကောင်းပါတယ် ဆရာကြီး"

"ဒါကြောင့် လူတွေဟာ ရှေ့မှာဖြစ်တော့မယ့် ကိစ္စတွေကို တစ်မိနစ်၊ တစ်နာရီလောက် ကြိုတင်ပြီး သိနိုင်ရင်တောင် သေမယ့်ဘေးက လွတ်စေနိုင်တယ်လို့ ရှေးဆရာကြီးတွေက ပြောခဲ့တာကိုး"

"ဘယ်လိုနည်းတွေနဲ့ သိနိုင်မလဲ ဆရာကြီး၊ သူတော်စင်တွေကတော့ ဒိဗ္ဗစက္ခုဉာဏ်နဲ့ ကြည့်နိုင်၊ သိနိုင်ကြပေမယ့် ကျန်တဲ့လူတွေကတော့ ဘယ်သိနိုင်ပါ့မလဲ"

"သိနိုင်တဲ့နည်းတွေ ရှိပါတယ်ကွယ်၊ ဒါပေမယ့် လူတွေက လမ်းလွဲလိုက်နေကြတယ်ကွယ့်"

"ဘယ်လို လမ်းလွဲမျိုးတွေလည်း ဆရာကြီး"

"အနာဂတ်မှာ ဖြစ်ပျက်လာမှာတွေကို သိချင်တဲ့အတွက် နတ်ကတော်တွေဆီသွားပြီး နတ်မေးကြတယ်၊ ဘိုးတော်မယ်တော်တွေဆီ သွားမေးကြတယ်၊ ဗေဒင်ဆရာလက္ခဏာဆရာတွေဆီမှာ မေးကြရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီအထဲမှာ တခြားကိစ္စတွေတော့ ဘာမှမပြောချင်ပါဘူး. . . ဗေဒင်ပညာ၊ လက္ခဏာပညာတွေကတော့ လူတစ်ယောက်ရဲ့ အတိတ်၊ အနာဂတ်အကြောင်းတွေကို သိစေနိုင်ဖို့ အတော်ကလေး အထောက်အကူပြုကြတယ်"

ဆရာကြီးက ရှေ့မှာချထားသော လက်ဖက်ရည်အိုးထဲမှ တစ်ပန်းကန်ငှဲ့ထည့်ပြီး သောက်နေလေသည်။ ပြီးမှ . . စကားပြန်ဆက်သည်။

"နတ်ကတော်ဆီပဲသွားသွား၊ ဗေဒင်လက္ခဏာဆရာဆီ




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



ပဲသွားသွား၊ အကြားအမြင်ဆရာဆီကိုပဲသွားသွား၊ ဒါတွေအား
လုံးကို စုလိုက်ရင် အပျက်ကိုမလိုချင်ဘူး၊ အဖြစ်ကိုလိုချင်တယ်
ရှေ့မှာ ဘာဖြစ်မယ်ဆိုတာ သိချင်ကြလို့ပဲ မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"အဲဒါတွေက သူတစ်ပါးကို အားကိုးရတယ် မဟုတ်
လား၊ သက်ဆိုင်ရာပညာကို တတ်ကျွမ်းတဲ့သူ ပြောသမျှကို လက်
ခံယုံကြည်ရတယ်မဟုတ်လား၊ ပြောရရင်တော့ အခုနောက်ပိုင်း
ကာလတွေကျတော့ စစ်မှန်တဲ့ပညာတွေ တဖြည်းဖြည်း တိမ်
ကောပပျောက်လာတော့ အမှားအယွင်းတွေနဲ့တွေ့ရ ကြုံရတာ
တွေလည်းရှိကြတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ရှေ့ဘာဖြစ်မလဲဆိုတာ သိချင်ရင် သတိလေးနဲ့ ကိုယ့်
ပတ်ဝန်းကျင်ကို သတိထားကြည့်ပေါ့ကွ၊ ကြည့်ရင် သိရနိုင်ပါ
တယ်"

"ဘယ်လိုပညာမျိုးနဲ့ ကြည့်ရမလဲ ဆရာကြီး"

"ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း၊ ဩဘာနိမိတ်ထွန်း...
ဆိုတဲ့စကားရှိတာပဲ၊ ကိုယ်ဘာဖြစ်တော့မယ်ဆိုတာကို ကိုယ့်
ပတ်ဝန်းကျင်မှာရှိတဲ့ အတိတ်နိမိတ်တွေကိုကြည့်ပြီး ကောက်
ချက်ချလို့ရပါတယ်"

ဟု ပြောပြလေသည်။

ဦးသူတော်က တပည့်နှစ်ယောက်ကို ပြောပြသော
ပညာမှာ 'အယူတော်မင်္ဂလာ'ပညာပင်ဖြစ်ပေသည်။





အယူတော်မင်္ဂလာပညာတွင် 'အတိတ်၊ နိမိတ်၊ စနည်း၊
တဘောင်' ဟူ၍ လေးမျိုးပါလေသည်။

ထိုလေးမျိုးအပြင် 'ဘဝေါ' ဟူသော အချက်တစ်ခုပါ
ထည့်သွင်းရေတွက်မည်ဆိုပါက ငါးမျိုးရှိလေသည်။ ထိုငါးမျိုး
သည် အယူတော်မင်္ဂလာကို အထောက်အကူဖြစ်စေသော
'အကာရ' ငါးမျိုးပင်ဖြစ်၏။ ထိုငါးမျိုးကို အုပ်စုခွဲကြည့်သောအခါ
နှစ်မျိုးရလေသည်။

"အတိတ်၊ နိမိတ်၊ ဘဝေါ" ကတစ်စု၊

"စနည်း နှင့် တဘောင်" ကတစ်စုဖြစ်သည်။

အတိတ်၊ နိမိတ်၊ ဘဝေါသုံးမျိုးစလုံးမှာ နိမိတ်ကောက်
ခြင်းတစ်မျိုးသာပဲဖြစ်ပါသည်။

မြင်သမျှ၊ ကြားသမျှနှင့် ထူးခြားမှုတွေပေါ်မှာ နိမိတ်
ကောက်ယူရပေသည်။

နိမိတ်တို့ကိုကြည့်ပြီး အဖြေထုတ်ယူရာမှာ မိမိစိတ်ထင်
ရာအတိုင်း အဓိပ္ပာယ်ကောက်ယူ၍ မရပေ။ ကာလသုံးပါးနှင့်
ညှိနှိုင်းပြီးမှ အဖြေထုတ်ယူရပေသည်။

နိမိတ်ကောက်ယူခြင်းသည် တစ်ဦးတစ်ယောက်နှင့်
သာ သက်ဆိုင်သဖြင့် သမိုင်းအထောက်အထား၊ ကာလသုံးပါး
တို့နှင့် ညှိနှိုင်းစရာမလိုပေ။ မိမိနှင့်သက်ဆိုင်သော ကိစ္စကိုသာ
အဓိကထားပြီး အဓိပ္ပာယ်ကောက်ယူကြရပေသည်။

ဘဝေါကတော့ တိုင်းရေးပြည်ရာနှင့် သက်ဆိုင်သော
ကိစ္စမျိုးဖြစ်သဖြင့် အဖြေထုတ်သောအခါ၌ သမိုင်းအထောက်



www.burmeseclassic.com

www.burmeseclassic.com



အထားများနှင့် ညှိနှိုင်းပြီး အဖြေရှာကြရသည်။

စနည်းနှင့်တဘောင်ကတော့ တိုင်းရေးပြည်ရာနှင့် သက်ဆိုင်သော ကိစ္စများတွင် ကောက်ယူလေ့ရှိသဖြင့် များစွာ အရေးကြီးလှပေသည်။

အတိတ်နိမိတ်ကောက်ရာတွင် ကျွမ်းကျင်လှသော အယူတော်မင်္ဂလာ မောင်နိုး၏ နိမိတ်ကောက်ယူပုံကို ဖော်ပြပါမည်။

တစ်ခါသော် စကုမင်းသား၏ ဦးသျှောင်ထုံးမင်္ဂလာနှင့် နားထွင်းမင်္ဂလာ ပြုလုပ်သောပွဲသို့ မောင်နိုးလည်းတက်ရောက်ခွင့်ရသည်။ မဏ္ဍာပ်ထဲရောက်တော့ မြင်းမှူးများထိုင်သော ဝိုင်းမှာပင် အတူတကွထိုင်လေသည်။

ထိုအခါ ပြင်စည်မြင်းမှူးကမေးသည်။

"အမှာတော်ရေးမင်း သတင်းကိုတော့ ကြားပြီးဖြစ်လို့ အထူးချီးမွမ်းစရာ မလိုတော့ပါဘူး၊ လူချင်းကတော့ အခုမှ တွေ့ဖူးမြင်ဖူးတယ်ဆိုတော့ ကြုံတုန်း မေးချင်တာလေး မေးခွင့်ပြုပါ"

"မေးပါဗျာ"

"အခု ဦးမင်းကိုင်ထားတဲ့ ကြေးနက်ထုံးဖူးကို လက်ဖြင့် မထိမကိုင်ဘဲနှင့် ဘယ်နှစ်ကျပ်သားရှိတယ်ဆိုတာ ပြောပြနိုင်ပါသလား"

ထိုသို့မေးသောအခါ မောင်နိုးကထိုင်ရာမှမထဘဲ. . မဏ္ဍာပ်ထဲမှာပင် နိမိတ်ရှာဖွေရတော့သည်။

မဏ္ဍာပ်ရဲ့အမိုးကို ဝါးကတ်ဖြင့်မိုးထားခြင်းဖြစ်ပြီး





ဝါးကပ်တစ်ခု ကျိုးနေသည်ကို တွေ့ရသည်။

အလှူမင်္ဂလာပွဲအတွက် ပြုလုပ်သောအရာမှန်သမျှ ကောင်းမွန်သောအရာများကိုသာ ဦးစားပေးလုပ်ကိုင်ကြရာ အမိုးကတ်မှာ တစ်စုံတစ်ယောက် နင်းမိသောကြောင့်သာ မိုးပြီးမှကျိုးသွားခြင်း ဖြစ်ဟန်ရှိသည်။

ကတ်ကျိုးနေခြင်းမှာ မဏ္ဍာပ်ထဲမှာ မရှိသင့်သော်လည်း ရှိနေခဲ့သည်။ ထိုအရာသည် နိမိတ်ပင်ဖြစ်၏။

မောင်နိုးက အချိန်အခါကို ပိုင်းကြည့်ပြီး ကတ်ကျိုးသော နိမိတ်ကိုပင် ကောက်ယူလိုက်သည်။

သို့ကြောင့် . . .၊

"ဦးမင်းရဲ့ ကြေးထုံးဖူးဟာ ကိုးကျပ်သားရှိပါတယ်"

ဟုအဖြေပေးလိုက်ရာ ပြင်စည်မြင်းမှူးက. . .

"မှန်ပါပေတယ်"

ဟုဝန်ခံပြီး ယွန်းထိုးကွမ်းအစ်နှင့် ကြေးနက်ထုံးဖူးကိုပါ ဉာဏ်ပူဇော်ခအဖြစ် ပေးလိုက်လေသည်။

လက်တလောတွေ့မြင်ရသော အတိတ်နိမိတ်ကို. . . ပြောင်းပြန်အဖြေထုတ်ရာတွင် ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့လည်း ထူးချွန်လှပေသည်။

တစ်ပါးက. . .

"ငါ့ရှင် ငါ့ကို တစ်ပင် နှစ်ပင်ပေးပါ"

ဟုတောင်းသော် ကျန်တစ်ပါးက အဖြေထုတ်သည်။

"တစ်ပင်နှင့် နှစ်ပင်ပေါင်းသော် သုံးပင်၊ သုံးပင်ကို



www.burmeseclassic.com

www.burmeseclassic.com


ပြောင်းပြန်လှန်သော် 'သင်ပုန်း' ဟု အဖြေရပါတယ်၊ ဒါကြောင့် ကျောက်သင်ပုန်းကိုသာ ပေးပါမည်"

ဟု ကျောက်သင်ပုန်းတစ်ချပ်ပေးလေသည်။

တစ်ဖန် ကျွန်တစ်ပါးက . . .

"ငါ့ရှင် ငါ့အား 'တစ်ကျောက်အိတ်' ပေးပါလော့"

ဟုတောင်းသဖြင့် ကျွန်တစ်ပါးက အဖြေထုတ်သည်။

'တစ်ကျောက်အိတ်ကို ပြောင်းပြန်ပြန်သော် 'တစ်ကျိုပ်အောက်' ဟုအဖြေရသည်။ တစ်ကျိုပ်မှာ ဆယ်ယောက်ဖြစ်သည်။ ဆယ်ယောက်၏အောက်မှာ ကိုးယောက်ဖြစ်သည်။

လူကိုးယောက်တောင်းသည် မဟုတ်သောကြောင့် ထိုစကားကိုပင် ထပ်၍ပြောင်းပြန်လှန်သော် . . 'ကိုးယောက်ကောက်ရိုး' ဟုရသဖြင့် ကောက်ရိုးကိုသာ ပေးလေသည်။

ထိုကောက်ယူနည်းမှာ နှစ်ကျော့ပြန်၍ အဆင့်ဆင့် ကောက်ယူရသောနည်းဖြစ်သည်။

(၁၉၅၂) ခုနှစ်လောက်က ဗမာပြည်တွင် ပြည်တော်သာခေတ်၊ 'ပြည်တော်သာ' ဆိုသော စကားများစွာ တွင်ကျယ်ခဲ့သည်။ ထိုနှစ်မှာပင် အနယ်နယ်အရပ်ရပ်တွင် သောင်းကျန်းသူများက မီးရှို့သဖြင့် တစ်ပြည်လုံးနီးပါး ပြာကျခဲ့ရသည်။ ပြည်တော်သာ၏ အဓိပ္ပာယ်မှာ 'ပြာတော်သီ' ဟူ၍ဖြစ်သည်။

ရှေးအခါက ဆေးဆရာကြီးများမှာ ၎င်းတို့အား ဆေးကုရန်လာပင့်သောအခါ ချက်ချင်းထလိုက်သွားလေ့မရှိဘဲ ဆရာခေါ်သောအချိန်မှာ ပေါ်ပေါက်သည့် အတိတ်နိမိတ်ကိုကြည့်





ပြီး လိုက်သင့်မှလိုက်၍ကုသည်။

ကုသ၍ မမီတော့သော အခြေအနေဆိုပါက မကုကြတော့ပေ။

အချို့ဆရာကြီးများကတော့ လူနာရှင်ကျေနပ်အောင် လိုက်သွားပြီး ကြည့်ရှုပေးကြလေသည်။

ထိုကဲ့သို့ပင် ရှေးကကျေးလက်တောရွာများမှာ နေထိုင်ကြသော ကျေးလက်တောင်သူတို့မှာလည်း အိမ်အောက်စပါးကျီဆောက်၊ လယ်ယာလုပ်ငန်းခွင် ဝင်တော့မည်ဆိုလျှင် အတိတ်နိမိတ်ကို အကဲခတ်ကြည့်ရှုပြီးမှ ပြုလုပ်ဆောင်ရွက်ကြလေသည်။

မြေတွင်းအောင်း သတ္တဝါများဖြစ်ကြသော ကြွက်၊ ပွေးဆိတ်၊ ခြ စသော သတ္တဝါများ အစာချီပြီး အမြင့်တက်လာပါက ထိုနှစ်တွင် မိုးချရေကြီးတော့မည်ဖြစ်သည်ကို သိကြသဖြင့် ရေမလွှတ်သော အဆောက်အဦးများကို မြှင့်ဆောက်ရသည်။ တန်သင်းနှင့် တာများ ထပ်ဆင့်ကြသည်။

လေမှာနေသော ငှက်များတို့ ၎င်းတို့၏အသိုက်များကို သစ်ပင်ထိပ်ဖျားတွင် မပြုလုပ်ဘဲ အောက်ခြေသစ်ကိုင်းများ၌ ပြုလုပ်ပါက လေထန်တော့မည်ကို ကြိုတင်သိကြရသည်။

စိန်ပန်းတစ်ကြိမ်ပွင့်လျှင် လယ်ယာပစ္စည်းများ ပြင်သည်။ စိန်ပန်းနှစ်ကြိမ်ပွင့်သောအခါ လယ်ထွန်သည်။ စိန်ပန်းသုံးကြိမ်ပွင့်လျှင်တော့ မိုးမှန်ပြီဖြစ်ရာ စိတ်ချလက်ချနှင့် မျိုးကြဲခြင်းပြုလုပ်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုအခြေအနေများက သဘာဝအခြေအနေကပြသော နိမိတ်များကိုကြည့်ပြီး လုပ်ငန်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ရှေးအခါက တိုင်းပြည်မငြိမ်မသက်ဖြစ်နေသော အချိန် တွင် ဖဆပလနှစ်ခြမ်းကွဲပြီး၊ သန့်ရှင်း ဖဆပလ၊ တည်မြဲ ဖဆ ပလ ဟူ၍ ထူထောင်တာ မဲပြိုင်ကြသည်။ မဲပြိုင်သောကာလမှာ နွေနှောင်းကာလဖြစ်သည်။ (၁၉၅၈) ခုနှစ်၊ ဇွန်လ လောက်တွင် မဲပြိုင်ကြရာ သန့်ရှင်းဖဆပလအဖွဲ့က အဝါရောင်၊ တည်မြဲ ဖဆ ပလအဖွဲ့က အနီရောင် အသုံးပြုကာယှဉ်ပြိုင်ကြ သည်။

အမှန်တော့ ဇွန်လသည် မိုးဦးကျရာသီဖြစ်သဖြင့် စိန် ပန်းပွင့်များနီရဲနေအောင်ပွင့်ရမည့် အချိန်ကာလဖြစ်သည်။ သို့ သော် စိန်ပန်းမပွင့်ပေ။

အချိန်အခါမဟုတ်ဘဲ ပိတောက်ပန်းများ ပွင့်သဖြင့် တစ်ပြည်လုံး အဝါရောင်ဖုံးသွားတော့သည်။ ထိုအချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် ရုံတင်ပြသသော ရုပ်ရှင်ကားမှာ ဆရာကြီး ဦးသုခ၏ 'ဘဝသံသရာ' ဇာတ်ကားဖြစ်သည်။

ထိုဇာတ်ကား၌ ပါဝင်သောဇာတ်ဝင်တေးသွားတစ်ပုဒ် မှာ လူအများနှစ်သက်သဖြင့် နေရာမရွေး သီဆိုကြလေသည်။ သီချင်းမှာ . . .

"ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာလည်း ဖြစ် ရတာ၊ ဘယ်ဟာ မတည်မြဲ၊ ဖောက်လွဲဖောက်ပြန် အကြောင်းမှန် ကမ္ဘာသကာ. . ."

ဟူသော တေးသွားဖြစ်သည်။

အချိန်အခါမဟုတ်ပဲ အဝါရောင်ပိတောက်ပန်းများ ပွင့် သော နိမိတ်ကတစ်ကြောင်း၊ လူကြိုက်များသော သီချင်းသွား တွင် 'မတည်မြဲ'ဟူသော နိမိတ်ကပါနေပြီဖြစ်သောကြောင့် ထိုရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအဖွဲ့က မဲအပြတ်အ သတ်ဖြင့် အနိုင်ရပြီး တည်မြဲ ဖဆပလအဖွဲ့ အရှုံးပေးခဲ့ရလေ သည်။ ထိုအချိန်က တစ်ပြည်လုံး အဝါရောင်လွှမ်းသွားသကဲ့ သို့ပင် ရှိပေတော့သည်။

စာဖတ်သူများအနေဖြင့်လည်း ဝါသနာပါ ပါကထိုကဲ့သို့ သောအတိတ်နိမိတ်ကောက်ယူပြီး အကျိုးအကြောင်း အဆိုး အကောင်း ခွဲခြားကြည့်စေလိုပါသည်။

"ဒီပညာမျိုးက လွယ်တာမှတ်လို့ မတော်လို့ အယူအဆ လွဲသွားရင် မခက်ပေဘူးလား"

ဟု စောဒကတက်ရင်လည်း ရပါသည်။

မှန်ပါသည်။

အတိတ်နိမိတ်ကောက်သောပညာကို စနစ်တကျတတ် ဖို့ကတော့ လေ့လာမှသာရပေလိမ့်မည်။ သို့သော်လည်း နေ့စဉ် မြင်တွေ့နေရသော အဖြစ်အပျက်၊ အကြောင်းအရာတို့ကိုတော့ သတိထားကြည့်ပြီး၊ အဆိုးအကောင်းကိစ္စများကို ခွဲခြားသိနိုင်ကြ လိမ့်မည်။

မနက်လင်း၍ အိပ်ရာမှနိုးသည်နှင့် ဦးစွာကြားရသော အသံ၊ ရသောအနံ့၊ မြင်ရသောအတိတ်နိမိတ်တို့သည် ထိုနေ့အ တွက် မိမိတွေ့ကြုံရမည့် နိမိတ်များပင်ဖြစ်ပေသည်။ ကောင်း


☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com


တာတွေ့ရမည့် နိမိတ်များပင်ဖြစ်ပေသည်။ ကောင်းတာတွေ့လျှင် ကောင်းတာလုပ်ယူ၍ရပြီး၊ မကောင်းတာတွေ့ပါက သတိဖြင့်သွားလာလုပ်ကိုင်ပါလျှင် ဖြစ်သော်မှသက်သာခွင့်ရပေလိမ့်မည်။

လူအတော်များများမှာ အလုပ်ကိစ္စများလှသောကြောင့် သတိမမူ၊ ဂူမမြင်သကဲ့သို့ ဖြစ်နေကြခြင်းသာဖြစ်သည်။ အကယ်၍သတိထားပြီးကြည့်မည်ဆိုလျှင်တော့ ထူးခြားသောအတိတ်နိမိတ်တို့သည် မိမိတို့ပတ်ဝန်းကျင်တွင် အမြဲတစေရှိနေတတ်ပါသည်။

ဒီနေရာတွင် အယူတော်မင်္ဂလာမောင်နိုး၏ ရေကြီးမည့်နိမိတ်ကောက်ယူပုံကို ရေးသားဖော်ပြပါမည်။

အချိန်အခါမှာ အယူတော်မင်္ဂလာမောင်နိုးသည် အကောက်စာရေးလေးဘဝနှင့် ငါးရာဖျားရွာသို့ ရောက်သွားသောအချိန်အခါပင် ဖြစ်ပေတော့သည်။

ထိုရပ်ရွာမှ လူကြီးများနှင့် အလ္လာပ၊ သလ္လာပစကားများပြောဆိုနေကြစဉ် မောင်နိုးသည် ထူးခြားသောအတိတ်နိမိတ်တစ်ခုကို တွေ့ရပေသည်။

အခြားမဟုတ်ပေ။

ထိုရွာ၌ရှိသော ကသည်းလူမျိုး ဖော်တမော်ဆိုသောအရှူးတစ်ယောက်သည် လက်ယာဘက်တွင် ပျိုးစည်း၊ လက်ဝဲဘက်တွင်ပြောင်းစီးကို ကိုင်ကာ ရွာလည်တစ်ရိုးတွင် ကခုန်နေသည်ကို တွေ့မြင်ရသောကြောင့်ဖြစ်သည်။

ထိုနိမိတ်သည် တစ်ရွာလုံးနှင့်သက်ဆိုင်သည့် ထူးခြားသော "ဘဝေါ"ပင် ဖြစ်ပေတော့သည်။

ထိုနိမိတ်ကိုမြင်သောအခါ မောင်နိုးကရွာလူကြီးတို့အားပြောကြားလေသည်။

"လူကြီးမင်းတို့ နေသောအရပ်ဒေသသည် မြေနိမ့်ပိုင်းအရပ်ဒေသဖြစ်ပေသည်၊ ယခုအခါ မိုးဦးကလည်းကျရောက်ပေပြီ၊ ယနေ့မှစ၍(၁၅)ရက်အတွင်း ဤနေရာမှ မြေမြင့်သောအရပ်ဒေသသို့ ရွှေ့ပြောင်းနေထိုင်မှသာ ရေဘေးဒုက္ခမှ ကင်းလွတ်ခွင့်ရပေလိမ့်မည်၊ အကယ်၍ မပြောင်းရွှေ့သော် (၁၅)ရက်လွန်သောအခါ မုချ ရေဘေးအန္တရာယ်နှင့်တွေ့ပြီး ဒုက္ခကြီးစွာရောက်ကြပေလိမ့်မည်"

ဟု ပြောလေသည်။

ထိုသို့ပြောသောအခါတွင် အချို့ရွာသူရွာသားများကတော့ အတိတ်နိမိတ်ကောက်ယူရာတွင် သူမတူအောင် ထင်ရှားလှသော မောင်နိုးပြောသည့်စကားကို ယုံကြည်ကြသဖြင့် ထိုရွာမှစွန့်ကာ မြေမြင့်ရာအရပ်တစ်ပါးသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။

အချို့ကတော့လည်း မောင်နိုးပြောသည့် စကားကို မယုံကြည်ကြသဖြင့် မပြောင်းရွှေ့ဘဲ ရွာ၌သာနေမြဲနေကြလေသည်။ (၁၅)ရက်ကျော်သောအခါ အထက်အညာဒေသဘက်တွင် မိုးသည်းထန်စွာ ရွာသွန်းချလေတော့သည်။ မိုးများပြီး အဆက်မပြတ် ရွာသောကြောင့် ရေများကျလာရာ ငါးရာဖျားရွာလည်းရေအောက်သို့ရောက်ကာ ပျက်စီးခြင်းသို့ ရောက်ရပေတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

မောင်နိုးပြောစကားကို ယုံကြည်လက်ခံသဖြင့် မြေမြင့်ရာအရပ်သို့ ရွှေ့ပြောင်းနေထိုင်ကြသူတို့မှာ ပျက်စီးဆုံးရှုံးမှုမရှိဘဲ မယုံကြည်သဖြင့် ရွာ၌နေမြဲနေခဲ့သော ရွာသူရွာသားများမှာ တော့ နေအိမ်၊ ဆန်စပါးနှင့် ကျွဲနွားတိရစ္ဆာန်တို့ ပျက်စီးဆုံးရှုံးခြင်းဖြင့် ကြုံတွေ့ကြရပေသည်။ နိမိတ်၏ အဖြေကိုကောက်ယူသည်ရှိသော် . . .

(၁) အရှုးဆိုသည်မှာ ဇယားများအရ (ဦး-၀ေ) အိမ်ထောင်ပျက်စာတ်ဟုပင် ယူဆရသည်။ စာရေးသောအခါ ရကောက်ဖြင့် 'အရှုး' ဟုရေးသော်လည်း အသံထွက်မှာ 'အယူး' (တနင်္ဂနွေ၊ ဗုဒ္ဓဟူး) (၁-၄) အသံသာထွက်သည်။ သို့ကြောင့် အပျက်စာတ်ပင်ဖြစ်သည်။

အရှုးတစ်ယောက် အများဝိုင်းကြည့်ရလောက်အောင် ပျော်ရွှင်စွာ ကခုန်နေခြင်းမှာ အိမ်ထောင်ပျက်စာတ် ကျက်စားမြူးထူးနေခြင်းကို ပြလေသည်။

အိမ်ထောင်ပျက်ဟူသောသဘောမှာ လင်မယားကွဲကွာခြင်းကို ပြော၍ရသလို အိုးပျက်အိမ်ပျက် ဖြစ်ခြင်းကိုလည်း ပြော၍ရပေသည်။ ယခုအခြေအနေသည် တစ်ဦးချင်း၊ နှစ်ဦးချင်းကိစ္စမဟုတ်ဘဲ တစ်ရွာလုံးနှင့်သက်ဆိုင်သော ကိစ္စဖြစ်နေသောကြောင့် အိုးပျက်-အိမ်ပျက်ဖြစ်မည်ဟု ယူဆ၍ရနိုင်ပေသည်။

(၂) လက်ဝဲဖက်တွင် ပြောင်းစည်းကိုင်၍ ကခုန်နေခြင်းမှာ





တစ္စန်းတစနည်းဖြစ်သည်၊ တစ်ရွာလုံး တစည်းတလုံးတည်း ပျော်ပျော်ကြီး ပြောင်းကြဟူသော အဓိပ္ပာယ်ဖြစ်သည်။

(၃) လက်ယာဖက်တွင် (ပျိုးစီး)တို့ ကိုင်၍ကခြင်းမှာ လက်ဆာလက်ကဲ့သို့ အားကိုးအားထားနိုင်သော၊ ပြောင်းရွှေ့သွားသောနေရာသစ်တွင် စည်းစည်းလုံးလုံး ပြုစုပျိုးထောင်ကြ။

(၄) ဘာကြောင့် ပြောင်းရ၊ အသစ်ပျိုးရမည်နည်း။ အပျက်ဖျက်တော့မည်ဖြစ်သောကြောင့် ပါတည်း။ ဘာကြောင့် ပျက်ရမည်နည်း။ အရှုးမှာ ကသည်းလူမျိုး၊ နာမ်အားဖြင့်(သောကြာ)၊ စာတ်အားဖြင့် (ရေပုပ် ရေနောက် ရေနီ)၊ ကသည်းအရှုး ကခြင်း အဓိပ္ပာယ်မှာ ရေပုပ်၊ ရေနောက်၊ ရေနီတို့ လွှမ်းမိုး၍ပျက်မည်။

(၅) ဘယ်တော့ပါလဲ။ အရှုး၏အမည်မှာ (ဇော်တမော်)ဖြစ်၍ (ဇော်)သည် အင်္ဂါ=၃၊ (တ)သည် စနေ=၇၊ (မော်)သည် ကြာသပတေး=၅၊ စုစုပေါင်းသော (၁၅)ဖြစ်၍ (၁၅)ရက် ကြာသောအခါဟု ပေါ်ထွက်လာသည်။

ဤဘဝေါကို အဖြေရှာရာ၌ (၁)အရှုးဟူသော အိမ်ထောင်ပျက်။ (၂)ပြောင်းမျိုးဟူသော တစ္စန်းတစအက္ခရာများ (၃)ကသည်း၏ သောကြာ အာပေါ စာတ်မ ရေပုပ်၊ ရေနောက်၊ ရေနီ (၄) ဇော်တမော်ကို သင်္ချာနည်းဖြင့် ကောက်ယူခြင်းတို့ ပါဝင်လေသည်။

တကယ့်ဖြစ်ရပ်မှာ နောက်(၁၅)ရက်ကြာသောအခါ အဆက်အညာတွင် မိုးတရစပ်အဆက်မပြတ် ရွာသွန်းမှုကြောင့် ငါးရွာဖျားရွာကို ရေနီ၊ ရေပုပ်တို့ လွှမ်းမိုးခြင်းကြောင့် ပျက်စီး


www.burmeseclassic.com

www.burmeseclassic.com

သွားရပေတော့သတည်း။

ဤသာဓကတွင် . . .

(က) နိမိတ်မှာ အရှုးကခုန်နေခြင်းဖြစ်ရပ် (သို့မဟုတ်) နိမိတ် အကြောင်းဖြစ်ရပ်ဖြစ်သည်။

(ခ) နိမိတ်အဖြေမှာ - ရေကြီး၍ ရွာပျက်မည် (သို့မဟုတ်) နိမိတ်၏ အကျိုးဖြစ်ရပ်။

(ဂ) ပြဿနာမှာ - ရွာရေကြီး၍ပျက် - မပျက် (ပြဿနာ၏ အကြောင်းဖြစ်ရပ်)

(ဃ) ပြဿနာ၏အဖြေ = ရေကြီး၍ ရွာပျက်မည် (ပြဿနာ၏ အကျိုးဖြစ်ရပ်)

(က) နှင့် (ဂ) တူ၍၊

(ခ) နှင့် (ဃ) တူညီသည်။

ထိုကဲ့သို့ အဆင့်ဆင့် ကောက်ယူပြီးသောအခါမှ (၁၅) ရက်အတွင်း ရေကြီးမည်ဆိုခြင်းကို ကြိုတင်ခန့်မှန်းနိုင်ခြင်းဖြစ် သည်။

သို့ကြောင့် အတိတ်နိမိတ်ကောက်ယူပြီးနောက် အဆိုး အကောင်းကိစ္စများကို ပြောပြပေးနိုင်သော အယူတော်မင်္ဂလာ ပညာရပ်တွင် တွေ့သမျှမြင်သမျှတို့ကို သတိဖြင့်ကြည့်တတ်ရုံ သာမကဘဲ အကျိုးအကြောင်း ဆက်စပ်ယူရသော ပညာရပ် လည်း ပါဝင်နေခြင်းဖြစ်ပေသည်။

ကြာပိုက်ရွာ၌နေထိုင်သော ဦးသူတော်သည် အတိတ် နိမိတ်ကောက်သော အယူတော်မင်္ဂလာပညာကို များးစွာကျွမ်း





ကျင်သူဖြစ်ပေသည်။

၄င်းသည် ဆောနယ်၊ ယောနယ်ဘက်တွင်နေစဉ်ကပင် ပညာကို အပတ်ကုပ်ကြိုးစားလေ့လာခဲ့ရာ ယခုအချိန်မှာတော့ အတော်အတန် ခရီးပေါက်သောအဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ် သည်။

ကြာပိုက်ရွာသို့ ရောက်လာခဲ့ပြီးနောက်ပိုင်းမှာ ၄င်းထံ ကျင်ပညာသင်ယူလိုသော တပည့်နှစ်ယောက် ရောက်လာကြ သည်။ ကိုဇန်ကောင်းနှင့် ကိုချမ်းမြတို့ နှစ်ယောက်ပင် ဖြစ် သည်။ ၄င်းတို့နှစ်ယောက်သည် ဆရာကြီးထံတွင် ပညာသင်နေ သောအချိန်က အသက်(၂၀)ကျော် ပတ်ဝန်းကျင်သာရှိသေးပြီး ငယ်ကောင်း အရွယ်ကောင်းများပင်ရှိကြသေးသည်။

နှစ်ယောက်စလုံး ရိုးရိုးအေးအေးနေကြပြီး၊ ပညာကို အပတ်တကုပ် ကြိုးစားသင်ယူနေကြပေသည်။ ဆရာကြီးက လည်း တပည့်နှစ်ယောက်ကို သားအရင်းကဲ့သို့ ခင်မင်သော ကြောင့် ၄င်းတတ်ကျွမ်းသောပညာများကို ဆရာစားမချန်ဘဲ သင်ကြားပေးလေသည်။

ရွာသူရွာသားများကတော့ မြို့ပြနှင့်အလှမ်းဝေးပြီး . . တောတောင်ထဲမှာ နေကြရသောကြောင့် အသိပညာနည်းပါး ကြလေသည်။

ရောဂါတစ်ခုခုဖြစ်လျှင်သော်လည်းကောင်း၊ အခြားဆိုး ဝါးသောကိစ္စများနှင့် ကြုံတွေ့ရလျှင်လည်းကောင်း၊ နတ်တိုက်၊ စုန်းတိုက်၊ သရဲတစ္ဆေဖမ်းစားသည်ဟုသာ အယူရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကြာပိုက်ရွာတွင် ဦးသူတော်ရှိပြီး၊ သားပိုက်ရွာတွင် ဒေါ်ရွှေဇာရှိသည်။ ၎င်းတို့နှစ်ဦးစလုံး ပညာရပ်တစ်မျိုးစီ တတ်ကျွမ်းကြသည်။

ဒေါ်ရွှေဇာက ဓါတ်ပညာကို သူမတူအောင် တတ်ကျွမ်းပြီး ဦးသူတော်က အယူတော်မင်္ဂလာပညာကို ကောင်းစွာကျွမ်းကျင်ကြပေသည်။

နှစ်ဦးစလုံးက ၎င်းတို့တတ်သော ပညာများဖြင့် ရွာသူရွာသားများတွင် ဖြစ်သောရောဂါများ၊ အခက်အခဲများကို ဖြေရှင်းပေးကြလေသည်။ သို့သော်လည်း ရွာသူရွာသားများကတော့ ဓါတ်ပညာလည်း မသိ၊ အယူတော်မင်္ဂလာပညာလည်း နားမလည်ကြပေ။ ရောဂါကို ဆေးကုပေးလျှင် ပယောဂပညာဖြင့် ကုသပေးသည်ဟုသာ ထင်ကြလေသည်။

သို့ကြောင့် ထိုပညာသည်နှစ်ဦးနေထိုင်ကြသော ရွာနှစ်ရွာကိုလည်း 'ကြာပိုက်၊ သားပိုက် စုန်းတိုက်ကဝေ' တို့နေသောရွာဟု ခေါ်ဝေါ်သမုတ်ခဲ့ကြလေသည်။



# အခန်း (၄)

# နတ်ရုပ်ထုအတွင်းမှရသော ကြေးပုရပိုဒ်များ

နောက်ပိုင်းနှစ်ကာလကြာသောအခါ ကြာပိုက်ရွာမှာနေသော ဦးသူတော်သည်လည်းကောင်း၊ သားပိုက်ရွာမှာနေသော ဒေါ်ရွှေဇာသည်လည်းကောင်း အသက်အရွယ်ကြီးရင့်ခဲ့ကြပြီဖြစ်သောကြောင့် သေဆုံးသွားကြလေသည်။ သူတို့သေဆုံးသွားပြီးနောက်ပိုင်းမှာတော့ ၎င်းတို့၏ပညာအမွေကို ဆက်ခံသူများကတော့ ကျန်ခဲ့ကြလေသည်။ ဒေါ်ရွှေဇာတတ်ကျွမ်း

www.burmeseclassic.com



သော ဓါတ်ပညာများကိုတော့ သမီးဖြစ်သူ မမင်းဇာက အမွေရ လိုက်ပေသည်။ မမင်းဇာမှာ ယခုတော့ အသက်လေးဆယ်ပတ် ဝန်းကျင်အရွယ်ရှိနေပြီး မမင်းဇာဘဝမှ ဒေါ်မင်းဇာဘဝသို့ ရောက်ခဲ့ပေပြီ။ မိခင်ဖြစ်သူနှင့်အတူ နေထိုင်ခဲ့သော နေအိမ်မှာ ပင် ဆက်လက်နေထိုင်ပြီး ရွာသူရွာသားများကို ဆေးကုပေးနေ လေသည်။

ဦးသူတော်မရှိတော့သည့်နောက်ပိုင်းတွင် ၄င်းတွင် သားယောက်သမီးခံ မရှိသော်လည်း ပညာအမွေကိုဆက်ခံမည့် သူနှစ်ဦးကတော့ ကျန်ခဲ့လေသည်။ ကိုဗန်ကောင်းနှင့် ကိုချမ်းမြ တို့နှစ်ယောက်ပင်ဖြစ်သည်။ ယခုအခါမှာတော့ ဆရာကြီးမရှိ တော့သည့်နောက်ပိုင်း အသက်လေးဆယ်ကျော်အရွယ်သို့ ရောက်ခဲ့ကြပြီ ဖြစ်သောကြောင့် ဦးဗန်ကောင်း၊ ဦးချမ်းမြဘဝ သို့ ရောက်နေကြပြီဖြစ်သည်။

ဆရာကြီးဦးသူတော် မသေဆုံးခင်အချိန်က သူတို့နှစ် ယောက်ကို ခေါ်ပြီးမှာကြားသွားလေသည်။

"ငါဘဝပြောင်းပြီးရင် ဒီနေရာကနေ အလုံဒီပါရုံစခန်း ကို ရွှေ့ပြောင်းနေရမယ်"

"ဒါဖြင့် ဆရာကြီးနဲ့ တွေ့ခွင့်ရှိနိုင်သေးတာပေါ့နော်"

"ကံမကုန်သေးရင်တော့ ပြန်ဆုံကြရဦးမှာပေါ့၊ အရေး ကြီးတာက ငါမရှိတော့တဲ့နောက်ပိုင်းမှာ ငါသင်ပေးထားခဲ့တဲ့ ပညာတွေကို မမေ့မပျောက်အောင် ဆက်ပြီးကြိုးစားကြ၊ ဒီပညာ ကိုအသုံးပြုပြီး လူတွေရဲ့အကျိုးစီးပွားတိုးတက်အောင်၊ ဘေးအန္တ





ရာယ်တွေကင်းအောင် ဆောင်ရွက်ပေးနိုင်ကြပါစေ"

"စိတ်ချပါ ဆရာကြီး"

"မင်းတို့နှစ်ယောက်ကို တစ်ခုတော့မှာချင်တယ်"

"ဘာများပါလဲ ဆရာကြီး"

"ငါသင်ပေးထားခဲ့တဲ့ ပညာတွေက ရှေးဟောင်းပညာ ရပ်တွေဖြစ်တယ်၊ လူတိုင်းမသိနိုင်၊ မတတ်နိုင်တဲ့ပညာမျိုးတွေပဲ၊ ဒီတော့ ဒီပညာကိုတတ်တဲ့မင်းတို့က မသိမတတ်တဲ့သူတွေကို ပညာကိုအသုံးပြုပြီး မနှိပ်စက်ကြနဲ့၊ အခွင့်အရေးမယူကြနဲ့လို့ မှာခဲ့ချင်တယ်"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်တို့တတ်တဲ့ပညာနဲ့ လူ တွေကို မနှိပ်စက်ပါဘူးလို့ ကတိပေးပါတယ်"

ကိုဗန်ကောင်းက ပြောသော်လည်း ကိုချမ်းမြကတော့ ဘာမှဝင်မပြောဘဲရှိလေသည်။

နောက်ပိုင်း ဆရာကြီးကွယ်လွန်သွားခဲ့ပြီးနောက်မှာ တော့ နှစ်ယောက်သားအတူတူမနေကြတော့ဘဲ လမ်းခွဲလိုက်ကြ လေသည်။

"ကိုဗန်ကောင်းရေ၊ ကျွန်တော်ကတော့ ဆရာကြီးမရှိ တော့တဲ့နောက်ပိုင်း ဒီမှာမနေချင်တော့ဘူးဗျာ"

"ဘာဖြစ်လို့လဲ ကိုချမ်းမြရဲ့"

"ခင်ဗျားစဉ်းစားကြည့်လေဗျာ . .၊ ကျွန်တော်တို့နှစ် ယောက်ကို ဆရာကြီးသင်ပေးထားခဲ့တဲ့ပညာတွေက တကယ့် အသုံးချလို့ရတဲ့ ရှေးဟောင်းပညာရပ်တွေ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒီလောက်တန်ဖိုးရှိတဲ့ပညာရပ်တွေ တတ်မြောက်ထားပြီးမှတော့ ဒီလိုတောကြိုအုံကြားနေရာမျိုးမှာ ဆက်နေရင် ဘာအကျိုးရှိမှာလဲဗျာ"

ထိုစကားကြားသောအခါ ကိုဗန်ကောင်းက များစွာအံ့ဩသောမျက်နှာဖြင့် ကိုချမ်းမြကို ကြည့်လိုက်သည်။ ကိုချမ်းမြက သူ့စကားကို ဆက်ပြောသည်။

"ကျွန်တော်တို့ဘဝက ဘာနဲ့သဏ္ဌာန်တူသလဲဆိုတော့ ရေတွင်းပျက်ထဲမှာနေရတဲ့ ဖားသူငယ်ဘဝမျိုးဖြစ်နေတယ်၊ ဒီလောက်ခေါင်လှတဲ့ တောကြိုအုံကြားထဲမှာ နေရတာကိုပဲ အဟုတ်ကြီးမှတ်နေခဲ့ကြတာဗျ"

"ဒါကတော့ဗျာ ဆရာကြီးရှိစဉ်ကတည်းက နေလာခဲ့ကြတာဆိုတော့. . ."

"ထားပါတော့လေ. . ဆရာကြီးရှိတုန်းက နေတာကတော့ တစ်မျိုးပေါ့၊ အခု ဆရာကြီးမှ မရှိတော့ပဲဗျ"

"ဒီတော့ ခင်ဗျားက ဘယ်လိုလုပ်ချင်နေတာလဲ"

"ကျွန်တော့်သဘောကတော့ ဒီနေရာကစွန့်ခွာပြီး၊ ကျွန်တော်တို့နှစ်ယောက် မြို့ကြီးပြကြီးတွေမှာ သွားနေသင့်တယ်ထင်တာပဲ၊ ဒါမှ ကြီးပွားချမ်းသာမှာဗျ"

ဟု ကိုချမ်းမြက အားတက်သရောပြောဆိုလေသည်။ ထိုသို့ပြောနေသော်လည်း ကိုဗန်ကောင်းကတော့ စိတ်မဝင်စားသော အမူအယာမျိုးဖြင့် အေးအေးပင်ရှိနေလေသည်။ ကိုဗန်





ကောင်း အမူအယာကြည့်ပြီး ကိုချမ်းမြမှာ နားမလည်နိုင်အောင်ဖြစ်သွားလေသည်။

"ခင်ဗျားကြည့်ရတာ အေးတိအေးစက်နဲ့ ကျွန်တော်ပြောတာကို စိတ်မဝင်စားလို့လား၊ ခင်ဗျားဒီနေရာမျိုးမှာနေလို့ ဘယ်လိုလုပ် ကြီးပွားချမ်းသာမှာလဲ"

"အမှန်ပြောရရင်တော့ ဆရာကြီးဆီမှာ တပည့်ခံပြီးပညာသင်ကတည်းက ကြီးပွားချမ်းသာဖို့ မဟုတ်ပါဘူး၊ လူတွေကို ကိုယ်တတ်တဲ့ပညာနဲ့ အကူအညီပေးပြီး အကျိုးပြုချင်လို့ပါ၊ ဆရာကြီး ရှိစဉ်ကတည်းကလည်း ဒီအတိုင်းပဲကတိပေးထားခဲ့ပြီးသားပါ"

ကိုချမ်းမြကတော့ ထိုစကားကို သဘောကျဟန်မတူပေ။

"ဒီလိုဆိုရင်တော့ စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော်ကတော့ ဆရာကြီးမရှိတော့တဲ့နောက်ပိုင်း ဒီနေရာမှာတော့ မနေလိုတော့ဘူး၊ ဒါကြောင့် ရေကြည်ရာ မြက်နုရာဆိုသလို မြို့အရပ်ကိုပဲ ရွှေ့ပြောင်းပြီး လုပ်ကိုင်စားသောက်တော့မယ်"

ထိုသို့ပြောသောအခါ ကိုဗန်ကောင်းက မတားပေ။

"သွားပေါ့ဗျာ၊ လူဆိုတာ ဆန်စုံတော့စား၊ ကံကုန်တော့လည်း သွားရပေမပေါ့"

"ခင်ဗျားနဲ့အတူတူ နှစ်အတော်ကြာအောင် နေလာခဲ့ပြီးမှ အခုလိုခွဲခွာသွားရမှာတော့ စိတ်မကောင်းပါဘူး၊ ရေစက်မကုန်ရင်တော့ ကျွန်တော်တို့နှစ်ယောက် ပြန်ဆုံကြရဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ"

ဟု ပြောဆိုနှုတ်ဆက်ပြီးနောက် ကိုချမ်းမြတစ်ယောက် ထိုရွာမှထွက်ခွာသွားလေတော့သည်။ ကိုဗန်ကောင်းကတော့ ဆရာကြီးနှင့်အတူနေခဲ့သောနေအိမ်မှာ ဆက်လက်နေပြီး၊ ၎င်းတတ်ကျွမ်းသော ပညာများနှင့် ရွာသူရွာသားများအကျိုးကို ဆောင်ရွက်ပေးနေလေသည်။ ယခုတော့ အသက်(၄၀)ကျော် အရွယ်ရှိပြီး ကိုဗန်ကောင်းဘဝမှ ဦးဗန်ကောင်းဘဝသို့ပင် ရောက်ရှိလာခဲ့ပေသည်။

ဦးဗန်ကောင်းနေသောအိမ်၏ အရှေ့ဘက်တွင် ကျွန်းသားဖြင့် ထုလုပ်ထားသော နတ်ရုပ်ကြီးတစ်ရုပ်ရှိသည်။ ကြာပန်းကို ပိုက်ထားသော နတ်ရုပ်ကြီးပင်ဖြစ်သည်။ ရွာသူရွာသားများကတော့ ထိုနတ်ရုပ်ကြီးကို တန်ခိုးရှိသည်ဟု ယူဆကာ အကြောင်းကိစ္စရှိတိုင်း လာရောက်ပူဇော်ကြလေသည်။

၎င်းတို့ သိလိုသောအရေးကိစ္စများရှိပါက ဦးဗန်ကောင်းထံ လာရောက်မေးမြန်းရင်းနှင့်ပင် နတ်ရုပ်ကြီးအား ပူဇော်သွားကြခြင်း ဖြစ်ပေသည်။

ကြာပန်းကိုပိုက်ထားသော နတ်ရုပ်ကြီးအားအကြောင်းပြုပြီး ၎င်းတို့ရွာအမည်ကိုပင် 'ကြာပိုက်ရွာ' ဟု အမည်ပေးထားရာ ထိုနတ်ရုပ်ကြီးကိုလည်း ရွာစောင့်နတ်ကြီးဟုပင် ထင်သူက ထင်ကြသည်။

ထိုကဲ့သို့ပင် ဒေါ်ရွှေဇာနေသော အိမ်ရှေ့၌လည်း ကလေးငယ်ကို ပိုက်ထားသော နတ်ရုပ်ကြီးတစ်ရုပ်ရှိရာ ထိုနတ်ရုပ်





ကြီးကိုလည်း ရွာစောင့်နတ်ရုပ်ကြီးဟု ထင်မြင်ယူဆကာ ပူဇော်ကြသူများရှိသည်။

ရှေးအခါက ဦးသူတော်နှင့် ဒေါ်ရွှေဇာတို့ရှိစဉ်က ရွာတွင်ရွာလူကြီးရှိသည်ဆိုသော်လည်း သူတို့ကတစ်ခွန်းပြောလျှင်ပြီးသော အခြေအနေရှိသည်။

ယခု သူတို့မရှိတော့သည့်နောက်ပိုင်း ဦးဗန်ကောင်းနှင့် ဒေါ်မင်းဇာတို့က ၎င်းတို့၏ပညာအမွေတို့ကိုဆက်ခံပြီး ရွာမှာပင်နေကြသော်လည်း ရပ်ရေးရွာရေးကိစ္စတော့ မပါကြတော့ပေ။ သို့သော်လည်း ရွာသူရွာသားများကတော့ အရေးအကြောင်းရှိသောအခါ အားကိုးရသော ဆရာများအနေနှင့်တော့ လေးစားသမှုရှိကြလေသည်။

ဆရာကြီးဦးသူတော် မရှိတော့သည့်နောက်ပိုင်း ပညာအတူသင်ဖက်ဖြစ်သော ဦးချမ်းမြကလည်း ထွက်ခွာသွားသောအခါ အိမ်တွင်ဦးဗန်ကောင်း တစ်ယောက်တည်းသာ ကျန်ခဲ့လေသည်။

ဦးဗန်ကောင်းမှာ ဆရာကြီးရှိစဉ်ကလိုပင် အိမ်ရှေ့မှာရှိသော နတ်ရုပ်ကြီးအား ပန်း၊ ရေ၊ မီး၊ စားသောက်ဖွယ်များဖြင့် ဆက်ကပ်ကာ ပြုပြင်ရေးကိုလည်း မပြတ်ပြုလုပ်ပေးလေသည်၊

ဆရာကြီးကွယ်လွန်သွားပြီး နှစ်အနည်းငယ်ကြာတော့ ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အခြားတော့ မဟုတ်ပေ။

အိပ်မက်ထဲတွင် ကွယ်လွန်သွားတာ နှစ်အတော်ကြာပြီ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော ဆရာကြီးဦးသူတော်အား ပြန်တွေ့ရခြင်းဖြစ်ပေသည်။

ဦးသူတော်သည် ဝတ်ဖြူစင်ကြယ်အဝတ်များကို ဝတ်ဆင်ထားသည်။ ဆံပင်မွေး၊ မုတ်ဆိတ်မွေးများလည်း ဆွတ်ဆွတ်ဖြူနေပြီး လက်ထဲမှာတောင်ဝှေးတစ်ချောင်းလည်း ကိုင် ထားလေသည်။

"ဟင်. . ဆရာကြီး၊ အခု ဘယ်နေရောက်နေတာလဲ ဟင်"

"အလုံဒီပါရုံမှာ ရောက်နေတယ်"

"အလုံဒီပါရုံဆိုတာ မြို့ပျောက်ကြီး မဟုတ်လားဟင်"

"ဟုတ်တယ်ကွယ့်"

"ကျွန်တော် ရောက်ဖူးချင်လိုက်တာ ဆရာကြီးရယ်"

"အခွင့်သာလို့ ရောက်ဖို့ကံပါလာရင်တော့ ရောက်ရမှာပေါ့ကွယ်"

"ဘယ်နေရာမှာ ရှိတာလဲ"

"မဝေးလှပါဘူး၊ ဒီပါရုံဘုရားနဲ့ မနီးမဝေးမှာပဲရှိတာပါပဲ၊ အကျင့်စရဏကို မှန်မှန်လေးပြုလုပ်သွားလို့ ဝိဇ္ဇာပုဂ္ဂိုလ်တွေက အသိအမှတ်ပြုတဲ့တစ်နေ့ကျရင်တော့ ရောက်ခွင့်ကြုံရမှာပေါ့"

"ကျွန်တော်ကြိုးစားပါမယ် ဆရာကြီး"

"ငါအခုလာတာ တခြားမဟုတ်ဘူး၊ မင်းကိုပြောစရာရှိလို့လာခဲ့တာပဲ"

"ပြောပါဆရာကြီး"





"အိမ်ရှေ့မှာထားတဲ့ ကြာပိုက်နတ်ရုပ်ကြီးရဲ့ ကိုယ်ထဲမှာ အတိတ်နိမိတ်ကောက်တဲ့ကျမ်း၊ အစီအရင်ကျမ်းတွေရှိတယ်၊ အဲဒီကျမ်းတွေက ရှေးဆရာကြီးတွေ အဆက်ဆက်က ထားခဲ့တဲ့ကျမ်းဟောင်းတွေပဲ၊ အဲဒီအထဲက ကျမ်းဟောင်းတွေကို မင်းယူပြီး လေ့လာပေတော့"

"ကောင်းပါပြီ ဆရာကြီး"

"ရတနာသုံးပါးကို မမေ့နဲ့၊ ကံငါးပါးကို လုံခြုံအောင်ထိမ်းပြီး စိတ်ကိုဖြူစင်အောင်ထားမယ်ဆိုရင် တစ်နေ့ကျရင် အလိုရှိတဲ့ဆန္ဒတွေမှန်သမျှ ပြည့်ဝလာပါလိမ့်မယ်"

ဟုပြောဆိုမှာကြားပြီး ပျောက်ကွယ်သွားလေတော့သည်။ နောက်တစ်နေ့ အိပ်ယာမှထတော့ နတ်ရုပ်ကြီးရှိသောနေရာသို့သွားကာ အသေအချာကြည့်လေသည်၊

နတ်ရုပ်ကြီးမှာ ကျွန်းသားဖြင့်ပြုလုပ်ထားပြီး အချို့နေရာတွင် ဆေးရောင်များဖြင့် ရေးခြယ်ထားပြီးအချို့နေရာများမှာတော့ စစ္စေးသုပ်ကာ ရွှေချထားလေသည်။

ဦးဗန်ကောင်းမှာ ဆရာကြီးနေအိမ်သို့ ရောက်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်၏။ ထိုနတ်ရုပ်ကြီးမှာ ရှေးကတည်းကရှိနေခဲ့သောကြောင့် တွေ့မြင်နေခဲ့သည်မှာလည်း နှစ်အတော်ကြာခဲ့ပြီဖြစ်ပေသည်။ သို့သော် ထိုကဲ့သို့ထူးခြားမှုမျိုး ရှိခဲ့သည်ကိုတော့ မသိခဲ့ရပေ။

ယခုမှပင် ထူးထူးခြားခြား အိပ်မက်မက်သဖြင့် အနားကပ်ပြီး အသေအချာကြည့်မိခြင်းဖြစ်သည်။ တစ်ကိုယ်လုံးနေရာ


www.burmeseclassic.com

www.burmeseclassic.com

အနှံ့ လိုက်လံရှာဖွေသော်လည်း ထူးထူးခြားခြားနေရာတော့ မတွေ့ပေ။

“အိပ်မက်ထဲမှာ ဆရာကြီးပြောသွားတာကတော့ နတ်ရုပ်ထဲမှာ ရှေးဟောင်းကျမ်းစာတွေရှိတယ်လို့ပြောသွားတယ်၊ အခုကြည့်တော့လည်း ထူးထူးခြားခြားဘာမှမတွေ့ရပါလား”

ဟုတွေးတောနေစဉ် ရေစပ်မှာနေလေ့ရှိသော ကန်ကုတ်မြွေတစ်ကောင်မှာ ကမ်းပေါ်သို့တက်လာလေသည်။ ထိုမြွေမှာ ငါးတစ်ကောင်ကို အကောင်လိုက်မြိုထားဟန်ဖြင့် ဝမ်းဗိုက်ကဖောင်းနေလေသည်။ မြိုထားသောငါးက ဆူးတောင်ပါသော ငါးရောင်ငါးဖြစ်ရာ ငါး၏ဆူးတောင်က မြွေ၏ဝမ်းဗိုက်ကို ဖောက်ပြီး အပြင်သို့ထွက်နေလေသည်။

“ဒါ ထူးခြားတဲ့ နိမိတ်ပဲ”

ဟုတွေးကာ နတ်ရုပ်ကြီးရှိသောနေရာသို့ တစ်ကျော့ပြန်သွားပြီး အသေအချာကြည့်လေသည်၊ ထိုအခါမှ ချပ်ဝတ်တန်ဆာကဲ့သို့ ပြုလုပ်ထားသောနေရာတွင် သစ်သားစို့ထိုးထားသည့်နေရာလေးခုကို တွေ့ရလေသည်၊

ပထမကြည့်စဉ်က သစ်သားအဖုအထစ်များ၊ ကနုပ်ပန်းများဖြင့် ရောနေသောကြောင့် ထိုစို့များကို မမြင်မိခြင်းဖြစ်တန်ရာ၏။

နောက်တော့ စို့ငုတ်ကလေးများကို စိတ်ရှည်လက်ရှည်နုတ်ယူလိုက်သောအခါ ချပ်ဝတ်တန်ဆာသဖွယ်ပြုလုပ်ထားပြီး ဆေးသုပ်ထားသောနေရာတွင် လေးထောင့်ပုံသဏ္ဌာန်သစ်သားပြားတစ်ချပ်ကို တွေ့ရလေသည်။



ထိုသစ်သားပြားကို ခွာလိုက်သောအခါ ဟောင်းလောင်းပွင့်သွားလေသည်။ အတွင်း၌မူ ကြေးပြားချပ်များဖြင့် ပြုလုပ်ထားသောပုရပိုဒ်ချပ်များကို အထပ်လိုက်တွေ့ရသဖြင့် အပြင်ဘက်သို့ထုတ်ယူလိုက်သည်၊

မမျှော်လင့်ဘဲ ထိုပုရပိုဒ်များကို ရသဖြင့်ဦးဇန်ကောင်းစိတ်ထဲတွင် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိလေသည်၊ ထို့နောက် နတ်ရုပ်ကြီးကို မူလအနေအထားအတိုင်းဖြစ်အောင် ပြန်လည်တပ်ဆင်လိုက်ပြီးနောက် ဆီစိမ်စက္ကူဖြင့်ပတ်ထားသော ကြေးပုရပိုဒ်များအား အိမ်ထဲသို့ယူကာ အသေအချာဖတ်ရှုလေ့လာကြည့်လေတော့သည်။

ထိုပုရပိုဒ်များမှာတော့ ရှေးခေတ်အချိန်ကပင် ပညာရှိများအဆက်ဆက် အသုံးပြုခဲ့သော ထူးဆန်းအံ့သြဖွယ်ကောင်းသော ပညာရပ်များကို တွေ့ရလေသည်၊

ထိုပညာရပ်များထဲမှာ အချို့ကိုသာ ဆရာကြီးကသူတို့ကိုသင်ကြားပေးပြီး၊ အတော်များများကိုတော့ သင်မပေးခဲ့သည့်ပညာရပ်များဖြစ်ပေသည်။

ထိုပညာရပ်များထဲတွင် အယူတော်မင်္ဂလာနှင့် ဆက်စပ်နေသောပညာများ၊ စုန်းပြုစားခြင်း၊ မှော်ပညာဖြင့် လှည့်စားနိုင်သောပညာများကို အယူတော်မင်္ဂလာကို အသုံးပြုပြီးစီရင်ဆောင်ရွက်ကြသောပညာများ၊ အတိတ်၊ နိမိတ်၊ ဘဝေါ၊ စနည်း၊ ဘဘောင် စသည်တို့နှင့် ကောက်ယူပုံများ၊ ဓာတ်တူဓာတ်မတူ


☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

ကောက်ယူသောနည်း၊ အက္ခရာနှင့်ပတ်သက်ပြီး ကောက်ယူ
ပညတ်များ၊ နေ့သို့မဟုတ် နက္ခတ်ဂြိုလ်ပညာ၊ အက္ခရာပညာ
သင်္ချာပညာ၊ သတ္တဝါတို့နှင့်သက်ဆိုင်သော ပညတ်များ ဓာတ်
ပဒ္ဒိကတ်၊ ဓာတ်ပညတ်၊ ဓာတ်ဖိုဓာမ၊ ရုပ်ဓါတ်၊ နာမ်ဓာတ်
အရသာ၊ လူမျိုး၊ ရတနာ၊ အရောင်၊ လိင်၊ အိမ်ထောင်ရေး
အုပ်ချုပ်မှု၊ ခန္ဓာပိုင်းနှင့်သက်ဆိုင်သော ပညတ်၊ တရားသဘော
ရောဂါတို့၏သဘော၊ နိမိတ်ကောင်းနှင့် သက်ဆိုင်သော နိမိတ်
များ၊ နိမိတ်ဆိုးနှင့် သက်ဆိုင်သော နိမိတ်များ၊ ကောင်းသော
နိမိတ်၊ မကောင်းသောအတိတ်နိမိတ်တို့ပါ ရှင်းလင်းရေးသား
ထားသည်တို့ကို တွေ့ရလေသည်။

ကြေးပုရပိုဒ်တွင်ပါသော ပညာရပ်များမှာ အချို့ကို
ဆရာကြီးဦးသူတော်ရှိစဉ်က သင်ကြားပြသပေးခဲ့သော်လည်း
အချို့ပညာရပ်များကိုတော့ ဦးဇန်ကောင်းတို့ မသိသေးသော
ကြောင့် သင်ပေးခဲ့ခြင်းမရှိသေးပေ။ ဦးချမ်းမြမှာ ဆရာကြီး
သင်ပေးသော ပညာများကိုသာ တတ်မြောက်ခဲ့ပြီး ယခုကြေး
ပုရပိုဒ်မှာပါသော ပညာရပ်များကိုတော့ ဦးချမ်းမြအနေဖြင့်
သင်ကြားခွင့်မရခဲ့ပေ။

ဒီနေရာမှာတော့ ဦးဇန်ကောင်းက ဦးချမ်းမြထက်ပို၍
ကံကောင်းသွားသည်ဟု ဆိုရပေမည်။ သူရရှိသော ကြေးပုရပိုဒ်
မှတ်တမ်းများမှာ စာဖတ်သူအတွက် အလွယ်တကူအသုံးပြုနိုင်
သော အချက်အလက်အချို့ကို ရေးသားဖော်ပြပေးပါမည်။

လူတို့သည် လူ့လောကပတ်ဝန်းကျင်တွင် တွေ့ရသည့်





အမြင်၊ အကြား၊ အနံ့ နိမိတ်များကို လက်တွေ့နိမိတ်ကောက်
ရာတွင် နိမိတ်ကောင်း (၆)ပါးနှင့် နိမိတ်ဆိုး (၆)ပါးဟူ၍ ခွဲခြား
စိစစ်နိုင်ပါသည်။

နိမိတ်ကောင်း (၆)ပါးကို ဖော်ပြပါမည်။

**၁။ ရူပါရုံ (အကောင်းမြင်) နိမိတ်**

နိမိတ်အရှာထွက်ရာတွင် -

- ဘုရားပင့်ဆောင်လာသည်ကို တွေ့မြင်ခြင်း။
- သံဃာတော်တစ်ပါး (သို့မဟုတ်) ထို့ထက်ပို၍ တွေ့မြင်ခြင်း။
- နတ်ကနားပွဲပေးသည်ကို တွေ့မြင်ခြင်း။
- ဝဖြိုးတောင့်တင်းကျန်းမာသော ဆင်၊ မြင်း၊ ကျွဲ၊ နွား တို့ကိုတွေ့မြင်ခြင်း။
- ပဒေသာပင်လှည့်လည်သည်ကို တွေ့မြင်ခြင်း။
- နတ်ရုပ်ပင့်ဆောင်သည်ကို တွေ့မြင်ခြင်း။
- ကျောက်မျက်ရတနာများကို တွေ့မြင်ခြင်း။
- ကြက်ဥ၊ ငှက်ဥ၊ နွားနို့၊ ထောပတ်တို့ကို တွေ့မြင်ခြင်း။
- အစာချီသော ငှက်ကိုတွေ့မြင်ခြင်း။
- စင်ကြယ်သောနေရာ၌ ပိုးလောင်တက်သည်ကို မြင်ခြင်း။
- အရွယ်လွန်သော ခွေး၊ ကြောင်များ မိခင်နို့စို့သည်ကို မြင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



- အသီးရှိသော အပင်ကိုမြင်ခြင်း။
- ကိုယ်ဝန်ဆောင်မိန်းမနှင့် တိရစ္ဆာန်ကိုမြင်ခြင်း။
- လူနှင့် တိရစ္ဆာန်ဖွားမြင်သည်ကို မြင်တွေ့ခြင်း။
- ငါးများသွားလာသည်ကိုမြင်ခြင်း။
- အရွယ်ရောက်သော မိန်းမ၊ ယောကျ်ားတို့၏ လျှို့ဝှက်သော အင်္ဂါကိုမြင်ခြင်း။
- လူငယ်များဆော့ကစားနေသည်ကိုမြင်ခြင်း။
- ဖြူစင်သော အဆင်း၊ ဖြူစင်သော အဝတ်အထည်ကို မြင်ခြင်း။
- လတ်ဆတ်သော မစင်အညစ်အကြေး တွေ့မြင်ခြင်း။

ထိုသို့မြင်တွေ့ပါက နိမိတ်ကောင်းဟု မှတ်ယူ၍ မိမိ ဆောင်ရွက်လိုသော အမှုကိစ္စ စိတ်ချစွာ ဆောင်ရွက်ရပါမည်။

## ➢ ၂။ သဒ္ဒါရုံ(အကောင်းကြား) နိမိတ်

- ဘုရားဝတ်ပြုသံ၊
- တရားဟောသံ၊
- ကြေးစည်၊ မောင်း၊ ခေါင်းလောင်းထိုးသံ၊
- ပရိတ်ရွတ်သံ၊
- အမျှဝေသံ၊
- မေတ္တာပို့သံ၊
- သာဓုခေါ်သံ၊
- တူရိယာတီးမှုတ်သံ၊





- မင်္ဂလာရှိသော သီချင်းသံ၊
- ငှက်မြည်တွန်သံ၊
- သေနတ်ပြောက်အိုးပစ်ဖောက်သံ. . .

စသည်တို့သည် သဒ္ဒါရုံ (အကြား) နိမိတ်မည်၏။

လမ်းလျှောက်ရင်း နိမိတ်ရှာထွက်ခဲ့စဉ်အထက်တွင် ဆိုခဲ့သည့် ကြားရသမျှသော အသံမှန်သမျှသည် နိမိတ်ကောင်းဟု ယူရပေမည်။

## ➢ ၃။ ဂန္ဓာရုံ (အကောင်းနံ့) နိမိတ်

အမွှေးနံ့သာ ရနံ့ရှူရှိုက်ရခြင်း၊ ပန်းရနံ့ရှူရခြင်းတို့သည် နိမိတ်ကောင်းများဖြစ်ပေသည်။

## ➢ ၄။ ရသာရုံ (အစားအသောက်ကောင်း) နိမိတ်

အနံ့အရသာပြည့်စုံ၍ မွှန်မြတ်သောအစားအသောက်၊ သစ်သီးဝလံတို့အား လက်ဆောင်ပေးလာခြင်းသည် နိမိတ်ကောင်းမည်၏။

## ➢ ၅။ ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိကောင်း) နိမိတ်

ခေါင်းပေါင်း၊ အဝတ်အထည်၊ စောင်၊ ကော်ဇော၊ သင်ဖြူးဖျာတို့အား လက်ဆောင်ပေးလာခြင်း၊ အခင်းအသစ်ပေါ်တွင် ခေတ္တနေထိုင်ခွင့်ရခြင်းသည် အတွေ့အထိ နိမိတ်ကောင်းမည်၏။



www.burmeseclassic.com

www.burmeseclassic.com



## ➢ ၆။ ဓမ္မာရုံ (စိတ်ကြည်နူး) နိမိတ်

လမ်းလျှောက်နိမိတ် ရှာရင်း မြင်၊ ကြား၊ တွေ့၊ အနံ့ ရှူရှိုက်ရသမှုသည် စိတ်ရွှင်လန်းချမ်းမြေ့မှု၊ ဝမ်းမြောက်အားရ စိတ်တက်ကြွမှုဖြစ်ခြင်းကို ညွှန်းဆိုသည်။ ရုပ်ဝတ္ထုနှင့် မပတ်သက်၊ စိတ်ခံစားမှုနှင့်သာ ပတ်သက်ပေသည်။

နိမိတ်ဆိုး (၆)ပါးကို ဆက်လက်ဖော်ပြပါမည်။

## ➢ ၁။ ရူပါရုံ (အဆိုးမြင်) နိမိတ်

- ဘုရားပုထိုးပြိုလဲကျသည်ကိုမြင်ခြင်း။
- နတ်ရုပ်ကျိုးပျက်သည်ကိုမြင်ခြင်း။
- တောင်ကမ်းပါး၊ မြစ်ချောင်းကမ်းပါး ပြိုသည်ကို မြင်ခြင်း။
- ရေနောက်သည်ကိုမြင်ခြင်း။
- ရေမရှိသောအိုးကိုမြင်ခြင်း။
- အိုးပတ်လည်ကိုမြင်ခြင်း။
- ထင်းမီးလျှံမြင်ခြင်း။
- နားပန်းပန်သည်ကိုမြင်ခြင်း။
- မိုးကျသောသစ်ပင်ကိုမြင်ခြင်း။
- ငှက်ပျောအုန်းပွဲကိုမြင်ခြင်း။
- နီမြန်းသောအဆင်းရှိသည့် အဝတ်အထည်နှင့် ခွေး၊ ခွေးနက်တို့ကိုမြင်ခြင်း။
- ကြက်ခွပ်သည်ကိုမြင်ခြင်း။





- ခွေးတစ်ကောင်နှင့်တစ်ကောင် ကိုက်သည်ကိုမြင်ခြင်း။
- လူနှစ်ယောက်ရန်ဖြစ်သည်ကိုမြင်ခြင်း။
- မြွေကိုတွေ့မြင်ခြင်း။
- ထမ်းစင်ထက်တွင် ကျိုးနားသည်ကိုမြင်ခြင်း။
- အင်္ဂါမစုံသည့် အရုပ်ကိုမြင်ခြင်း။
- မိန်းမ၊ ယောကျ်ား မေထုန် မှီဝဲသည်ကိုမြင်ခြင်း။
- နွား၊ မြင်းဖေ့သည်ကို မြင်ခြင်း။

လမ်းလျှောက်ရင်း နိမိတ်ရှာထွက်ခဲ့စဉ် အထက်တွင် ဆိုခဲ့သည့် မြင်ရသမျှသော ရုပ်(ရူပါရုံ) မှန်သမျှသည် နိမိတ်ဆိုး (အဆိုးမြင်နိမိတ်) ဟု မှတ်ယူရမည်။

လူသည် အနန္တော အနန္တငါးပါး၏ ဂုဏ်တော်ကျေးဇူး တော်များကို ထာဝစဉ် ဦးထိပ်ထားခြင်းဖြင့် အဆိုးမြင်နိမိတ် များကို လျော့နည်းပပျောက်စေနိုင်သည်။

## ➢ ၂။ သဒ္ဒါရုံ (အဆိုးကြား) နိမိတ်

- ငိုသံ၊
- ညည်းညူသံ၊
- အမေလေး(အမယ်လေး)အသံ၊
- နာကျင်၍ ဟစ်အော်သံ၊
- ငှက်ဆိုးမြည်သံ၊
- ခွေးဟိန်းသံ. . .

လမ်းလျှောက်ရင်း နိမိတ်ရှာထွက်ခဲ့စဉ် အထက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့သည့် အဆိုးသံများကို ကြားလိုက်မိခြင်း (သဒ္ဒါရုံ)မှန်သမျှ
သည် နိမိတ်ဆိုး(အဆိုကြားရသော နိမိတ်)ဟု မှတ်ယူရမည်။

လူသည် သရဏဂုံသုံးပါး(သဝေမပါကိုးဂါထာ)ကို အိပ်
ပျော်ချိန်မှအပ အာရုံပြုနေခြင်းဖြင့် အဆိုးကြားနိမိတ်များကို
လျော့နည်းပပျောက်စေနိုင်သည်။

## ➢ ၃။ ဂန္ဓာရုံ (အဆိုးနံ့) နိမိတ်

- သားစိမ်း၊ ငါးစိမ်းနံ့ နံခြင်း။
- အညှီနံ့၊ အပုပ်နံ့ နံခြင်း။
- မီးနေစော်နံ့ နံခြင်း။
- ရွံ့မြောင်းပုပ်နံ့ နံခြင်း။
- လူသေပုပ်နံ့ နံခြင်း။
- တိရစ္ဆာန်(တစ်ကောင်ကောင်)ပုပ်နံ့ နံခြင်း။

လမ်းလျှောက်ရင်း နိမိတ်ရှာထွက်ခဲ့စဉ်အထက်တွင်
ဆိုခဲ့သည့် အဆိုးနံ့များကို ရှူရှိုက်မိခြင်း (ဂန္ဓာရုံ) မှန်သမျှသည်
နိမိတ်ဆိုး(အဆိုးနံ့ နိမိတ်)ဟု မှတ်ယူရမည်။

လူသည် (၃၁)ဘုံနှင့် အရပ် (၁၀)မျက်နှာသို့ မေတ္တာပို့
သမှုကို အစဉ်အမြဲပြုနေခြင်းဖြင့် အဆိုးနံနိမိတ်များကို လျော့
နည်း ပပျောက်စေနိုင်သည်။

## ➢ ၄။ ရသာရုံ (အဆိုးအစားအသောက်) နိမိတ်

- မလတ်ဆတ်သော ဟင်းလျာပေးလာခြင်း။





- မလတ်ဆတ်သော သစ်သီးဝလံပေးလာခြင်း။
- မလတ်ဆတ်သော ဟင်းလျာကို စားသောက်ရခြင်း။
- မလတ်ဆတ်သော သစ်သီးဝလံကို စားသောက်ရခြင်း။
- မလတ်ဆတ်သော ဖျော်ရည်/နို့ ပေးလာခြင်း။
- မလတ်ဆတ်သော ဖျော်ရည်/နို့ကို သောက်ရခြင်း။
- မသန့်ရှင်း မကြည်လင်သော ရေ ပေးလာခြင်း။
- မသန့်ရှင်းသော၊ မကြည်လင်သောရေကို
  သောက်ရခြင်း။

လမ်းလျှောက်ရင်း နိမိတ်ရှာထွက်ခဲ့စဉ် အထက်တွင်ဆို
ခဲ့သည့် မလတ်ဆတ်သော အဆိုးအစားအသောက်များကို စား
သောက်ရခြင်း (ရသာရုံ)မှန်သမျှသည် နိမိတ်ဆိုး(အဆိုး အစား
အသောက်နိမိတ်)ဟု မှတ်ယူရမည်။

လူသည် အနန္တောအနန္တငါးပါးနှင့် သူတော်စင်၊ သူ
တော်ကောင်းများအားလုံး၏ မေတ္တာကိုအစဉ်အမြဲ ခံယူမှု ပြု
နေခြင်း၊ ကောင်းမှုများကို သာဓုခေါ်နေခြင်းဖြင့် အဆိုး အစား
အသောက်နိမိတ်များကို လျော့နည်းပပျောက်စေနိုင်သည်။

## ➢ ၅။ ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိဆိုး) နိမိတ်

- ကြွက်ကိုက်ခံရခြင်း။
- မီးလောင်ခံရခြင်း။
- မီးပေါက်ခံရခြင်း။
- စုတ်ပြဲသော အဝတ်အထည်၊ အခင်း၊ ခြုံထည်၊



www.burmeseclassic.com

www.burmeseclassic.com



လူ့အသုံး အဆောင်များကို လက်ခံရခြင်း၊
ထိုစုတ်ပြဲပစ္စည်းများလက်ခံရရှိသည့်အခါ
အသုံးပြုမိခြင်း။

လမ်းလျှောက်ရင်း နိမိတ်ရှာထွက်ခဲ့စဉ် အထက်တွင် ဆိုခဲ့သည့် အတွေ့အထိဆိုးများရရှိခြင်း (ဖောဋ္ဌဗ္ဗာရုံ) မှန်သမျှ သည် နိမိတ်ဆိုး(အတွေ့အထိဆိုး နိမိတ်) ဟု မှတ်ယူရမည်။

လူသည် မိမိပြုသမျှသော ကုသိုလ်ကောင်းမှုများကို (၃၁)ဘုံနှင့် အရပ်(၁၀)မျက်နှာသို့ အမျှပေးဝေမှုကို အစဉ်အမြဲပြု နေခြင်းဖြင့် အတွေ့အထိဆိုးနိမိတ်များကို လျော့နည်းပပျောက် စေနိုင်သည်။

## ➢ ၆။ ဓမ္မာရုံ (အဆိုးခံစားခြင်း) အာရုံနိမိတ်

၎င်းမှာ ရုပ်ဝတ္ထုနှင့် မပတ်သက်ပေ။
လူ၏စိတ်ခံစားမှုနှင့်သာဆိုင်သည်။

လမ်းလျှောက်ရင်း နိမိတ်ရှာထွက်ခဲ့စဉ်အထက်တွင် ဆိုခဲ့သည့် အဆိုးခံစားရခြင်း အာရုံနိမိတ်(ဓမ္မာရုံ) မှန်သမျှသည် နိမိတ်ဆိုးဟု မှတ်ယူရမည်။

လူသည် နံနက်စောစော အိပ်ရာထပြီးလျှင် မြတ်စွာ ဘုရားအား ရေသန့်သန့်ထည့်ထားသော ဖလားဖြင့်သောက် တော်ရေ ကပ်လှူပါ။ ပြီးလျှင် ထိုမျက်နှာသစ်တော်ရေခွက်ကို ပြန်စွန့်၍ 'ဤရေသည် ကြည်လင်၊ အေးမြပြည့်ဝ၊ ချမ်းသာ သကဲ့သို့ စကြာဝဠာအနန္တ၊ ကမ္ဘာအနန္တရှိ နတ်လူ၊ ပြဟ္မာ၊





သတ္တဝါများအားလုံး ကြည်လင်၊ အေးမြ၊ ပြည့်ဝ၊ ချမ်းသာကြ ပါစေ' ဟု သုံးကြိမ်ရွတ်ဆို၍ မေတ္တာပို့ပါ။

ထိုရေဖြင့် မျက်နှာသစ်ပါ။

မျက်နှာသစ်စဉ်တွင် သရဏဂုံသုံးပါးကို အထပ်ထပ် အပြန်ပြန်အာရုံပြုပါ။

ဤသို့နေ့စဉ်ဆောင်ရွက်နေခြင်းဖြင့် အဆိုးခံစားခြင်း အာရုံနိမိတ် (ဓမ္မာရုံ)ကို လျော့နည်းပပျောက်စေနိုင်သည်။

အထက်၌ ရေးသားဖော်ပြခဲ့သော အကြောင်းအရာ များမှာ ပညာရပ်အနေဖြင့်ကြည့်သော် သာမန်မျှသာရှိသည် ဆိုသော်လည်း အသုံးပြုတတ်ပါက မကောင်းမှုအန္တရာယ်တို့ကို ကြိုတင်ကာကွယ်ပေးနိုင်သော အကြောင်းအရာများပင်ဖြစ်ပေ သည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၅)

## ဖျက်ပြယ်သွားခဲ့သော မှော်လင့်မှုဆည်းဆာ

အလုံဒီပါရုံတောင်နှင့် သက်ဆိုင်သောနေရာတို့တွင် ဖျဉ်းမချောင်းလည်း တစ်နေရာပါဝင်ပေသည်။

ဖျဉ်းမချောင်းသည် ချောင်းကျယ်ပြီး ရှည်လျားစွာတည်ရှိသောကြောင့် ထိုချောင်းနှင့်ဆက်စပ်သောနေရာတို့တွင် ရွာအတော်များများ ရှိကြလေသည်။

ကြာပိုက်ရွာ သားပိုက်ရွာရှိသောနေရာမှာလည်း ထိုချောင်းကမ်းနံဘေး၌ပင် ဖြစ်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုရွာများအပြင် အခြားရွာအတော်များများလည်း ရှိကြလေသည်။ ပျဉ်းမချောင်းသည် ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်၊ မြစ်တရာတိုက်နယ် ပြောင်းပြန်ကျေးရွာအနီး၌ တည်ရှိလေသည်။

ပြောင်းပြန်ကျေးရွာမှာ ဘုရားတောင်အရှေ့ဘက်မှ ကွေ့ကွေ့ကောက်ကောက်နှင့် စီးဝင်နေသောချောင်းမကြီးအနီး၌ ရှိလေသည်။ ထိုချောင်းမကြီးမှဖြာထွက်၊ ခွဲထွက်သွားသော ချောင်းငယ်ကလေးများလည်းရှိသည်။

ထိုချောင်းငယ်ကလေးများကို အမှီပြုကာတည်ထားကြသော ရွာငယ်ကလေးများလည်း အများအပြားရှိကြလေသည်။

ထိုချောင်းမကြီးသည် ဒီပါရုံတောင်ခြေသို့ တက်သွားပြီး တောင်တော်ကို ဦးခိုက်ကာအဆုံးသတ်သွားလေသည်။

အမှန်တော့ဒီပါရုံတောင်အနီးတွင် ထူးခြားသောနေရာတစ်နေရာရှိသည်။

မောင်စမ်း၊ နှမစမ်း ဟူသောနေရာဖြစ်သည်။

ပျဉ်းမချောင်းသည် မောင်စမ်း၊ နှမစမ်းမှမြစ်ဖျားခံကာ အောက်ဘက်သို့ ချောင်းအဖြစ်စီးဆင်းသွားသည်ဆိုလျှင်လည်း ရပေသည်။

ရှေးအခါက ထိုချောင်းနံဘေးတွင် စည်ကားသောရွာကြီးတစ်ရွာ ရှိခဲ့ဖူးသည်။

ပျဉ်းမချောင်းကို အဆွဲပြုပြီး ပျဉ်းမချောင်းရွာဟုပင် အမည်ပေးထားကြလေသည်။ အိမ်ခြေ(၄၀)ကျော်ခန့်ရှိသည်။

နောက်ပိုင်းတွင် ထိုရွာသည် ကပ်ရောဂါဆိုးတစ်ခုကျ





ရောက်ပြီး လူအတော်များများ သေဆုံးခဲ့ကြရသည်။

ကျန်သည့်လူများမှာလည်း ထိုနေရာတွင်မနေရဲကြသောကြောင့် ဘေးလွတ်ရာနေရာများသို့ တိမ်းရှောင်ထွက်ပြေးသွားကြသောကြောင့် ရွာပျက်ခဲ့ရပေသည်။

နောက်ပိုင်းတော့ လာရောက်နေထိုင်မည့်သူမရှိတော့သဖြင့် တောထဲမှရွာပျက်ကြီးအဖြစ်နှင့်သာ ရှိတော့သည်။

နောက်ပိုင်း ထိုနေရာသို့ အခြားဒေသမှ တောလိုက်သမားများ၊ သစ်ခုတ်သမားတို့ရောက်လာသောအခါ ညအချိန်တွင် မီးရောင်တထိန်ထိန်ဖြင့် စည်ကားသောရွာကြီးတစ်ရွာကို တွေ့ကြရသည်။

လူသံသူသံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံများကိုလည်း ကြားကြရလေသည်။

ထိုအရပ်ဒေသအကြောင်းကို မသိသူများကတော့ တောထဲမှရွာတစ်ရွာဟုထင်ကာ ဝင်ရောက်တည်းခိုရာ နောက်တစ်နေ့မိုးလင်းတော့မှ ကျပ်တို့နေသော ရွာပျောက်ကြီးတစ်ရွာဖြစ်မှန်း သိကြရလေတော့သည်။

ညဦးပိုင်းက စည်စည်ကားကားနှင့် တွေ့ရသောနေရာတွင် အိမ်တစ်လုံးမှမတွေ့ရတော့ဘဲ ထန်းပင်စသောသစ်ပင်တို့ကိုသာ တွေ့ကြရသည်။

ထိုနေရာနှင့် မနီးမဝေးတွင် ရသေ့တောင်ဟုခေါ်သော ပြောင်းပြန်ဘုရားတောင်ရှိသည်။ တောင်ပေါ်တွင် စေတီတစ်ဆူရှိသည်၊ ပြောင်းပြန်တောင်ပေါ်တွင် ရှိသော်လည်း 'ဒီပါရုံ



www.burmeseclassic.com

www.burmeseclassic.com

ဘုရား' နှင့်နီးသောကြောင့် 'ဒီပါဦး' စေတီဟုခေါ်ဝေါ်ကြသည်။ အဝေးမှ လှမ်းမျှော်ကြည့်သောအခါ တောတောင်များပေါ်မှာ တစွန်းတစဖူးတွေ့ရသော ဒီပါဦးစေတီကို ဖူးတွေ့ရပြီးသည်နှင့် မကြာမီ ဒီပါရုံစေတီတော်တို့ ရောက်တော့မည်ကို ကြိုတင်သိရသဖြင့် စိတ်ထဲမှာ ကြည်နူးစိတ်ဖြစ်ရသော နေရာလည်းဖြစ်သည်။

ပျဉ်းမချောင်းအတိုင်း အတွင်းသို့ဝင်သွားပါက ပျဉ်ကတိုးရွာကို စတင်တွေ့ရသည်။ အိမ်ခြေ(၆၀)ခန့်ရှိသောရွာကြီးတစ်ရွာပင်ဖြစ်သည်။ တောင်ကုန်းငယ်တစ်ခုကို ဝိုင်းပတ်သောအနေအထားဖြင့် ရွာတည်ထားခြင်းဖြစ်သည်။ ချောင်းကမ်းပါးနှင့် မဝေးသောနေရာတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့နိုင်သည်။ ထိုနေရာမှဆက်သွားလျှင် တောင်ကုန်းတစ်ကုန်းပေါ်မှာ အိမ်ခြေအနည်းငယ်ဖြင့် ရွာတည်ထားသော 'သင်းခွေချပ်ရွာ' ကလေးရှိသည်။

ထိုနေရာ၌ သင်းခွေချပ်ချောင်းရှိသဖြင့် သင်းခွေချပ်ရွာဟုပင် ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

တဆက်တည်း ထိုနေရာတစ်ဝိုက်တွင် တောင်လိပ်ချောင်းရွာ၊ ကမ်းပါးနီရွာတို့လည်း ရှိကြသည်။ ထိုနေရာမှ ကျော်သွားလျှင်တော့ ချောင်းနှစ်ချောင်းကို တွေ့ကြရပေမည်။

'အပျိုချောင်း၊ လူပျိုချောင်း' ဟုခေါ်သော ချောင်းပင်ဖြစ်သည်။ ထိုသို့ခေါ်ရခြင်းမှာလည်း သမိုင်းကြောင်းရှိသည်။ တစ်ခါက လူပျိုချောင်းဘက်မှ လူရွယ်တစ်ဦးနှင့် အပျိုချောင်း





ဘက်မှ မိန်းမပျိုတစ်ဦးတို့ လူငယ်တို့သဘာဝချစ်ကြိုးသွယ်မိခဲ့ကြလေသည်။

နှစ်ဘက်မိဘ၊ ဆွေမျိုးသားချင်းတို့က သဘောမတူကြသဖြင့် တစ်နေ့တွင် ချောင်းထဲသို့ အသီးသီးခုန်ချကာ အဆုံးစီရင်သွားကြလေသည်။ သို့ကြောင့် ထိုချောင်းနှစ်ချောင်းကို အပျိုချောင်း၊ လူပျိုချောင်းဟု အမည်ပေးခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်ပေသည်။

အပျိုချောင်း၊ လူပျိုချောင်းမှ ကျော်သွားပါက အာကာတောင်ကြီးသို့ ရောက်နိုင်သည်။ တောင်ခြေတွင် အိမ်ခြေ(၄၀)ခန့်ရှိသော ရွာရှိပြီး အာကာရွာဟုပင် ခေါ်ကြလေသည်။ တောင်ပေါ်တွင် ကျောင်း၊ ကန်၊ ဘုရား၊ စေတီတို့ရှိသဖြင့် သာယာလှပသော ရွာတစ်ရွာပင်ဖြစ်သည်။ တဆက်တည်းသွားပါက ကျောက်ရွာကြီး၊ ရွာသစ်ကြီး စသောရွာများကို တွေ့ရသည်။

ကျောက်ရွာကြီးထိပ်တွင် ကြီးမားသော ကျောက်တုံးကြီးတစ်တုံးရှိပြီး အပေါ်တွင် ရှေးဟောင်းစေတီတစ်ဆူ ရှိသည်။ ညာက်တော် (၉)တောင် ခန့်မြင့်ပြီး၊ 'အင်ကြင်းထုံးခါ' ဟု အမှတ်အသားရေးထားသောကြောင့် (၁၂၇၂) ခုနှစ်တွင် တည်ထားကြောင်း သိနိုင်ပေသည်။ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိသော စေတီတော်တစ်ဆူပင် ဖြစ်ပေသည်။

ထိုနေရာမှသွားသော် လှည်းဆိပ်ရွာသို့ရောက်ပေသည်။ လှည်းဆိပ်ရွာမှာ အိမ်ခြေ(၇၀)ကျော်ခန့်ရှိသောကြောင့် ရွာကြီးတစ်ရွာပင် ဖြစ်ပေသည်။ လှည်းဆိပ်ရွာအထက်နားတွင် အေ


www.burmeseclassic.com

www.burmeseclassic.com



လာရွာဟုခေါ်သော ရွာဟောင်းရှိသည်။

ယခုရေးသားဖော်ပြပေးခဲ့သောရွာများမှာ ယခုနောက်ပိုင်းပေါ်သောရွာများပင် ဖြစ်ကြလေသည်။

ရှေးအခါကရှိခဲ့သော ရွာအချို့ကတော့ ပျက်စီးပျောက်ကွယ်သွားခဲ့ကြပေပြီ။ ရှေးအခါက ထိုနေရာတစ်ဝိုက်တွင် အာကာရွာ၊ ပိန္နဲချောင်းရွာ၊ ပျဉ်းမရွာဆိုသော ရွာကြီးများရှိခဲ့ပေသည်။ ပိုးလောင်းရွာ၊ နာနတ်ကုန်းရွာ၊ ရွာတစ်ရွာစသော ယခုစည်ကားနေသောရွာများမှာ နောက်ပိုင်းကာလများတွင် ပေါ်ပေါက်ခဲ့သော ရွာကြီးများသာဖြစ်ပေသည်။

ယခုရေးသားသော ဝတ္ထုဖြစ်ခဲ့သော အချိန်ကာလမှာ ၁၂၇၂ (၁၉၁၀)ခုနှစ်ဝန်းကျင် ကာလပင်ဖြစ်သောကြောင့် ယခုအချိန်ကာလနှင့်ဆိုပါက နှစ်ပေါင်းတစ်ရာကျော်ခန့် အချိန်ကြာခဲ့ပေပြီ။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော် အချိန်ကာလလောက်က ဒီပါရုံတောင်တော် ပတ်ဝန်းကျင်၌ စည်ကားခဲ့သော ရွာကြီးများထဲတွင် နံ့သာမြိုင်ရွာလည်း တစ်ရွာအပါအဝင်ဖြစ်ခဲ့လေသည်။

နံ့သာမြိုင်ရွာပေါ်ပေါက်ခဲ့သော အချိန်ကာလမှာ ကြာပိုက်ရွာ၊ သားပိုက်ရွာတို့ စည်ကားသောအချိန်ကာလနှင့် တချိန်တည်းပင် ဖြစ်ပေသည်။

နံ့သာမြိုင်ရွာမှာ အိမ်ခြေ (၉၀-၁၀၀)ခန့်များပြားသော ရွာကြီးတစ်ရွာပင်ဖြစ်သည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများ





ခြံထွက်အသီးအနှံစိုက်ပျိုးသူများ၊ သစ်ဝါးအလုပ်ဖြင့် အသက်မွေးသူများ၊ တောထဲမှထွက်သော သဘာဝပစ္စည်းများကို ရှာဖွေစားသောက်သူများ၊ အမဲလိုက်ခြင်း၊ သားငါးရှာဖွေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့ စုဝေးနေထိုင်ကြသည့် ရွာမျိုးဖြစ်သည်၊ ထို့ပြင်. . ဝက်သတ်၊ နွားသတ်ပြီး အမဲသားရောင်းချပြီးစားသောက်သူများလည်း ရှိကြသည်။

နီမောင်တို့မိသားစုက နံ့သာမြိုင်ရွာတွင်နေထိုင်ကြလေသည်။ ၎င်းတို့မိသားစုတွင် အမိအဖဖြစ်သော ဦးဘရှိန်၊ ဒေါ်ကျင်မေတို့အပြင် သားနှစ်ယောက်ရှိသည်။ သားအကြီးဖြစ်သူ နီမောင်က (၂၅)နှစ်အရွယ်ခန့်ရှိနေပြီး သားအငယ်ဖြစ်သူ ရင်မောင်က (၂၂)နှစ်အရွယ် လူပျိုပေါက်အရွယ်သို့ ရောက်နေပေပြီ။ နံ့သာမြိုင်ရွာမှာတော့ ၎င်းတို့ မိသားစုက စီးပွားဥစ္စာပြည့်စုံသူများစာရင်း၌ ပါဝင်လေသည်။ လယ်မြေ၊ ခြံမြေအတော်များများ ပိုင်ဆိုင်ထားပြီး၊ ထိုလယ်မြေကွက်များ၊ သီးနှံထွက်သောခြံများကို အငှားချထားခြင်းဖြင့် စီးပွားရေးကောင်းနေကြသူများဖြစ်ကြလေသည်။

ထိုမှရသောငွေများမှာ သူတို့မိသားစုအတွက် လောက်ငရုံမကပဲ ပိုလျှံနေသောကြောင့် ယုံကြည်စိတ်ချရသောသူတို့ကို စပါးပေးဖြင့်သော်လည်းကောင်း၊ ငွေတိုးရင်းများပေးစားခြင်းဖြင့်သော်လည်းကောင်း တစ်နေ့တခြား ကြီးပွားတိုးတက်လာကြခြင်းဖြစ်သည်။ ယခင်ကတော့ နွေရာသီစပါးပေါ်ချိန်ရောက်ပါက ဦးဘရှိန်ကိုယ်တိုင် တပည့်အလုပ်သမားများနှင့် ရရှိသော စပါး



www.burmeseclassic.com

www.burmeseclassic.com

များ၊ ငွေများကို လှည့်လည်သိမ်းဆည်းရလေသည်။ နောင်
တော့ နီမောင်တို့နှစ်ယောက် အရွယ်ရောက်လာသောအခါ
သူကိုယ်တိုင်မသွားတော့ဘဲ သားနှစ်ယောက်ကိုသာ စေခိုင်းေ
သည်။

သို့ကြောင့် နီမောင်နှင့်ရင်မောင်တို့နှစ်ယောက်မှာ နွေ
ရာသီရောက်သောအခါ ထိုရွာများသို့လှည့်လည်ပြီး ကြွေးသိမ်း
ကြရလေသည်။ သူတို့နှစ်ယောက်ကိုတော့ အနီးပတ်ဝန်းကျင်ရှ
ရှိကြသော ရွာများမှ ရွာသူရွာသားအတော်များများက မသိသ
လောက်ဖြစ်နေတော့သည်။

တစ်ခါတလေ ညီအစ်ကိုနှစ်ယောက် အတူတကွသွာ
ကြသည်။ တစ်ခါတရံလည်း တစ်ယောက်စီခွဲပြီး အဖော်များနှ
သွားလေ့ရှိကြသည်။

အချိန်က (၁၉၁၀)ခုနှစ်ဝန်းကျင်ဖြစ်သည်။

နွေရာသီ စပါးသိမ်းချိန်၊ ကြွေးသိမ်းရမည့်အချိန်ရောက်
ပြီဖြစ်သဖြင့် ဦးဘရှိန်က သားနှစ်ယောက်ကိုခေါ်ပြီး ကြွေး
ရင်းနှင့်တကွ သွားရမည့်ရွာများကို ပြောပြနေလေသည်။

"နီမောင်က ကြာပိုက်ရွာကိုသွားပြီး ကိုဘခင်တို့ဆီက
စပါးနဲ့ကြွေးတောင်းရမယ်၊ ရင်မောင်က ဖျဉ်းမကုန်းရွာသွားပြီ
ဦးရွှေမြတို့ဆီက စပါးနဲ့ကြွေးတောင်းရမယ်"

"ဟုတ်ကဲ့ အဖေ"

ဦးဘရှိန် စကားကြားသောအခါ နီမောင်မှာ မထူးခြား
သော်လည်း ရင်မောင်မှာတော့ များစွာပျော်ရွှင်သွားလေသည်။





အဘယ်ကြောင့်ဆိုသော်. . .

ဖျဉ်းမကုန်းရွာတွင် သူနှစ်သက်သဘောကျနေသော
အမျိုးသမီးတစ်ယောက် ရှိနေသောကြောင့် ဖြစ်သည်။ ထိုအမျိုး
သမီးမှာ တခြားသူမဟုတ်ပေ၊ မြနှင်းဖြူပင်ဖြစ်ပေသည်။ မြနှင်း
ဖြူက ရင်မောင်နှင့် ရွယ်တူတန်းတူဖြစ်သည်။ အနေအထိုင်သိမ်
မွေ့ပြီး ရုပ်ရည်ချောမောသူတစ်ဦးဖြစ်ပေသည်။

ပစ္စည်းဥစ္စာ ချို့တဲ့သော်လည်း အိန္ဒြေနှင့်နေသူတစ်
ယောက်ဖြစ်သောကြောင့်လည်း ယခုအသက်အရွယ်အထိ မည်
သူတာမှ ထိပါးစော်ကားခြင်း မရှိကြပေ။

ထို့ပြင် မြနှင်းဖြူက ရင်မောင်ကြွေးတောင်းသွားရမည့်
ဦးရွှေမြ၏သမီးလည်း ဖြစ်ပေသည်။ သို့ကြောင့် ရင်မောင်မှာ
စိတ်ထဲမှ ကျိတ်ပြီးဝမ်းသာနေခြင်း ဖြစ်ပေသည်။

"ရင်မောင် မင်းကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ"

အစ်ကိုဖြစ်သူ နီမောင်ကပြောတော့ ရင်မောင်မျက်နှာ
မှာ မလုံမလဲဖြစ်သွားလေသည်။

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့"

"ဖျဉ်းမကုန်းရွာသွားရတော့မယ်ဆိုရင် တက်ကြွပျော်
ရွှင်နေသလိုပဲ မဟုတ်ကာမှလွဲရော မင်းအဲဒီရွာမှာ သဘောကျ
နေတဲ့ ကောင်မလေးရှိနေတယ် မဟုတ်လား"

နီမောင်ကမေးတော့ ရင်မောင်က ပြုံးဖြီးဖြီးမျက်နှာဖြင့်
ခေါင်းခါပြသည်။

"မဟုတ်ပါဘူး အစ်ကိုရာ မရှိသေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက အသက်အရွယ်ငယ်သေးတယ်နော်၊ နောက်ပြီးမိဘအရှိန်နဲ့ မင်းကသာစိတ်ဝင်စားလို့ လက်ကမ်းခဲ့ရင် ငြင်းမယ့်မိန်းကလေး သိပ်ရှိမယ်မထင်ဘူး"

"အစ်ကိုကလည်း ကျွန်တော့်ကို အထင်ကြီးနေလိုက်တာ"

"အထင်ကြီးတယ်လို့တော့ မဟုတ်ဘူးပေါ့ကွယ်၊ အသက်ငယ်ရွယ်သေးတဲ့ လူဆိုတော့မမှားသင့်တာ မမှားရအောင်ကြိုပြီး သတိပေးရတာပါ၊ နောက်ပြီး ဗျဉ်းမကုန်းရွာ အပါအဝင် ဒီနေရာတစ်ဝိုက်မှာ ရှိကြတဲ့ရွာတွေမှာ နေကြသူတွေထဲမှာ ပညာတတ်တဲ့သူတွေရှိကြတယ်"

"ဘယ်လိုပညာမျိုးလည်း အစ်ကိုရဲ့"

"ဒီနယ်က ယောနယ်၊ ဆောနယ်နဲ့မဝေးတော့ အဲဒီနယ်ဘက်က ပြောင်းရွှေ့လာနေကြတဲ့ လူတွေရှိတယ်၊ အဲဒီလူတွေထဲမှာ ပညာတတ်တဲ့လူတွေပါတယ်၊ ပညာဆိုတာ တခြားပညာကို ပြောတာမဟုတ်ဘူး၊ စုန်းကဝေပညာသည်တွေကိုပြောတာ"

ထိုစကားကြားတော့ ရင်မောင်မှာ မျက်လုံးပြူးသွားလေသည်။

"အစ်ကိုပြောတာနဲ့ သွားရမှာတောင် ကြောက်လာပြီ"

"မကြောက်ပါနဲ့ကွာ ဘာမှကြောက်စရာမလိုပါဘူး ကိုယ့်ဘက်က စည်းမဖောက်ရင် သူတို့ကိုမစော်ကားရင် ဘယ်ပညာသည်ကမှ မင်းကိုဘာမှမလုပ်ပါဘူး"

ထိုအခါ ရင်မောင်ကအတော်ကြာအောင် စဉ်းစားနေ





လေသည်။ သူ့အမူအယာမှာ တစ်စုံတစ်ခုကို ပြောသင့်မပြောသင့် ချင့်ချိန်နေပုံရလေသည်။ အတန်ကြာတော့မှ . . .

"ကျွန်တော် အစ်ကို့ကို တစ်ခုတော့ပြောစရာရှိတယ်" ဟုပြောသည်။

"ဘာပြောမှာလဲ ပြောလေ"

"တ. . တခြားတော့ မဟုတ်ပါဘူး၊ ဟို. . ဟိုဘက်ရွာမှာ ကျွန်တော်သဘောကျနေတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်"

နီမောင်ကသဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်၊

"ဒါများအဆန်းလားကွာ မင်းလည်းလူပျိုအရွယ် ရောက်နေပြီဆိုတော့ အမျိုးသမီးတစ်ယောက်ကို စိတ်ဝင်စားတာ သဘာဝပဲဟာ၊ ဒါထက် သူ့နာမည်ကဘယ်သူလဲ"

"သူ့နာမည်က မြနှင်းဖြူလို့ခေါ်တယ်"

"ဗျဉ်းမကုန်းရွာက မြနှင်းဖြူကိုပြောတာလား"

"ဟုတ်တယ် အစ်ကိုနဲ့ သိလို့လား"

"မ. . မသိပါဘူး၊ နာမည်တော့ကြားဖူးသလိုရှိလို့ပါ" ဟု စကားကို လျှော့ချလိုက်သည်၊

တကယ်တော့ နီမောင်အနေဖြင့် ထိုနာမည်ကိုသိသလို သူ့ကိုလည်း သိပေသည်၊ သူ့အတွေးထဲမှာ မနှစ်ကန္တေရာသီတွင် မြနှင်းဖြူနှင့် အမှတ်မထင်ဆုံတွေ့ခဲ့ရပုံကို ဖျပ်ခနဲပြန်ပေါ်လာလေသည်။

ထိုအချိန်က ဗျဉ်းမကုန်းရွာ ဘုန်းကြီးကျောင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



အလှူပွဲတစ်ခု ကျင်းပလေသည်။ ထိုရွာမှ အသိမိတ်ဆွေတစ်ဦးကဖိတ်ကြားသဖြင့် ဦးဘရှိန်နှင့် နီမောင်တို့သွားကြရသည်။

အလှူပြုလုပ်သူမှာ ဦးဘချိန်နှင့် ကျေးဇူးခံ ကျေးဇူးစားမကင်းသူဖြစ်နေသောကြောင့် သွားကြရခြင်းဖြစ်သည်။ (ထိုအချိန်က ရင်မောင်မှာ မြနှင်းဖြူနှင့် တွေ့ရသေးပုံမပေါ်ပေ)

အလှူပွဲရောက်တော့ ဧည့်ခံနေသော မိန်းမပျိုအဖွဲ့ထဲတွင် မြနှင်းဖြူကို စတင်တွေ့ရလေသည်။ ရုပ်ရည်ချောမောပြီး အိန္ဒြေကြီးသော ရုပ်လက္ခဏာမျိုးဖြစ်သောကြောင့် တွေ့စကတည်းက သတိထားမိလေသည်။

သို့ကြောင့် ရွာခံအသိတစ်ယောက်ကို မေးမြန်းကြည့်ရသည်၊

"သူက ဘယ်သူလဲ"

"ဘာလဲ. . မင်းက စိတ်ဝင်စားလို့လား၊ သူ့နာမည်က မြနှင်းဖြူလို့ခေါ်တယ်၊ ငါတို့ရွာကပါပဲ. . ဒါပေမယ့်"

ဟုပြောပြီး စကားရပ်သွားသည်။

"ဆက်ပြောပါဦး"

"သူကချောပေမယ့်. . သူ့ကိုမစဝံ့ကြဘူး၊ သူ့အမေက ပညာလေးဘာလေးတတ်တယ်"

"စုန်းကဝေပညာပြောတာလား"

"ဟုတ်တယ်. . နောက်ပြီး မြနှင်းဖြူကလည်း မာနကြီးတယ်၊ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး"

ဟုပြောသဖြင့် ဆက်မမေးတော့ပေ။





ထိုနယ်တစ်ဝိုက်မှာရှိကြသော ရွာများမှာ အနည်းနှင့်အများဆိုသလို ပြုစားတတ်သော ပညာတတ်သူတို့ရှိနေကြပေရာ ထိုစကားကတော့ အဆန်းတကြယ်မဟုတ်တော့ပေ။

အလှူပွဲတွင် မြနှင်းဖြူတို့ မိန်းမပျိုအဖွဲ့က ဧည့်သည်များတို ကွမ်းဆေးလက်ဖက်စသည်တို့ဖြင့် ဧည့်ခံပေးကြရသည်။ နီမောင်တို့ထိုင်နေသော ဝိုင်းကိုတော့ မြနှင်းဖြူကိုယ်တိုင် လက်ဖက်ပွဲလာချပေးလေသည်။

"မြနှင်းဖြူ ခဏထိုင်ပါဦးဟ နင့်ကိုမိတ်ဆက်ပေးချင်လို့ပါ"

ရွာခံဖြစ်သူကပြောတော့ မြနှင်းဖြူက ရှက်သွေးဖြာသောမျက်နှာဖြင့် မနီးမဝေးမှ ဝင်ထိုင်သည်။

"သူ့နာမည်က နီမောင်လို့ခေါ်တယ်၊ နံ့သာမြိုင်ရွာက ဦးဘရှိန်ရဲ့သားအကြီးလေ"

မြနှင်းဖြူက တစ်ချက်ဖျပ်ခနဲကြည့်ပြီး ခေါင်းညိတ်ပြသည်။

"နီမောင် သူက မြနှင်းဖြူလို့ခေါ်တယ်၊ ငါတို့ရွာကပဲ နောက်တွေ့တော့လည်း ခေါ်ပြောနှုတ်ဆက်ပေါ့ကွာ"

ဟုပြောရင်း နီမောင်ကလည်း လူပျို့မာနရှိသဖြင့် ခေါင်းညိတ်ပြရုံသာ ပြလိုက်လေသည်။ ထို့နောက် မြနှင်းဖြူက သူတို့ဝိုင်းအနီးမှ ထကာပြန်ထွက်သွားလေသည်။ အလှူပွဲမှ ပြန်ရောက်နီးတော့ ငွေကြေးအသုံးအစွဲလိုလျှင် အကူအညီအထောက်အပံ့ပေးနေသော ဦးဘရှိန်အား မြနှင်းဖြူ၏ဖခင် ဦးချေမြကာ ငှင်း

www.burmeseclassic.com



အိမ်သို့ဖိတ်ခေါ်ပြီး ဧည့်ခံကျွေးမွေးပြန်လေသည်၊

"ဦးဘရှိန်က ကျုပ်တို့ရွာတွေကို တစ်နှစ်နေလို့မှ တစ်ခေါက်ရောက်တာမဟုတ်ဘူး၊ အခုလိုရောက်လာပြီး ကြုံကြိုက်တုန်း ဧည့်ဝတ်ပြုပါရစေ"

ဟုပြောဆိုကာ ခေါ်သွားသောကြောင့် သားအဖနှစ်ယောက်လိုက်သွားကြရပြန်သည်။ ထိုအိမ်ရောက်တော့ မြနှင်းဖြူနှင့် ထပ်မံတွေ့ရပြန်သည်။ ထိုသို့တွေ့ရသောအခါ တစ်ယောက်နှင့်တစ်ယောက် သတိပြုမိသော အဓိပ္ပါယ်ပါသောအကြည့်မျိုးဖြင့် မျက်လုံးချင်းဆုံမိရုံမှလွဲပြီး စကားပြောဆိုခြင်းတော့ မရှိခဲ့ရပေ။

ပျဉ်းမကုန်းရွာမှ ပြန်လာကြပြီးနောက်မှာတော့ နီမောင်စိတ်ထဲမှာ အတွေးအချို့ပါလာလေသည်။ မြနှင်းဖြူနှင့်ပတ်သက်သည့် အတွေးစများပင် ဖြစ်ပေသည်။ ထိုအတွေးနှင့် ပုံရိပ်များက ရွာသို့ပြန်ရောက်ပြီး အချိန်အတော်ကြာသည်အထိ မပျောက်နိုင်ပဲ ရှိနေတော့သည်၊

နောက်ပိုင်းမှာတော့ ပျဉ်းမကုန်းရွာသို့ တစ်ခေါက်မှ ထပ်မရောက်တော့ပေ။ မြနှင်းဖြူနှင့်ပတ်သက်သည့် အတွေးပုံရိပ်တို့မှာလည်း တဖြည်းဖြည်းနှင့် မှုံဝါးပျောက်ကွယ်လု အခြေအနေရောက်တော့မှ ယခုအခါ မမျှော်လင့်ဘဲတစ်ကျော့ပြန်ကာ ထပ်မံရောက်ရှိလာခြင်းပင် ဖြစ်ပေတော့သည်။

"သူက ရုပ်လည်းချောတယ်၊ အိမ်ခြေလည်းရှိတယ်၊ ကျွန်တော်တော့ သူ့ကိုအတော်သဘောကျနေပြီ၊ အခွင့်အရေး ရရင်





တော့ ကျွန်တော့်သဘောကို ဖွင့်ပြောကြည့်ရမှာပဲ ဘယ်နှယ့်လဲ အစ်ကို"

"ငါမှ သူ့သဘောမသိရတာ ဘယ်သိပ့်မလဲကွာ၊ မင်းသဘောကျရင်တော့ ဖွင့်ပြောကြည့်ပေါ့"

"ဒီလိုဆိုရင်တော့ ပျဉ်းမကုန်းရွာက ပြန်လာပြီးရင် အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ အစ်ကို့ကိုပြန်ပြောပြတော့မယ်"

ဟုပြောဆိုကာ ရင်မောင်က သွက်လက်တက်ကြွသော ဟန်အမူအယာဖြင့် အနားမှ ထွက်သွားလေတော့သည်။

နီမောင်ကတော့ ရင်မောင်၏ အမူအယာကိုကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်မိလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၄)

## ချစ်ခြင်းမဲ့ထူသောဘဝများ

ရင်မောင်မှာ ပျဉ်းမကုန်းရွာသို့ သွားရတော့မည်ဆိုကတည်းက သဘောအကျကြီး ကျနေလေသည်။

ထိုရွာသို့ရောက်လျှင် မြနှင်းဖြူကို လက်ဆောင်ပေးရန်အတွက် ကြိုတင်ဝယ်ယူစုဆောင်းထားသော ပစ္စည်းများကိုလည်း လွယ်အိတ်တစ်လုံးဖြင့် ထည့်ယူလေသည်။ နီမောင်ကတော့ ညီဖြစ်သူကိုကြည့်ကာ သက်ပြင်းချရုံသာရှိတော့သည်။ ထို့ပြင် 'အဆင်ပြေပါစေ' ဟူ၍လည်း စိတ်ထဲမှ ဆုတောင်းပေး


www.burmeseclassic.com

www.burmeseclassic.com

မိလေသည်။ နောက်တော့ ဖခင်စေခိုင်းသည့်အတိုင်း ကြာပိုက်ရွာသို့ ခရီးထွက်ရန် ပြင်ရလေသည်။

နီမောင်က ခရီးထွက်သောအခါတိုင်း စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကို အဖေါ်ခေါ်သွားလေ့ရှိရာ ယခုတစ်ခေါက်လည်း သုံးယောက်သား လှေကြီးတစ်စင်းဖြင့် ကြာပိုက်ရွာသို့ သွားကြလေသည်။ ကြာပိုက်ရွာသို့ သွားရသဖြင့် နီမောင်စိတ်ထဲမှာ တစ်မျိုးတော့ ကျေနပ်နေလေသည်။

အခြားအကြောင်းတော့ မဟုတ်ပေ။

ကြာပိုက်ရွာတွင် အယူတော်မင်္ဂလာနှင့် အတိတ်နိမိတ်ကောက်ယူသောပညာတွင် ကျွမ်းကျင်လှသော ဆရာကြီးဦးဇန်ကောင်းရှိသည်ဟု သတင်းကြားရာ အခွင့်သာသည်နှင့် တွေ့ဆုံပြီး သိလိုသောအကြောင်းများကို မေးမြန်းလိုသောကြောင့်ဖြစ်ပေသည်။

သို့ကြောင့် ခါတိုင်းခရီးထွက်သကဲ့သို့ပင် စောထီးနှင့်ငမဲအောင်တို့ကိုပါ အတူခေါ်ပြီးခရီးထွက်သွားကြလေသည်။

နီမောင်တို့သွားပြီး မရှေးမနှောင်းမှာပင် ရင်မောင်ကလည်း အဖော်တစ်ဦးကိုခေါ်ကာ အတော်အတန်ကြီးသော လှေတစ်စင်းဖြင့် ပျဉ်းမကုန်းရွာသို့ သွားကြလေသည်။

လှေကြီးများဖြင့်သွားရခြင်းမှာ လယ်သမားများကကြေးမြီများကို စပါးဖြင့်ပေးဆပ်သောအခါ တစ်ပါတည်းတင် ဆောင်ယူလာရန်ဖြစ်ပေသည်။

ရင်မောင်တို့နေသော နံ့သာမြိုင်ရွာမှဆိုလျှင် ပျဉ်းမ





ကုန်းရွာမှာ ချောင်းဖျားဘက်၌ရှိလေသည်။

ထိုကြောင့် ကြားတွင်ရှိသောရွာအချို့ကို ကျော်ဖြတ်သွားရလေသည်။

သူတို့သည်စကားတပြောပြောနှင့် သွားကြရာလမ်း၌ရှိသော ရွာတစ်ရွာသို့ရောက်သောအခါ ဝင်နားကြလေသည်။

ထိုရွာမှာ မဲဇာမြိုင်ရွာပင်ဖြစ်သည်။

မဲဇာမြိုင်ရွာတွင် သူတို့နှဲ့ခင်မင်ရင်းနှီးသောမိတ်ဆွေတစ်ယောက်ရှိသည်။

အသက်(၂၀)ကျော်အရွယ် သက်တူရွယ်တူဖြစ်သော 'နက်ကျော်' ပင်ဖြစ်သည်။

ရင်မောင်က ခါတိုင်းလည်းခရီးထွက်လာပြီး လမ်းခရီးကြုံပါက နက်ကျော်ကို ဝင်ခေါ်သွားရာ နက်ကျော်ကလည်း မငြင်းဘဲလိုက်လေ့ရှိသည်။

နက်ကျော်နေသောအိမ်မှာ ချောင်းကမ်းစပ်တွင်ရှိသဖြင့် ၎င်းတို့အိမ်မှထိုးထားသောတံတားဆိပ်မှာပင် လှေဝင်ကပ်ကြလေသည်။

သူတို့ရောက်သွားတော့ နက်ကျော်ကအိမ်မှာမရှိပေ၊ အချိန်အတော်ကြာမှ ပြန်ရောက်လာလေသည်။

"ဟာ. . ရင်မောင်နဲ့သန်းရွှေတို့တောင် ရောက်နေကြပါလား၊ မင်းတို့နဲ့မတွေ့ရတာ လတောင်အတော်ကြာလှပေါ့"

"ဟုတ်တယ် နက်ကျော်ရ၊ ငါတို့လည်းစပါးသိမ်းချိန်ရောက်မှပဲ မင်းတို့ဆီရောက်တော့တယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဒါထက် အခုဘယ်ရွာသွားကြမှာလဲ"

"ပျဉ်းမကုန်းရွာသွားမလို့ကွ မင်းကိုအဖော်ဝင်ခေါ်တာ"

"ခေါ်တော့လည်း လိုက်ရမှာပေါ့ကွာ၊ ပျဉ်းမကုန်းရွာဆို တော့ ပိုတောင်လိုက်ချင်သေးတယ်"

"ဘာကြောင့်လဲ"

"ပျဉ်းမကုန်းရွာက အပျိုတွေက သိပ်ချောသိပ်လှကြ တယ်၊ မင်းနဲ့လိုက်တော့ ငါလည်းမျက်နှာပွင့်တာပေါ့ကွာ"

ဟုပြောဆိုပြီး နက်ကျော်က ယူစရာပစ္စည်းအချို့လောက် သာယူဆောင်ပြီး လှေပေါ်ဆင်းလိုက်လာသည်။

နက်ကျော်ပါလာတော့ ရင်မောင်က လှေခတ်စရာမလို တော့ဘဲ သူတို့နှစ်ယောက်သာ ခတ်ကြလေသည်။

"ငါတို့ရောက်တော့ မင်းဘယ်သွားနေတာလဲ"

"ရွာထဲသွားနေတာကွာ ရွာထဲမှာယောနယ်ဘက်က ဆရာကြီးတစ်ယောက်ရောက်နေလို့ သူ့ဆီသွားနေတာ"

"ဟုတ်လား၊ ဆရာကြီးက ဘာတွေစွမ်းသတဲ့လဲ"

"ပယောဂကုတာရော စုန်းကဝေတွေ နှိမ်နှင်းတာရော လူငယ်တွေကို ပီယသိဒ္ဓိ၊ ကာယသိဒ္ဓိဆေးတွေစီရင်ပေးတာပါ အတော်ကလေးစွမ်းတယ်"

"တယ်ဟုတ်ပါလား၊ မင်းတို့ရွာကိုဘယ်ကနေဘယ်လို ရောက်လာတာလဲ"

"ငါလည်းသေသေချာချာတော့ ဘယ်သိပါ့မလဲ၊ ရွာလူ ကြီးဦးပန်းရဲ့ ကိုယ်တိုင်ကတောင် အတော်ကလေးယုံကြည်အား





ကြီးနေလို့ ဆရာကြီးကို ငါတို့ရွာမှာ အမြဲနေဖို့တောင်းပန်ပြောဆို ပြီး ဆရာကြီးအတွက် နေရာထိုင်ခင်းတွေတောင် သူကြီးကိုယ် တိုင် ဦးစီးပြီးလုပ်ပေးထားပြီးပြီ"

နက်ကျော်က အားရပါးရပြောပြနေလေသည်။

"ဒါထက်မင်းက ဆရာကြီးဆီဘာသွားလုပ်တာလဲ"

"ပီယသိဒ္ဓိဆေးလေးဘာလေး ရလိုရငြား ကြိုးစားနေ တာကွ၊ ဒါကြောင့် ဝေယျာဝစ္စလုပ်ပေးရင်းနဲ့ အမြဲသွားနေတာ အခုထိတော့ မပေးသေးဘူး၊ ရရင်တော့ဟန်ကျပြီ"

"ဒါထက်မသိလို့မေးပါရစေဦး၊ ပီယသိဒ္ဓိဆေးအကြောင်း တော့ကြားဖူးပါရဲ့၊ သူ့ဆီကပီယဆေးက ဘယ်လိုစွမ်းသတဲ့လဲ"

"ငါလည်းသေသေချာချာတော့ မသိရသေးဘူး၊ ဆေးနဲ့ တို့ရင်လည်း ကိုယ်လိုချင်တဲ့မိန်းမရတယ်၊ ဆေးနဲ့မျက်စိကွင်းပြီး ကြည့်ရင်လည်း လိုချင်တဲ့မိန်းမရနိုင်တယ်လို့ ပြောသံကြားတယ်"

"တယ်ဟုတ်ပါလား၊ ငါလည်းလိုချင်လိုက်တာ"

ဟု ရင်မောင်ကပါ ပြောလိုက်လေသည်။

"ငါလည်းရမလားလို့ ဆရာကြီးဆီမှာကပ်ပြီး တပည့်ခံ နေတုန်းပဲ၊ တကယ်လို့ရခဲ့ရင် မင်းကိုပါပေးပါ့မယ်"

ဟု ပြောလေသည်။

တကယ်တော့ နက်ကျော်မှာ အသားမည်းမည်းအရုပ် ဆိုးသူတစ်ယောက်ဖြစ်ပေသည်။ ထို့ပြင် ပစ္စည်းဥစ္စာကလည်း ပြည့်စုံသည့်အပြင် အလုပ်ကိုလက်ကြောတင်းအောင် မလုပ် ချင်သောကြောင့်လည်း ရွာထဲမှာရှိသော အပျိုများက သူ့ကိုမနှစ်



www.burmeseclassic.com

www.burmeseclassic.com

သက်ကြပေ။ သို့ကြောင့်. . ဆေးဝါးအစွမ်းအစကို အသုံးချပြီး မိန်းမတစ်ယောက်ကို ရစေရန်ကြိုးစားနေသူ ဖြစ်လေသည်၊

သူတို့သုံးယောက် စကားတပြောပြောနှင့် သွားကြရာ ညနေပိုင်းအချိန်ရောက်တော့ ပျဉ်းမကုန်းရွာသို့ ရောက်သွားကြလေသည်။ ပျဉ်းမကုန်းရွာမှာ ချောင်းဖျားပိုင်းဘက်တွင် တည်ထားသောရွာတစ်ရွာဖြစ်ပြီး လယ်သမားနှင့် လက်လုပ်လက်စား အများစုနေထိုင်ကြသော ရွာကြီးတစ်ရွာပင်ဖြစ်သည်။

ဒီတစ်ခေါက် ပျဉ်းမကုန်းရွာ၌ ကြွေးတောင်းရမည့် အိမ်မှာ မြနှင်းဖြူတို့အိမ်ပင်ဖြစ်ပေသည်။ လှေကိုကမ်းစပ်မှာ ဆိုက်ထားခဲ့ပြီး သုံးယောက်စလုံး ကမ်းပေါ်တက်သွားကြလေသည်။ ရင်မောင်က မြနှင်းဖြူအတွက် ရည်စူးပြီး ဝယ်ယူစုဆောင်းထားသော ပစ္စည်းများထည့်ထားသော လွယ်အိတ်ကိုတစ်ပါတည်း ယူဆောင်လာလေသည်။

ထိုအိမ်သို့ရောက်သွားတော့ ဦးရွှေမြကိုယ်တိုင် ဖျာဖျ သလဲဆီးကြိုပြီး နေရာထိုင်ခင်းပေးလေသည်။ မြနှင်းဖြူကလည်း ဧည့်သည်များအတွက် ကွမ်းဆေးလက်ဖက်စသည်တို့ လာရော ချပေးသည်။

"သမီးရေ မောင်ရင်မောင်တို့အတွက် ညစာစားဖို့ စီစဉ် ပေးပါကွယ်"

ဟု ဖခင်ဖြစ်သူကပြောရာ မြနှင်းဖြူလည်းခေါင်းညိတ် ပြပြီး ထိုနေရာမှ ပြန်ထွက်သွားလေသည်။

ရင်မောင်က လာရင်းကိစ္စကိုပြောသောအခါ ဦးရွှေ





က တောင်းပန်စကားပြောသည်၊

"ဒီနှစ် လယ်တွေပိုးကျတော့ စပါးအထွက်က သိပ်မကောင်းလှဘူး၊ ဒီတော့ယူထားတဲ့ငွေနဲ့ စကားကြွေးတော့ ပြေလည်အောင်ပေးနိုင်မယ်မထင်ဘူး"

ရင်မောင်ကတော့ ဘာမှမပြောဘဲ ရေနွေးကြမ်းသောက်ရင်းဖြင့် နားထောင်နေသည်။ သူစိတ်ထဲမှာတော့ ဦးရွှေမြပြောနေသောစကားများကို အာရုံမရောက်လှပေ။ ကြွေးရသည် မရသည်က အရေးမကြီးလှပေ၊ ရလျှင်ယူသွားပြီး၊ မရလျှင် ဖခင်ဖြစ်သူကို အကျိုးအကြောင်းပြန်ပြောလိုက်ရုံသာရှိသည်။ အရေးကြီးတာက မြနှင်းဖြူနှင့်ဘယ်လိုတွေ့ရပြီး၊ သူယူလာသော လက်ဆောင်ပစ္စည်းများကို ဘယ်လိုပြောပြီးပေးရမည်ကို တွေးတောနေခြင်းဖြစ်သည်။

အဆင်မှ ပြေပါ့မလား. . .၊

အဆင်မပြေလျှင် ဘယ်လိုလုပ်ရပါ့မလဲဟုလည်း တွေးတောနေမိလေသည်။ ဦးရွှေမြကတော့ ကွမ်းဝါးရင်းမှ သူပြောပြလိုသော စကားများကို ပြောပြနေလေသည်။ သူပြောလိုသော အဓိကအကြောင်းများကတော့. . .

"ဒီနှစ်တော့ ငွေတိုးနှင့်စပါးကြွေးကို သင့်တော်သလောက်သာ ဆပ်နိုင်တော့မည်ဖြစ်ကြောင်း၊ လာမည့်နှစ်ရောက်တော့မှ ပြေလည်အောင်ပေးနိုင်တော့မည့်အကြောင်းကို ရင်မောင်ကတစ်ဆင့် ဦးဘရှိန်ကတောင်းပန်ပေးစေလိုကြောင်း"

ထိုအကြောင်းအရာများကိုသာ တောင်းပန်ပြောဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်လေသည်၊ ရင်မောင်ကတော့ အာရုံထဲရောက်လိုက် မရောက်လိုက်နှင့် ခေါင်းညိတ်ပြလိုက်၊ 'အင်း' လိုက်နှင့်သာ ရှိနေလေတော့သည်။

ညဦးပိုင်းအချိန်ရောက်တော့ မြနှင်းဖြူနှင့်ဒေါ်မယ်ဖြူတို့ စီမံချက်ပြုပ်ကျွေးမွေးသော ထမင်းဟင်းတို့ကိုစားသောက်ကြရလေသည်။

မြနှင်းဖြူကတော့ မိမိတို့နေအိမ်သို့ရပ်ဝေးမှ ဧည့်သည်ရောက်လာသောကြောင့် အိမ်ရှင်တို့ ဝတ္တရားရှိသည့်အတိုင်း ပြုလုပ်ပေးနေရသည်မှလွဲပြီး ထူးထူးခြားခြား အမူအယာမျိုးတော့မရှိပေ။

စားသောက်ပြီးတော့ သန်းရွှေနှင့် နက်ကျော်တို့နှစ်ယောက်က လေ့ရှိရာသို့ပြန်သွားကြသဖြင့် အိမ်ပေါ်မှာ ရင်မောင်တစ်ယောက်သာကျန်ခဲ့တော့သည်။

ညအချိန်ရောက်တော့ လူကြီးများက အခြားအလုပ်များ အကြောင်းပြပြီး ထားခဲ့သဖြင့် မြနှင်းဖြူကသာ ရင်မောင်ကို ဧည့်ခံစကားပြောဆိုရတော့သည်။ ရင်မောင်နှင့် မြနှင်းဖြူတို့ နှစ်ယောက်မှာ အသက်ချင်းမတိမ်းမယိမ်းရှိကြသလို အရွယ်ချင်းကလည်း အတူတူပင်ဖြစ်သည်။ ရင်မောင်ကတော့ မြနှင်းဖြူနှင့် တွေ့လျှင် ပြောဖို့ရန်စကားများစွာတို့ကို စိတ်ထဲမှာကြံစည်စိတ်ကူးထားသော်လည်း တကယ်တမ်းနှစ်ယောက်ချင်းတွေ့သောအခါ မပြောဖြစ်ပေ. . .

မြနှင်းဖြူအတွက် ရည်စူးပြီးယူလာသော ပစ္စည်းများထ





လည်း လွယ်အိတ်ထဲမှာပင်ရှိနေသေးသည်။ မပေးဝံ့သေးပေ။

နှစ်ယောက်တည်းတွေ့ကြသောအခါ ရင်မောင်က စကားစရန်ခက်နေသည်ကို ရိပ်မိသဖြင့် မြနှင်းဖြူကပင် စကားစသည်၊

"ငါက ဒီရွာကို နင်လာမယ်လို့ မထင်ဘူး၊ နင့်အစ်ကို ကိုနီမောင်လာမယ်လို့ ထင်နေတာ၊ သူဘာဖြစ်လို့ မလာတာလဲ"

"အစ်ကိုက ကြာပိုက်ရွာဘက်သွားရတယ်၊ သူကဒီရွာကို လာဖို့ထက် ဟိုဘက်ရွာသွားဖို့ စိတ်သန်နေပုံရတယ်"

"ဘာဖြစ်လို့လဲ"

"အဲဒီဘက်မှာ သူသဘောကျနေတဲ့ မိန်းကလေးတစ်ယောက်ရှိနေတယ်လို့ ပြောတာပဲ"

ရင်မောင်စကားကြောင့် မြနှင်းဖြူက နီမောင်အကြောင်းကို ဆက်မမေးတော့ပေ။ ထိုအခါ ရင်မောင်ကပြောသည်။

"အဖေခိုင်းလို့လာရတယ် ဆိုပေမယ့် ငါကတော့ ဒီရွာကိုလာရတာ သဘောကျတယ်"

"ဘယ်လိုကြောင့်လဲ"

"ငါ နင့်ကိုပေးဖို့ဆိုပြီး လက်ဆောင်ပစ္စည်းလေးတွေဝယ်ပြီး သိမ်းထားတာရှိတယ်၊ အခုလိုလာတော့ နင့်ကိုပေးရတာပေါ့"

"ငါမယူချင်ပါဘူး ရင်မောင်ရယ်၊ နင်နဲ့ငါနဲ့က အခုမှ သိတာတောင် သိပ်မကြာသေးဘူး၊ နင်ပေးတဲ့လက်ဆောင်ပစ္စည်းတွေကို ငါကယူလိုက်ရင် တစ်မျိုးထင်ကုန်ကြမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒီသဘောမျိုးနဲ့ပေးတာ မဟုတ်ပါဘူး၊ နင့်ကို တတယ်ခင်လို့ပေးတာပါ"

"နင်ခင်သလို ငါလည်းခင်ပါတယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်က တစ်မျိုးအထင်ခံရမယ့်ကိစ္စမျိုးတော့ ငါမလုပ်ချင်ဘူး ဒါကြောင့် နင်ကဘယ်လိုသဘောမျိုးနဲ့ပဲပေးပေး ငါလက်မခံပါ ရစေနဲ့"

"အခုအချိန်ဘယ်သူမှ ရှိတော့တာမှမဟုတ်တာ၊ နင်က လက်ခံရင်တောင် ဘယ်သူမှမသိပါဘူး"

"ဒါပေမယ့် တခြားလူတွေမသိရင်တောင် ငါလိပ်ပြာက တော့ သိနေတာပေါ့၊ တစ်ချိန်ကျရင် ကိုယ်လိပ်ပြာကို ပြန်ပြီး အားနာနေရမယ့်အလုပ်မျိုး ငါမလုပ်ချင်ပါဘူး၊ မိန်းကလေးတစ် ယောက်ရဲ့ တန်ဖိုးဆိုတာ ကိုယ့်လိပ်ပြာကို ရဲရဲပြန်ကြည့်ဝံ့တာနဲ့ အတူတူပါပဲ"

မြနှင်းဖြူကတော့ ရှက်ကိုးရှက်ကန်း အမူအယာမျိုးဖြင့် ပြောနေခြင်းမျိုးမဟုတ်ပဲ တည်တည်ငြိမ်ငြိမ်နှင့်ပင် သူပြောလို သောစကားကို ပြောနေလေသည်။

မိန်းကလေးဖြစ်သော မြနှင်းဖြူက တည်ငြိမ်မှုရှိသ လောက်၊ ရင်မောင်ကတော့ အတော်ကလေးစိတ်လှုပ်ရှားနေ လေသည်။ ထိုကဲ့သို့တုံ့ပြန်မည် မထင်ထားသောကြောင့် ဘယ် လိုဆက်ပြောရမှန်း မသိအောင်ဖြစ်နေလေသည်။

အတန်ကြာတော့မှ အရဲစွန့်ပြီး မေးလိုက်သည်။

"နင် ငါ့အစ်ကို နီမောင်ကို စိတ်ဝင်စားနေလို့လား"





"မဟုတ်ပါဘူး၊ ကိုနီမောင်နဲ့ တစ်ခါနှစ်ခါလောက်ပဲ တွေ့ဖူးပါသေးတယ်၊ ဘာဖြစ်လို့ဒီလိုမေးတာလဲ"

"အမှန်ပြောရရင်တော့ ငါက နင့်ကိုသဘောကျနေမိ တယ်၊ နင့်မှာ တခြားရည်စူးထားတဲ့ ချစ်သူမရှိသေးဘူးဆိုရင် ငါ့မေတ္တာကို လက်ခံပေးပါ၊ နင်လက်ခံပေးရင် လူကြီးစုံရာနဲ့ ဆင့်တင့်တယ်တယ် တောင်းရမ်းလက်ထပ်ယူပါ့မယ်"

ဟုဖွင့်ပြောလိုက်လေသည်။

"လောလောဆယ်တော့ ငါ့ဘက်က ဘာမှ အဆင်သင့် မဖြစ်သေးပါဘူး၊ ဒီအကြောင်းမျိုးတွေလည်း မစဉ်းစားချင်သေး လို့ ငါ့ကိုဘယ်လိုမှ မအောင်းမေ့ပါနဲ့၊ နင်ပြောတဲ့သဘောမျိုးနဲ့ လက်မခံနိုင်ပေမယ့်၊ သာမန်မိတ်ဆွေတစ်ယောက်အနေနဲ့တော့ ငါလက်ခံပေးပါ့မယ်၊ နင်ပေးတဲ့လက်ဆောင်တွေကိုလည်း နင်ပဲ ပြန်ယူသွားစေချင်ပါတယ်"

ဟု ချိုချိုသာသာပင် ပြန်ပြောရာ ရင်မောင်ခမျာ မှန်း ချက်နှင့်နှမ်းထွက်မကိုက်သကဲ့သို့ဖြစ်ကာ မျက်စိမျက်နှာပျက် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

## ချောင်းပိုင်သရဲလက်ချက်ကြောင့် သေရသူ

နောက်ပိုင်းရက်အတန်ကြာတော့ ရင်မောင်နှင့် ပြန်တွေ့ကြသောအခါ မျက်စိမျက်နှာ သိပ်မကောင်းသည်ကို သတိပြုမိသဖြင့် နီမောင်ကမေးသည်။

“ရင်မောင် မင်းပျဉ်းမကုန်းရွာသွားတာ အဆင်ပြေခဲ့ရဲ့လား”

“ကြွေးတောင်းတာတော့ ရသင့်သလောက်ရခဲ့ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ငါမေးတာက မင်းပြောသွားတဲ့ကိစ္စ အဆင်ပြေခဲ့ရဲ့လားလို့ မေးတာပါ"

ရင်မောင်က ခေါင်းခါပြသည်။

"ဘယ်လို ဖြစ်လို့လဲ"

"သူက ကျွန်တော့်ကို လက်မခံပါဘူး၊ သူ့ကြည့်ရတာ အစ်ကို့ကို စိတ်ဝင်စားနေတဲ့ပုံပဲ"

ထိုစကားကြောင့် နီမောင်က သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

"သူနဲ့ငါနဲ့က တစ်ခါလောက်ပဲ တွေ့ဖူးကြသေးတာ.. မင်းပြောသလိုတော့ ဟုတ်မယ်မထင်ပါဘူး"

"ဟုတ်တယ်၊ သူ့အမူအယာကို ကြည့်ရင် ကျွန်တော်ရိပ်မိတယ်၊ ကျွန်တော်နဲ့စကားပြောနေတဲ့အချိန်မှာတောင် အစ်ကို့အကြောင်းကိုပဲ မေးနေတာ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ကွာ သူကငါ့ကိုစိတ်ဝင်စားနေရင်တောင် ငါကစိတ်မဝင်စားပါဘူး၊ ဒီတော့ မင်းသူ့ကိုတကယ်စိတ်ဝင်စားလို့ နှစ်သက်တယ်ဆိုရင် တဖြည်းဖြည်းနဲ့ စိတ်ရှည်လက်ရှည် ကြိုးစားပေါ့၊ တစ်နေ့တော့ အဆင်ပြေလာမှာပါ"

ထိုစကားကြောင့် ရင်မောင့်မျက်နှာပေါ်မှာ မျှော်လင့်ချက်ရှိသေးသည့် အရိပ်အယောင်များ ပြန်ပေါ်လာလေသည်။ နီမောင်က ညီဖြစ်သူ၏ပခုံးကိုကိုင်ပြီး အပြုံးဖြင့် နှစ်သိမ့်အားပေးသောစကားမျိုး ပြောလိုက်လေသည်။





"အိန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးတွေဆိုတာ သူတို့ကိုတန်ဖိုးထားရတယ်၊ ငွေကြေးချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ သူတို့ဘဝကို တန်ဖိုးထားတတ်ကြတယ်၊ ဒီတော့သူတို့မေတ္တာကို အခုချက်ခြင်းပြော အခုချက်ခြင်းရချင်လို့တော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး"

နီမောင့်စကားကြောင့် ရင်မောင်က အားကိုးသော အမူအယာမျိုးဖြင့် ကြည့်ကာမေးသည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"မင်းသူ့ကို သဘောကျတယ်ဆိုရင် စိတ်ရှည်လက်ရှည်နဲ့တဖြည်းဖြည်းချင်း ကြိုးစားယူပေါ့ကွာ၊ မင်းအသက်ကလည်း အခုမှ (၂၀)ကျော်ပဲရှိသေးတာဆိုတော့ အချိန်တွေအများကြီးရှိပါသေးတယ်"

ဟု အားပေးစကားပြောလိုက်လေရာ ရင်မောင်လည်း များစွာသဘောပေါက်သွားဟန် ရှိလေသည်။

"ဒါထက် မေးရဦးမယ်၊ အစ်ကိုလည်း အဲဒီလိုအိန္ဒြေရှိတဲ့ မိန်းကလေးမျိုးဆိုရင် သဘောကျမှာလား"

"ကိုယ်နဲ့ဘဝလက်တွဲဖော်အတွက် ရွေးရမယ်ဆိုရင်တော့ တခြားအချက်တွေလည်း အများကြီးရှိတာပေါ့၊ သာမန်ဆိုရင်တော့ အိန္ဒြေရှိတဲ့ မိန်းကလေးမျိုးတွေ့ရင် ချီးကျူးရမှာပေါ့၊ ဒါပေမယ့် မြှူနှင်းဖျူနဲ့တွေ့ရင်တော့ ဝေးဝေးရှောင်ပေးရမှာပေါ့"

"ဟင်.. ဘာဖြစ်လို့လဲ"

"ကိုယ့်ညီသဘောကျနေတဲ့ မိန်းကလေးမျိုးတော့ အစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကဘယ်တော့မှ ဝင်မရှုပ်ပါဘူးကွာ"

"ဒါမှ ငါ့အစ်ကိုကြီးကွ"

နောက်ပိုင်း အချိန်များမှာလည်း ရင်မောင်တစ်ယောက် သန်းရွှေနှင့် နက်ကျော်တို့ကို အဖေါ်ခေါ်ပြီး ပျဉ်းမကုန်းရွာသို့ မကြာခဏဆိုသလို သွားလေသည်၊

တစ်ခါတစ်ရံလည်း သန်းရွှေကိုအဖေါ်ခေါ်သွားလေသည်။ တစ်ခါတလေလည်း မဲဇာမြိုင်ရွာမှ နက်ကျော်ကိုဝင်ခေါ်သွားကာ မြနှင်းဖြူတို့အိမ်သို့ အလည်သွားတတ်လေသည်။ မြနှင်းဖြူကတော့ ရင်မောင်ရောက်လာလျှင်လည်း ဝတ္တရားရှိသည့်အတိုင်း ဧည့်ခံကျွေးမွေးသည်မှလွဲပြီး ရင်မောင်လိုချင်သော အဖြေမျိုးတော့ မပေးခဲ့ပေ။ သို့ကြောင့် ရင်မောင်ခမျာ အောင်မြင်စွာဖြင့် နောက်ဆုတ်ပေးရတော့မည့် အခြေအနေမျိုး ဖြစ်နေလေသည်။

တစ်နေ့သ၌ နက်ကျော်ကို အဖော်ခေါ်သွားပြီး ပြန်လာစဉ် သူကမေးသည်။

"ရင်မောင် မင်းလည်းပျဉ်းမကုန်းရွာသွားနေတာ အခေါက်ပေါင်း မနည်းတော့ဘူး၊ အခုထိအခြေအနေမထူးသေးဘူးလား"

ရင်မောင်က စိတ်ပျက်လက်ပျက် အမူအယာဖြင့် ခေါင်းခါပြလိုက်ရင်း. . .

"မထူးသေးပါဘူးကွာ"

ဟု ပြန်ပြောလိုက်သည်၊





"မင်းကောင်မလေးကလည်းကွာ ရုပ်ချောသလောက် မာနတော့ အတော်ကလေးကြီးမယ့်ပုံပဲ၊ ဒီလိုမိန်းကလေးမျိုးက မလွယ်ဘူး၊ တစ်နည်းနဲ့မဟန်ရင် တစ်နည်းနဲ့ကြံပေါ့ကွ"

"ဘယ်လိုကြံရမှာလဲကွာ"

"ရိုးရိုးမရရင် တို့ဆေးသုံးပြီး ရအောင်ယူပေါ့"

"မင်းပြောတဲ့ တို့ဆေးက ဘယ်မှာရမှာလဲ"

"ဆရာကြီးဆီမှာရှိတယ်"

"သူ့ဆီမှာရှိတဲ့ဆေးကို ငါသွားတောင်းလို့ရပါ့မလား"

"အခု ဆရာကြီးနဲ့ငါနဲ့က အတော်ကိုခင်မင်နေပြီ၊ ဆရာကြီးကငါ့ကို တပည့်တစ်ယောက်လို လက်ခံထားတဲ့အခြေအနေ ရောက်နေပြီ၊ မင်းအကူအညီလိုရင် ငါပြောပေးမယ်"

"ဒီလိုဖြင့်လည်း အကူအညီပေးပါဦး နက်ကျော်ရာ. . ငါတော့ သူ့ကိုမှမရရင် မနေနိုင်လောက်အောင် ဖြစ်နေပြီ"

"အဲဒီရွာတွေမှာလည်း ပညာသည်တွေရှိတယ်၊ မင်းကြည့်ရတာ ဆေးဝါးတစ်ခုခုနဲ့များ မိထားလေရော့သလား ရင်မောင်ရာ"

"မသိပါဘူးကွာ၊ စိတ်ထဲမှာတော့ တစ်နေ့မှ သူ့ကို သတိမရတဲ့နေ့ မရှိသလောက်ပါပဲ၊ ငါတော့ သူ့ကိုရမှဖြစ်မယ်"

"မင်းဒီလောက် စွဲစွဲလမ်းလမ်းဖြစ်နေရင်လည်း ငါဆရာကြီးကိုပြောပြီး အကူအညီပေးပါ့မယ်၊ ဒါပေမယ့် မင်း ဒီအကြောင်းတွေကိုတော့ ဘယ်သူမှမသိအောင် လျှို့ဝှက်ထားမှဖြစ်မယ်"

"စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com

"ငါဆီလာတဲ့အခါမှာလည်း အဖော်ခေါ်မလာခဲ့နဲ့၊ မင်း တစ်ယောက်တည်းပဲ လျှို့ဝှက်ပြီးလာခဲ့၊ ဆရာကြီး ဒီအကြောင်း တွေကို လူသိမခံချင်ဘူး၊ တခြားလူတွေသိသွားရင် မင်းလည်း ရမှာမဟုတ်ဘူး"

"မသိစေရပါဘူးကွာ၊ ငါဘယ်သူမှမပြောပါဘူး"

"အေး. . ဒီလိုဆိုရင် ငါဆရာကြီးကို ပြောထားနှင့်မယ် အဆင်ပြေရင် မင်းကိုလာခေါ်မယ်၊ ဟုတ်ပြီလား"

"အားကိုးပါရစေ နက်ကျော်ရယ်၊ ငါတို့နှစ်ယောက်ကို အဆင်ပြေသွားရင် မင်းကိုလည်း ကျေးဇူးဆပ်ပါ့မယ်"

"ရပါတယ်ကွာ ငါ့အတွက်က အရေးမကြီးပါဘူး၊ မင်း ကိုကြည့်ရတာ စိတ်မချမ်းသာလို့ အကူအညီပေးတာပါ"

ထို့နောက်မှာတော့ ရင်မောင်မှာ ပျော်ရွှင်တက်ကြွစွာ ဖြင့် ရွာသို့ပြန်လာခဲ့လေသည်။

မဲဇာမြိုင်ရွာမှာနေကြသော နက်ကျော်တို့မိသားစုမှာ ဆင်းရဲသည်။ တောထဲ၌အမဲလိုက်၊ ချောင်းထဲဆင်းပြီး ငါးပုစွန် ရှာသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်။ နက်ကျော်ကတော့ ဖခင်ဖြစ်သူ ကိုပေတလူနှင့် အတူလိုက်ကာ သားငါးရှာဖွေရလေသည်။ ကိုပေတလူမှာ ရုပ်ရည်တြမ်းသ လောက် စိတ်ကလည်းဆိုးဝါးသည်။ အရက်မူးလာသည့်အခါ မထင်လျှင် မထင်သလို လုပ်တတ်သူဖြစ်သည်။

တစ်နေ့သ၌ ကိုပေတလူနှင့် သားဖြစ်သူနက်ကျော်တို့ နှစ်ယောက်တို့သည် ပျဉ်းမချောင်း ချောင်းဖျားဘက်သို့ ငါးဖမ်း





ရန် လှေတစ်စင်းဖြင့် ထွက်လာကြလေသည်။ သူတို့ငါးရှာရန် ဝင်လာသော ချောင်းလက်ထက်မှာ လူသူမရှိသော တောချောင်း ငယ်တစ်ချောင်းသာဖြစ်ပေသည်။

ချောင်းကကျဉ်းသည့်အပြင် ကမ်းဘေးတစ်ဖက်တစ် ချက်တွင် ရှိနေကြသော သစ်ပင်များက အုပ်မိုးနေသောကြောင့် ချောင်းရိုးတစ်လျှောက်မှာ အလင်းရောင်မရှိလှပေ။ ဒီရေရောက် သော ရေချိုရေငန်စပ်ဖြစ်သောကြောင့် ရေနှင့်နီးသော ကမ်း စပ်များတွင် ဗျူးခြေထောက်တောများ၊ လမုတောများက နေရာ ယူထားလေသည်။

ကမ်းစပ်တစ်လျှောက် လတာပြင်များပေါ်မှာ လမုငုတ် များက အစီအရီနေရာယူထားကြသည်။ ဗျူးခြေထောက်ပင် များကတော့ ခြေထောက်နှင့်တူသော အမြစ်ကိုင်းများက လတာ ပြင်ထဲမှာ ခြေကုပ်ယူထားပြီး အပင်များက အပေါ်မှာရှိကြသည်၊

ကိုပေတလူနှင့် နက်ကျော်တို့ သားအဖနှစ်ယောက် လှေတစ်စင်းဖြင့် ချောင်းဖျားဘက်သို့ တက်လာသောရည်ရွယ် ချက်မှာ ချောင်းပိတ်ရန်အတွက်ဖြစ်သည်။ လှေပေါ်မှာ ယင်းလိပ် အတိုအရှည်သုံးလိပ်နှင့် ဝါးတိုင်များ ပါလာကြသည်။

ပျဉ်းမချောင်းသည် ချောင်းကျယ်ဖြစ်သည့်အပြင် ရေစီး သန်သောကြောင့် ယင်းတား၍မရပေ။ နောက်တစ်ချက်က ချောင်းရေ မခမ်းသောကြောင့် ငါးဖမ်း၍မရပေ၊ သူတို့ ချောင်း ပိတ်မည့် ချောင်းများမှာ ပျဉ်းမချောင်းမှ ခွဲတက်သွားသော ချောင်းများ၌ဖြစ်သည်။ ချောင်းလက်တက်ဟုသာ ဆိုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အတော် အတန်ကျယ်ဝန်းသော ချောင်းများဖြစ်သည်။

ရေတက်လာလျှင် ရေပြည့်နေပြီး ရေကျသွားသောအခါ ချောင်းထဲမှာရေမရှိတော့ဘဲ လတာပြင်သာကျန်နေခဲ့သော ချောင်းမျိုးဖြစ်သည်။ သူတို့ချောင်းပိတ်ရန် ဝင်လာသောချောင်းမှာ 'ဖျူးချောင်း'ဖြစ်သည်။ ပျဉ်းမချောင်းဘက်မှ ခွဲတက်လာသော ချောင်းမျိုးဖြစ်သည်၊ ဖျူးချောင်းဟု အမည်ပေးထားသည့်အတိုင်း ကမ်းစပ်တစ်လျှောက်မှာ ဖျူးတောကြီးများက နေရာယူထားကြလေသည်။

ချောင်းထဲသို့ သူတို့လှေရောက်လာသောအချိန်မှာ ညနေပိုင်းနေဝင်ချိန်ဖြစ်သည်။ သစ်ပင်များ အုပ်မိုးနေသော ချောင်းရိုးထဲမှာတော့ အလင်းရောင်မရှိတော့ဘဲ မှောင်နေပေပြီ။

ချောင်းဝသို့ရောက်တော့ လှေရပ်ပြီးနားရင်း မမိကျော့ထည့်ပေးလိုက်သော ထမင်းနှင့်ဟင်းများကို စားသောက်ရန်ဖြစ်သည်။ ထိုချောင်းထဲရောက်တော့ နက်ကျော်စိတ်ထဲမှာ ကြောက်နေသလို ခံစားနေရသည်။ အဘယ်ကြောင့်ဆိုသော် ဖျူးချောင်းထဲမှာ ဝင်ရောက်၍ ငါးပုစွန်ရှာဖွေကြသူတိုင်း မကြာခဏသေကြရသည်ဟု သတင်းကြားရသောကြောင့်ဖြစ်သည်။

"အဖေ ဒီည ဒီချောင်းမှာ ချောင်းပိတ်မှာလား"

နက်ကျော်က ထမင်းဟင်းများ ထည့်နေရင်းနှင့်မေးသည်။

"ဟုတ်တယ်"

ကိုပေတလူကတော့ အသင့်ယူလာသော အရက်ပုလင်းကို ထုတ်ယူရင်းမှ တိုတိုတုတ်တုတ်ပင် ပြန်ဖြေလိုက်သည်၊





"ဒီချောင်းထဲမှာ ဝင်ပြီးငါးရှာတဲ့လူတွေ မကြာခဏသေကြတာ ဘာဖြစ်လို့လဲဟင်"

"ဘယ်သိမှာလည်းကွ မင်းကလည်းလျှာရှည်လိုက်တာ ကိုယ့်အလုပ်ကိုယ်လုပ်စမ်းပါ"

ဟုပြောသဖြင့် နက်ကျော်လည်း နောက်ထပ်မမေးဝံ့တော့ပေ။ ကိုပေတလူကတော့ ထမင်းမစားခင် တောအရက်ပုလင်းဖွင့်ပြီးတော့ သောက်နေလေသည်။

နက်ကျော်ကတော့ ဖခင်ဖြစ်သူအရက်သောက်နေသည်ကိုကြည့်ပြီး စိတ်ထဲမှာ စိုးရိမ်နေမိလေသည်။ တောထဲမှာသော်လည်းကောင်း၊ ချောင်းထဲမြစ်ထဲမှာသော်လည်းကောင်း၊ သားငါးရှာဖွေကြသူတို့မှာ ထမင်းဟင်း၊ အရက်စသည်တို့ပါလာလျှင် တောပိုင်တောင်ပိုင်တို့ကို တင်မြှောက်ပသပြီးမှ စားသောက်ကြရသည်။ မတင်မြှောက်ဘဲ စားဦးစားဖျားစားမိပါက ဘေးအန္တရာယ်တစ်ခုခုနှင့်တွေ့ပြီး အသက်သေဆုံးတတ်ပေသည်။

ထိုအကြောင်းများကို သိတန်သလောက်သိသော နက်ကျော်မှာ အရက်ပုလင်းကိုဖွင့်ပြီး မတင်မမြှောက်ဘဲ သောက်နေသော ဖခင်ဖြစ်သူကိုကြည့်ပြီး စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေလေသည်။

သို့သော် ဘာမှတော့မပြောဝံ့ပေ။

အရက်သောက်ပြီးတော့ ထမင်းစားကြသည်။ ထမင်းစားတော့လည်း မတင်မြှောက်တော့ဘဲ ဒီအတိုင်းပင်စားသောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

စားသောက်ပြီးသောအချိန်မှာ ချောင်းထဲ၌ရေနည်းသွားပေပြီ။ ရေစစ်ချိန်ရောက်ပြီဖြစ်သောကြောင့် မကြာခင် ရေပြန်တက်လာပေတော့မည်။

သို့ကြောင့် သားအဖနှစ်ယောက် လုပ်ငန်းစကြလေသည်။ ဦးစွာ ကမ်းဘေးတစ်ချက်တချက်တွင် ယင်းလိပ်အတိုများဖြင့် လက်နားယင်းအဖြစ် စိုက်ရသည်။ နက်ကျော်ကတစ်ဖက်၊ ကိုပေတလူကတစ်ဖက်ကမ်းဖြစ်သည်၊

နက်ကျော် ယင်းစိုက်သောဘက်မှာ တောများရှိသည်။ ဗျူးခြေထောက်ကိုင်းများကလည်း နေရာလပ်မရှိအောင် ကျပ်နေသောကြောင့် ထိုကြားထဲသို့ ယင်းချပ်သွင်းရသည်မှာ လွယ်တော့မလွယ်လှပေ။

နက်ကျော်သည် ယင်းလိပ်စိုက်ရန်အတွက် မလွတ်သောဗျူးခြေထောက်များနှင့် သစ်ပင်ချုံများကို ဓားဖြင့်ခုတ်ထွင်ဖယ်ရှားနေစဉ် နောက်ဖက်မှခြေသံလိုလို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။

ဘာမှမတွေ့ရပေ။

သို့ကြောင့်‌ . အလုပ်ကိုဆက်လုပ်သည်။ ထိုအချိန်မှာ နောက်ဖက်မှ အသံကြားရပြန်သဖြင့် လှည့်ကြည့်လိုက်သည်။ ထိုအခါမှာတော့ သစ်ပင်များကြားမှ သူ့ကိုချောင်းကြည့်နေသောမျက်လုံးနှစ်လုံးကို အရင်တွေ့ရသည်။ မျက်လုံးက လင်းကွင်းဝယ်လောက်ရှိပြီး အပြင်သို့ပြူးထွက်နေကာ ရဲရဲနီနေလေသည်။



"အောင်မယ်လေးဗျ လုပ်ပါဦး"

ဟုအော်ပြီး ချောင်းထဲသို့ ပြန်ဆင်းပြေးသည်။

သူဆင်းပြေးလာတာမြင်တော့ တစ်ဖက်ကမ်းမှ အလုပ်လုပ်နေသော ကိုပေတလူက လှမ်းမေးသည်။

"နက်ကျော် ဘာဖြစ်တာလဲ"

"သရဲခြောက်နေတယ်ဗျ၊ မျက်လုံးနှစ်လုံးက လင်ကွင်းလောက်ရှိတယ်"

"ဟာ"

ကိုပေတလူက မကျေမနပ်ဖြင့် ရေရွှတ်ရင်း ဓားတစ်ဆက်ကိုင်ကာ တစ်ဖက်ကမ်းသို့ ကူးလာသည်။ ဒီဖက်ကမ်းရောက်တော့ မေးသည်။

"ဘယ်မှာလဲ သရဲ"

"ဟို ချုံပုတ်ထဲက ချောင်းကြည့်နေတာ"

ဟုလက်ညှိုးထိုးပြတော့ ကိုပေတလူက ထိုနေရာသို့သွားကြည့်သည်၊ သူရောက်သွားသောအချိန်မှာ ဘာမှမတွေ့ရတော့ပေ။

"ဘာမှ မတွေ့ပါဘူး"

"စောစောက အဲဒီချုံထဲကပဲ မျက်လုံးနဲ့ပြူးကြည့်နေတာ"

"တော်တော်ကြောက်တတ်တဲ့ကောင်"

ဟု မကျေမနပ်ဖြင့် ရေရွှတ်ပြောဆိုပြီး ချုံကိုဓားဖြင့်နှံလေးချက်ခုတ်ပြီးမှ ပြန်လှည့်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သားအဖနှစ်ယောက်အတူတူပင် ယင်းလက် နားတပ်ဆင်ခြင်းကိုပြုလုပ်ရာ ပြီးသွားလေတော့သည်။

ညဦးပိုင်းကျော်တော့ ရေပြန်တက်လာသည်။ တောထဲ မှာရှိသော ဘုတ်ငှက်အိုသံများကို နေရာအနှံ့အပြားမှ ကြားလာ ရသည်။ ထိုအချိန်မှာတော့ လှေပေါ်မှာဘာအလုပ်မှမရှိသဖြင့် တစ်ရေးတမောအိပ်ရန် ပြင်ကြသည်။

ချောင်းထဲမှာတော့ ပိုးလောင်းကိုက်သည့် ဒဏ်ကိုခံ ရသည်။ ပိုးလောင်းမှာ ဖြူတ်လောက်ပင်ရှိသော်လည်း ကိုက်လျှင် အဖုအပိမ့်များ ထလာပြီးယားသည်။

သူတို့ကတော့ ပိုးလောင်းကိုက်လည်း မမှုကြပေ၊ အ ဝတ်ဟောင်းများဖြင့် ပုတ်ရင်းခတ်ရင်းနှင့်ပင် အိပ်ကြလေသည်။

ကိုပေတလူက လှေပဲ့ပိုင်းမှာအိပ်ပြီး နက်ကျော်က ဦးပိုင်းမှာ အိပ်လေသည်။ ကိုပေတလူမှာ အရက်သောက်ထား သောကြောင့် ခေါင်းချလိုက်သည်နှင့် တခူးခူးနှင့်အိပ်ပျော်သွား လေသည်။ နက်ကျော်ကတော့ ပက်လက်လှန်နေရင်းမှ ညဦးပိုင်း ကတွေ့လိုက်ရသော မျက်လုံးနှစ်လုံးကို သတိရနေသောကြောင့် တော်တော်နှင့်အိပ်မပျော်ဘဲ ရှိနေလေသည်။

သူသည် ပက်လက်လှန်ကာ မျက်စိမှိတ်ထားသော် လည်း အိပ်မပျော်သေးသဖြင့် နားထဲမှ အသံအချို့ကိုကြားနေ သည်။ အသံကြားရသောနေရာက သူ့မျက်နှာအထက်တည့်တည့် ၌ရှိသော သစ်ကိုင်းပေါ်မှဖြစ်သည်။

ကမ်းဘက်သို့ကိုင်းကျနေသော လမုကိုင်းတစ်ကိုင်း





လှေပေါ်သို့ ကိုင်းကျနေရာ ထိုနေရာမှအသံကြားနေခြင်းဖြစ် သည်။

သို့ကြောင့် မျက်စိဖွင့်ကြည့်လိုက်သည်၊ မြင်ကွင်းတစ်ခု ကို မြင်လိုက်ရသောကြောင့် ရင်ထဲမှာထိတ်လန့်သွားလေသည်။

သစ်ကိုင်းပေါ်မှာ အမွေးစုတ်ဖွားနှင့် မည်းမည်းသတ္တဝါ တစ်ကောင် ဆောင့်ကြောင့်ထိုင်နေသည်။

မျက်လုံးပြူးကြီးဖြင့် သူ့ကိုငုံ့ကြည့်နေသည်။ စိတ်ထဲမှာ လန့်သွားသော်လည်း မအော်ဝံ့ပေ၊ သူအော်လိုက်၍ အိပ်ပျော် နေသော ကိုပေတလူနိုးသွားပါက. . အရိုက်ခံရလျှင် သရဲအ ခြောက် ခံရတာထက် ပိုဆိုးသွားနိုင်သည်။ သို့ကြောင့် ပါးစပ်ကို ပိတ်၊ မျက်စိကိုမှိတ်ကာ ကြိတ်မှိတ်နေရလေသည်။ လမုကိုင်း ပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသောသရဲက မျက်လုံးပြူးပြရုံနှင့် မပြီးပြန်ပေ။

ပါးစပ်ဟပြီး လျှာကိုထုတ်ချလိုက်ရာ ဖျာလိပ်ကိုမြေချ သကဲ့သို့ အောက်သို့ရောက်လာကာ နက်ကျော်မျက်နှာပေါ်မှာ ခဲနေသည်။ နက်ကျော်ကလည်း မအော်ဝံ့ပေ၊ မျက်လုံးကိုသာ မှိတ်ပြီး ငြိမ်နေရလေသည်။ ခဏကြာတော့ လျှာပြားကြီးကို ပြန် သိမ်းသွားပြီး၊ လက်ကြီးတစ်ဖက်က အောက်သို့တွဲကျလာ ပြန် သည်။

ထိုလက်တစ်ဖက်က လှေဝမ်းထဲမှာ ကိုပေတလူချထား သော တောအရက်ပုလင်းကို လှမ်းဆွဲယူသွားပြီး မော့သောက် နေသည်။ သောက်ပြီးတော့ ပုလင်းအခွံကို လှေဝမ်းထဲ ပြန်ပစ်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ခွမ်း"

တိတ်ဆိတ်နေသောအချိန်တွင် ပုလင်းကွဲသံက ဗုံးတစ်လုံးကျသံကဲ့သို့ ကျယ်လောင်လှပေသည်။

ထိုအသံကြောင့် အိပ်ပျော်နေသော ကိုပေတလူလည်း နိုးလာသည်။

"ဘာဖြစ်တာလဲ"

ထိုအခါမှ နက်ကျော်လည်း မျက်စိပြန်ဖွင့်ဝံ့သဖြင့် . . ကြည့်လိုက်တော့ သစ်ကိုင်းပေါ်မှာ သရဲမရှိတော့ပေ။

"သ. . သရဲခြောက်နေတာ အဖေ"

"သရဲက ငါ့အရက်ပုလင်းကို ဘာကြောင့်ခွဲပစ်တာလဲ ဘယ်မှာလဲ အဲဒီသရဲ"

ကိုပေတလူမှာ ကြွေးဖြင့်ယူလာရသည့် သူအလွန်ကြိုက်နှစ်သက်သည့် အရက်ပုလင်းအခွဲခံလိုက်သောကြောင့် များစွာဒေါသဖြစ်နေဟန်ရှိလေသည်။

"စောစောက လမုပင်ပေါ်မှာ ထိုင်နေတယ်"

နက်ကျော်ပြောသော်လည်း သရဲကမရှိတော့သဖြင့် ကိုပေတလူကြည့်သောအချိန်မှာ ဘာမှမတွေ့ရတော့ပေ။

"တောက်. . သက်သက်မဲ့အနှောင့်အယှက်လာပေးနေတယ်၊ ပေတလူအကြောင်းမသိကြသေးဘူးနဲ့ တူတယ်၊ သေပြီးလို့ သရဲဘဝရောက်နေရာကနေ နောက်ထပ်သေပြီး သဘက်ဘဝရောက်သွားတော့မယ်"





ဟုပြောဆိုကြိမ်းမောင်းကာ အသံကျယ်ကျယ်ဖြင့် ရေရွတ်ဆဲဆိုနေလေတော့သည်။ ထိုသို့ဆဲဆိုနေသောအချိန်မှာတော့ နောက်ထပ်ဘာမှ မတွေ့ရတော့ပေ။

ဤသို့ဖြင့် ရေပြည့်သောအချိန်တွင် အလယ်နေရာအတွက်ထားသောယင်းကို ဖြန့်ပိတ်လိုက်ကြသည်။ တစ်ဖက် ယင်းချပ်နှင့်တွဲပြီး 'ကနော်တံ'ဖြင့် ကပ်ထားသော်လည်း ကျန်တစ်ဖက်ကိုတော့ မတွဲရသေးပေ။

"နက်ကျော် ရေထဲဆင်းပြီး ယင်းနှစ်ချပ်ကို ကနော်တံနဲ့တွဲပေတော့"

နက်ကျော်က ဘာမှမပြောသာသဖြင့် ပုဆိုးအကျႌများချွတ်ပြီး ရေထဲဆင်းရန်ပြင်ရလေသည်။

"သေသေချာချာတွဲနော်၊ အပေါက်ဖြစ်နေလို့ ငါးပုစွန်တွေထွက်ရင် မင်းသေပြီသာမှတ်"

"ဟုတ်ကဲ့"

ထိုသို့ပြောပြီး ကနော်တံများကိုယူပြီး ရေထဲခုန်ဆင်းလိုက်လေသည်။

ရေထဲရောက်သောအခါ ယင်းချပ်နှစ်ချပ်ကိုထပ်ပြီး ဝါးခြင့်ပြုလုပ်ထားသော ကနော်တံဖြင့် ကပ်သည်။ ထိုအခိုက်မှာပင် သူ၏ခြေထောက်တစ်ဖက်မှာ မီးစဖြင့်ထိုးလိုက်သကဲ့သို့ ပူခနဲဖြစ်သွားသွားသည်၊ ရင်ထဲမှာလည်း ထိတ်ခနဲဖြစ်သွားလေသည်။

သို့သော်လည်း. . ထိုအခြေအနေကို ဂရုမစိုက်နိုင်ဘဲ ကနော်တံများကိုပြီးအောင် ကပ်လိုက်သည်။ အားလုံးပြီးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်ပြန်တက်လာသည်။ ထိုအခါမှ မီးရောင်ဖြင့် ခြေထောက်မှ ဒဏ်ရာကိုကြည့်သည်၊ အစွယ်ရာကဲ့သို့ အပေါက်နှစ်ပေါက်တွေ့ရပြီး ထိုနေရာတစ်ဝိုက်မှာ နီရဲနေသည်။

"ဘာဖြစ်တာလဲ"

"ရေထဲက ဘာနဲ့ထိလိုက်သလဲ မသိဘူး၊ အဆိပ်တက်သလိုနာနေတယ်"

"ငါးစင်ရိုင်းစူးမိတာနေမှာပေါ့၊ ဘာတွေးဆွတ်ထားလိုက်တော်တော်ကြာပျောက်သွားလိမ့်မယ်"

ကိုပေတလူပြောသကဲ့သို့ ပြုလုပ်သော်လည်း မပျောက်တော့ပေ။ နက်ကျော်မှာ အဆိပ်ပြင်းသော ဂျပ်မြွေထိလိုက်သောကြောင့် တဖြည်းဖြည်းနှင့် ခေါင်းမထူနိုင်တော့ဘဲ လဲကျသွားလေတော့သည်။

"ကယ်ပါဦး၊ ကယ်ပါဦး. . ဟိုမှာ မည်းမည်းကြီးတွေ သရဲကြီးတွေ အတင်းလာဆွဲနေပြီ၊ သေရတော့မယ်"

ဟု အော်ဟစ်နေလေသည်။

ထိုအခြေအနေရောက်တော့မှ ကိုပေတလူမှာ ပိတ်ထားသော ယင်းချပ်များကိုပင် မသိမ်းနိုင်တော့ဘဲ ရွာသို့ပြန်ပြေးရတော့သည်။ ထိုအချိန်က သန်းခေါင်ကျော်စပင်ရှိသေးသည်။

လှေပေါ်မှာလဲကျနေရင်းနှင့် အော်ဟစ်နေသော နက်ကျော်မှာ ရွာနှင့်နီးသောအခါ ငြိမ်ကျသွားလေသည်၊ ကိုပေတလူကတော့ သက်သာသဖြင့် ငြိမ်သွားသည်ဟု ထင်နေသည်။

တစ်နေရာရောက်တော့ ငြိမ်သက်နေသော နက်ကျော်





မှာ ဝုန်းခနဲထထိုင်လာသဖြင့် ကိုပေတလူပင်အံ့ဩသွားလေသည်။

"နက်ကျော် ဘာဖြစ်တာလဲ"

"ဟင်း. . ဟင်း. . သတ်တုန်းကတော့ ဒင်းကိုသတ်ဖို့ပဲ၊ လူမိုက်က လူပြည်မှာနေရဦးမယ့်ကံလေး ကျန်နေသေးတော့ မသေဘဲ တခြားတစ်ယောက်သေရတယ်၊ နေနှင့်ဦးပေါ့ကွာ"

ဟု အသံဩဩကြီးဖြင့် ပြောဆိုနေလေသည်။

"နက်ကျော် ကယောင်ကတမ်းနဲ့ ဘာတွေပြောနေတာလဲ"


"ကယောင်ကတမ်းနဲ့ ပြောနေတာမဟုတ်ဘူး၊ မင်းကိုပြောနေတာကွ၊ ငါကချောင်းပိုင်ကြီးပဲ၊ အရက်နဲ့စားဦးစားဖျားတွေကို မတင်မမြှောက်ဘဲနဲ့ စားသောက်လို့ မင်းကိုသတ်တာ၊ ဒါပေမယ့် မင်းကသေရမယ့်ကံမရှိသေးလို့. . ခုတော့ မင့်သားသေခဲ့ရပြီ၊ ဒါပေမယ့် ကံကောင်းနေတုန်းတော့ နေနှင့်ဦးပေါ့ကွာ၊ တစ်နေ့နေ့တော့ ငါအကြောင်းသိရစေမပေါ့"

ဟုပြောဆိုကြိမ်းမောင်းပြီးနောက် ငုတ်တုတ်ထိုင်နေသောနက်ကျော်မှာ 'ဗိုင်း'ခနဲ ပြန်လဲကျသွားလေတော့သည်။ ထိုအခြေအနေကို မြင်ရကြားရတော့မှ ကိုပေတလူမှာ မျက်လုံးပြူးကာ ထိတ်လန့်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

# သေရွာမှပြန်လာသောသူ

နက်ကျော်တစ်ယောက် ချောင်းထဲမှာပိုးထိသဖြင့် သေပြီဆိုသောသတင်းက တစ်ရွာလုံးပြန့်နှံ့သွားသည်။ တချို့ကလည်း သနားကြသည်၊ တချို့ကတော့ သာမန်သာရှိကြသည်။ သို့သော် တောလက်တောရွာတို့ ဓလေ့ထုံးစံအတိုင်း အိမ်တစ်အိမ်မှာ သာရေးနာရေးကိစ္စရှိလျှင်တော့ ဝိုင်းဝန်းအကူအညီပေးရန် လာကြသည်။ မသာအိမ်ရှိတော့မှ ဖဲဝိုင်းလုပ်ရန် အခွင့်အရေးရှိသဖြင့် ရပ်ဝေးရပ်နီးမှာရှိသော ဖဲသမားကြီးများကလည်း နားစွင့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အင်္ဂလိပ်ခေတ်က ရွာများကိုသူကြီးအုပ်ချုပ်သည်။ သူကြီးက နွားတိုက်၊ ကြက်တိုက်၊ ဖဲရိုက်သောကိစ္စများတွေ့လျှင် ဖမ်းဆီးသည်။ နွားတိုက်၊ ကြက်တိုက်သောကိစ္စက ခဏနှင့်ပြီးနိုင်သော်လည်း ဖဲဝိုင်းကတော့ လူစုလူဝေးဖြင့် ရက်အတော်ကြာအောင်ပြုလုပ်လေ့ရှိကြသည်။ ရက်ကြာတော့မှ အကောက်များများရကြမည်ဖြစ်သည်။ သို့ကြောင့် ရွာသူကြီးက ကြက်တိုက်ခြင်း၊ နွားတိုက်ကျွဲတိုက်ခြင်း ကိစ္စတို့ကို မသိကျိုးကျင်ပြုသော်လည်း ဖဲဝိုင်းလုပ်လျှင်တော့ ဖမ်းဆီးလေ့ရှိသည်။

အမှုသေးလျှင် ထိပ်တုံးခတ်ထားခြင်း၊ အမှုကြီးပါက မြို့မှပုလိပ်များခေါ်ကာ အပ်နှံခြင်းများပြုလုပ်လေသည်။ သို့ကြောင့် ဖဲဝိုင်းလုပ်လျှင် တိုးတိုးတိတ်တိတ်ကျိတ်၍လုပ်သော ကျိတ်ဝိုင်းများ၊ အချင်းချင်း ချိန်းပြီးပြုလုပ်သော ချိန်းဝိုင်းများသာ ပြုလုပ်ခဲ့ကြသည်။

တစ်ခုတော့ရှိသည်။ ရွာထဲမှာ မသာရှိလျှင်တော့ ဖဲဝိုင်းက လွတ်လပ်စွာလုပ်ခွင့်ရကြသည်။ သို့ကြောင့် ဖဲသမားကြီးများက ဘယ်ရွာဘယ်အိမ်မှာ မသာရှိပါ့မလဲ နားစွင့်နေကြသည်။ မသာ ခုနစ်ရက်ထားပါက ၄င်းတို့က ရှစ်ရက်အထိနေကာ ဖဲချလေ့ရှိကြသည်။

တစ်ခါတလေလည်း ခေါင်းထဲမှာ ဘာမှမရှိဘဲ လူသေသည်ဟု အကြောင်းပြကာ မသာအတုလုပ်ပြီး ဖဲချကြခြင်းမျိုးလည်းရှိသည်။ တစ်ခါတလေ အခြားရွာမှ သေသောမသာကို





လေလံဆွဲပြီး ဖဲဝိုင်းထောင်ကြသည်မျိုးလည်း ရှိကြသည်။ ဖဲဝိုင်းလုပ်မည့်သူက မသာနှင့်ပတ်သက်သည့် သင်္ဂြိုလ်စားရိတ်အပါအဝင် ကုန်ကျစားရိတ်များကို အကောက်ရသောငွေမှ အကုန်အကျခံပေးရပြီး ပိုသောငွေကို သူကစားသည်။ အချို့ကတော့ မသာပွဲစားဟု ခေါ်ကြသည်၊

ယခုလည်း နက်ကျော်တစ်ယောက် ပိုးထိသဖြင့် သေပြီဟုသတင်းကြားသဖြင့် အချို့ကသတင်းမေးရန် လာကြသည်။ အချို့က ဝေယျာဝစ္စကူညီလုပ်ကိုင်ပေးရန် လာကြသည်။ ဖဲသမားများကတော့ ဘယ်အချိန်မှာ ဖဲဝိုင်းစကြမည်ကို သိလိုသဖြင့် အခြေအနေလာကြည့်ကြသည်။ အလောင်းကိုတော့ အိမ်ပေါ်မှာ ဝါးကပ်ဖြင့်တင်ကာ စောင်ကြမ်းတစ်ထည်ဖြင့် ဖုံးအုပ်ထားလေသည်။

ညနေပိုင်းအချိန်ရောက်တော့ အသုဘအိမ်သို့ ထူးထူးခြားခြားသတင်းမေးမည့်သူ ရောက်လာလေသည်။

ဆရာကြီးဇာဂရ ဆိုသူပင်ဖြစ်သည်။ ဆရာကြီးဇာဂရက ထိုရွာသို့ရောက်လာခဲ့သည်မှာ နှစ်မကြာသေးသော်လည်း ရွာလူကြီးအပါအဝင် တစ်ရွာလုံးက ယုံကြည်လေးစားခြင်း ခံရသူဖြစ်သည်။

အသက်(၅၀)ကျော်အရွယ်လောက်သာရှိသေးပြီး ဦးခေါင်းပေါ်မှာ သျှောင်ထုံးထုံးထားကာ အညိုရောင်ပုဝါဖြင့် ပေါင်းထားလေသည်။

ပါးပြိုင်းမွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိနေခြင်း



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မျက်နှာပုံပန်းသဏ္ဌာန်က အသက်အရွယ်ထက်ပိုမို ရင့်ရော်နေသကဲ့သို့ ရှိလေသည်။

အပေါ်အောက် အညိုရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ဆေးလွယ်အိတ်ကို လွယ်ထားသည်။ လက်ထဲမှာ တောင်ဝှေးတစ်ချောင်းပါပြီး လည်ပင်းမှာလည်း ပုတီးတစ်ကုံး ဆွဲထားလေသည်။

ဆရာကြီး ဇာဂရရောက်လာသောကြောင့် အားလုံးက အံ့သြနေကြလေသည်။ အိမ်ပေါ်ရောက်သည်နှင့် ဆရာကြီးက အလောင်းပြင်ထားသောနေရာနှင့် မနီးမဝေးမှာ ဝင်ထိုင်သည်။

"ဘယ်တုန်းက ဆုံးတာလဲ"

"ညက ဆုံးတာပါ ဆရာကြီး"

အနားမှာရှိနေသော ကိုပေတလူကဝင်ပြီး ပြောပြလိုက်သည်။

"ဘယ်လိုဖြစ်ပြီး ဆုံးတာလဲ"

"ပိုးထိလို့ ဆုံးသွားတာပါ"

"ဒီကလေးက ငါ့ဆီကိုအမြဲလာနေတဲ့ကလေးပဲ ဘာဖြစ်လို့ ငါ့ကိုအကြောင်းမကြားတာလဲ"

"ကျွန်တော်တို့လည်း . . ဟို . . ဟို"

ကိုပေတလူမှာ ဘယ်လိုပြန်ပြောရမှန်း မသိသဖြင့် . . အထစ်ထစ် အငေါ့ငေါ့ဖြစ်နေလေသည်။

"မင်းတို့ အတော်ပေါ့လျော့တာပဲ၊ လူတစ်ယောက်ရဲ့ အသက်မပြောနဲ့ တိရစ္ဆာန်တစ်ကောင်ရဲ့ အသက်တောင် မသေ





သင့်ဘဲ မသေရဘူး"

ကိုပေတလူအပါအဝင် အနားမှာရှိကြသူတို့မှာ ဘာပြောရမှန်း မသိသဖြင့်ငြိမ်နေရလေသည်။ ဆရာကြီးက အလောင်းပေါ်မှ အုပ်ထားသောစောင်ကြမ်းကို လက်ဖြင့်ဖယ်လိုက်သည်။ ညကတည်းက ပိုးထိခံထားပြီး သေတာကြာပြီဖြစ်သောကြောင့် နှုတ်ခမ်းများ ပြာနေသည်။ မျက်ကွင်းနှစ်ဘက်ကလည်း ညိုမည်းနေသည်၊ ဆရာကြီးက အလောင်းကိုကြည့်ပြီး ထူးဆန်းသောစကားပြောလေသည်၊

"သူသေပြီဆိုတော့ မင်းတို့နဲ့မဆိုင်တော့ဘူးပေါ့"

"ဟုတ် . . ဟုတ်ပါတယ်"

"ဒီလိုဆိုရင် အလောင်းကို ငါယူသွားမယ်၊ ရလိုရငြား ငါကုကြည့်ချင်သေးတယ်"

ထိုစကားကြားသောအခါ အားလုံးအံ့သြပြီး မျက်လုံးပြူးသွားကြလေသည်။

"သူ . . သူက သေနေပြီ မဟုတ်လား ဆရာကြီး"

"သေတယ် မသေဘူးဆိုတာ အသေအချာပြောလို့ မရသေးဘူး၊ ဝိညာဉ်အပြင်ထွက်သွားပေမယ့် ပြန်ခေါ်လို့ရတာတွေ ရှိတယ်၊ တကယ်လို့ နီးနီးနားနားမှာ ရှိနေပြီးခေါ်လို့ရသေးရင်တော့ အသက်ပြန်ရှင်လာနိုင်သေးတာပေါ့"

ထိုသို့ပြောသော်လည်း နားမလည်ကြပါပေ။ ရွာသားများသိသောအချက်ကတော့ နက်ကျော်မှာ သေတာကြာပြီဖြစ်သောကြောင့် ဘယ်လိုနည်းနှင့်မှ အသက်မရှင်နိုင်တော့ဟု ထင်



www.burmeseclassic.com

www.burmeseclassic.com

နေကြသည်။

"ဒီကလေးက ငါ့ဆီမှာ ဝေယျာဝစ္စမှန်သမျှ လာလုပ်ပေးနေတာဆိုတော့၊ ငါ့အနေနဲ့ တတ်နိုင်သလောက်တော့ ကြိုးစားပေးရမှာပေါ့။ ဒါပေမယ့် တစ်ခုတော့ ပြောထားမယ်နော်၊ ဒီကလေးက သေသွားပြီဆိုတော့ မင်းတို့နဲ့မသက်ဆိုင်တော့ဘူး။ ကံကောင်းလို့ အသက်ပြန်ရှင်လာရင်လည်း ငါ့ဆီမှာပဲထားတော့မယ်"

"ထားပါ ဆရာကြီး၊ ထားပါ"

"ကဲ . . ဒါဖြင့် အလောင်းကို ငါ့အိမ်ကိုသာလိုက်ပို့ပေးကြ"

ဟုပြောပြီး နေရာမှထလေသည်။

ထို့ပြင် ကိုပေတလူနှင့် ရွာသားသုံးလေးယောက်တို့မှာ ဝါးကပ်ပေါ်တင်ထားသော အလောင်းကိုထမ်းပြီး ဆရာကြီး ဇာဂရနေသောအိမ်သို့ လိုက်ပို့ပေးကြရလေသည်။

တစ်ရွာလုံးကတော့ သေပြီးသားအလောင်းကိုသယ်ယူသွားသောကြောင့် အံ့သြနေကြသည်၊ အချို့ကလည်း ညနေစောင်းအချိန်ကျမှ အလောင်းကို ထမ်းယူသွားသည်ကို မြင်သောအခါ အတိတ်နိမိတ်မကောင်းဟုပင် ယူဆနေကြသည်။ အချို့ကလည်း ထိုမြင်ကွင်းကိုမြင်ပြီး ကြောက်ရွံ့ထိတ်လန့်နေကြသည်။

အချိန်က နေဝင်ရီတရော ဖြစ်နေပြီ။

ရွာသားများ အယူအဆအရဆိုလျှင် ထိုအချိန်မှာ သရဲတစ္ဆေများထွက်လာသော အပုတ်ချိန်ဟု သတ်မှတ်ကြသည်။





ထိုအချိန်မျိုးမှာမှ ဆရာကြီးက ရှေ့မှသွားပြီးလူလေးငါးယောက်ကထမ်းပြီး အလောင်းကိုသယ်သွားကြသော မြင်ကွင်းမျိုးကတော့ မကောင်းလှပေ။

"ဟဲ့ . . နက်ကျော်က ညကမှ သေတာမဟုတ်လား၊ ဘယ့်နှယ် ညနေစောင်းအချိန်ကျမှ မသာချပြီလား"

"မသာချတာ မဟုတ်ဘူး၊ ဆေးဆရာကြီးက ဆေးကုဖို့ သူ့အိမ်ယူသွားတာလို့ ပြောသံကြားတယ်"

"ဟုတ်ရဲ့လားဟယ်၊ ငါတို့မနက်က သွားကြည့်တုန်းက သေနေပါပြီ"

"အဲ့ ဆရာကြီးက ကုရင်ရသေးတယ်ပြောပြီး သယ်ယူသွားတဲ့ ဥစ္စာ"

"ဟုတ်ရင်တော့ ကံကောင်းတာပေါ့ဟယ်၊ မဟုတ်ရင် ငါတို့ရွာအတွက် အတိတ်နိမိတ်မကောင်းလှဘူး"

ဟုရှေးအယူအစွဲရှိသူများက ထိုသို့ပြောကြလေသည်၊

ဆရာကြီး ဇာဂရနေသောတဲအိမ်ကြီးမှာ ရွာအစွန်ဘက်တွင် ရှိသည်။ သူနေသောနေရာမှာ မဲဇာမြိုင်သုသာန်နှင့် မဝေးလှသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း သစ်ပင်သစ်တောများက ဝန်းရံလျက်ရှိသည်။

ရုတ်တရက် ကြည့်လျှင်တော့ ၎င်းတဲအိမ်ကြီးမှာ ရွာနှင့် ဆက်စပ်မှုမရှိဘဲ သီးခြားဖြစ်နေသော နေရာတစ်နေရာပင်ဖြစ်သည်။

ထိုအိမ်သို့ရောက်သောအခါ သယ်ယူလာသော အ



www.burmeseclassic.com

www.burmeseclassic.com

လောင်းကို အိမ်ကြီးတစ်နေရာ၌ ချထားပေးခဲ့ပြီး ကိုပေတတူ တို့လူစုမှာ ပြန်သွားကြလေတော့သည်။ ထိုတဲအိမ်ကြီးအတွင်း မှာတော့ ဆရာကြီးဇာဂရတစ်ဦးတည်း နေခြင်းဖြစ်ကာ တပည့် လက်သားမရှိပေ။ ၎င်းနေသောအိမ်မှာ အတော်ပင်ကျယ်ဝန်း လေသည်။ သစ်သားပေါသောအရပ်ဖြစ်သဖြင့် ဒုထည်ကြီးသော သစ်သားပျဉ်ချပ်များ အသုံးပြုကာ ဆောက်လုပ်ပေးထားခြင်း ဖြစ်သည်။

ထို့ပြင်သစ်သားများကို ခြပိုးမစားစေရန် ရေနံချေးများ မည်းမှောင်နေအောင်သုပ်ထားသောကြောင့် အဝေးမှကြည့် သောအခါ အိမ်မည်းကြီးအသွင်ဖြင့်သာ တွေ့မြင်ကြရလေ သည်။ ရွာသူရွာသားများကတော့ ထိုအိမ်ကြီးကို 'အိမ်မည်းကြီး' ဟု ပင်ခေါ်ကြသည်။ ထိုအိမ်ကြီး၏ ရှေ့ဘက်အခန်းမှာတော့ နတ်ရုပ်အပါအဝင် ရုပ်တုအမျိုးမျိုးတင်ထားသော စင်များရှိ သည်။ ထိုရှေ့၌ အုန်းသီးငှက်ပျောသီးဖြင့် ကန်တော့ပွဲအချို့ ထိုးထားလေသည်။

ရှေ့၌ ဆေးကုရာတွင်အသုံးပြုသော ဆေးကွမ်းအစ် တောင်ဝှေး၊ ကြိမ်လုံး၊ လွယ်အိတ်၊ ဆေးထည့်ထားသော ဆေး လင်းများ၊ ဆေးပင်ဆေးမြစ်များ၊ အင်းချပ်များ၊ ပုရပိုဒ်စသည့် ပစ္စည်းအသုံးအဆောင်များရှိသည်။

ဆေးဖြင့်စီရင်ထားသော ရုပ်ထုအမျိုးမျိုးလည်းရှိသည်။ ထိုရုပ်တုများထဲတွင် ကလေးသူငယ်များကို ဆေးကုပေးရာတွင် အသုံးပြုသော မာတြာရုပ်တု(၂၈)ခုလည်း ပါဝင်လေသည်။





ထိုရုပ်ထု (၂၈) ခုတို့မှာ . . .

(၁) နာဂယက္ခိုက်ဘီလူး၊ (၂) ယက္ခဒေဝဘီလူး၊
(၃) အသုမုခိဘီလူး၊ (၄) ဒေဝနာဂဘီလူး၊
(၅) နာလီနတ်ဘီလူး၊ (၆) ကာလဒေဝနတ်ဘီလူး၊
(၇) မုက္ခယက္ခဘီလူး၊ (၈) သူရဝနတ်ကြီး၊
(၉) မေတာဂီနတ်ကြီး၊ (၁၀) သစ္စေနတ်ကြီး၊
(၁၁) နာဂယက္ခဘီလူး၊ (၁၂) သကုဏာယက္ခ၊
(၁၃) အသုမုခိနတ်ဘီလူး၊ (၁၄) အသုမာတြာပုံ၊
(၁၅) ဘုမ္မိယက္ခနတ်ဘီလူး၊ (၁၆) ဥမ္မာဒမာတြာ၊
(၁၇) အဂ္ဂဇေ္ဇမာတြာ၊ (၁၈) ဥပတိသမာတြာ၊
(၁၉) မုက္ခယက္ခမာတြာ၊ (၂၀) ရက္ခဒေဝမာတြာ၊
(၂၁) မာတုယက္ခမာတြာ၊ (၂၂) စုန်းဖုတ်မာတြာ၊
(၂၃) အာကာသုဒေဝမာတြာ၊ (၂၄) ကုလိသမာတြာ၊
(၂၅) နေရုတြမာတြာ၊ (၂၆) ကုမ္ဘမာတြာ၊
(၂၇) အဂ္ဂိသရမာတြာ (၂၈) သချိုင်းမာတြာ . . .

စသော မာတြာရုပ်တု(၂၈)ခုတို့လည်း ရှိကြသည်။

ထိုနေရာမှ နောက်ဘက်တွင် တံခါးတစ်ချပ်ဖြင့် ပိတ် ထားသော အခန်းတစ်ခန်းလည်း ရှိပေသေးသည်။ ထိုအခန်း မှာ (၁၆)တောင်ခန့် အကျယ်အဝန်းရှိသည်။ အခန်းပတ်လည် တို့တွင် ဒုထည်ကြီးမားသော ကျွန်းသားပျဉ်ချပ်ကြီးများဖြင့် ကာ ရံထားသည်။ အတွင်းမှ ပိတ်အနက်များဖြင့် လေးဘက်လေး ထာန် ကာရံထားလေသည်။


www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက်မှကြည့်လျှင် အတွင်းသို့မမြင်ရပေ။

ထိုအတွင်းခန်းမှာတော့ လူနာများခွဲစိပ်ရာတွင် အသုံးပြုသောစင်မျိုး တစ်စင်ရှိသည်။ အောက်ဖက်တွင် သွေးခံသောကန်တစ်ခုရှိသည်။ ခြေလက်များနေရာတွင် သံကွင်းများရှိသည်။ ဦးခေါင်းမလှုပ်နိုင်စေရန် လည်ပင်းနေရာ၊ ကိုယ်ခန္ဓာမလှုပ်နိုင်ရန် ခါးနေရာများ၌ သံကြိုး၊ သံကွင်းများ တပ်ဆင်ထားလေသည်။

ဘာကြောင့် ထိုနေရာတွင် ထိုကဲ့သို့သောစင်မျိုး စီမံပြုလုပ်ထားသည်ကိုတော့ မည်သူမှမသိကြပေ။ ထို့ပြင် အခန်းတစ်နေရာတွင်လည်း ခွဲစိပ်ရာတွင် အသုံးပြုသော ဓား၊ ကပ်ကြေးစသည်တို့လည်းရှိသည်။ ထိုနေရာနှင့် မနီးမဝေးတွင် စင်တစ်စင်ရှိသေးပြီး ဆေးပုလင်းများ၊ ဆေးဝါးဖော်စပ်ရာမှာ အသုံးပြုသောပစ္စည်းများ၊ ကိရိယာများရှိသည်။ ထိုအခန်းသည် ဆရာကြီးဇာဂရ ဆေးဝါးဖော်စပ်သော အခန်းပင်ဖြစ်သည်၊

ဆရာကြီးဇာဂရသည် ပယောဂကုရာတွင် အစွမ်းထက်သကဲ့သို့ ကလေးများ မာတြာနှင့်ပတ်သက်သည့် ရောဂါများကုသပေးရာမှာလည်း နာမည်ကြီးလှသည်။ လူသေမှအရိုး အစရှိသော ပစ္စည်းများဖြင့် ဖော်စပ်ထားသော သူငယ်နာဆေးမှာ အစွမ်းထက်သည်။

ထို့ထက် ပယောဂနှောင့်ယှက်သဖြင့် ကလေးများရောဂါဝေဒနာရပါက အမှောင့်အစွဲပယောဂများကို ခါစောကျွေးပြီး မာတြာချေရာ၌ သူမတူအောင်အစွမ်းထက်လှပေသည်။





သို့ကြောင့် မဲဇာမြို့င်ရွာမှသာမကဘဲ ရပ်ဝေးရပ်နီးမှာ နေကြသူများကပါ ရောဂါဖြစ်လာလျှင် ဆရာကြီးဇာဂရကို လာရောက်ပင့်ခေါ်ပြီး ကုသကြရပေသည်။

(မာတြာရပ်ထုများနှင့်ပတ်သက်သည့် မာတြာချေသောနည်းများကို ရှေ့အခန်းများ၌ ထည့်သွင်းဖော်ပြပေးပါမည်)

ကိုပေတလူနှင့် ရွာသားများက နက်ကျော်အလောင်းကို ဆရာကြီးနေအိမ်သို့ လိုက်ပို့ပေးခဲ့ကြပြီး ပြန်သွားကြလေတော့သည်။ သူတို့ပြန်သွားတော့ ဆရာကြီးက အိမ်ရှေ့ဝင်ပေါက်တံခါးတိုပိတ်ရင်းနှင့် အပြင်ဘက်သို့ လှမ်းပြောလိုက်သည်။

"အပြင်ဘက်ကအကောင်တွေ အိမ်ထဲကို ဘယ်သူမှဝင်မလာစေနဲ့"

ထိုသို့ပြောလိုက်သော်လည်း အပြင်ဘက်မှာတော့ မည်သူမှမရှိပေ။ ညဦးပိုင်း အချိန်ရောက်နေပြီဖြစ်သောကြောင့် အမှောင်ထုများကသာ အိမ်ဝန်းကျင်တစ်ဝိုက်တွင် ဖုံးလွှမ်းနေလေသည်။ ထို့နောက်မှာတော့ ဆရာကြီးကနက်ကျော်အလောင်းကို နောက်ဖက်၌ရှိသော အတွင်းခန်းသို့သယ်ယူသွားပြီး စင်ပေါ်သို့တင်ထားလိုက်သည်။

"လူငယ်လူရွယ်တွေရဲ့ နှလုံးသွေးနဲ့သည်းခြေကို လိုချင်နေတာ အခုမှပဲရတော့တယ်"

ဟုပြောပြီး နက်ကျော်ကိုယ်ပေါ်မှ အဝတ်များကို ဖယ်ချလိုက်လေသည်။

ပြီးမှ ဆိမီးခွက်တစ်ခွက်ကိုထွန်းပြီး စင်ပေါ်မှာတင်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ အလင်းရောင်ရလာလေသည်။ ထို့နောက် အသင့်ရှိနေ သောဓားဖြင့် ရင်ဘတ်ကို ခွဲလိုက်လေသည်၊ အစိမ်းသေ ဖြစ် သောကြောင့် သွေးစိမ်းများက စီးကျသွားပြီး စင်အောက်ဖက်၌ ခံထားသော ခွက်ထဲသို့ရောက်သွားကြလေသည်။ ဝမ်းဗိုက်ခွဲပြီး နှလုံးနှင့် သည်းခြေအိတ်ကိုသာထုတ်ယူပြီး ဝမ်းဗိုက်ကို နေသား မပျက် ပြန်ချုပ်ထားလိုက်သည်။

"လူပျိုရဲ့ နှလုံးသွေးနဲ့ သည်းခြေတော့ရပြီ၊ အပျိုစစ်စစ် ရဲ့နှလုံးသွေးနဲ့ သည်းခြေရပြီးရင်တော့ ဆေးဖော်လို့ရပြီ၊ ဒီဆေး အောင်မြင်သွားရင်တော့ ငါလိုချင်တာရပြီ"

ဟုလည်း စိတ်ထဲမှ ရေရွတ်နေလေသည်။

အလောင်းကို နေသားတကျဖြစ်အောင် ပြုပြင်ပြီးတော့ မှနောက်ဘက်မှပိတ်ထားသော တံခါးချပ်ကိုဖွင့်လိုက်လေသည်။ အပြင်ဘက်မှာတော့ မှောင်နေသည်။

"တာတေ အပြင်မှာရှိနေတယ် မဟုတ်လား၊ အထဲကို ဝင်လာခဲ့"

ဟုအမိန့်ပေးလိုက်သည်နှင့် ပုံပန်းသဏ္ဍာန်မှာကြောက် စရာကောင်းလှသည့် သရဲတစ်ကောင်အိမ်ထဲသို့ ဝင်လာလေ သည်။

"မင်းကို လူဖြစ်အောင် ငါလုပ်ပေးမယ်၊ ဟောဟိုစင် ပေါ်က အလောင်းကိုယ်ကိုသာ ဝင်ပေတော့"

ဟုပြောသည်နှင့် တာတေဟု အမည်ပေးထားသော သရဲက စင်ပေါ်မှာတင်ထားသော နက်ကျော်ကိုယ်ခန္ဓာထဲသို့



ဝင်ရောက်သွားလေတော့သည်။ ထိုသို့ဝင်ရောက်လိုက်သည်နှင့် နက်ကျော်မှာ ဖျပ်ခနဲမျက်လုံး ပြန်ပွင့်လာလေသည်။

ထို့နောက်လှဲနေရာမှ ထရန်ကြိုးစားလေသည်။ စော စောက ဝမ်းဗိုက်နေရာတွင် ခွဲထားသောဒဏ်ရာများမှာလည်း သရဲတာတေ ကိုယ်ထဲသို့ ဝင်ရောက်သွားပြီးနောက်တွင် မရှိ တော့ပေ။ ဝမ်းဗိုက်သားများမှာ အကောင်းပကတိ ပြန်ဖြစ်နေ လေပြီ။ နက်ကျော်က နေရာမှထထိုင်ပြီး ဟိုကြည့်ဒီကြည့် လုပ် နေလေသည်။

ထိုအခါ ဆရာကြီးက အနားကပ်လာပြီးပြောသည်။

"မင်းသတိပြန်ရလာပြီလား နက်ကျော်"

"ကျွန်တော် ဘယ်ရောက်နေတာလဲ ဆရာကြီး"

"မင်းက ငါ့ဆေးစီရင်တဲ့ အခန်းထဲရောက်နေတာပါ"

"ချောင်းပိတ်ရင်းနဲ့ ကျွန်တော့်ကို မြွေကိုက်လို့သေသွား ပြီလား ဆရာကြီး"

"မသေသေးပါဘူးကွာ၊ မေ့မျောနေတာကို လူတွေက သေတော့ သေပြီလို့ထင်နေကြတာပါ၊ အခု ငါက ဒီကိုခေါ်ပြီး ဆေးကုပေးလိုက်တော့ မင်းပြန်ကောင်းသွားပြီ မဟုတ်လား"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ကျွန်တော်က တော့ ကိုယ့်ကိုယ်ကို သေပြီလို့တောင် ထင်နေတာပါ၊ ဆရာကြီး ကြောင့်အသက်ပဲ ရှိပါတော့တယ်"

"အေး. . အခုလည်း သူတို့က မင်းကိုသေပြီဆိုပြီး စွန့် ပစ်ကြတော့မယ့်ဆဲဆဲမှာ ငါကသူတို့ဆီက အပြီးတောင်းယူလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ ဒီတော့ မင်းက ငါနဲ့ပဲနေရတော့မှာ"

"ကောင်းတာပေါ့ ဆရာကြီးရယ် ကျွန်တော်ကလည် အိမ်မှာမနေချင်တော့တာနဲ့ အတော်ပါပဲ၊ ဆရာကြီးနဲ့ပဲနေပြီ ဆရာကြီးခိုင်းတဲ့အလုပ်တွေကိုပဲ လုပ်ပါတော့မယ်"

ထိုစကားကြားသောအခါ ဆရာကြီးဇာဂရကျေနပ် ပြုံးရင်းဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်လေသည်။

နောက်ပိုင်း ရက်အနည်းငယ်ကြာသောအခါမှာ မြို့ မြိုင်ရွာထဲမှာ သွားလာနေသော နက်ကျော်တစ်ယောက်ကို ကြရသောကြောင့် အားလုံးမှာ အံ့သြနေကြလေသည်။ အား က သေပြီဟု ထင်ထားသော နက်ကျော်ကို ပြန်တွေ့ရသေ လည်း အမူအယာကတော့ ပြောင်းသွားလေသည်။

ရင်းနှီးခင်မင်သူများက ခေါ်ပြောနှုတ်ဆက်ကြသည် ပင် မမှတ်မိတော့သည့် အမူအယာဖြင့် မျက်လုံးပြူးကြီးနှင့် ကြည့်နေတတ်လေသည်။ တခြားသူ မဆိုထားနှင့်. . .

၎င်း၏ မိဘများဖြစ်ကြသော ကိုပေတလူနှင့် မမိဘေ တို့နှင့် ပြန်တွေ့သောအခါမှာပင် သူစိမ်းတစ်ယောက်ကဲ့သို့ မမှ မိတော့သကဲ့သို့ ဖြစ်နေပေတော့သည်။

နက်ကျော်တစ်ယောက်ကတော့ သေရွာမှပြန်လာသ သို့ အားလုံးကိုမေ့လျော့သွားဟန် ရှိလေသည်။





# အခန်း (၈)

# ရင်မောင်နှင့် နိမိတ်ဆိုးများ

ရင်မောင်တစ်ယောက် ဖျဉ်းမကုန်းရွာဘက်သို့ သွားကာ သူ့အလုပ်နှင့်သူ ရှုပ်နေတတ်သလို နီမောင်ကလည်း ကြာပိုက် ရွာသို့ သွားရသဖြင့် သဘောကျနေလေသည်။

အခြားတော့ မဟုတ်ပေ။

ရွာခံတစ်ဦးက ခေါ်သွားသဖြင့် ဆရာကြီးဦးဗန်ကောင်း နှင့်တွေ့ရပြီးနောက် ဆရာကြီးအသုံးပြုသော အယူတော်မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ဟုခေါ်သော ဓာတ်ပညာ၊ အတိတ်၊ နိမိတ်ကောက်သော ပညာများကို သဘောကျနေသောကြောင့် ဖြစ်သည်။

နီမောင်က ငယ်ရွယ်စဉ်ကတည်းက ထိုကဲ့သို့ထူးထူး ဆန်းဆန်းပညာရပ်မျိုးတွေ့လျှင် များစွာစိတ်ဝင်စားတတ်သူ ဖြစ် လေသည်။ သူသွားလျှင် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ပါ ပါလေ့ရှိသဖြင့် ဆရာကြီးထံသို့သွားလျှင်လည်း သုံးယောက် အတူပင်သွားကြလေသည်။

ရွာထဲမှာရစရာရှိသော စပါးကြွေး၊ ငွေကြွေးများကို လိုက်လံသိမ်းယူရာတွင် ချက်ချင်းတော့ မရကြပေ။ အချို့လည်း ကြေလည်အောင် မပေးနိုင်ကြသဖြင့် တောင်းပန်ပြောဆိုခြင်းမျိုး နှင့်လည်း ကြုံတွေ့ရလေသည်။ နီမောင်ကတော့ ဆင်းရဲသည် ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ မည်သူ့ကိုမဆို ချိုချိုသာသာ၊ ပြေ ပြေလည်လည်ဖြင့်ပြောဆိုသဖြင့် အားလုံးကခင်ကြသည်။

အချို့ပြေလည်အောင် မပေးနိုင်ကြသူများကပင် သူ့ကို ပြန်ပြီး အားနာနေကြရလေသည်။ နေ့လည်ဘက်တွင် ရွာထဲမှာ ရစရာရှိသော ကြွေးမြီများလှည့်လည်တောင်းယူပြီး ညနေစောင်း အချိန်ရောက်သည်နှင့် လှေကိုပါတစ်ပါတည်း ဦးဗန်ကောင်းအိမ် ဆိပ်သို့ ရွှေ့ယူသွားကြလေသည်။

ညနေပိုင်းအချိန် အိမ်ဆိပ်ကမ်းသို့ရောက်သည်နှင့် ရေ ချိုးထမင်းစားပြီးသည်နှင့် အပေါ်သို့တက်သွားကြလေ့သည်။ ဦး ဗန်ကောင်းကလည်း တစ်ယောက်တည်းနေသူဖြစ်ရာ နီမောင် တို့ ရောက်လာသောအခါ စကားပြောဖော်ရသဖြင့် များစွာသ





ဘောကျနေဟန် ရှိပေသည်။

နီမောင်တို့ရောက်သွားလျှင် ၎င်းထံမှာရှိသော အစား အသောက်များကို ချကျွေးပြီး ရှေ့ဖြစ်နောက်ကြောင်းများကို ပြောပြလေ့ရှိသည်။

ထို့ပြင် နီမောင်တို့ သိလိုသဖြင့်မေးသောအကြောင်း အရာတို့ကိုလည်း စိတ်ရှည်လက်ရှည်ဖြင့် ရှင်းလင်းပြောပြပေး လေ့ရှိသည်။

ယနေ့ညနေပိုင်းမှာတော့ . နီမောင်တို့သုံးယောက် ထမင်းစားသောက်ပြီး အပေါ်တက်သွားသောအချိန်မှာပင် လူ သုံးယောက်ရောက်လာကြသည်။ ယောကျ်ားတစ်ယောက်နှင့် မိန်းမနှစ်ယောက်တို့ဖြစ်သည်။ အသက်အရွယ်ကတော့ သုံး ဆယ်ကျော် လေးဆယ်အရွယ်ခန့်သာ ရှိကြသေးသည်၊ ၎င်းတို့ ထံမှာလည်း ခံတောင်းတစ်လုံးဖြင့် ထည့်ယူလာသောပစ္စည်းအ ချို့ ပါလာကြသည်။

၎င်းတို့သည် လှေငယ်တစ်စင်းဖြင့် လာကြခြင်းဖြစ်ပြီး အခြားရွာတစ်ရွာမှ လာကြခြင်း ဖြစ်ဟန်တူသည်။

"ဘယ်ကလာကြတာလဲ"

"ပြန်မလော့ရွာကပါ"

"ဘယ်အတွက်ရောက်လာကြတာလဲ"

"ကျွန်မသားလေး သရဲဖမ်းစားခံရလို့ပါ ဆရာကြီးရယ်၊ ဒါကြောင့် ဖြစ်နိုင်ရင် လိုက်ကြည့်ပေးဖို့ ဆရာကြီးကိုလာခေါ် တာပါ"



www.burmeseclassic.com

www.burmeseclassic.com


ပြန်မလော့ရွာက သူတို့နေသောရွာနှင့် အနည်းငယ်ဝေးသည်။

ဦးဖန်ကောင်းက မျက်မှောင်ကျုံ့လျက် စဉ်းစားနေရာမှ မေးလိုက်သည်။

"ဘယ်အရွယ်ရှိပြီလဲ"

"(၁၂)နှစ်ပဲ ရှိပါသေးတယ်"

"နာမည်က ဘယ်သူတဲ့တုန်း"

"မောင်ရွှေ လို့ခေါ်ပါတယ်"

"ဘယ်လိုဖြစ်တယ်ဆိုတာလည်း ပြောပါဦး"

"ညက ငါးဖမ်းသွားရင်းနဲ့ လှေပေါ်မှာအိပ်ပျော်သွားတယ်၊ အိပ်မက်ထဲမှာ သရဲတစ်ကောင်က သူ့ဗိုက်ကိုဖောက်ပြီး အူတွေအသည်းတွေ နှုတ်ယူနေတာတွေ့လို့ လန့်နိုးသွားတယ်၊ အဲဒီကတည်းက ကယောင်ချောက်ချားဖြစ်ပြီး သတိမရတော့တာအခုအချိန်အထိပါပဲ"

ဟု မိန်းမကြီးတစ်ယောက်က ပြောပြလေသည်။

ဦးဖန်ကောင်းက အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြန်ပြောလိုက်သည်၊

"တခြားဘာလုပ်စရာ ရှိသေးလဲ"

"ကြာပိုက်နတ်ရုပ်ကြီးကို ပူဇော်ပြီး ကျွန်မသားလေး အသက်ချမ်းသာရာရဖို့ ဆုတောင်းပေးပါဆရာကြီး"

"လုပ်ပေးပါမယ်၊ ဒါပေမယ့် ကျုပ်ကတော့ အချိန်မရှိတော့လို့ အခုမလိုက်နိုင်သေးဘူး၊ ခင်ဗျားသားအတွက် ဆေးနဲ့ ခြေမန်းကွင်းပေးလိုက်ပါ့မယ်၊ မနက်လင်းလို့ သတိပြန်ရလာရင် တစ်ခေါက်လာခေါ်ပါ၊ အဲဒီတော့ လိုက်ပြီးကုသပေးပါ့မယ်"

ဟုပြောဆိုပြီးနောက် ၄င်းတို့ယူဆောင်လာသော အမွှေးတိုင်၊ ဖယောင်းတိုင်၊ လက်ဖက်၊ ကွမ်းယာနှင့် အခြား စားသောက်ဖွယ်ရာတို့ကို အိမ်ရှေ့၌ရှိသော ကြာပိုက်နတ်ရုပ်ကြီးရှေ့သို့ချကာ ဆုတောင်းမေတ္တာများ ပို့သပေးနေလေသည်။

ထို့နောက် နတ်ရုပ်ကြီးလည်ပင်း၌ ဆွဲပေးထားသောခြေမန်းကွင်းတစ်ကွင်းနှင့် ၄င်းထံမှပရိတ်ကြိုး၊ ဆေးအချို့ပေးလိုက်ရာ လူနာရှင်များလည်း မျက်နှာမသာမယာဖြင့် ပြန်သွားကြလေတော့သည်။

ဦးဖန်ကောင်းကတော့ လှေဖြင့်ထွက်သွားသော သူတို့ကိုလှမ်းကြည့်ရင်း သက်ပြင်းချလိုက်လေသည်။

"ဆရာကြီး ဘာကြောင့်လိုက်မသွားတာလဲ"

နီမောင်ကလေးလိုက်သည်။

"ငါလိုက်သွားလည်း သူတို့လူနာက အသက်ပြန်ရှင်တော့မှာမှမဟုတ်တာ၊ သူတို့ပြန်ရောက်သွားတဲ့အချိန်မှာ လူနာက သေနေလောက်ပါပြီ"

"ဘယ်လိုကြောင့်သိတာလဲ ဆရာကြီး"

"သူတို့လာတဲ့အချိန်နဲ့ နေ့သား၊ ပြောတဲ့စကားတွေကို နိမိတ်ကောက်ပြီးတော့ သိနိုင်တာပေါ့"

"နည်းနည်းလောက် ရှင်းပြပေးပါဦး ဆရာကြီး"

"လူနာရဲ့ နာမည်က မောင်ရွှေ၊ အသက်က (၁၂)နှစ်၊

www.burmeseclassic.com

မောင်ကိုဖယ်ပြီး ရှေ့ကိုကောက်ရင် ဗုဒ္ဓဟူးနံပေါ့။ ဒီကနေ့က ဗုဒ္ဓဟူးနေ့ပဲ၊ ဒါပေမယ့် မွန်းလွဲ (၁၂)နာရီနောက်ပိုင်း ရာဟုချိန် ရောက်နေပြီ"

"ဟုတ်ကဲ့"

"တစ်နေ့မှာ အချိန်ပိုင်း ရှစ်ချိန်ရှိတယ်၊ ကောင်းတဲ့ အချိန်က လေးချိန်၊ မကောင်းတဲ့အချိန်က လေးချိန်ရှိတယ်. .၊ ဗုဒ္ဓဟူးနေ့မှာ (၁၊ ၃၊ ၅၊ ၈) ဆိုတဲ့အချိန်တွေ ကောင်းပြီး (၂၊ ၄၊ ၆၊ ၇) စတဲ့အချိန်တွေက ညံ့တယ်၊ အခု (၆)နာရီ နဲ့ (၇)နာရီကြား အချိန်ဆိုတော့ အပုတ်ချိန်ဖြစ်နေတယ်၊ မကောင်းဘူး"

"ဟုတ်ကဲ့"

"ဗုဒ္ဓဟူးသားဖြစ်တဲ့အပြင် အသက် (၁၂)နှစ်၊ (၁၂)နှစ် က ရာဟုဂြိုလ်သက်ဖြစ်နေတယ်၊ ရာဟုအခါချိန်မှာ ရာဟုဂြိုလ် သက်ရောက်နေတဲ့ကလေးက မကောင်းနိုင်ဘူး၊ ဗုဒ္ဓဟူးနဲ့ရာဟု ကလည်း 'ဝေရီ' ဆိုတဲ့ ရန်မာတ်ဖြစ်နေတော့ ဒီကလေးအသက် ရှင်ဖို့ မလွယ်တော့ဘူး၊ ဒါကြောင့် လိုက်မသွားတော့တာပဲ"

ဟုပြောပြလေသည်။

နီမောင်ကတော့ ဦးဇန်ကောင်းပြောပြနေသော မာတ် ပညာ၊ အတိတ်နိမိတ်ကောက်သောပညာတို့ကို များစွာစိတ်ဝင် စားနေလေသည်။

"ကျွန်တော်ကတော့ ဆရာကြီးဆီက အဲဒီပညာမျိုးကို သိပ်ပြီးသဘောကျပါတယ်၊ သင်လည်းသင်ချင်ပါတယ်"

"ဝါသနာပါလို့ သင်ချင်ရင် လာသင်ပေါ့ကွာ"





ထိုသို့စကားပြောနေရင်းမှ ညဉ့်နက်ပိုင်းအချိန်ရောက် တော့ လှေသို့ပြန်ဆင်းလာကြသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ ရွာသို့ ပြန်ကြတော့မည်ဖြစ်သောကြောင့် နီမောင်က ဆရာကြီးဦးဇန် ကောင်းအား နှုတ်ဆက်ရန် ကမ်းပေါ်သို့တက်သွားလေသည်၊ စောထီးနှင့် ငမဲအောင်တို့ကတော့ မလိုက်တော့ဘဲ လှေထဲမှာပင် ကျန်ခဲ့ကြလေသည်။

နီမောင်က ဆရာကြီးအားနှုတ်ဆက်ရင်းဖြင့် ကမ်းပေါ် သို့တစ်ခေါက်တက်သွားခြင်းမှာ ဆရာကြီးအားမေးလိုသော အကြောင်းအရာတစ်ခုရှိနေသောကြောင့် ဖြစ်သည်၊

သူအပေါ်ရောက်ပြီး မကြာမီ တံတားဆိပ်သို့ လှေတစ် စင်းကပ်လာပြီး လူတစ်ယောက် အပေါ်သို့တက်လာလေသည်။ ညဦးပိုင်းက ဆေးဆရာလာပင့်သော သုံးယောက်ထဲမှ တစ် ယောက်ပင်ဖြစ်လေသည်။ သူ့ကိုမြင်တော့ ဦးဇန်ကောင်းက မေးလိုက်သည်။

"အခြေအနေ ဘယ်လိုရှိသလဲ မောင်ရင်"

"ညနေက ကျွန်တော်တို့ပြန်ရောက်သွားတော့ လူနာက ဆုံးသွားပါပြီ၊ ကျွန်တော်တို့တောင် အသက်မမီတော့ပါဘူး"

"ဖြစ်ရလေကွယ်၊ ကြားရတာစိတ်မကောင်းပါဘူး"

"ဘယ်တတ်နိုင်ပါ့မလဲ ဆရာကြီးရယ်၊ ကံတရားပဲပေါ့"

"အဲ. . အခုဘာများလိုသေးသလဲ"

"မလိုတော့ပါဘူးဆရာကြီး လူနာဆုံးသွားတဲ့အကြောင်း.


www.burmeseclassic.com

www.burmeseclassic.com

ကို ဆရာကြီးကိုလည်းပြောရင်း၊ ဒီရွာမှာရှိတဲ့ဆွေမျိုးသားချင်းတွေကိုလည်း အကြောင်းကြားဖို့လာပါ၊ ကျွန်တော်သွားပါဦးမယ် ဆရာကြီး"

ဟုပြောဆို နှုတ်ဆက်ပြီးနောက် လှေဆိပ်သို့ပြန်ဆင်းသွားလေတော့သည်။

နီမောင်ကတော့ ဆရာကြီးပြောတာ မှန်ကန်လှသောကြောင့် ထိုပညာကို သဘောအကျကြီးကျနေလေသည်။ သို့သော်လည်း ဒီတစ်ခေါက်တော့ဖြင့် အချိန်မရတော့ပေ။ မကြာမီ လှေပြန်ထွက်ရတော့မည်မို့ မေးလိုသောမေးခွန်းကို မေးရလေသည်။

"နောက်တစ်ခေါက်ရောက်ဖို့ကလည်း အတော်ကြာဦးမှာဆိုတော့ အခုရောက်တုန်း သိချင်တာလေးမေးပါရစေ ဆရာကြီး"

"မေးပေါ့ကွယ်"

"ကျွန်တော့်အကြောင်းတော့ မဟုတ်ပါဘူး၊ ကျွန်တော့်ညီလေးအကြောင်း မေးချင်တာပါ"

"ဘာသိချင်နေလို့လဲ"

"သူ့နာမည်က ရင်မောင်လို့ခေါ်ပါတယ်၊ အသက်က အခုမှ (၂၀)ကျော်လောက်ပဲရှိပါသေးတယ်၊ သူက ဟိုဘက်ရွာက မိန်းကလေးတစ်ယောက်ကို နှစ်သက်သဘောကျနေတယ်"

ဦးဗန်ကောင်းက လက်ဖက်ရည်သောက်နေရင်းမှ . . ခေါင်းညိတ်ပြလေသည်။





"အဲဒါ သူ့အခြေအနေအဆင်ပြေပါ့မလားလို့ သိချင်ပါတယ်ဆရာကြီး"

ထိုသို့မေးသောအခါ ဆရာကြီးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ခေါင်းခါပြသည်။

"အဆင်မပြေပါဘူး၊ ဒါအပြင် မကြာခင်မှာသူ့အတွက် အန္တရာယ်တစ်ခုနဲ့ တွေ့ကြုံရလိမ့်မယ်"

"ဘယ်လို အန္တရာယ်မျိုးလည်း ဆရာကြီး"

"သရဲသဘက်တွေ နှောင့်ယှက်တဲ့အန္တရာယ်မျိုးပေါ့"

"ဒါ. . ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"သူ့ကို အဲဒီရွာဘက်မသွားအောင် တားမြစ်ထားပေါ့ကွယ်"

"ဒါကို ဆရာကြီး အတိတ်ကောက်ပြီးပြောတာပဲလား" ခေါင်းညိတ်ပြသည်။

"ဘယ်လို အတိတ်ကောက်ယူတာလဲ"

"မင်းရှေ့မှာတင် စောစောက အတိတ်နိမိတ်လာပြောသွားတာ သတိမထားမိလိုက်ဖူးလား၊ သေသွားတဲ့ကလေးက မောင်ရွှေကြာသပတေးနဲ့ ဗုဒ္ဓဟူး၊ မင်းညီကရင်မောင် ဗုဒ္ဓဟူးနဲ့ ကြာသပတေး"

"ဟုတ်ကဲ့"

"သေတဲ့သူက (၁၅)နှစ်၊ မင်းညီက ၂၀ကျော်ဆိုတော့ (၂၁)နှစ်ပေါ့၊ တူမနေဘူးလား၊ မောင်ရွှေက သရဲဖမ်းစားတယ်လို့ အိပ်မက်မက်ပြီးတော့ လန့်သေရတယ်၊ ရင်မောင်ကျရင်


www.burmeseclassic.com

www.burmeseclassic.com



တော့ အိပ်မက်နဲ့တွေ့ရတော့မှာ မဟုတ်ဘူး၊ လက်တွေ့ကြုံပြီး ဒုက္ခရောက်ရလိမ့်မယ်၊ မင်းတို့မိသားစုလည်း အတော့်ကို စိတ်ဒုက္ခ ကြရလိမ့်မယ်"

ဟုပြောနေစဉ် ကမ်းစပ်ဘက်မှာရှိသော လမုတောများ အတွင်းမှာ ရေတက်ချိန်အော်လေ့ရှိသော ဘုတ်ငှက်များ အော် သံက အဆက်မပြတ်ပေါ်လာကြလေတော့သည်။

"ပူး ပူး ပူ"

"ပူး ပူး ပူ"

ချောင်းနား မြောင်းနားမှာ နေသူဖြစ်သဖြင့် ရေတက် ကာနီးအချိန်နှင့် ရေကျကာနီးအချိန်တွင် ဘုတ်ငှက်များအော် သံကို နေ့စဉ်ကြားရလေ့ရှိသည်။ မထူးဆန်းပေ။

ဒီတစ်ခါမှာတော့ ဘုတ်ငှက်အော်သံကြားရသောအခါ စိတ်ထဲမှာ လန့်သွားလေသည်။

ကြက်သီးမွေးညှင်းများ ထလာသကဲ့သို့ စိမ့်ခနဲဖြစ်သွား မိလေသည်။

"ရေတက်တော့မယ် ဆရာကြီး၊ ကျွန်တော်တို့သွားကြ တော့မယ်"

"အေးအေး အကြောင်းကိစ္စအရေးကြီးရင်လည်း ငါ့ဆီ အချိန်မရွေးလာခေါ်ပေါ့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာကြီး"

ထို့နောက် နီမောင်တို့လည်း ကြာပိုက်ရွာမှပြန်ထွက်လာ ကြလေသည်။ ဒီတစ်ခေါက် နီမောင်စိတ်ထဲမှာ လေးနေသလို





ခံစားနေရလေသည်။ သူ့အတွက်တော့ မဟုတ်ပေ၊ ညီဖြစ်သူ ရှင်မောင်အတွက် စိတ်သောကရောက်နေခြင်းဖြစ်ပေသည်။

ရွာသို့ပြန်ရောက်ပြီး ရှင်မောင်နှင့်တွေ့သောအခါ နီ မောင်ကမေးသည်။

"ရှင်မောင် မင်းတို့ဘက်ရွာသွားနေတာ အခြေအနေ ဘယ်လိုရှိနေပြီလဲ"

"မကောင်းသေးပါဘူး အစ်ကိုရာ သူကကျွန်တော့်ကို လက်ခံချင်ပုံမရဘူး"

"ကိုယ့်ကို မကြိုက်ရင်လည်း နောက်ဆုတ်ပေးလိုက်ပေါ့ ညီလေးရာ၊ မင်းအနေနဲ့ဆိုရင် တခြားသာတာတွေ အများကြီး ရနိုင်ပါတယ်"

ဖြောင်းဖျပြောဆိုလေသည်။

"ဟာ. . အစ်ကိုကလည်း၊ ကိုယ်သဘောကျတဲ့ မိန်းက လေးတစ်ယောက်ကို မရတာနဲ့ နောက်တစ်ယောက်ပြောင်း ချစ် ရမယ်ဆိုတာ မဟုတ်သေးပါဘူး၊ ကျွန်တော်ကတော့ အဲသည်လို အလုပ်မျိုး ဘယ်တော့မှမလုပ်ဘူး သူ့ကိုမရရအောင် ကြိုးစား မှာပဲ၊ မရခဲ့ရင်လည်းနောက်ထပ် ဘယ်သူကိုမှ မလိုချင်တော့ ဘူး"

"မဖြစ်နိုင်တာကို အတင်းကြိုးစားနေရင် တစ်နေ့ကျရင် မင်းကိုအန္တရာယ်ဖြစ်မှာစိုးလို့ တားနေတာပါကွာ"

ရှင်မောင်ကတော့ လက်ခံချင်ပုံမရပေ။

နီမောင်ကို ရယ်ကျဲကျဲ အမူအယာဖြင့် တစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်လေသည်။

"ဘာလဲ အစ်ကိုကသူ့ကို စိတ်မကုန်သေးလို့လား၊ ကျွန်တော်စိတ်ပျက်ပြီး နောက်ဆုတ်သွားရင် တစ်ကျော့ပြန်ပြီး ကြိုးစားချင်နေသေးလို့လား"

"မဟုတ်ပါဘူးကွာ မင်းကိုညီတစ်ယောက်အနေနဲ့ စေတနာနဲ့ သတိပေးတာပါ၊ မင်းကိစ္စမှာ ဝင်ရှုပ်ချင်လို့ မဟုတ်ပါဘူး ငါ့စေတနာကိုတော့ မစော်ကားပါနဲ့"

ဟုစိတ်မကောင်းသောအသံဖြင့် ပြောလိုက်တော့မှ ရင်မောင် အမူအယာပြင်သွားလေသည်။

"အလကားစတာပါ အစ်ကိုရယ်၊ အစ်ကို့စေတနာကို ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ကျွန်တော့်အတွက်က ဘာမှ အန္တရာယ်အနှောင့်အယှက်မရှိပါဘူး၊ သူ့ကိုကျွန်တော့်ဘာသာ ကြိုးစားကြည့်ဦးမယ်၊ မရတော့ဘူးဆိုမှ အဖေအမေတို့ကိုပြောပြီး တောင်းရမ်းခိုင်းရမယ်"

"မင်းက စိတ်အားထက်သန်နေတော့လည်း လုပ်ပေါ့ကွာ၊ ဒါပေမယ့်ဘာပဲလုပ်လုပ် သတိဝိရိယလေးနဲ့တော့ လုပ်ပါ၊ ပတ်ဝန်းကျင်မှာ ကိုယ်မမြင်နိုင် မသိနိုင်တဲ့ အန္တရာယ်တွေ အများကြီးရှိတယ်ကွ"

"စိတ်ချပါ အစ်ကိုရာ ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ ကျွန်တော်လည်း ငယ်တော့တာမဟုတ်ပါဘူး၊ နောက်ပြီး ကျွန်တော်သွားရင် အဖော်တွေပါပါတယ်၊ သန်းရွှေတို့ နက်ကျော်တို့က အားကိုးရပါတယ်"





ဟုပြောပြီး ထိုနေရာမှ ထွက်သွားလေသည်၊

နီမောင်အနေကတော့ ယခုအခြေအနေတွင် တန်ခိုးရှင်လည်းမဟုတ်၊ ပညာရှင်တစ်ယောက်လည်း မဟုတ်သောကြောင့် ဘယ်အရာကိုမှ ကြိုတင်ပြီး တိတိကျကျမပြောနိုင်သေးပေ။

ထို့ကြောင့် စိတ်မချမ်းမြေ့စွာဖြင့် သက်ပြင်းချရုံသာ တတ်နိုင်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

# ရင်မောစရာ အတွေးစများ

ရင်မောင်နှင့်ပတ်သက်ပြီး နီမောင်တို့မိသားစုမှာ စိတ်တထင့်ထင့်ဖြင့် စိတ်ပူနေကြရသလို မြနှင်းဖြူတို့မိသားစုမှာလည်း စိတ်အနှောင့်အယှက်ဖြစ်နေကြရပေသည်။

တစ်နေ့တော့မိခင်ဖြစ်သူ ဒေါ်မယ်ဖြူက မြနှင်းဖြူကို မေးမြန်းနေလေသည်။

"နံ့သာမြိုင်ရွာက ဦးဘရှိန်ရဲ့သား အငယ်ကောင်ကတော့ ဒီအိမ်ကိုအတော်လေး အသွားအလာများနေတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကာမှလွဲရော ငါ့သမီးကို လာဝဲနေတာထင်ပါရဲ့”

မြနှင်းဖြူကတော့ ဘာမှပြန်မပြောပေ။

ဒေါ်မယ်ဖြူကတော့ ငယ်ရာမှကြီးလာသူမို့ သမီးဖြစ်သူ

က ဘာမှပြန်မပြောသော်လည်း. . အခြေအနေကိုသိတန်သ

လောက် သိလေသည်။

“ဦးဘရှိန်တို့မှာက သားနှစ်ယောက်ပဲရှိတယ်၊ အကြီး

ကောင်လေးက နီမောင်၊ အငယ်ကောင်လေးကရင်မောင်၊ ဒီကို

လာနေတဲ့ရင်မောင်လည်း ကြည့်ရတာတော့ ဆိုးပုံမရပါဘူး၊ နင့်

သဘောထားကရော ဘယ်လိုလဲ”

ဟု မေးလေသည်။

“သူကတော့ သူ့သဘောထားကို ဖွင့်ပြောပြီးပါပြီ၊ ကျွန်မ

သဘောကတော့ လက်မခံချင်ဘူး”

“ဘာဖြစ်လို့လဲ တခြားရည်စူးထားတဲ့သူ ရှိနေလို့လား”

မြနှင်းဖြူက အတော်ကြာအောင် ငြိမ်သက်သွားပြီး

ခေါင်းခါပြလေသည်။

“ငါ့အနေကတော့ အမေတစ်ယောက်အနေနဲ့ပြောရ

ရင်တော့ သူတို့မိသားစုတွေက ရိုးသားမှုလည်းရှိတယ် မိသား

လည်းသိပ်မများဘူး၊ နောက်ပြီး ပစ္စည်းဥစ္စာကလည်းပြည့်စုံတယ်

ကိုယ့်ဘဝကိုယ်ထူထောင်ဖို့ စိတ်ကူးထားရင် ဒီကလေးမျိုးနဲ့

တော့ သင့်တော်မယ်ထင်တာပဲ”

“ကျွန်မ အဲဒီအကြောင်းတွေကို မစဉ်းစားချင်သေးလို့ပါ

အမေရယ်”





ဟု ပြောလိုက်သောအခါ ဒေါ်မယ်ဖြူလည်း နောက်

ထပ်ထွေထွေထူးထူးထပ် မပြောတော့ပေ။

တစ်နေ့တော့ မြနှင်းဖြူတစ်ယောက်တည်းပြန်လာစဉ်

တစ်နေရာရောက်တော့ သူမြင်ဖူးသောလူတစ်ယောက်ကို မ

မျှော်လင့်ဘဲတွေ့ရသဖြင့် စိတ်ထဲမှာ အံ့သြသွားလေသည်။ ဇဝေ

ဇဝါလည်း ဖြစ်သွားသည်။ အခြားမဟုတ်ပေ. . ။

ရင်မောင်လာတိုင်း အဖော်အဖြစ် အမြဲပါလာလေ့ရှိ

သော နက်ကျော်ဆိုသူကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

နက်ကျော်ကိုမြင်တော့ အိမ်သို့ရင်မောင်များရောက်နေပြီလား

ဟု ထင်လိုက်မိသည်။

အချိန်က ညနေဘက် နေဝင်ရီတရောအချိန်ဖြစ်နေ

သောကြောင့် သဲသဲကွဲကွဲမြင်ရသည်တော့ မဟုတ်ပေ။ နက်

ကျော်ကိုမြင်တော့ မိမိကိုလာရောက်နှုတ်ဆက်လေမည်လားဟု

စိတ်ထဲမှာထင်လိုက်မိသော်လည်း မလာပေ။ အမှောင်ရိပ်ထဲမှ

ရပ်ကာ သူမကိုစူးစူးစိုက်စိုက်လှမ်းကြည့်နေပြီးနောက် အမှောင်

ရိပ်ထဲသို့ ပြန်လှည့်ဝင်သွားလေတော့သည်။

မြနှင်းဖြူလည်းစိတ်ထဲမှ စိုးရိမ်စိတ်ဖြင့် ဆက်လျှောက်

လာလေသည်။

“ရင်မောင်နဲ့အတူပါလာတဲ့ နက်ကျော်ပါပဲ၊ လူတူနေလို့

များလား၊ ငါတို့ရွာမှာလည်းသူနဲ့တူတာ တစ်ယောက်မှမရှိပါဘူး၊

နက်ကျော်ဆိုရင် ငါနဲ့သိနေတာပဲ ထွက်လာပြီးနှုတ်ဆက်ရမှာ

ပေါ့၊ ဒါမှမဟုတ် သူတို့အကြံအစည်တစ်ခုခုရှိနေလို့များ ပုန်းလျှိုး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လျှိုး လုပ်နေတာလား”

ဟုတွေးမိသောအခါပိုပြီး စိုးရိမ်စိတ်ဝင်လာမိလေသည်။ ရင်မောင်က သူ့အဖော်များခေါ်လာပြီး သူမအားအကြမ်းနည်းဖြင့် ခေါ်သွားလေမလားဟု တွေးမိသဖြင့်ခြေလှမ်းသွက်သွက်ဖြင့် မိမိနေအိမ်ရောက်အောင် ပြန်ခဲ့ရလေသည်။ အိမ်ပြန်ရောက်တော့သူ့အမူအယာကိုကြည့်ပြီး မိခင်ဖြစ်သူကမေးလေသည်။

“ဟဲ့. . မြနှင်းဖြူရေးကြီးသုပ်ပြာနဲ့ ဘယ်လိုဖြစ်လာတာလဲ၊ နင်ကြည့်ရတာနောက်ကလူလိုက်လာတဲ့အတိုင်းပဲ ဘာဖြစ်လာတာလဲ”

“ဘာမှမဖြစ်ပါဘူးအမေရဲ့၊ ဒါထက် ရင်မောင်တို့ရောက်နေသလားဟင်”

ထိုသို့မေးသဖြင့် ဒေါ်မယ်ဖြူမှာအံ့ဩသွားဟန်ရှိလေသည်။

“ဟင့်အင်း. . မရောက်ပါဘူး”

“သူနဲ့အတူလာလာနေတဲ့ နက်ကျော်ကို ရွာအစွန်ဘက်မှာ တွေ့မိလိုက်သလားလို့မေးတာပါ”

“ဒီတော့မလာသေးဘူး၊ တခြားနေရာကို ကိစ္စရှိလို့လာတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့”

ထိုနေ့က ညအချိန်ရောက်သည်အထိတော့ ရင်မောင်တို့ရောက်မလာကြပေ။

မြနှင်းဖြူကတော့ စိတ်ထဲမှာ ဇဝေဇဝါနှင့်တထင့်ထင့်ဖြစ်နေလေသည်။





သူမထင်နေသလို ရင်မောင်ရောက်မလာသော်လည်း နောက်ထပ်သုံးရက်ခန့်ကြာသောအခါ နီမောင်တော့ရောက်လာလေသည်။

နီမောင်ရောက်လာသောအချိန်မှာ နေ့လည်ပိုင်းအချိန်ဖြစ်နေပြီးအိမ်၌ မြနှင်းဖြူတစ်ယောက်တည်းရှိနေသောအချိန်ဖြစ်သည်။ မြနှင်းဖြူမှာ နီမောင်ရောက်လာသောကြောင့် စိတ်ထဲမှ အံ့ဩသွားလေသည်။

“ကိုနီမောင် ဘယ်ကလှည့်လာတာလဲ”

“ဒီကိုပဲလာခဲ့တာပါပဲ”

“ကိစ္စရှိလို့လားဟင်”

“ရင်မောင်တစ်ယောက်ရွာကို ပြန်မလာတာသုံးလေးရက်လောက်ရှိနေပြီ၊ ဘယ်သွားမယ်ဆိုတာလည်း ပြောမသွားဘူး၊ ဒါကြောင့် ဒီရွာများရောက်နေသလားလို့ လာပြီးစုံစမ်းကြည့်တာပါ”

နီမောင်ကတော့ စကားကိုအဆင်ပြေအောင်ပြောသော်လည်း မြနှင်းဖြူကတော့သူပြောသည့် အဓိပ္ပာယ်ကိုသဘောပေါက်လေသည်။

“ဟင့်အင်း. . ကျွန်မတို့အိမ်တော့မလာပါဘူး၊ ရွာထဲမှာရောက်နေတယ်လို့လည်း သတင်းမကြားမိပါဘူး”

နီမောင်မျက်နှာပေါ်မှာ များစွာစိတ်သောကရောက်နေသောအမူအယာမျိုးပေါ်နေလေသည်။

“အကူအညီလိုတာရှိရင်ပြောပါ ကိုနီမောင်၊ ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



တက်နိုင်တဲ့ကိစ္စဆိုရင် အကူအညီပေးပါ့မယ်"

နီမောင်ကသက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချ လိုက်ရင်းနှင့်ပြောသည်။

"အမှန်ပြောရရင်တော့ ကျွန်တော့်ညီလေးရင်မောင်က မြနှင်းဖြူကိုစွဲစွဲလမ်းလမ်းဖြစ်နေပါတယ်"

"ကျွန်မကတော့သူ့ကို မိတ်ဆွေတစ်ဦးလိုပဲ ခင်မင်ပါ တယ်"

"သူ့ကြည့်ရတာ မြနှင်းဖြူရဲ့မေတ္တာကိုမှမရရင် တစ်ခုခု ဖြစ်တော့မလို ဖြစ်နေတယ်ဗျာ"

"ဒါပေမယ့် ဒီကိစ္စမျိုးတော့ကျွန်မအနေနဲ့ ဘယ်လိုအကူ အညီပေးနိုင်ပါ့မလဲရှင်၊ ဒါမျိုးဆိုတာ ဘဝတစ်လျှောက်လုံးနဲ့ သက်ဆိုင်တဲ့ကိစ္စမျိုးဖြစ်သလို ဘဝနဲ့ရင်းပြီးဆုံးဖြတ်ရတဲ့ကိစ္စမျိုး မဟုတ်လား၊ လူတစ်ယောက်ရဲ့အလိုဆန္ဒပြည့်ဖို့ ကျွန်မဘဝ တစ်ခုလုံးပုံအပ်တာမျိုးတော့ ကျွန်မဘယ်တော့မှ လုပ်ပေးနိုင် မယ် မထင်ဘူး"

ထိုစကားကြားတော့ နီမောင်ကသက်ပြင်းတစ်ချက်ထပ် ချလိုက်ပြန်သည်။

"ကျွန်တော်ပြောတာက ဒီသဘောမျိုးမျိုးမဟုတ်ပါဘူး ရင်မောင်က အသက်အရွယ်ကလည်း ငယ်သေးတော့ မထင်တာ တွေလျှောက်လုပ်နေမှာစိုးလို့ စိတ်ပူနေကြတာပါ။ ဒါကြောင့်ဒီရွာ ကိုများရောက်နေသလားလို့ လာပြီးစုံစမ်းကြည့်တာပါ။ ကျွန်တော် ကိုတော့တစ်မျိုးမထင်ပါနဲ့"





"ကျွန်မ ကိုနီမောင်ကို နားလည်ပါတယ်၊ တစ်ခုတော့ရှိ တယ် လွန်ခဲ့တဲ့သုံးရက်လောက်က ကျွန်မရွာဖျားဘက်သွားတုန်း က ရင်မောင်ကိုတော့မတွေ့ဘူး၊ သူလာရင် အမြဲပါပါလာတဲ့ လူတစ်ယောက်တော့ တွေ့လိုက်မိတယ်"

"ဟုတ်လား၊ ဘယ်သူလဲဟင်"

"သူ့နာမည်က နက်ကျော်လို့ခေါ်တယ်၊ သူက မဲဇာမြိုင် ရွာမှာနေတယ်လို့ ပြောဖူးတယ်၊ ကိုနီမောင် မဲဇာမြိုင်ရွာကို တစ် ချက်ဝင်ပြီး စုံစမ်းကြည့်ပါလား"

"ဒီလိုဆိုရင်တော့ ဒီကအပြန်မှာ မဲဇာမြိုင်ရွာကိုဝင်ပြီး စုံစမ်းကြည့်ပါ့မယ်၊ ကဲ. . ကျွန်တော်ပြန်တော့မယ်"

"အိုး. . ချက်ချင်းကြီးပါလား၊ မနက်စာ ထမင်းမစားရ သေးဘူးမဟုတ်လား၊ ရောက်တုန်းရောက်ခိုက် ကျွန်မပြင်ပြီး ကျွေးပါရစေ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ထမင်းလည်းမစားတော့ပါ ဘူး သူ့အတွက် အဖေနဲ့အမေက သိပ်ပြီးစိတ်ပူနေကြလို့ မြန်မြန် ပြန်သွားပြီး အကျိုးအကြောင်းပြောပြရမယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီး နောက်ပြန်သွားလေတော့ သည်။ ဒီတစ်ခါမှာတော့ သက်ပြင်းရှည်ချရသူက မြနှင်းဖြူပင် ဖြစ်ပေတော့သည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကတော့ မျဉ်းမကုန်းရွာမှအပြန်တွင် မဲဇာမြိုင်ရွာသို့ ဝင်ကြလေသည်။ ထိုရွာသို့ရောက်ပြီး နက်ကျော်ကိုစုံစမ်းကြည့်တော့ သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



အမေနေသောအိမ်သို့ ရောက်အောင်လမ်းညွှန်ပေးကြသည်။

ထိုအိမ်ရောက်တော့ အိမ်ရှေ့မှာ အရက်သောက်နေသော ကိုပေတလူနှင့်တွေ့ရလေသည်။

"ဘာကိစ္စရှိလို့လဲ"

အရက်မူးနေသောအသံဖြင့် မေးသည်။

"နက်ကျော်နဲ့တွေ့ချင်လို့ပါ"

"နက်ကျော်က ဒီမှာမနေတော့ဘူး၊ ငါတို့သားလည်း မဟုတ်တော့ဘူး"

ထိုစကားကြားတော့ အံ့ဩသွားလေသည်။

"သူ့ကို ဘယ်နေရာမှာတွေ့ရမလဲ"

"ငါလည်း မသိဘူး၊ သူဘယ်နေရာမှာ နေတယ်ဆိုတာတောင် မသိဘူး"

ဟုပြောဆိုပြီး အရက်သောက်နေသောကြောင့် ဆက်မမေးတော့ပဲ လှေရှိရာသို့ ပြန်ဆင်းလာကြလေသည်။ ရေတက်ချိန်လည်းဖြစ်၊ ညနေပိုင်းအချိန်လည်းဖြစ်နေသောကြောင့် ဆက်သွား၍မရတော့သဖြင့် မဲဇာမြိုင်ရွာ၌ပင် တစ်ညအိပ်ကြရလေတော့သည်။

လှေကိုဓနိတောများရှိသောနေရာတွင် ထိုးဝါးတိုင်စိုက်၍ ကြိုးချည်ထားလိုက်ပြီးနောက်၊ လှေပေါ်မှာပါလာသော အစားအသောက်တို့ကို ချက်ပြုတ်စားသောက်ကြလေသည်။ သုံးယောက်သား ထမင်းစားသောက်နေရင်းမှ စကားပြောကြသည်။





"ရင်မောင်က အပေါင်းအသင်းတော့ တော်တော်များတယ်၊ ဒီအထဲမှာ ကောင်းတဲ့သူတွေရော မကောင်းတဲ့လူတွေရော ပါမှာပဲ၊ မကောင်းတဲ့အပေါင်းအသင်းတွေနဲ့ ပေါင်းမိပြီး တစ်ခုခုဖြစ်သွားမှာပဲ စိုးရိမ်စရာကောင်းတာပါ"

ထိုအခါ ဇမဲအောင်ကပါ ပြောသည်။

"သူက ဟိုဘက်ရွာက မြနှင်းဖြူဆိုတဲ့ ကောင်မလေးကို အတော်ကလေး သဘောကျနေတာ၊ အဲဒီကောင်မလေးမရတာနဲ့ မဟုတ်တာတွေလျှောက်လုပ်နေသလား မသိဘူး"

ထိုသို့ပြောနေစဉ် ညဦးပိုင်းအချိန်ရောက်လာပြီဖြစ်သောကြောင့် အမှောင်ရိပ်များက ဖုံးလွှမ်းနေပေသည်။

ချောင်းရိုးတစ်လျှောက်မှာတော့ သစ်ပင်များ၊ ဓနိတောများရှိနေသောကြောင့်ပိုပြီး မှောင်နေလေသည်။

သူတို့က လှေကိုကမ်းနှင့်ခွာပြီး ရပ်ထားကြခြင်းဖြစ်သည်။ ထမင်းစားပြီးချိန်ရောက်သောအခါ ကမ်းပေါ်မှာရှိနေသော ဓနိတောအတွင်းမှလျှောက်လာသော ခြေသံကိုကြားကြရသဖြင့် လှမ်းကြည့်လိုက်ကြသည်။

ခြေသံကမကျယ်လှသော်လည်း ဓနိပင်များကြားမှတိုးလာသောအသံက ပိုပြီးကျယ်နေသည်။

သူတို့ကြည့်နေစဉ် ဓနိတောအတွင်းမှ လူတစ်ယောက်ထွက်လာလေသည်။

အသက်(၂၀)ပတ်ဝန်းကျင် အရွယ်ခန့်သာရှိသေးပြီး အဝတ်အစားဟောင်းများ ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်များကလည်း မျက်နှာပေါ်သို့တစ်ဝက်တစ် ပျက်ကျနေကြသည်။ ကမ်းစပ်ရောက်တော့ရပ်လိုက်သည်။

"မင်းဘယ်သူလဲ"

နီမောင်ကလှမ်းမေးလိုက်သည်။

"ငါ့နာမည် နက်ကျော်ပဲ"

သူတို့က နက်ကျော်ကိုတွေ့လိုသဖြင့် လိုက်ရှာနေစဉ်က မတွေ့ရဘဲ ယခုမရှာတော့မှ နက်ကျော်ကကမ်းစပ်သို့ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်လာခြင်းဖြစ်ပေသည်။

"ငါတို့က မင်းကိုလာရှာကြတာ"

"ဘာလုပ်မလို့လဲ. ."

"မင်း ရင်မောင်နဲ့သိတယ် မဟုတ်လား. .၊ ရင်မောင် ပျောက်နေလို့ ငါတို့လာရှာကြတာ ရင်မောင်မင်းဆီလာသေး သလား"

"ရင်မောင် မရှိတော့ဘူး"

"ဟင်. . ဘယ်ရောက်သွားလို့လဲ"

"ဟိုတလောက ငါတို့ရွာက ကောင်မလေးတစ်ယောက် ကိုခေါ်ပြီး ထွက်ပြေးသွားပြီ"

နက်ကျော်ပြောနေသောစကားကို နီမောင်ကမယုံပေ။

"သူတို့ဘယ်သွားတယ်ဆိုတာ မင်းသိသလား"

"မိန်းမခိုးပြေးပါတယ်ဆိုမှ ဘယ်သိပါ့မလဲ"

နက်ကျော်ပြောနေသောအသံကို နီမောင်အနေနှင့် မနှစ်သက်ပေ၊ သို့သော် သူတို့ရွာနောက်နေသောကြောင့် ဘာမှ





တော့မပြောတော့ပေ။

ထိုအခါ နက်ကျော်က ပြောသည်။

"မင်းတို့ ရင်မောင်ကိုတွေ့ချင်ရင် ဒီရွာမှာလာမရှာကြ နဲ့ တခြားရွာတွေမှာသာ သွားရှာပေတော့၊ ဒီရွာမှာလာရှာရင် ဘယ်တော့မှ ပြန်တွေ့ရမှာမဟုတ်ဘူး"

ဟု ပြောဆိုပြီး မနီတောအတွင်းသို့ ပြန်လှည့်ဝင်သွား လေသည် မနီတောထဲသို့တိုးသွားသောအသံများကို အတော် ကြာအောင်ကြားနေရပြီးမှ ပျောက်သွားလေသည်။

နီမောင်စိတ်ထဲမှာတော့ မကျေမနပ်ဖြစ်ကျန်နေခဲ့လေ သည်။ နက်ကျော်ပြန်ထွက်သွားတော့ စောထီးကပြောသည်။

"နက်ကျော်ကြည့်ရတာ တစ်မျိုးပဲ၊ ပြောပုံဆိုပုံနဲ့ သူရဲ့ ပုံပန်းသဏ္ဌာန်ကြည့်ရတာ လူကောင်းတစ်ယောက်နဲ့သိပ်မတူ ဘူး"

"ဘယ်တူပါ့မလဲကွာ၊ သူ့အဖေနဲ့တွေ့တုန်းက နေပုံထိုင် ပုံ ပြောပုံဆိုပုံတွေကြည့်ပါလား၊ နောက်ပြီး နက်ကျော်ကဒီရွာမှာ ရှိနေတာတောင် ဘယ်မှာနေမှန်းမသိဘူးလို့ ပြောလွှတ်တာပဲ၊ သူတို့မိသားစုတွေကြည့်ရတာတစ်မျိုးပဲ လူနဲ့တောင်သိပ်မတူကြ ဘူး"

ငမဲအောင်စကားကြားတော့ နီမောင်ကသတိပေးလိုက် သည်။

"စကားကို ဆင်ခြင်ပြီးပြောပါကွာ၊ တော်ကြာကြားသွား လို့ ပြဿနာလာရှာနေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မကြားပါဘူး၊ ငါစဉ်းစားမရတာက ရင်မောင်ကကိုယ့်အခြေအနေ အဆင့်အတန်းနဲ့ ဘယ်လိုလူတွေနဲ့များ အပေါင်းအသင်းလုပ်နေတာလည်း မသိဘူး"

"ဒါကတော့ သူခင်လို့ဖြစ်မှာပေါ့"

ညဥ့်နက်ပိုင်းရောက်သည်အထိ၊ နောက်ထပ်အခြေအနေထူးထူးခြားခြားမရှိတော့သောအခါ သုံးယောက်သားအိပ်ရန်ပြင်ကြလေသည်။

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကသာ ချက်ချင်းအိပ်ပျော်သွားကြသော်လည်း နီမောင်ကတော့အိပ်မပျော်နိုင်သေးပေ။ သူ့အတွေးထဲတွင် ရင်မောင်နှင့်ပတ်သက်သည့် အတွေးများက ဝင်နေလေသည်။

ဖြစ်နိုင်စရာရှိသည့် အကြောင်းများကို တသီတတန်းကြီးအတွေးထဲသို့ ဝင်ရောက်လာလေသည်။

ရင်မောင်အကြောင်းတွေးရင်းနှင့် တဆက်တည်း မြနှင်းဖြူအကြောင်းများကလည်း ပါလာလေသည်။

အတွေးထဲမှာ မြနှင်းဖြူမျက်နှာနှင့် ပုံရိပ်ကလေးများကို ပြန်လည်မြင်ယောင်နေမိလေသည်။

ထို့ကြောင့်လည်း တော်တော်နှင့်အိပ်မပျော်နိုင်သေးဘဲ သက်ပြင်းတချချနှင့် ရှိနေလေတော့သည်။





# အခန်း ( ၁၁ )

## ပီယဆေးကြောင့် အသက်ပေးရသူ

တစ်နေ့သ၌ မောရမြိုင်ရွာမှာရှိသော ဆရာကြီးဇာဂရနေအိမ်သို့ နက်ကျော်က လူတစ်ယောက် ခေါ်လာလေသည်။ အခြားသူမဟုတ်ပေ။ ပျောက်နေသော ရင်မောင်ပင်ဖြစ်သည်။

ရင်မောင်မှာ ထိုရွာသို့ရောက်နေသည်မှာ ရက်အနည်းကြာနေပေပြီ။

သူသည် မြနှင်းဖြူ၏ မေတ္တာကိုမရသေးသဖြင့် များစွာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ညစ်နေသဖြင့် နက်ကျော်နှင့်တွေ့သောအခါ အကူအညီ တောင်းကြည့်လေသည်။

နက်ကျော်က တစ်ခါတုန်းကပြောထားခဲ့ဖူးသည်၊ သူငယ် ရှာ၌ရှိသော ဆရာကြီးထံတွင် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ အစွမ်း ထက်သည့် ဆေးများရှိကြောင်း၊

ပီယဆေးမှာအစွမ်းထက်လှသဖြင့် မိမိလိုချင်သော အမျိုးသမီးအား ထိုဆေးကိုအသုံးပြုပြီးယူပါက ရနိုင်ကြောင်း ပြောထားဖူးသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ရင်မောင်မှာ နက်ကျော်ရှိရာသို့ တကူးတက သွားပြီး ဆေးတောင်းခြင်းဖြစ်သည်။

အခြားသူများသိမှာစိုးသောကြောင့် ထိုရွာသို့သူတစ် ယောက်တည်းသွားခဲ့ခြင်းဖြစ်ပြီး ခါတိုင်းသူသွားလေရာပါသော သန်းရွှေကိုပင် အဖော်မခေါ်တော့ပေ။

ထိုရွာသို့ရောက်ပြီး နက်ကျော်နှင့်တွေ့ရသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

"မင်း ဘာလာလုပ်တာလဲ ရင်မောင်"

"မင်းဆီမှာ အကူအညီတောင်းရအောင် ငါလာခဲ့တာ ပဲ"

"ငါဘာလုပ်ပေးရမလဲ"

နက်ကျော်အသံမှာ ခါတိုင်းကြားနေကျအသံမျိုး မဟုတ် သောကြောင့် တအံ့တသြကြည့်လိုက်သည်။

"နက်ကျော် မင်းအသံကတစ်မျိုးဖြစ်နေပါလား"





"အသံဝင်နေလို့ပါကွာ"

"နောက်ပြီး မင်းအမူအယာကြည့်ရတာတစ်မျိုးဖြစ်နေ သလိုပဲ၊ ငါကိုတောင် မမှတ်မိတော့တဲ့ပုံမျိုးပဲ ဘာဖြစ်နေတာလဲ"

"ငါ ဘာမှမဖြစ်ပါဘူး၊ ဟိုရက်ကတော့ အသည်းအသန် ဖျားလိုက်သေးတယ်၊ ဒါကြောင့် အသံတွေပျက်ပြီး အမှတ်သညာ တွေလည်း သိပ်မကောင်းဘူးဖြစ်နေတာပါ"

ဟု ရှင်းပြလေသည်။

နက်ကျော်အသံက လူကြီးတစ်ယောက်အသံမျိုးဖြစ်နေ သသည်။

"ငါလာတာတခြားမဟုတ်ဘူး၊ ငါမြနှင်းဖြူကိုရအောင် ကြိုးစားနေတာ အဆင်မပြေသေးဘူး၊ အဲဒါ မင်းဆရာကြီးဆီက ဆေးရအောင် တောင်းပေးစမ်းပါ၊ ဘယ်လောက်ဖြစ်ဖြစ် ငါပေး မယ်"

ဟု လာရင်းကိစ္စကို ပြောပြလိုက်သည်။

"အရင်ကတည်းက ဆရာကြီးကို ငါပြောထားပါတယ်၊ ဆရာကြီးကအကူအညီပေးမှာပါ၊ မင်းလာရင်သူ့ဆီသာခေါ်လာ ခဲ့ ငါ့ကိုမှာထားတယ်"

ထိုစကားကြားသောအခါ ရင်မောင်မှာ စိတ်ထဲမှကျိတ် ပြီး ဝမ်းသာသွားလေသည်။

"ဒါပေမယ့် တစ်ခုတော့ရှိတယ် ဒီအကြောင်းမျိုးက လူ သိခံလို့ လုံးဝမဖြစ်ဘူး၊ မင်းဒီကိုလာတာ ဘယ်သူတွေသိသလဲ"

"မသိဘူး ဘယ်သူမှမသိအောင် ငါတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာ"

"အေး. . ကောင်းပြီ၊ မင်းကို ဆရာကြီးဆီခေါ်သွားပြီး ဆရာကြီးနဲ့တွေ့ပေးမယ်"

"ကျေးဇူးတင်ပါတယ်ကွာ၊ မင်းရဲ့ကျေးဇူးကို ငါ သက်မမေ့ပါဘူး"

ဟု ပြောလိုက်လေသည်။

သို့ဖြင့် နက်ကျော်ကခေါ်သွားရာ ညအချိန်တွင်ဆရာ ကြီးနေသောအိမ်သို့ ရောက်သွားလေသည်။

"နက်ကျော်လားဟေ့"

"ဟုတ်ပါတယ် ဆရာကြီး၊ ဒီမှာလူတစ်ယောက်ပါလာ ပြီ"

"အေးအေး. . ဝင်လာခဲ့ကွယ်"

ဟုပြောသဖြင့် အတွင်းသို့ ဝင်သွားကြသည်။ အခန်း မှာတော့ မီးရောင်မှိန်မှိန်ထွန်းထားလေသည်။ ထိုမီးရောင် စင်များပေါ်မှာ အစီအရီတင်ထားသော နတ်ရုပ်များကို တွေ့ သည်။

အတွင်းသို့ရောက်သောအခါ ဆရာကြီးက ရင်မောင် ကြည့်ပြီး မေးလေသည်။

"မင်းနာမည် ဘယ်သူလဲ"

"ရင်မောင်လို့ခေါ်ပါတယ် ဆရာကြီး"

"အသက်ဘယ်လောက် ရှိပြီလဲ"

"(၂၁)နှစ်ပါ"





"ဘာအတွက် ငါ့ဆီလာတာလဲ"

"ဟို. . ဟို"

ရင်မောင်က အပြောရခက်နေသောကြောင့် မနီးမဝေး မှာရပ်နေသော နက်ကျော်ရှိရာသို့ အကူအညီတောင်းသော အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်သည်၊

နက်ကျော်ကတော့ ဘာမှထွေထွေထူးထူး ဝင်မပြောဘဲ နှင့် ငူငူကြီးရပ်နေလေသည်။

သို့ကြောင့် သူဘာသာပင် အရဲစွန့်ပြီး ပြောရလေသည်။

"ကျွန်တော်သဘောကျနေတဲ့ ကောင်မလေးကိုရဖို့အ တွက် ဆရာကြီးဆီက ဆေးလိုချင်လို့ပါ ဆရာကြီး"

ထိုစကားကြားသောအခါ ဆရာကြီးဇာဂရက သဘော ပေါက်သွားသော အမူအယာဖြင့် ခေါင်းတညိတ်ညိတ်နှင့်ရှိနေ လေသည်၊

"ဒါကတော့ အကူအညီပေးရမှာပေ့ါ၊ သို့သော်လည်း ဒီဆေးမျိုးက လွယ်လွယ်နဲ့ပေးလို့မရဘူး၊ နောက်ပြီး ဆေးကစီ ရင်ရဦးမယ်၊ ဆေးစီရင်တဲ့အချိန်မှာ မင်းလိုချင်တဲ့ကောင်းမလေး ရဲ့နာမည်နဲ့ နေ့သင့်နံသင့်ပစ္စည်းတွေ ထည့်ပြီးစီရင်ရမှာ"

"ဟုတ်ကဲ့"

"ဒီတော့ ဆေးစီရင်နေတဲ့ရက်မှာ မင်းဒီမှာစောင့်နေ နိုင်ပါ့မလား"

"နေနိုင်ပါတယ် ဆရာကြီး၊ ဆေးသာရမယ်ဆိုရင်တော့ ဘယ်နှရက်ဖြစ်ဖြစ် နေနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး. . အေး ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်၊ မင်း ဒီမှာနေတယ်ဆိုတာ ဘယ်သူမှ အသိခံလို့မဖြစ်ဘူး တခြားသူ တွေသိရင် စည်းပေါက်သွားလိမ့်မယ်"

"မသိစေရပါဘူး ဆရာကြီး"

"အေး. . အေး ဒီမှာတော့ နက်ကျော်လည်းရှိနေတာပဲ သူနဲ့ပဲနေပေါ့"

"ဟုတ်ကဲ့"

ထို့နောက်မှာတော့ နက်ကျော်က ရင်မောင်ကိုနောက် ဘက်အခန်းတွင်းသို့ ခေါ်သွားပြီး တံခါးပိတ်ထားလိုက်လေ သည်။

ထိုအခန်းထဲရောက်သွားတော့ ရင်မောင်ခမျာ အရှင် လတ်လတ် လူ့လောကနှင့် အဆက်အသွယ်ပြတ်ပြီး ငရဲပြည် ရောက်သွားရသကဲ့သို့ ထင်မိလေသည်။

ရင်မောင်ရောက်ပြီး နောက်တစ်ညမှာတော့ ဆရာကြီး က သူ့အတွက် ဆေးစီရင်တော့မည်ဖြစ်ကြောင်းပြောပြီး ဆေး မှတ်တမ်းတစ်ခုကို ပြလေသည်။

"မင်းတို့ လူငယ်တွေက မိန်းမရအောင်ဆေးလိုချင်ကြ တယ်၊ ဆေးကလွယ်လွယ်နဲ့ မရဘူးကွယ့်၊ မင်းကိုဖော်ပေးမယ့် ဆေးအညွှန်းကိုပဲ အရင်ကြည့်ပါဦး"

ဟုပြောပြီး မှတ်တမ်းကိုပြသဖြင့် ဖတ်ကြည့်လေသည်။

'အလိုရှိရာ အသုံးပြု၍ရသော နာနာရုပ်ဆေးနည်း'

("ကျားမျက်လုံး၊ လင်းမြွေမျက်လုံး၊ စပါးကြီးမျက်လုံး၊





ကြက်ဖနီမျက်လုံး၊ လင်းဌပနီမျက်လုံး၊ တောက်တဲ့မျက်လုံး၊ ခင် ပုတ်မျက်လုံး၊ ကျွဲမျက်လုံး၊ ကြက်သူငယ်သွေး၊ တီစုန်း၊ အောင်မဲ ညှို့ပွင့်၊ ဥသျှစ်ပွင့် ၄င်းဆေးစုံများကို စုံလင်အောင် စုဆောင်းပြီး ဆေးကြိတ်ရသည်။

ဆေးကြိတ်သောနေရာကို ဝင်းခူနစ်ထပ် ကာရံထားရ မည်၊ ဆေးကြိတ်သော ကျောက်ပျဉ်အောက်တွင် ဖျင်ဖြူ ဖျင်နီ ခင်းထားရမည်။ မီးတိုင်လေးတိုင်၊ ကွမ်းယာလေးရာ၊ တံခွန်လေး တိုင်၊ မုန့်ဖြူ မုန့်နီလေးချပ်၊ ငွေငါးကျပ်တင်ကာ နတ်ကြီးများကို ကောင်းမွန်စွာ ပူဇော်၍ကြိတ်ရပေသည်။ ကြိတ်သောအခါ မိုးရေ ဖြင့်သာ ကြိတ်ရသည်။

ဆေးကြိတ်သောအခါ စုပ်ရမည့် မန္တာန်မှာ. .

"သုဏာတုဗေ၊ ဘန္တေသံဃော၊ နာဂေါအာဃသမ္မ တော၊ တိဿဥပသမ္ပဒါပေကျော"

ဖြစ်ပေသည်။ ဆေးကြိတ်သောအခါ ထိုဂါထာကို အ ခေါက်တစ်ထောင်ပြည့်အောင် စုပ်ရသည်။

ဆေးအဖြစ်ရသောအခါ ခြင်းတောင်းကို သုပ်သော် ကျားအသွင်ပြောင်း၏။ ငှက်ပျောဖက်ကို သုပ်သောအခါ ကြက် ဖြစ်စေ၏။ တံခွန်ကိုသုပ်သော် မြွေဖြစ်၏။ ကာယသိဒ္ဓိလိုသော ပင်နှစ်ဖက်၌ သုပ်ထားရသည်။ အမျိုးသမီးကိုလိုသော် နားရွက် မှာသုပ်ပြီး အနားကပ်ပါက မခွာနိုင်တော့ဘဲ နောက်မှလိုက်လာ စေ၏။")

ဟု ရေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းလိုချင်တဲ့ မိန်းကလေးရဲ့ နာမည်နဲ့ နေ့နံကိုဆေး ဖော်တဲ့အခါမှာ ထည့်ပေးလိုက်ရင် မင်းလိုချင်တာရပြီပေါ့ကွယ်"

"ဒါထက် ဒီဆေးဖော်တဲ့ ဆေးဖက်တွေက လွယ်လွယ် နဲ့ရပ့ါမလား ဆရာကြီး"

"လွယ်လွယ်တော့ ဘယ်ရပ့ါမလဲကွယ် တစ်မျိုးရ တစ် မျိုးစုံ၊ နှစ်မျိုးရ နှစ်မျိုးစုထားရတာပေါ့၊ ဆေးတစ်ဖုံပြည့်စုံအောင် ဆိုရင် နှစ်နဲ့ချီပြီး ကြာတတ်တာမျိုးပေါ့၊ ဒါကြောင့် မလွယ်ဘူးလို့ ပြောတာပေါ့"

"ကျွန်တော်အတွက် အခုလိုလုပ်ပေးတာ ကျေးဇူးတင် ပါတယ် ဆရာကြီးရယ်၊ ကျွန်တော်လိုချင်တာရရင် ဆရာကြီးလို ချင်တာနဲ့ ကန်တော့ပ့ါမယ်"

"တကယ်ပြောတာလားကွယ့် အစားကိုသာအကုန်စား ရတယ်၊ စကားကို ကုန်အောင်မပြောရဘူး"

"အမှန်ပြောတာပါ ဆရာကြီး၊ အခုအချိန်မှာတော့ ကျွန် တော့်အတွက်ကတော့ ကျွန်တော်လိုချင်တဲ့ အမျိုးသမီးကို ရဖို့ ပါပဲ၊ ကျန်တာတွေက ကျွန်တော့်အတွက် ဘာမှဒီလောက် အ ရေးမကြီးပါဘူး"

ဟု အားတက်သရော ပြောလိုက်လေသည်၊

နောက်ရက်များမှာတော့ ဆရာကြီးက ဆေးစီရင်နေ သည်ဟု ပြောပြလေသည်။

ရင်မောင်နှင့် နက်ကျော်ကတော့ နောက်ဘက်၌ရှိသော အခန်းထဲမှာပင် နေကြရသည်။ ရင်မောင်မှာ ဆေးလိုချင်သော





ကြောင့်သာ ထိုနေရာမျိုးမှာ နေရသော်လည်း စိတ်ထဲမှာတော့ များစွာကြောက်ရွံ့ထိတ်လန့်မှု ဖြစ်နေမိလေသည်။ အကယ်၍ သူ့အနေနှင့် ယခုအချိန်ရောက်တော့မှ ပြန်မည်ဆိုလျှင်သော်မှ ပြန်ခွင့်မရတော့ပေ။

အကယ်၍ သူ့အနေနှင့်ယခုအချိန် ရောက်တော့မှပြန် မည်ဆိုလျှင်သော်မှ ပြန်ခွင့်မရတော့ပေ။

ရင်မောင်အနေဖြင့် ပိုပြီးကြောက်ရွံ့ထိတ်လန့်စရာ ကောင်းသောအချက်မှာ နက်ကျော်ပင်ဖြစ်သည်။ ယခင်က နက် ကျော်သည် သူ့ကိုများစွာခင်မင်သူဖြစ်သည်၊ ပေးတာယူ၊ ကျွေး တာစားပြီး ဘယ်နေရာခေါ်ခေါ် လိုက်သူတစ်ဦးဖြစ်သည်၊

ယခုတော့ ထိုသို့မဟုတ်ပေ။

သူနှင့်တစ်အိမ်တည်းမှာနေသော်လည်း သူ့အမူအယာ ကခတ်စိမ်းစိမ်းဖြစ်နေသည်။ မေးနိုင်မှပြော၊ ခေါ်နိုင်မှထူးသော အခြေအနေမျိုးဖြစ်နေသည်။

ယခင်ကလျှေဖြင့် အတူတကွသွားစဉ် သူတို့နှင့်အတူ တူပင်အိပ်၊ အတူတူပင်စားသောက်သော်လည်း ယခုမဟုတ် တော့ပေ။ အိပ်ချိန်ရောက်လျှင် အခြားတစ်နေရာမှာ သွားအိပ် ဟန်ရှိပြီး သူနှင့်အတူတူ မအိပ်ပေ၊ စားတော့လည်း တစ်နေရာ မှာသွားပြီး စားသောက်နေလေသည်။

တစ်နေ့တော့အပြင်ဘက်မှ ကြောင်အော်သံလိုလို ကြား လိုက်ရသဖြင့် အပေါက်မှချောင်းကြည့်လိုက်သည်။ ထိုအခါ ကြောင်တစ်ကောင်ကို ဂုတ်မှဆွဲယူလာသော နက်ကျော်ကို တွေ့


www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကြောင်က သူ့ကိုဖမ်းထားသောကြောင့် အတင်းရုန်းကန်နေလေသည်။ အိမ်နှင့်မနီးမဝေး ရောက်တော့ နက်ကျော်က လက်ထဲမှာ ပါလာသောကြောင်ကို သစ်ပင်ဖြင့် ရိုက်သတ်လိုက်သည်။

"ဗုန်း . . ဗုန်း"

ပထမတော့ ကြောင်ကအော်နေသေးသည်၊ တစ်ချက်နှစ်ချက်ရိုက်လိုက်တော့ အသံပျောက်သွားသည်။ ထို့နောက် နက်ကျော်က ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး သစ်ပင်ကိုမှီလျက် ထိုင်ချလိုက်ရသည်ကိုသာ လှမ်းမြင်လိုက်ရသည်။ ကျန်တာတော့ သစ်ပင်ကွယ်နေသောကြောင့် မမြင်ရတော့ပေ။ အချိန်အတော်ကြာတော့မှ နက်ကျော်တစ်ယောက် အိမ်အတွင်းသို့ ပြန်ဝင်လာလေသည်၊ အချိန်က ညဦးပိုင်းအချိန်ရောက်နေပြီဖြစ်သဖြင့် မှောင်နေသော်လည်း အိမ်ထဲမှာထွန်းထားသောမီးရောင်ဖြင့် နက်ကျော်အခြေအနေကိုတော့ မြင်နေရသည်။

ပါးစပ်နှင့် ရင်ဘတ်တစ်ဝိုက်တွင် သွေးစက်၊ သွေးကွက်များ စွန်းပေနေသည်ကိုတော့ လှမ်းမြင်လိုက်ရသည်။ သို့သော်လည်း ရင်မောင်မှာ ဘာမှမမေးဝံ့ဘဲ မသိဟန်ဆောင်နေရလေသည်။ အဘယ်ကြောင့်ဆိုသော် . . .

နက်ကျော်က သူ့ကိုတစ်ချက်လှမ်းကြည့်သွားသောမျက်လုံးအကြည့်မှာ လူတစ်ယောက်နှင့်ပင် မတူတော့ဘဲ သားရဲတိရစ္ဆာန်တစ်ကောင်၊ ဒါမှမဟုတ် မကောင်းဆိုးဝါးတစ်ကောင်၏အကြည့်မျိုးနှင့် တူနေသောကြောင့်ဖြစ်သည်။





နက်ကျော်က သူရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး အနောက်ဘက်သို့ ဝင်သွားလေသည်။ ပြန်ထွက်မလာတော့ပေ။

"နက်ကျော်က အရင်နဲ့မတူတော့တာ အမှန်ပဲ သူကြည့်ရတာ နေတာထိုင်တာ စားသောက်တာတွေက လူတစ်ယောက်နဲ့ မတူတော့ဘူး၊ သရဲသဘက်တစ်ကောင်နဲ့တူနေတယ်၊

နောက်ပြီး သူတို့ ငါ့ကိုခေါ်ထားတာလည်း နှစ်ရက်သုံးရက်ရှိနေပြီ ငါလိုချင်တဲ့ ပီယဆေးလည်း ခုထိမရသေးဘူး၊ ငါ့ကိုအပြင်ထွက်ခွင့်လည်း မပေးဘူး၊ ဒီအခန်းထဲမှာ ဘာကြောင့်ပိတ်လှောင်ထားတာလည်း မသိဘူး၊ ငါဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး၊ ဒီနေရာက ပြန်ပြေးမှ ဖြစ်တော့မယ်ထင်တယ်"

ဟုတစ်ယောက်တည်း တွေးတောစိတ်ကူးနေမိလေသည်။ တစ်နေ့တော့ သူမျှော်လင့်ထားသလို အခွင့်အရေးတစ်ခုရလာလေသည်။

ညနေစောင်းအချိန်ရောက်တော့မှ ဆရာကြီးဇာဂရသည် ဆေးလွယ်အိတ်ကြီးကိုလွယ်၍ နက်ကျော်ကိုပါခေါ်ကာ အပြင်သို့ ထွက်သွားလေသည်။ ထိုအိမ်ကြီးတွင် လူများများ မရှိပေ။

သူအပါအဝင်မှ သုံးယောက်ပဲရှိပေရာ နှစ်ယောက်အပြင်သို့ထွက်သွားသောအခါ သူတစ်ယောက်တည်းကျန်ခဲ့လေသည်။

ထိုအချိန်အခါမျိုးတွင် ထိုနေရာမှထွက်ပြေးရန် ကြံစည်လေသည်။ သူရှိနေသောအခန်းမှာ ရှေ့ပေါက်နှင့်နောက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါက်သာရှိသည်။

ရှေ့တံခါးကတော့ ဖွင့်ဖို့မလွယ်ပေ၊ နောက်ဖက်ဝင်ပေါက်တံခါးကတော့ အပြင်ဘက်မှ ဂျက်ထိုးရုံ ထိုးထားသောကြောင့် ဖွင့်၍ရနိုင်သည်။ သို့ကြောင့် အနောက်ဖက်မှထွက်သော တံခါးပေါက်ရှိရာသို့ လျှောက်လာလေသည်။

အတွင်းမှလျှောက်နေသော အချိန်မှာပင် အပြင်ဘက်မှ သွားလာနေသော ခြေသံများကို ကြားလိုက်ရသည်။

"ဟင် သူတို့ပြန်လာပြီလား"

ဟု စိတ်မချသဖြင့် အပေါက်မှအပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။ ရင်မောင်ကြည့်သောအချိန်မှာတော့ အပြင်ဘက်၌ ဘာမှမတွေ့ရပေ။

ထရံနံဘေးမှ ကပ်လျှောက်သွားသောခြေသံကို ကြားရပြီးမှ ကြည့်တော့လည်း ဘာမှမတွေ့ရသဖြင့် စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။

"နားကြားလွဲတာလား၊ စိတ်ကထင်နေလို့လား"

ဟုတွေးရင်းနှင့် နောက်ဘက်သို့ဆက်လျှောက်သွားသည်။ တံခါးပေါက်ရောက်တော့ လက်ဖြင့် တွန်းကြည့်လိုက်သည်။ ကျွန်းသားဖြင့်ပြုလုပ်ထားသော တံခါးချပ်က အပြင်ဘက်မှ ဂျက်ထိုးမထားသောကြောင့် အနည်းငယ်လှုပ်သွားလေသည်။

"ဂျက်ထိုးမထားပါဘူး၊ ဟန်ကျပြီ"

ဟုတွေးကာ တံခါးချပ်ကို အသာတွန်းကြည့်တော့ ပွင့်သွားလေသည်။ ဦးခေါင်းတစ်လုံးစာခန့် ဟသွားသောအခါ အပြင်ဘက်သို့ ကြည့်လိုက်စဉ် ဘာမှမတွေ့ရသဖြင့် ကျွန်းတံခါးချပ်ကို တွန်းဖွင့်လိုက်သည်။





"ကျွီ"

တံခါးချပ်ပွင့်သွားသောအသံက တိတ်ဆိတ်နေသော အချိန်တွင် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်သွားလေသည်။ တံခါးပွင့်သွားတော့မှ စောစောကသူ သတိမပြုမိခဲ့သော မြင်ကွင်းကို တွေ့ရလေသည်။

အဝင်ပေါက်တည့်တည့် မြေပေါ်မှာ ကြီးမားသော နားရွက်ကြီးတစ်ဖက်ကို ဖြန့်ခင်း၍အိပ်ကာ ကျန်နားရွက်တစ်ဖက်က တဖျပ်ဖျပ်ခတ်နေသော သဘက်ကြီးတစ်ကောင်ကိုတွေ့လိုက်ရသဖြင့် များစွာထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

"အောင်မယ်လေးဗျ"

အလန့်တကြား အော်ရင်းတံခါးကို ကဗျာကရာပြန်ပိတ်လိုက်ရလေသည်။

"စောစောကကြည့်တုန်းက ဘာမှမတွေ့ရဘဲ အခုမှ ဒီသဘက်ကြီးက ဘယ်နေရာကဘယ်လို ရောက်လာတာပါလိမ့်"

ထိုသို့တွေးပြီး တံခါးကိုတော့ နောက်တစ်ခါထပ်မဖွင့်ဝံ့တော့ပေ။ နံနက်လင်းကာနီးအချိန်ရောက်တော့ ဆရာကြီးဇာဂရနှင့် နက်ကျော်တို့ ပြန်ရောက်လာကြသည်၊ နောက်မှပါလာသော နက်ကျော်က ခေါင်းတလားကြီးတစ်လုံး ထမ်းလာလေသည်။ ထိုခေါင်းတလားကြီးကို မြင်ရသောအခါ ရင်မောင်မှာ များစွာကြောက်ရွံ့တုန်လှုပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခေါင်းတလားကြီးတော့ သယ်လာပြန်ပြီ ငါ့အတွက် ယူလာတာများလား"

ထိုအတွေးကပင် ကြောက်ရွံ့စိတ်ကို ပိုတိုးလာစေသည်။ သို့သော်လည်း သူထင်သလိုတော့ ဟုတ်ဟန်မတူပေ။ နောက်တစ်နေ့ရောက်တော့ ဆရာကြီးက သူ့ကိုခေါ်ပြောသည်။

"ရင်မောင် မင်းလိုချင်နေတဲ့ ပီယဆေးပြီးတော့မယ် နက်ဖြန်လောက်ဆိုရင်တော့ မင်းရမှာပါ"

ထိုစကားကြားတော့ . . စိတ်ထဲမှာဖြစ်ပေါ်နေသော ကြောက်ရွံ့စိတ်များ ပျောက်သွားပြီးနောက် ဝမ်းသာသွားသည်။

"ဆေးရရင် ကျွန်တော်ပြန်ရတော့မှာလား ဆရာကြီး"

"မင်းက ပြန်ချင်နေပြီလား"

"ကျွန်တော်ထွက်လာတာ အိမ်ကလူတွေ ဘယ်သူမှ မသိကြဘူး၊ ဒီလောက်ရက်ကြာနေပြီဆိုတော့ အဖေတို့အမေတို့ အတော်ကလေး စိတ်ပူနေကြရော့မယ်"

"ပြန်ရမှာပေါ့ကွာ၊ မင်းပြန်သွားရင် ကိုယ်ချစ်တဲ့ မိန်းကလေးပါခေါ်ပြီး တစ်ပါးတည်းပြန်သွားရရင် ပိုမကောင်းဘူးလား"

"ဟီး . . ဟီး . . ကောင်းပါတယ် ဆရာကြီး"

ရင်မောင်မျက်နှာပေါ်မှာ ကျေနပ်ဝမ်းသာသော အပြုံးရိပ်များကြောင့် ပြုံးဖြီးဖြီးဖြစ်နေလေတော့သည်။





"တဲ့ . . တဲ့ . . ငါတပည့်ကို ဆေးပေးရမှာဆိုတော့ ဘေးတာအန္တရာယ်အယှက်တွေဝင်ပြီး မနှောင့်ယှက်နိုင်အောင်လို့ အကာအကွယ် ဆေးလေးဘာလေး ကြိုပေးထားရမယ်"

ဟုပြောကာ ဆေးပုလင်းများထဲမှ ဆေးအချို့ကို ပန်းကန်ထဲထည့်ပြီး ရေဖြင့်ဖျော်ကာ ရင်မောင်ကိုလှမ်းပေးလိုက်သည်။

"ရော့ ဒီဆေးကိုကြိုပြီး သောက်ထားလိုက်၊ ပီယဆေးရရင်လည်း မင်းကိုဘယ်သူကမှ အနှောင့်အယှက်ပေးလို့ မရတော့ဘူး"

ရင်မောင်က ဆေးပန်းကန်ကို လှမ်းယူပြီး ကြည့်လိုက်သည်။ ဆေးက သွေးရောင်ဖြစ်ပြီး အနံ့ကညှီစို့စို့နှင့် ဖြစ်သည်။ သို့သော်လည်း ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ မျက်စိမှိတ်ကာ မော့သောက်လိုက်သည်။

ထို့နောက် မကြာခင်အချိန်အတွင်းမှာပင် ဒယိမ်းဒယိုင်ဖြစ်လာပြီး လဲကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

## လူ့ဘဝနှင့်သရဲဘဝသို့ ရောက်ခဲ့ရခြင်း

အချိန်မည်မျှကြာအောင် သတိမေ့မျောနေသည်တော့ မသိပေ၊ သူသတိရလာသောအချိန်မှာတော့ မှောင်မည်းနေသောနေရာတစ်နေရာသို့ ရောက်နေသည်ကို သတိပြုမိသည်။

"ငါ ဘယ်နေရာ ရောက်နေတာလဲ"

လက်ဖြင့် စမ်းကြည့်တော့မှ သူရောက်နေသော နေရာမှာ ခေါင်းတစ်လုံးထဲမှာဖြစ်ကြောင်း သတိပြုမိလိုက်သည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နေရာမှထရန် ကြိုးစားသော်လည်း မရပေ။ ခေါင်းအုံးကို အပေါ်မှသံဖြင့် ရိုက်ပိတ်ထားသောကြောင့် ဖွင့်၍မရပေ

လက်ဖြင့် အတင်းတွန်းကြည့်သည်။

မရသဖြင့် တဗုန်းဗုန်းနှင့် ထုရိုက်နေလေသည်။

ထိုသို့ပြုလုပ်နေစဉ် အချိန်အတော်ကြာတော့မှ ခေါင်းအဖုံးကို အပြင်မှ သံကလော်တစ်ချောင်းဖြင့် ဖွင့်နေလေသည်။ တကျွိကျွိဖြင့် အသံများကြားရပြီးနောက် ခေါင်းတလားအဖုံးပွင့်သွားလေသည်။

သည်တော့မှ အသက်ဝအောင်ရှူ၍ ရပေတော့သည်။ ထို့နောက် နေရာမှထပြီး ကြည့်လိုက်သောအခါ အနားမှာရပ်နေသောလူနှစ်ယောက်ကို တွေ့ရလေသည်။ တစ်ယောက်က ဆရာကြီးဇာဂရဖြစ်ပြီး ကျန်တစ်ယောက်က နက်ကျော်ပင်ဖြစ်သည်။ သူခေါင်းတလားထဲ ရောက်နေသည်မှာ ဘယ်လောက်ကြာပြီမသိရသော်လည်း ယခုသတိပြန်ရလာသောအချိန်မှာတော့ ညအချိန်ဖြစ်နေလေသည်။

အခန်းထဲမှာ မီးရောင်အချို့ရှိနေသောကြောင့်သာ မြင်နေရခြင်းဖြစ်သည်။

ဆရာကြီးဇာဂရက အနားရောက်လာပြီးမေးသည်။

"မင်းသတိရပြီလား"

ရင်မောင်က မျက်လုံးပြူးကြီးဖြင့် မော့ကြည့်ရင်း ပြန်မေးလိုက်သည်။

"ကျွန်တော် ဘယ်လိုဖြစ်သွားတာလဲ"





"မင်းဆေးသောက်ပြီးတော့ သတိမေ့သွားလို့ ခေါင်းထဲထည့်ထားတာပါ"

နက်ကျော်က မနီးမဝေးမှာရှိသော မှန်ဟောင်းတစ်ချပ်ကိုယူလာပြီး သူ့မျက်နှာရှေ့မှာ ထောင်ပြလိုက်သည်။ ရင်မောင်ကကြည့်လိုက်ရာ မှန်ထဲ၌ပေါ်နေသောမျက်နှာကို မြင်ရသောအခါ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။

"အောင်မယ်လေးဗျ၊ ဘယ်လိုမျက်နှာကြီးလဲ"

ထိုသို့အော်လိုက်သောအခါ ဆရာကြီး ဇာဂရက သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

"သိပ်လည်း မကြောက်ပါနဲ့ကွာ၊ မှန်ထဲမှာပေါ်နေတာက တခြားမျက်နှာမဟုတ်ပါဘူး၊ မင်းရဲ့မျက်နှာပါပဲ"

"ဗျာ"

သူ့မျက်နှာဟုသာ ပြောနေသော်လည်း မှန်ထဲမှာမြင်နေသောမျက်နှာကတော့ မကောင်းလှပေ။ မျက်နှာတစ်ခုလုံး အဖုအပိမ့်ကြီးများ၊ အမွှေးအမျှင်များထွက်နေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေသည်။ လူတစ်ယောက်မျက်နှာမျိုး မဟုတ်တော့ဘဲ သရဲသဘက်တစ်ကောင်၏ မျက်နှာမျိုးဖြစ်နေလေတော့သည်။ အခြားသူတစ်ဦးတစ်ယောက် မဆိုထားနှင့် မိသားစုအ အရင်းအခြာများနှင့် တွေ့လျှင်သော်မှ မှတ်မိစရာမရှိတော့ပေ။

ယခုမှသတိထားပြီး ကြည့်လိုက်ရာ မျက်နှာသာမကပဲ ခြေလက်နှင့် တစ်ကိုယ်လုံးမှာပင် အဖုအပိမ့်ကြီးများနှင့် အမွှေးအမျှင်များထွက်နေသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်. . ဘယ်လိုဖြစ်သွားတာလဲဗျာ"

"ဒီလောက်လည်း မကြောက်ပါနဲ့ကွာ မင်းဒီဘဝရောက် သွားတာ ဆေးတစ်ခွက်သောက်လိုက်မိလို့ပါ"

"ဖြေဆေးမရှိဘူးလား ဆရာကြီးရယ် ကျွန်တော့်ကို သနားရင် ဖြေဆေးတိုက်ပေးပါ"

"တိုက်ပေးမှာပေါ့ကွာ၊ ဒါပေမယ့် အခုတော့မဟုတ် သေးဘူး၊ ငါ့ဆီမှာ သုံးနှစ်ပြည့်အောင်နေပြီး ငါခိုင်းတာကို လုပ် ပေးရင်တော့ မင်းကိုဖြေဆေးပေးပါ့မယ်"

ထိုစကားကြားသောအခါ ရင်မောင်မှာများစွာ ဝမ်းနည်း သွားလေတော့သည်။ ဒီလိုကြောက်စရာကောင်းသော ပုံသ ဏ္ဍာန်မျိုးနှင့်တော့. . ဘယ်နည်းနှင့်မှ လူတောထဲပြန်သွား၍ မရတော့ပေ။ သူ့မိသားစုများကလည်း မှတ်မိကြတော့မည် မဟုတ်ပေ။

မှားခဲ့ပေပြီ။ အစ်ကိုဖြစ်သူ နီမောင်က အတန်တန် သတိပေးခဲ့သည့်ကြားမှပင် မဆင်မခြင်လုပ်မိသောကြောင့် လူ စင်စစ်မှ သရဲသဘက်ဘဝသို့ ရောက်ခဲ့ရပေပြီ။ သို့သော် ထို အချိန်ရောက်တော့မှ နောင်တရနေသော်လည်း အခြေအနေ များက လွန်သွားခဲ့ပေပြီ။

"ဆရာကြီးနဲ့ ကျွန်တော်နဲ့ ဘာရန်ငြိုးမှလည်း မရှိကြပါ ဘဲနဲ့ဘာကြောင့် ကျွန်တော့်ကို ဒီလိုဘဝဆိုးရောက်အောင် လုပ်ရတာလဲ ဆရာကြီးရယ်"

"လုပ်ချင်လို့ လုပ်ရတာမဟုတ်ပါဘူးကွာ၊ ငါက မင်းကို





တပည့်အဖြစ် မွေးချင်လို့ ဒီလိုစီစဉ်ရတာပါ၊ နောက်ပြီး ဒီမှာ မင်းသူငယ်ချင်းလည်း ရှိနေတာပဲ၊ ပျော်ပျော်ပါးပါးပေါ့"

"ကျွန်တော်မနေပါရစေနဲ့ ဆရာကြီးရယ်၊ ကျွန်တော့် ကို မူလဘဝပြန်ရောက်အောင် ဆေးပေးပါဗျာ"

"ပေးပါမယ်ကွာ၊ ငါက ကတိမပျက်ပါဘူး၊ ငါပြောတဲ့ အတိုင်း ငါ့ဆီမှာသုံးနှစ်ပြည့်အောင် လုပ်ပေးပြီးရင် မင်းကိုဖြေ ဆေးပေးပါ့မယ်၊ ဒီကြားထဲမှာမှ ငါ့စကားနားမထောင်ဘဲနဲ့ ထွက် ပြေးသွားရင်တော့လည်း ဒီဘဝကြီးနဲ့ပဲ တစ်သက်လုံးနေသွား ရလိမ့်မယ်"

ဟုပြောပြီး ထိုနေရာမှ ထွက်သွားလေတော့သည်၊ ထို အခါ လူစင်စစ်မှ သရဲသဘက်ဘဝရောက်ခဲ့ရသော ရင်မောင် မှာ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ချုံးပွဲချပြီးငိုနေလေတော့ သည်။

သူငိုနေသည်ကို အနားမှာရှိနေသေးသော နက်ကျော် က မျက်လုံးပြူးကြီးဖြင့် ကြည့်နေလေသည်။

နက်ကျော်အခြေအနေက သည်းခြေထုတ်ထားသော ကြောင့် ရင်မောင်ကိုမြင်နေသော်လည်း တစ်ခါတစ်ခါမှသာ မှတ်မိပြီး အချိန်အတော်များများတော့ မမှတ်မိပေ။

ယခုမျက်နှာကို လက်ဝါးနှင့်အုပ်ပြီးငိုနေတာမြင်တော့ မှတ်မိသလိုပြန်ဖြစ်လာသည်။ သို့ကြောင့် ကြည့်နေခြင်းဖြစ်လေ သည်။

"နက်ကျော် ငါ့အဖြစ်ကို ကြည့်ပါဦးကွာ၊ မင်းကယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူးလား"

"ငါလည်းစိတ်မကောင်းပါဘူးကွာ၊ မင်းအခုလိုအဖြစ်ဆိုးနဲ့ကြုံရတာ ငါရဲ့ပယောဂလည်း မကင်းပါဘူး၊ ဒါပေမယ့် ငါက မင်းထက်ပိုပြီးအဖြစ်ဆိုးပါတယ် သူငယ်ချင်းရာ"

နက်ကျော်ထံမှ ထိုကဲ့သို့သောစကားမျိုး ကြားရသဖြင့် များစွာအံ့ဩသွားသောကြောင့် အငိုရပ်ပြီး ကြည့်လိုက်သည်။

"မင်းကမှ သူ့ဆီကဖြေဆေးရခဲ့ရင် မူလအခြေအနေကို ပြန်ရောက်နိုင်ပါသေးတယ်၊ ငါကမှ ဘယ်တော့မှလူ့ဘဝကို ပြန်မရောက်နိုင်တော့တဲ့ ဘဝပါ"

"ဘယ်လိုဖြစ်လို့လည်းကွာ"

"ငါ့ကိုသတ်ပြီး ဖုတ်သွင်းထားတာ ငါ့မှာနှလုံးလည်း မရှိတော့ဘူး၊ သည်းခြေလည်းမရှိတော့ဘူး၊ ရုပ်ကသာ ငါ့ရုပ်ဖြစ်နေတာဖြစ်လို့ မင်းကိုတောင် မှတ်မိတဲ့အခါမှတ်မိပြီး၊ မမှတ်မိတဲ့အချိန်ကများနေတာ"

"မင်းအကြောင်းကြားရတာ ငါစိတ်မကောင်းပါဘူး၊ ငါတို့ဘယ်လိုလုပ်ကြမလဲဟင်"

"ငါ့ဘဝကဆုံးနေပါပြီ၊ မင်းအတွက်သာ ကြိုးစားပေတော့၊ ဖြေဆေးက သူ့ဆီမှာရှိတာဆိုတော့ စိတ်ရှည်ရှည်နှင့် အချိန်စောင့်ပြီး ရအောင်ယူပေါ့ကွာ၊ အခုတော့ငါတို့နှစ်ယောက်စလုံး သူခိုင်းသမျှလုပ်ပေးရုံပဲ ရှိတော့တာပေါ့ကွာ"

နက်ကျော်က စိတ်ပျက်လက်ပျက်အသံကြီးဖြင့် ပြောကာထိုနေရာမှ ထွက်သွားလေတော့သည်။ အခန်းထဲမှာတော့





ရင်မောင်တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေတော့သည်။

ထိုအခါမှ ဝမ်းနည်းကြေကွဲသောစိတ်က ပိုများလာပြီး မိမိဘာသာ ယူကျုံးမရဖြစ်သောစိတ်ဝင်လာသော်လည်း အခြေအနေက လွန်သွားခဲ့လေသည်။ သူကျူးလွန်ခဲ့သော အမှားများက သူ့ကိုပြန်ပြီး ဒဏ်ခတ်ခဲ့ကြလေပြီတည်း။

နောက်ရက်မှာတော့ ဇာဂရက ရင်မောင်ကိုအဝတ်နက်များဖြင့် ချုပ်ထားသောဝတ်ရုံကြီးကိုပေးပြီး ဝတ်စေသည်။ မူလဝတ်ထားသော ပုဆိုးအကျီများကို ဖယ်လိုက်ပြီး ဝတ်ရုံကဲ့သို့ အမည်းရောင်ဝတ်ရုံဖားဖားကြီးကို ပြောင်းလဲဝတ်ဆင်လိုက်သောအခါ သရဲသဘက်နှင့် ပိုပြီးတူသွားလေတော့သည်။

ရက်အနည်းငယ်ကြာသောအခါ အမွေးများက မှောက်ဝံတစ်ကောင်ကဲ့သို့ ရှည်လာပြီး တစ်ကိုယ်လုံးထွက်နေသော အဖုအပိမ့်ကြီးများကလည်း နေရာအနှံ့ပြည့်နှက်နေရာ ရုတ်တရက်မြင်ရရုံနှင့်ပင် ကြောက်စရာကောင်းသော အသွင်သဏ္ဍာန်မျိုး ဖြစ်နေတော့သည်။

ရင်မောင်နှင့်နက်ကျော်တို့နှစ်ယောက်စလုံးမှာ ဇာဂရခိုင်းစေသော အလုပ်များကို လုပ်ကြရလေသည်။

ဇာဂရထံတွင် အောက်လမ်းနည်းပညာဖြင့် စီရင်ထားသောဆေးနှင့် ရုပ်တုများရှိသည်။

ဘီလူးရုပ်စီရင်နည်းဖြင့် စီရင်ထားသော ရုပ်တုကိုသွေးချရသောဆေးရည်ကို သွေးဖြင့်ရောနှောကာ အိမ်ကိုပတ်ကာ မနေနိုင်အောင် ခြောက်လှန့်သည်။ ခြံထဲမှာပက်ပါက မနေဝံ့


www.burmeseclassic.com

www.burmeseclassic.com



အောင်ခြောက်လှန့်သည်။ လူကိုပက်ပါက ပုဏ္ဏကပူးသကဲ့သို့ ဖြစ်ကာ ရူးသကဲ့သို့ဖြစ်စေသည်။

ထိုကဲ့သို့ပင် သူစီရင်ထားသော စုန်းမှော်ဆေး၊ ပုဏ္ဏဆေး၊ ပထမကိုးမှော်ဆေး၊ နတ်စက်လောင်မီးဆေး၊ ငရဲဆောတ်ရိုက်ဆေး၊ ပြောတိုင်းဖြစ်သော နာနာရုပ်ဆေးတို့ကို အသုံးပြုပြီး ရွာသူရွာသားများကို ခြောက်လှန့်စေသည်။

မာတြာရုပ်တုများကို အသုံးပြုပြီး ကလေးသူငယ်များ နေမကောင်းအောင် ပြုလုပ်စေသည်။ ထိုကဲ့သို့ပြုလုပ်ရာမှာတော့ ရင်မောင်နှင့်နက်ကျော်တို့က သူခိုင်းသမျှ လုပ်ကိုင်ပေးရလေသည်။

ထိုဆေးအစီအရင်များကြောင့် အတိုက်ခံရသောအိမ်တို့မှာ မနေနိုင်အောင် ခြောက်လှန့်ခြင်းခံရသည်။ သစ်ပင်များ တိရစ္ဆာန်များ၊ အသက်မရှိသောအရာများကပင် သရဲသဘက်ကဲ့သို့ ခြောက်လှန့်ကြသည်။ ဥပမာ အိမ်မှာထားသော ကြိုးခွေများ၊ အဝတ်စများကပင် မြွေတစ်ကောင်ကဲ့သို့ အသွင်ပြောင်း အသက်ဝင်လာပြီး လူများကိုအန္တရာယ်ပေးတတ်သည်။ လယ်ကွင်းထဲမှာထားသော စာခြောက်ရုပ်က ဖုတ်ကောင်ကဲ့သို့ အသက်ဝင်လာပြီး လယ်တဲစောင့်သူကို ခြောက်လှန့်သတ်ဖြတ်သောအဖြစ်များလည်း ဖြစ်ပေါ်လာသည်။ ထိုကဲ့သို့ဖြစ်ကြခြင်းမှာ အစီအရင်ပြုလုပ်ထားသော ဆေးများကြောင့်ပင်ဖြစ်သည်။

ထို့ထက်ပိုပြီးဆိုးသည်ကတော့ မာတြာရုပ်တုများဖြင့် ကလေးငယ်များကို ဖမ်းစားခြင်းဖြစ်သည်။ မာတြာရုပ်တုနှင့်





ခေါ်စာပစ်ခြင်းများ အစီအရင်များအကြောင်းကို ဖော်ပြပေးပါမည်။

ကလေးသူငယ်နာဖြစ်ရခြင်းအကြောင်းရင်း နှစ်ဆယ့်ခုနစ်မျိုးကို ကလေးမိဘများသိရှိနိုင်ရန် ဗဟုသုတအဖြစ် ဖော်ပြပေးပါဦးမည်။

ခေါင်းဆွဲမာတြာ သူငယ်နာမျိုးသည် ကလေးဖွားမြင်သော နှစ်လရက်နေ့တို့ကို ဦးစွာအစ စစ်ဆေးမေးမြန်း၍ အဘယ်သို့သော မာတြာနတ်တို့သည် ကလေးကိုဖမ်းစားမှုပြုကြောင်း သိရှိရန်ဆောင်ရွက်ရပါမည်။

ဤသို့ဖမ်းစားသည့် မာတြာနတ်ကို ဖော်ထုတ်နိုင်ပြီဆိုပါက ယခုဖော်ပြထားသော သူငယ်နာမာတြာရုပ်သဏ္ဌာန်တို့နှင့်တကွ ကျွေးမွေးပုံအစီအရင်အတိုင်း ဆောင်ရွက်နိုင်ပါသည်။

ယကျွိုက်ဘီလူးတို့၏ ပုံကိုခန့်မှန်းကြည့်နိုင်ရန် ရုပ်ပုံငယ်များဖြင့် ဖော်ပြပါမည်။ စာနှင့်ရုပ်ပုံကို တွဲဖက်၍ကြည့်ရှုလေ့လာနိုင်ပါသည်။

♦ ၁။ ကလေးသူငယ်ဖွားမြင်၍ ထိုကလေးသည် (၁)နှစ်၊ (၁)လ၊ (၁)ရက်အတွင်း အနာရောဂါရရှိပါမူ ပဋိသန္ဓေကိုစောင့်သော 'ဇောဘ်လီနတ်' ဖမ်းစား၏။

ဖမ်းစားပုံ လက္ခဏာမှာ ထိုကလေးသည်

- ဝမ်းရောင်သည်။
- ခြေအေးသည်။



www.burmeseclassic.com

www.burmeseclassic.com

- အငိုများသည်။

ဆောင်ရွက်ရန်မှာ 'နာဂယက္ခိုက်ဘီလူး' သူငယ်ဝမ်းပိုက်ကို စုပ်ဟန်ပြုလုပ်ပါ။ အရှေ့မြောက်ထောင့် ညောင်ပင်ရှိရာသို့ မွေးဖွားသောအချိန်၌ ခေါပတောင်းတွင် ထမင်းခြောက်ဆုပ်၊ တံခွန်၊ ကွမ်းရာ၊ ပန်း ခြောက်ခုစီထည့်၍ ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ၊ စမုံမျိုးငါးပါးနှင့် စမုံနက်တို့ကို မီးသင်းရုံလှော်ပါ။ သိန္ဓောဆားအနည်းငယ်ထည့်၍ နံ့သာဖြူ နံ့သာနီနှစ်ပါး ရေနှင့်ကြိတ်ပါ။

ထိုဆေးကို ကလေးအား ရေအေးနှင့်တိုက်ပါ၊ ဥပသဘာကိုလည်း လိမ်းရပါမည်။

♦ ၂။ ကလေးသူငယ်ဖွားမြင်၍ ထိုကလေးသည် (၂)နှစ်၊ (၂)သ၊ (၂)ရက်အတွင်း အနာရောဂါရရှိပါမူ ပဋိသန္ဓေကိုစောင့်သော 'ယက္ခဒေဝနတ်' ဖမ်းစား၏။

ဖမ်းစားပုံလက္ခဏာမှာ ထိုကလေးသည်

- တမှိန်မှိန်ရှိသည်။
- ကျော့ပူသည်။
- အော့အံသည်။

ဆောင်ရွက်ရန်မှာ 'ယက္ခဒေဝဘီလူး' လက်နှစ်ဖက်ဖြင့် ကလေးအား ခြေနှစ်ဖက်ကိုကိုင်၍ စောက်ထိုးထားဟန်ပြုလုပ်ပါ။

ထိုကလေးမွေးဖွားသောအချိန်၌ အရှေ့အရပ်လမ်းမသို့ ခေါပတောင်းတွင် ထမင်းနှစ်ဆုပ်၊ ကွမ်းရာ၊ ပဒိုး၊ တံခွန်၊ ကုက္ကား





နှစ်ခုစီထည့်၍ ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ စမုံမျိုးငါးပါး၊ ပန်းရင်၊ ပန်းဥ၊ ဥပသကာ၊ အမှုန့်စီထည့်၍ ကြိတ်ပြီး ထိုဆေးတစ်ပဲသားခန့်ကို ကလေးအားရေအေးနှင့် တိုက်ပါ။

♦ ၃။ ကလေးသူငယ်ဖွားမြင်၍ ထိုကလေးသည် (၃)နှစ်၊ (၃)လ၊ (၃)ရက်အတွင်း အနာရောဂါရရှိပါမူ ပဋိသန္ဓေကိုစောင့်သော 'အဿမုက္ခိဘီလူး' ဖမ်းစား၏။

ဖမ်းစားပုံ လက္ခဏာမှာ ထိုကလေးသည်

- ခေါင်းလေးသည်။
- ရင်ဆို့သည်။
- လက်စာရမ်းရှိသည်။

ဆောင်ရွက်ရန်မှာ 'အဿမုက္ခိဘီလူး' က ကလေး၏ငယ်ထိပ်ကို ပါးစပ်ဖြင့် စုတ်ဟန်ပြုလုပ်ပါ။

ထိုကလေးမွေးဖွားသော အချိန်၌အရှေ့တောင်ထောင့်ဇရပ်တစ်ဆောင်ရှိရာသို့ ခေါပတောင်းတွင် ထမင်းသုံးဆုပ်၊ တံခွန်ဖြူ၊ ပန်းဖြူ၊ မုန့်အချို သုံးခုစီထည့်၍ ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ စမုံမျိုးငါးပါး၊ ဒန္တကူအဖြူနှင့်အနီ၊ ကန့်ဘလူ၊ နွယ်ချိုး နံ့သာနီ၊ နံ့သာဖြူ အမှုန့်စီထည့်၍ ကြိတ်ပြီး ထိုဆေးတစ်ပဲသားခန့်ကို ကလေးအားရေအေးနှင့် တိုက်ပါ။

♦ ၄။ ကလေးသူငယ်ဖွားမြင်၍ ထိုကလေးသည် (၄)နှစ်၊ (၄)လ၊ (၄)ရက်အတွင်း အနာရောဂါရရှိပါမူ ပဋိသန္ဓေကိုစောင့်သော 'ဒေဝနာဂဘီလူး' ဖမ်းစား၏။


www.burmeseclassic.com

www.burmeseclassic.com

ဖမ်းစားပုံ လက္ခဏာမှာ ထိုကလေးသည်

- တသန်းသန်းတဝေဝေ မအိပ်မနေရှိ၏။

ဆောင်ရွက်ရန်မှာ 'ဒေဝနာရာဘီလူး' လက်နှစ်ဖက်ဖြင့် ကလေးအား ခေါင်းပေါ်တွင် မြှောက်ပင့်ဟန်ပြုလုပ်ပါ။

ထိုကလေးမွေးဖွားသောအချိန်၌ တောင်အရပ်သို့ ခေါပတောင်းတွင် ထမင်းလေးဆုပ်၊ မုန့်၊ ပန်း၊ ငါးကြော် လေးခုစီထည့်၍ ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ စမုံမျိုးငါးပါး၊ ဇီယာ၊ ဥပသကာရိုတုံ၊ ကျားနို့၊ လက်ချား၊ လင်းလေး၊ ဒန္တကူနီ၊ ဒန္တကူဖြူတို့ကို အမှုန့်စီထည့်၍ နို့သာနီ၊ နို့သာဖြူ နှစ်ပါးရေနှင့် ကြိတ်ပါ။ ထိုဆေးကိုကလေး၏ နဖူးကိုအုံပေးပါ။ ကလေး၏ နဖူးကို လိမ်းပေးပါ။

◆ ၅။ ကလေးသူငယ်ဖွားမြင်၍ (၅)နှစ်၊ (၅)လ၊ (၅)ရက်အတွင်း အနာရောဂါရရှိပါမူ ပဋိသန္ဓေကိုစောင့်သော 'နာလီနတ်' ဖမ်းစား၏။

ဖမ်းစားပုံလက္ခဏာမှာ ထိုကလေးသည်

- ကိုယ်ပူတုံချမ်းတုံရှိ၏။

- မနေနိုင် မထိုင်နိုင် ညောင်းကိုက်၏။

ဆောင်ရွက်ရန်မှာ 'နာလီနတ်'မည်သော 'နေတ္တာယက္ခဘီလူး' က လက်နှစ်ဖက်ဖြင့် ကလေး၏ နဖူးမျက်နှာကို စုတ်ဟန်ပြုလုပ်ပါ။

ထိုကလေးမွေးဖွားသောအချိန်၌ အနောက်အရပ်သို့ ခေါပတောင်းတွင် ထမင်း ငါးဆုပ်၊ မုန့်၊ ငါးကင်၊ ပန်း၊ ဆီမီး၊





တံခွန် ငါးခုစီထည့်၍ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ စမုံမျိုးငါးပါး၊ ပန္နလပမ္မ၊ လင်းလေ၊ သိန္ဓော၊ ငှင်းဆေးအမှုန့်စု၊ ဆားငံရုံထည့်၍ နေ့(၃)နာရီအချိန်တွင် ဒန္တကူဖြူနီရေနှင့် ဆေးတစ်ပဲသားခန့် တိုက်ပေးပါ။

◆ ၆။ ကလေးသူငယ်ဖွားမြင်၍ (၆)နှစ်၊ (၆)လ၊ (၆)ရက်အတွင်း အနာရောဂါရရှိပါမူ ပဋိသန္ဓေကိုစောင့်သော 'ကာလဒေဝနတ်' ဖမ်းစား၏။

ဖမ်းစားပုံလက္ခဏာမှာ ထိုကလေးသည်

- ကိုယ်ပူ၏။

- နှလုံးဆို့ပျို့၏။

- တသန်းသန်းတဝေဝေရှိ၏။

- ငိုတုံရယ်တုံရှိ၏။

ဆောင်ရွက်ရန်မှာ 'ပကာလဒေဝ'မည်သော 'မုက္ခယက္ခဘီလူး' က ကလေး၏လည်ပင်းနမ်းရှုံ့ဟန်ပြုပါ။

ထိုကလေးမွေးဖွားသောအချိန်၌ မြောက်အရပ်၊ သပြေပင်ရှိရာသို့ ခေါပတောင်းတွင် ထမင်းခြောက်ထုပ်၊ သစ်သီးယို၊ ကွမ်းရာ၊ တံခွန်၊ ဆီမီး ခြောက်ခုစီထည့်၍ ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ ကြာမျိုးငါးပါး ဝတ်ဆံ၊ ပန္နပမ္မ၊ နွယ်ချို၊ ကြံ၊ ရုံကုံခါးတို့ကို အမှုန့်ကြိတ်၍ နို့သာရေနှင့်သကြားချိုရုံထည့်ပါ။ ထိုဆေး (၁)ပဲသားခန့်ကို တစ်နေ့ သုံးကြိမ်၊ လေးကြိမ်တိုက်ပါ။

◆ ၇။ ကလေးသူငယ်ဖွားမြင်၍ (၇)နှစ်၊ (၇)လ၊ (၇)ရက်အ



www.burmeseclassic.com

www.burmeseclassic.com

တွင်း အနာရောဂါရရှိပါမူ 'သူရဝနတ်ကြီး' ဖမ်းစား၏။

ဖမ်းစားပုံလက္ခဏာမှာ ထိုကလေးသည်

- ပူတုံ့ချမ်းတုံ့ရှိ၏။

ဆောင်ရွက်ရန်မှာ 'သူရဝ'မည်သော 'မာတြာယဏ္ဍ ဘီလူး'နှိုတိုက်၍ နဖူးကို နမ်းရှုံ့ဟန်ပြုလုပ်ပါ။

ထိုကလေးမွေးဖွားသောအချိန်၌ အနောက်တောင် ထောင့်အရပ် အုန်းပင်ရှိရာ၊ သို့မဟုတ် သစ်ငုပ်ရှိရာသို့ ခေါပ တောင်းတွင် ထမင်း (၇)ဆုပ်၊ မုန့်ဖြူ၊ သစ်သီး၊ ပန်း၊ တံခွန် တိုင် (၇)ခုစီထည့်၍ ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ စမုံမျိုးငါးပါး၊ ဆေးမင်း(၁၀)ပါး မရလျှင် စမုံနက်၊ ဂမုံး၊ ကတိုး၊ ဖာလာပန္နာ၊ ကြစု၊ နွယ်ချို၊ ဥပသကာ၊ လေးညှင်းတို့ကို အမှုန့်စု၍ နံ့သာမျိုးငါးပါး ရေနှင့် ကြိတ်ပါ။ ထိုဆေး (၁)ပဲသားခန့်ကို တစ်နေ့ သုံးကြိမ်တိုက်ပါ။

◆ ၈။ ကလေးသူငယ်ဖွားမြင်၍ (၈)နှစ်၊ (၈)လ၊ (၈)ရက်အ တွင်း အနာရောဂါရရှိပါမူ အနောက်မြောက်သို့သွားရာတွင် 'မထောဂီနတ်' ဖမ်းစားသည်။

ဖမ်းစားပုံ လက္ခဏာမှာ ထိုကလေးသည်

- နေ့ ညဉ့်မသိပူသည်။
- မအိပ်မနေရှိသည်။
- အရယ်များသည်။
- စိတ်ကြမ်းခက်သည်။
- နှလုံးတုံသည်။





- ကျောင်ကြီးကျောင်ငယ်ချုပ်သည်။
- လျှာခံတွင်းလေသည်။

ဆောင်ရွက်ရန်မှာ 'မေတာဂီ' မည်သော 'နတ်ဘီလူး' နှိုတိုက်၍ ဝမ်းဗိုက်ကို နမ်းရှုံ့ဟန်ပြုလုပ်ပါ။

ထိုကလေးမွေးဖွားသောအချိန်၌ အနောက်မြောက် အရပ်၊ သစ်ပင်ကြီးရှိရာ (သို့မဟုတ်) သချိုင်းရှိရာသို့ ခေါပ တောင်းတွင် ထမင်းဖြူရှစ်ဆုပ်၊ မုန့်၊ ငါးကြော်၊ ပန်း၊ ကုက္ကား၊ မလေးပွား ရှစ်ခုစီထည့်၍ မန္တာန်ကျော် သရဏဂုံ သုံးပါးဖြင့် (၇)အုပ် မန်းစုပ်၍ ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ စမုံမျိုးငါးပါး၊ စမုံနက်၊ ဂမုံး၊ ကတိုး၊ ဖာလာ၊ ပန်းနု၊ ပန်းမ၊ ကြစု၊ နွယ်ချို၊ ဥပသကာ၊ ကရ ဝေးရွက်၊ လေးညှင်း၊ ဇာဒိတ်ဖိုတို့ကို အမှုန့်စု၍ နံ့သာမျိုးငါးပါး ရေနှင့်ကြိတ်ပါ။ ထိုဆေးတစ်ပဲသားခန့်ကို တစ်နေ့(၃)ကြိမ်တိုက် ပါ။

◆ ၉။ ကလေးသူငယ်ဖွားမြင်၍ (၉)နှစ်၊ (၉)လ၊ (၉)ရက်အ တွင်း အနာရောဂါရရှိပါမူ 'သစေ' မည်သော နတ်ကြီးဖမ်းစား၏။

ဖမ်းစားပုံ လက္ခဏာမှာ၊ ထိုကလေးသည်

- အော့အံသည်။
- ဦးခေါင်းနာသည်။
- ချောင်းဆိုးသည်။
- ထမင်းမစားပဲနေသည်။

ဆောင်ရွက်ရန်မှာ 'သစေ' မည်သော 'ယက္ခဒေဝါနတ်'



www.burmeseclassic.com

www.burmeseclassic.com



က ကလေး၏ခြေနတ်ချောင်းကိုကိုင်၍ ဖောက်ထိုးထားဟန်ပြု လုပ်ပါ။

ထိုကလေးမွေးဖွားသောအချိန်၌ သချိုင်းရှိရာ (သို့မဟုတ်) တောင်ကုန်းမြင့်ပေါ်သို့ ခေါပတောင်းတွင် ငှက်ပျောဖက်ခင်း၍ ထမင်း(၉)ဆုပ်၊ ပန်း၊ ဆီမီး၊ ကြက်လျှာ၊ တံခွန် ကိုးခုစီထည့်၍ ပို့ရပါမည်။

အသုံးပြုရမည့်ဆေးမှာ စမုံမျိုးငါးပါး၊ ကြာမျိုးငါးပါး ကံ့ကော်ဝတ်ဆံ၊ ကရဝေးရွက်၊ ဖာလာ၊ ကြစု၊ ပန်းနု၊ ပန်းမ တို့ကို အမှုန့်စု၍ကြိတ်ပါ။ နံ့သာငါးပါးရေနှင့် ကလေးကိုဆေးတမူးသားခန့်၊ တစ်နေ့သုံးကြိမ်တိုက်ပါ။

ဖော်ပြခဲ့သော ခေါင်းဆွဲမာတြာ (၉)မျိုးသည် ကလေး၏ အသက်အရွယ် နှစ်၊ လ၊ ရက်ပိုင်းခြား၍ ပြဆိုထားခြင်းဖြစ်သည်။

ယခုဆက်လက်ဖော်ပြမည့် မာတြာ (၁၈)မျိုးမှာ ဖော်ပြခဲ့သည့် မာတြာ(၉)မျိုးကဲ့သို့ ကလေး၏ အသက်ကို နှစ်၊ လ ရက် ပိုင်းခြားခြင်းမရှိပေ။ (အမှတ်စဉ် (၁၀) မှ (၂၇)ထိ ဖော်ပြပါမည်)

♦ ၁၀။ 'နာဂယက္ခ' မာတြာစွဲပုံမှာ ကလေးသည်

- ရေငတ်၏။
- ကိုယ်ပူ၏။
- အော့အံ၍ ဝမ်းကျ၏။

ဤသို့သော လက္ခဏာတို့ကို ထောက်ရှု၍ မာတြာကို သိနိုင်သည်။





ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဌာန်မှာ ဦးခေါင်းကားဘီလူး၊ အမောက်နဂါး၊ ခြေလက်အသွင်ပြု၍ သူငယ်ကိုပိုက်လျက် ကလေး၏ရင်ဘတ်ကို စုပ်ဟန်ပြုလုပ်ပါ။ ခေါပတောင်းတွင် ထမင်း (၇)ဆုပ်၊ ငါးကြော်၊ ပန်း၊ တံခွန်၊ ကုက္ကား (၇) ခုစီထည့်၍ ရေတွင်းရေကန်နားသို့ ကလေးမွေးဖွားသောအချိန်တွင်ပို့ပါ။

♦ ၁၁။ 'သကုဏမာတြာ' စွဲပုံမှာ ကလေးသည်

- ကိုယ်လိမ်တွန့်၏။
- နှုတ်သီးတွန့်စူ၏။
- အသံမထွက်။
- ဝမ်းအကြိမ်များစွာသွား၏။

ဤသို့သော လက္ခဏာကိုထောက်ရှု၍ မာတြာကို သိနိုင်သည်။

ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဌာန်မှာ ဦးခေါင်းကားငှက်၊ ခြေလက်ကားလူ၊ သူငယ်ထိပ်ကို စုပ်ဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်းနှစ်ဆုပ်၊ အမဲကျော်၊ ပန်း၊ တံခွန်၊ ကုက္ကား နှစ်ခုစီထည့်၍ သစ်ပင်ကြီးရှိရာသို့ ကလေးမွေးဖွားသောအချိန်တွင် ပို့ပါ။

အထူးအားဖြင့် ကလေးသည် မာတြာစွဲရှိ၍ ညအချိန်တွင်ငိုသော ဖော်ပြထားသည့်အင်းကို ခဲမဖြူပြားတွင်ချ၍ အရင်း၌ ရေးလိပ်ပါ။ အင်းဆံနှင့် (၁၇)အုပ်စုတ်၍ ကလေး၏ လည်ပင်းမှာ ကြိုးနှင့်ဆွဲထားပေးပါ။ ကလေးအငိုရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ဥ | အ | ဿ | ချေ | ယူ |
| မာ | ယာ | န | သွား | ဟ |

◆ ၁၂။ 'အဿမုက္ခ' မာတြာစွဲပုံမှာ ကလေးသည်
- ခြေလက်လှုပ်၏။
- မျက်စေ့အထက်သို့လံ၏။
- ကျောကော့၍ ငိုု၏။
- ထိပ်ဝင်လျှင် သေတတ်၏။

ဤသို့သော လက္ခဏာကို ထောက်ရှု၍ မာတြာကိုသိရာ သည်။

ဆောင်ရွက်ရန် အစာပေးရပ်ပုံသဏ္ဍာန်မှာ ဦးခေါင်း ကား မြင်း၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏ကျောကို စုတ်ဟန် ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း (၅)ဆုပ်၊ အမဲသား၊ ပန်း၊ ခွန် (၅)ခုစီထည့်၍ ဘုရားပျက်၊ ဇရပ်ပျက်ရှိရာသို့ ကလေးမွေး ဖွားသောအချိန်တွင် ပို့ပါ။

◆ ၁၃။ 'အဿ' မာတြာစွဲပုံမှာ ကလေးသည်
- အသံသာစွာ ရယ်၏။
- ပြင်းစွာလည်း ငို၏။
- လက်ကိုလည်း မြှောက်၏။
- ကိုယ်နွေးနွေးပူ၏။

ဤသို့သော လက္ခဏာကို ထောက်ရှု၍ မာတြာကို သိ





ရာသည်။

ဆောင်ရွက်ရန် အစာပေးရပ်ပုံသဏ္ဍာန်မှာ ဦးခေါင်း ကား မြင်း၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏ဝမ်းပိုက်ကို စုပ်ယူ ဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း(၅)ဆုပ်၊ ပေါက်ပေါက်ဆုပ်၊ တံခွန်ကြက်လျှာ (၅)ခုစီထည့်၍ အနောက်အရပ်သို့ ကလေးမွေး ဖွားသောအချိန်တွင် ပို့ပါ။

◆ ၁၄။ 'ဘုမ္မိယက္ခ' မာတြာစွဲပုံမှာ ကလေးသည်
- ဝမ်းဖေါ ဝမ်းရောင် ရှိ၏။
- ခြေလက်သေ၏။

ဤသို့သော လက္ခဏာကိုထောက်ရှု၍ မာတြာကို သိရာ သည်။

ဆောင်ရွက်ရန် အစာပေးရပ်ပုံသဏ္ဍာန်မှာ ဦးခေါင်း ကား ဘီလူး၊ ခြေနှင့်လက်တို့မှာလူ၊ သံလျက် နှစ်ဖက်သွား၊ လက် နှစ်ဖက်ဖြင့် အလယ်အရိုးတွင် ကိုင်၍မတ်တပ်ရန်ပြီး သူငယ်၏ ကျောကို နင်းထားဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း(၅)ဆုပ်၊ အမဲတစ်၊ ငါးကြော်၊ ထွမ်းရာ(၅)ခုစီထည့်၍ အနောက်အရပ်မှာ မြေကျင်းပြု၍ ကျွေးပါ။

◆ ၁၅။ 'ဥမ္မာဒမာတြာ' စွဲပုံမှာ ကလေးသည်
- မျက်စေ့မျက်နှာရမ်း၏။
- မငိုမရယ် နေ၏။



www.burmeseclassic.com

www.burmeseclassic.com



- သူတထူးကို ကြည့်လျှင်မောဓ်။
- ကြို့ထိုး၍ တပျို့ပျို့ရှိ၏။
- သူငယ်ထိပ်လည်း မလှုပ်နိုင်။
- နို့လည်း မစို့နိုင်။

ဤသို့သော လက္ခဏာကိုထောက်ရှု၍ မာတြာကို သိရ
သည်။

ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဍာန်မှာ ဦးခေါင်းက
ဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏နို့ကို စို့ဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း (၃)ဆုပ်၊ အမဲတစ်၊ ငါးကင်၊
တံခွန်၊ ကြက်လျှာ (၃)ခုစီထည့်၍ အရှေ့တောင်အရပ်ရှိ သစ်ပင်
ကြီးရှိရာသို့ ပို့၍ကျွေးပါ။

♦ ၁၆။ 'အင္ဂဇ္ဈေမာတြာ' စွဲပုံမှာ ကလေးသည်

- ကုတ်ဟီးစွဲသကဲ့သို့ တဟုတ်ဟုတ်ရှိ၏။
- လက်ခြေတရမ်းရမ်းရှိ၏။
- လည်တချောင်ချောင်ငင်၏။

ဤသို့သော လက္ခဏာကိုထောက်ရှု၍ မာတြာကို သိရ
သည်။

ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဍာန်မှာ ဦးခေါင်း
ကားဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏လည်ပင်းကို ကိုင်
ဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် သစ်သီးယို၊ ကြက်လျှာ၊ တံခွန်၊ ဆီမီး
(၉)ခုစီ ထည့်၍ လမ်းစုံသို့ဖြစ်စေ၊ လမ်းဆုံသို့ဖြစ်စေ၊ လမ်းမ



ဖြစ်စေ ပို့၍ကျွေးပါ။

♦ ၁၇။ 'ဥပတိဿမာတြာ' စွဲပုံမှာ ကလေးသည်

- လက်တရမ်းရမ်းရှိ၏။
- ရေမွှန်းသကဲ့သို့ရှိ၏။
- တစ်ကိုယ်လုံး အေး၏။
- ခြေကျောက်လက်ရမ်း ရှိ၏။
- လက်တစ်ဖက်မြောက်၏။
- မျက်ဝတ်ထူ၏။

ဤသို့သော လက္ခဏာကိုထောက်ရှု၍ မာတြာကို သိရ
သည်။

ဆောင်ရွက်ရန် အစာပေးရုပ်သဏ္ဍာန်မှာ ဦးခေါင်း
ကားဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏ ခြေနှစ်ချောင်းကို
ဆွဲ၍ဖောက်ထိုးထားဟန် ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း (၆)ဆုပ်၊ အမဲတစ်၊ ငါးကြော်၊
တံခွန်၊ ကြက်လျှာ၊ ဆီမီး(၆) ခုစီထည့်၍ လမ်းဘေး၊ လမ်းစုံ၊
သစ်ပင်ကြီးရှိရာသို့ ပို့၍ကျွေးပါ။

♦ ၁၈။ 'မုက္ခယက္ခမာတြာ' စွဲပုံမှာ ကလေးသည်

- ကိုယ်နွေးနွေးပူ၏။
- မျက်စေ့ပြူး၏။
- အင်းထိုး၏။

ဤသို့သော လက္ခဏာကိုထောက်ရှု၍ မာတြာကို သိရ
သည်။

www.burmeseclassic.com



ဆောင်ရွက်ရန် အစာပေးရုပ်သဏ္ဌာန်မှာ ဦးခေါင်းတော ဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏ ကျောကို နှိပ်ဟန်ပြု လုပ်ပါ။

ခေါပတောင်းတွင် ထမင်း(၃)ဆုပ်၊ သား၊ ငါး၊ မုန့်၊ တံခွန်၊ ကြက်လျှာ၊ ကုက္ကား (၃)ခုစီ ထည့်၍ အနောက်မြောက်အရပ်ရှိ သုသာန်ဖြစ်စေ၊ လမ်းဆုံ၊ လမ်းမဖြစ်စေ ပို့၍ကျွေးပါ။

◆ ၁၉။ 'ရက္ခဒေဝမာတြာ' စွဲပုံမှာ ကလေးသည်

- ပါးစပ်မှ အမြှုပ်တဖွားဖွားထွက်၏။
- မျက်စေ့စောင်း၏။
- မျက်တောင်တခပ်ခပ်ရှိ၏။
- ခြေတစ်ဖက် လှုပ်၏။

ဤသို့သော သဘောလက္ခဏာကိုထောက်ရှု၍ မာတြာကို သိရာသည်။

ဆောင်ရွက်ရန် အစာပေးရုပ်သဏ္ဌာန်မှာ ဦးခေါင်းကား ဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏ ကိုယ်ကိုကိုင်၍ မြှောက်ပင့်ထိုးဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း(၁)ဆုပ်၊ ရေ(၁)မှုတ်၊ တံခွန်၊ ကြက်လျှာ၊ ဆီမီးတို့ဖြင့် နတ်ရဲသစ်ပင်ကြီးရှိရာသို့ သွားရောက်ပို့ဆောင်၍ ကျွေးမွေးပါ။

◆ ၂၀။ 'မာတုယက္ခမာတြာ' စွဲပုံမှာ ကလေးသည်

- ခြေသည်း လက်သည်း နှုတ်ခမ်းမဲ၏။
- မျက်ဝတ်ထူ၏။





- ဝမ်းသွားသော် သားစိမ်း၊ ငါးစိမ်းကဲ့သို့ ပုပ်ဟောင်ညှီ၏။
- အရိအရွဲကျဆင်း၏။ ဟင်းဆံကွဲကြသကဲ့သို့ ပါရှိ၏။

ဤသို့သော သဘောလက္ခဏာကိုထောက်ရှု၍ မာတြာကို သိရာသည်။

ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဌာန်မှာ ဦးခေါင်းကား ဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏မျက်စေ့ကို စုပ်ဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်းအသားကြော်၊ ငါးကင်၊ တံခွန်၊ ကုက္ကား(၅)ခုစီပြု၍ အိမ်၏အရှေ့မျက်နှာအရပ်သို့ ပို့ဆောင်၍ ကျွေးမွေးပါ။

◆ ၂၁။ 'စုန်းဖုတ်မာတြာ' စွဲပုံမှာ ကလေးသည်

- ခြေလက် နှုတ်ခမ်းမဲ၏။
- မျက်ဝတ်ထူ၏။
- ဝမ်းသွားသော် သားစိမ်း ငါးစိမ်းကဲ့သို့ ပုပ်ညှီ၏။
- အရိအရွဲကျဆင်း၏ ဟင်းဆံကွဲကြသကဲ့သို့ ပါရှိ၏။
- အငိုပို၍ ကဲ၏။

ဤသို့သော သဘောလက္ခဏာကိုထောက်ရှု၍ မာတြာကို သိရာသည်။

ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဌာန်မှာ ဦးခေါင်းကား ဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏ပါးစပ်ကို ပါးစပ်ဖြင့်စုပ်ဟန်ပြုလုပ်ပါ၊ ခေါပတောင်းတွင် အသားကြော်၊ ခေါပ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတွင် ငါးကင်၊ ထမင်း၊ ပန်း(၅)ခုစီဖြင့် အိမ်၏ အနောက် အရပ်သို့ ပို့ဆောင်၍ကျွေးမွေးပါ။

◆ ၂၂။ 'အာကာသုဒေဝမာတြာ' စွဲပုံမှာ ကလေးသည်

- ကျောကိုကော့၍ငင်းငို၏။
- အထက်သို့မော်ကြည့်၍ငင်း ငို၏။
- ခါးကို လိမ်တွန့်၍ ဆိပ်၏၊ ကုပ်၏။

ဤသို့သော သဘောလက္ခဏာကို ထောက်ရှု၍မာတြာကိုသိရာသည်။

ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဌာန်မှာ ဦးခေါင်းကား ဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်ကို ကိုင်မြှောက်ဟန် ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း၊ ပန်း၊ ယို၊ သစ်သီး(၉)ခုစီတို့ကို နံ့သာမျိုးမွှေးကြိုင်စွာပက်၍ တံခွန်ကုက္ကား(၉)ခုစီဖြင့် အိမ်၏မြောက်အရပ်တွင် အမြင့်စင်ပြု၍ ကျွေးမွေးပါ။

◆ ၂၃။ 'ကုလိဿမာတြာ' စွဲပုံမှာ ကလေးသည်

- မျက်လုံးပြူးတူးရှိ၏။
- ချွေးထွက်။
- ကိုယ်လှုပ်၏။

ဤသို့သော သဘောလက္ခဏာကိုထောက်ရှု၍ မာတြာကို သိရာသည်။

ဆောင်ရွက်ရန်အစာပေး ရုပ်သဏ္ဌာန်မှာ ဦးခေါင်းကား ဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏စအိုကို စုပ်ဟန်ပြုလုပ်





ပါ။

ခေါပတောင်းတွင် ထမင်း၊ အမဲသား၊ ငါးကြော်၊ ပန်း၊ တံခွန် (၃)ခုစီဖြင့် အိမ်၏အနောက်အရပ်သို့ ပို့ဆောင်၍ ကျွေးမွေးပါ။

◆ ၂၄။ 'နေရှုတြမာတြာ' စွဲပုံမှာ ကလေးသည်

- အငိုပြင်းထန်၏။
- တပျို့ပျို့ တလိမ်လိမ်ရှိ၏။

ဤသို့သော သဘောလက္ခဏာကိုထောက်ရှု၍ မာတြာကို သိရာသည်။

ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဌာန်မှာ ဦးခေါင်းကားဘီလူး၊ ခြေနှင့်လက်တို့မှာလူ၊ သူငယ်၏လည်ကုတ်ကို ဆွဲကိုင်ဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း၊ အမဲကင်၊ ငါးကင်၊ သစ်သီး၊ ပန်း (၃)ခုစီတို့ဖြင့် ကုန်းမြင့်၊ တောင်ပူစာ၊ တောင်ပို့ပေါ်သို့ ပို့ဆောင်၍ ကျွေးမွေးပါ။

◆ ၂၅။ 'ကုမ္ဘမာတြာ' စွဲပုံမှာ ကလေးသည်

- ခြေဆုပ်၍ တွန့်၏၊ ဝင်၏။
- စောင်းငဲ့၍ကြည့်၏။
- ငန်းတက်သကဲ့သို့ ရှိ၏။
- နေ့ညဥ့်မစဲ ငို၏။

ဤသို့သော သဘောလက္ခဏာကိုထောက်ရှု၍ မာတြာကို သိရာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရန် အစာပေးရုပ်ပုံသဏ္ဍာန်မှာ ဦးခေါင်းကားဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏ ခြေနှင့်ကုတ်ဆက်ကို နင်းဟန်ပြုလုပ်ပါ။ ခေါပတောင်းတွင် ထမင်း၊ အမဲ၊ ငါး၊ ပန်း (၆)ခုစီဖြင့် အိမ်၏တောင်မျက်နှာသို့သွား၍ အိုးမှောက်ပြီးအိုးပေါ်တင်လျက် ကျွေးမွေးပါ။

◆ ၂၆။ 'အင်္ဂါသရမာကြာ' စွဲပုံမှာ ကလေးသည်

- လက်တရမ်းရမ်း။
- ခြေတလှုပ်လှုပ်ရှိ၏။
- မျက်စေ့မဖွင့်တစ်ခါ ဖွင့်တစ်ခါပြု၏။

ဤသို့သော လက္ခဏာကိုရှု၍ သိရာသည်။

ဆောင်ရွက်ရန် အစာပေး ရုပ်ပုံသဏ္ဍာန်မှာ ဦးခေါင်းကား ဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်၏လည်ပင်းကိုစုပ်ချီဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း၊ အမဲ၊ ငါး၊ ပန်း၊ ကုက္ကားမီး (၃)ခုစီဖြင့် ညောင်ပင်ရှိရာသို့ သွားရောက်ကျွေးမွေးပါ။

◆ ၂၇။ 'သချိုင်းမာကြာ' စွဲပုံမှာ ကလေးသည်

- အသွေးအသား ခန်းခြောက်၏။
- ကိုယ်လည်း ကြုံလှီ၏။
- အညှော်အသင်း၊ ငါး၊ သားတို့ကို ကြိုက်၏။
- ဆားငံကိုလည်း အလိုရှိ၏။
- မျက်ဝတ်ထူ၏။
- မျက်စေ့ပြာ၏။





ဤသို့သော လက္ခဏာကို ရှု၍သိရာသည်။ ဆောင်ရွက်ရန်အစာပေး ရုပ်ပုံသဏ္ဍာန်မှာ ဦးခေါင်းကားဘီလူး၊ ခြေနှင့်လက်တို့မှာ လူ၊ သူငယ်ကိုပိုက်၍ ခေါင်းပေါ်သို့ မြှောက်ဟန်ပြုလုပ်ပါ။

ခေါပတောင်းတွင် ထမင်း၊ အမဲ၊ ငါး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ (၉)ခုစီနှင့် သုသာန်သချိုင်းရှိရာသို့သွားရောက်ကျွေးမွေးပါ။

ထိုအစီအရင်များဖြင့် ဇာဂရက ရွာသူရွာသားများ ဒုက္ခရောက်အောင် စီမံလေသည်။ နောက်ပိုင်းရောက်လာတော့ နံ့သာမြိုင်ရွာမသာမကဘဲ အနီးတစ်ဝိုက်မှာရှိသော အခြားရွာများကို လှည့်ပြီး ဒုက္ခပေးလေသည်။

ရွာအတော်များများမှာ ရွာခံဆေးဆရာများရှိကြသော်လည်း . ဓာတ်ပညာ၊ အစီအရင်ပညာဖြင့် ဒုက္ခပေးနေသော ပယောဂနှင့်ပတ်သက်သော နှိပ်စက်မှုများကိုတော့ နိုင်အောင်မကုသပေးနိုင်ကြပေ။

နောက်ဆုံးတော့ ရောဂါတစ်ခုခုဖြစ်လာပါက ဆရာကြီးဇာဂရရှိရာသို့ ရောက်လာပြီးကုသပေးရန် အပ်နှံကြရသည်။ ထိုသို့မှ မအပ်ပါက ၎င်းမွေးထားသော နက်ကျော်နှင့်ရင်မောင်တို့နှိပ်စက်သောကြောင့် အသက်သေဆုံးရသော အခြေအနေမျိုးဖြင့် ကြုံတွေ့ကြရလေသည်။ နက်ကျော်နှင့် ရင်မောင်တို့ကတော့ ဇာဂရစေခိုင်းသည့်အတိုင်း မလွန်ဆန်ဝံ့ဘဲ ပြုလုပ်ပေးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

နက်ကျော်ကတော့ ထားပေတော့. . .

ရင်မောင်ကတော့ သရဲသဘက်ဘဝရောက်နေရသော်လည်း အသက်မသေသေးဘဲ လူတစ်ယောက်ဘဝမှာပင် ရှိနေသေးသည်။ အချို့ရွာများရောက်သောအခါ ခင်မင်သိကျွမ်းသူများနှင့် တွေ့ရသည်။

ထိုလူများကို နှိပ်စက်ရသောအခါ စိတ်ထဲမှာ မကောင်းဖြစ်သော်လည်း စေခိုင်းသည့်အတိုင်း မလုပ်ဘဲလည်း မနေဝံ့ပြန်ပေ။

အကယ်၍ မလုပ်ပဲနေပါက နှိပ်စက်မှုကို ခံရမည့်အပြင် ၎င်းထံမှ ဖြေဆေးလည်း ရတော့မည်မဟုတ်ပေ။ တစ်ခါတလေတော့လည်း ဆိုးဝါးလှသော ထိုဘဝမျိုးဖြင့် ဆက်မနေချင်တော့သဖြင့် အသက်သေလိုကသေစေ သူ့ကိုဒုက္ခပေးသော ဇာဂရကို ပါသတ်ဖြတ်ပြီး သူပါတပါးတည်းသေရန် စိတ်ကူးမိသည်။

သို့သော် လက်တွေ့အခြေအနေမှာတော့ သူဖြစ်စေချင်သလို ဖြစ်မလာသေးဘဲ ဇာဂရစေခိုင်းသမျှကိုသာ မလုပ်ချင်ဘဲ လုပ်ပေးနေရတော့သည်။






(နဂယက္ခိုက်ဘီလူးပုံ)


(ယက္ခဒေဝဘီလူးပုံ)


(အသသမုက္ခဘီလူးပုံ)


(ဒေဝနာရာဘီလူးပုံ)


(နာလီနတ်ဘီလူးပုံ)


(မုက္ခယက္ခဘီလူးပုံ)


(သူရဝနတ်ကြီး)


(မေတာဂိနတ်ကြီး)


(သစေနတ်ကြီး)


www.burmeseclassic.com

www.burmeseclassic.com



(နာဂယက္ခဘီလူးပုံ)



(သကုကာယက္ခ)



(အသသမုက္ခိဘီလူးပုံ)



(အသသမာတြာပုံ)



(ဘုမ္မိယက္ခဘီလူးပုံ)



(ဥမ္မာဒမာတြာပုံ)



(အဂ္ဂဓေဋ္ဌမာတြာပုံ)



(ဥပတိသသမာတြာပုံ)



(မုခယက္ခပုံ)







(ရုက္ခဒေဝမာတြာပုံ)



(မာတုယက္ခမာတြာပုံ)



(စုံးဖုတ်မာတြာပုံ)



(အာကာသုဇဒေဝမာတြာပုံ)



(ကုလိသသမာတြာ)



(နေရုတြမာတြာပုံ)



(ကုမ္ဘမာတြာပုံ)



(အဂ္ဂိသသရမာတြာပုံ)



(သရှိုင်းမာတြာပုံ)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၃ )

# အတွင်းဒီပါရုံစခန်းမှ ဦးသူတော်

နီမောင်တို့မိသားစုမှာ မမျှော်လင့်ဘဲ ရင်မောင်တစ်ယောက် အိမ်မှပျောက်ချင်းမလှပျောက်သွားသောကြောင့်၊ ရက်အတော်ကြာသည်အထိ နေရာအနှံ့သို့ လိုက်လံရှာဖွေကြသည်။ မတွေ့ကြပေ။

ထိုအတောအတွင်းမှာပင် သတင်းမျိုးစုံတို့ကိုလော့ကြားနေရသည်။ ရင်မောင်တစ်ယောက် အခြားရွာမှ မိန်းကလေးတစ်ယောက် ခိုးယူပြီး အခြားတစ်နေရာသို့ ထွက်သွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသောသတင်း၊ အချို့ကလည်း ရင်မောင်က တောမှာမနေလို သောကြောင့် ငွေကြေးများစုဆောင်းထားပြီး ယခုအခါမှာတော့ မြို့သို့ထွက်သွားပြီဆိုသောသတင်း၊ အချို့ကလည်း မိတ်ဆွေ သူငယ်ချင်းများနှင့် ရန်ကုန်မြို့သို့ ဘုရားဖူးလိုက်သွားသည်ဟု ပြောပြီး၊ အချို့ကတော့ ကြွေးတောင်းရသောငွေနှင့် စပါးဖိုးငွေ တို့မှာ ဖဲဝိုင်းတွင်ဖဲဝင်ရိုက်ရာမှ လူလိမ်ခံခဲ့ရသဖြင့် တစ်ပြားမှ မကျန်အောင်ကုန်သွားသောကြောင့် အိမ်သို့ပြန်မလာဝံ့တော့ သဖြင့် တစ်နေရာသို့ ထွက်ပြေးသွားသည်ဟု . ထင်ရာမြင်ရာ သတင်းများကို အမျိုးမျိုးပြောဆိုကြလေသည်။

နီမောင်တို့ မိသားစုမှာ သူတို့ကိုယ်တိုင်ကပင် ဘာမှ တိတိကျကျမသိကြရသဖြင့် အခြားသူပြောသမျှကိုသာ တုံး လိမ့်နိုးနိုးဖြင့် နားထောင်ခေါင်းညိတ်ရုံသာ ရှိတော့သည်။

ဖခင်ဖြစ်သူ ဦးဘရှိန်က စိတ်တင်းထားနိုင်သော်လည်း မိခင်ဖြစ်သူ ဒေါ်ကျင်မေကတော့ သားအငယ်အတွက် နေ့ရော ညပါ တွေးမိတိုင်း မျက်ရည်ကျနေရပေတော့သည်။

တစ်နေ့တော့ အာကာရွာမှ အသိမိတ်ဆွေတစ်ယောက် နီမောင်ရှိရာသို့ ရောက်လာလေသည်။

ကိုထွန်းမြတ်ဆိုသူဖြစ်သည်။

ကိုထွန်းမြတ်က နီမောင်ထက် အသက်အရွယ်ကြီး သော်လည်း ညီအစ်ကိုကဲ့သို့ပင် ခင်မင်ရင်းနှီးကြလေသည်။

“ကိုထွန်းမြတ်ပါလား၊ ဘယ်ကလှည့်လာတာလဲဗျ”

“မင်းဆီပဲ တမင်လာခဲ့တာပဲ၊ ကိစ္စရှိလို့ကွာ”



“ငွေကြေးကိစ္စလား”

ယခင်ကလည်း ကိုထွန်းမြတ်မှာ နီမောင်တို့ထံမှ ငွေ ချေးယူဖူးသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

“ငွေကြေးကိစ္စမဟုတ်ပါဘူး၊ ငွေကြေးကိစ္စထက် ပိုပြီး အရေးကြီးတာရှိနေလို့ တမင်လာခဲ့တာပါ”

သို့ကြောင့် ကိုထွန်းမြတ်ကို နေရာထိုင်ခင်းပေးပြီး နောက် အကျိုးအကြောင်းမေးရလေသည်။

“ကဲ. . . ပြောပါဦးဗျာ”

“ဒီလိုကွ အခုတလော ငါတို့အာကာရွာမှာ ပယောဂ တိုက်တဲ့ကိစ္စတွေ မကြာခဏဖြစ်နေတယ်၊ နောက်ပြီး ထူးထူး ဆန်းဆန်းကိစ္စတွေလည်း အတော်များများဖြစ်နေတယ်၊ သရဲ သဘက်တွေကလည်း မကြာခဏဝင်လာနေတော့ လူအသေ အပျောက်တောင် ဖြစ်နေကြပြီ”

“ဘယ်လိုအဖြစ်မျိုးတွေလဲဟင်”

“ဖြစ်တာတွေကတော့ အစုံပဲကွ၊ အိမ်သာသွားရင်း သရဲ လည်ပင်းညှစ်လို့ သေတာရော၊ သေပြီးသားအလောင်းက ထ လာပြီး သတ်လို့သေရတာတွေရောပေါ့၊ မိန်းကလေးတစ် ယောက်ဆိုရင် ရေသွားခပ်ရင်း ရေတွင်းနားမှာတင်လန့်ပြီး သေ သွားတယ်”

“ဘယ်လိုဖြစ်လို့လဲ”

“ရေခပ်လိုက်တာ ရေပုံးထဲမှာ ခေါင်းပြတ်ကြီး တစ်လုံး ပါလာပြီး အပေါ်ရောက်တော့ သူကိုမျက်လုံးဖွင့်ပြီးကြည့်နေတာ



www.burmeseclassic.com

www.burmeseclassic.com

တဲ့၊ နောက်က တခြားအဖော်တွေရောက်သွားတော့ အသက်မီ ရှုံ့ပဲရှိတော့တယ်”

“ဖြစ်ရလေဗျာ”

“ရွာမှာရှိတဲ့ ကလေးတွေဆိုရင်လည်း မကြာခဏနေမ ကောင်းဖြစ်နေကြတယ်၊ ရွာကဆေးဆရာတွေနဲ့ ကုတော့လည်း မရဘူး၊ မဲဇာမြို့ရွာက ဆရာကြီးတစ်ယောက်ကို သွားခေါ်ပြီး ကုတော့မှာပဲ အသက်ချမ်းသာရာရကြတယ်၊ ဒါပေမယ့် ခြေတွေ နဲ့ဆေးဖိုးဝါးခကတော့ အတော့်များများပေးကြရတယ်”

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

“နောက်တစ်ခု ထူးခြားတာရှိသေးတယ်”

“ဘာများလဲ”

“သရဲတစ္ဆေက ပရိတ်ရေ၊ ပရိတ်ကြိုး၊ ကမ္ဗဝါတွေကို ကြောက်ကြတယ်၊ ရွာမှာခြောက်နေတဲ့ သရဲတွေက အဲဒါတွေ တောင် မကြောက်ဘူး၊ ရွာသားတစ်ယောက်ဆိုရင် သူ့အိမ်ကို သရဲလာခြောက်နေလို့ ရသမျှပရိတ်တွေရွတ်တယ်၊ ပြတင်း ပေါက်နားမှာရပ်နေတဲ့ သရဲကထွက်မပြေးတဲ့အပြင် ရပ်ပြီး နား ထောင်နေတယ်လို့ပြောတယ်၊ မျက်နှာမှာ အဖုအပိမ့်ကြီးတွေ ရော၊ အမွှေးတွေပါရှိနေလို့ အတော့်ကိုကြောက်စရာကောင်း တယ်လို့ ပြောတယ်”

ထိုစကားနားထောင်ပြီးတော့ နီမောင်က မေးလိုက် သည်။

“ကိုထွန်းမြတ်တို့ရွာအကြောင်း နားထောင်ရတာ စိတ်





မကောင်းပါဘူးဗျာ၊ ကျွန်တော်က ဘာများအကူအညီပေးရမ လဲ”

“မင်းဆီက အကူအညီတောင်းချင်လို့လာခဲ့တာ နီမောင် ရဲ့ မင်း ငါတို့ရွာလာတုန်းက ပြောပြသွားတဲ့ဆရာကြီး ဦးဇန် ကောင်းကို ငါတွေ့ချင်တယ်၊ ငါတို့ရွာမှာဖြစ်နေတာတွေက သွေး မွှေးသားရိုးဖြစ်နေတာတွေ မဟုတ်ဘူးလို့ငါထင်တယ်၊ ဒါကြောင့် ဆရာကြီးနဲ့တွေ့ပြီး အကျိုးအကြောင်းပြောပြချင်တယ်”

ထိုစကားကြားတော့ နီမောင်က အတော်ကြာအောင် စဉ်းစားနေလေသည်။ ကိုထွန်းမြတ်မှာ ရိုးသားပြီး သဘောမနော ကောင်းသူဖြစ်သည်။ နီမောင်တို့ အာကာရွာသို့သွားလျှင် လို လေသေးမရှိအောင် အကူအညီပေးလေ့ရှိသည်။ သို့ကြောင့်. . ယခုအခါ မိမိတို့ရွာသို့ တကူးတကရောက်လာပြီး အကူအညီ တောင်းသောအခါ နီမောင်အနေဖြင့် ငြင်းပယ်ရန်မလွယ်ပေ။

သူကိုယ်တိုင်ကလည်း အခြားသူများဒုက္ခရောက်နေ သည်ကိုတွေ့လျှင် အကူအညီပေးချင်သူဖြစ်သောကြောင့် ကို ထွန်းမြတ်အား ဦးဇန်ကောင်းရှိသော ကြာပိုက်ရွာသို့လိုက်ပို့ပေး ရန် ဆုံးဖြတ်လိုက်လေသည်။

သူသွားတော့ စောထီးနှင့်ငမဲအောင်တို့လည်း လိုက်ကြ သည်။ သို့ဖြင့် ကိုထွန်းမြတ်ပါတစ်ပါတည်းခေါ်ကာ လှေငယ် တစ်စင်းဖြင့် ကြာပိုက်ရွာသို့ သွားကြလေသည်။

လှေငယ်ဖြင့်သွားသောကြောင့် ခရီးတွင်သဖြင့် နေ့ သည်ဘက်အချိန်မှာပင် ကြာပိုက်ရွာသို့ ရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ရောက်ပြီး ဆရာကြီးနေအိမ်သို့ရောက်သွားသောအခါ အဆင်သင့်ပင်တွေ့ရလေသည်။

သို့သော်လည်း အိမ်ပေါ်ရောက်တော့မှ ဦးဇန်ကောင်းမှာ ခရီးထွက်တော့မည့်ဟန်မျိုးဖြင့် အထုပ်အပိုးများ ပြင်ဆင်ထားသည်ကို တွေ့ရသဖြင့် နီမောင်က မေးလိုက်လေသည်။

"ဆရာကြီး ခရီးသွားမလို့အထုပ်ပြင်ထားတာလား"

"ဟုတ်တယ်၊ ဒီပါရုံတောင်ဘက်သွားမလို့ ပြင်ဆင်ထားတာ ဒီမနက်ပိုင်းရောက်မှ နိမိတ်တစ်ခုဝင်လာတာနဲ့ စောင့်နေရင်းနဲ့ မင်းတို့ရောက်လာတာပဲ"

"တော်ပါသေးရဲ့ နိမိတ်ကကယ်ပေလို့သာပဲ၊ မဟုတ်ရင် ဆရာကြီးနဲ့တောင် တွေ့လိုက်ရမှာမဟုတ်ဘူး"

ဟု ရေရွတ်လိုက်လေသည်။

ဦးဇန်ကောင်းက သူတို့ကိုလာရင်းကိစ္စ မေးသောအခါ ကိုထွန်းမြတ်ကပင် သူတို့ရွာ၌ဖြစ်ပျက်နေသော ထူးဆန်းသော အကြောင်းအရာတို့ကို ပြောပြလိုက်လေသည်။ ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ မျက်မှောင်ကျုံ့ကာ နားထောင်နေသည်။

စကားဆုံးတော့မှ အခြေအနေတို့ကို သုံးသပ်ပြီးမှတ်ချက်ချလေသည်။

"သရဲသဘက်ခြောက်လှန့်တာမျိုးတို့၊ အမှောင့်ပယောဂ ဖမ်းစားတာမျိုးဆိုတာ အမှားအယွင်းရှိရင်ဖြစ်တတ်တယ်၊ တစ်ခါ တလေလည်း တိုက်တိုက်ဆိုင်ဆိုင်သူ့သဘောအလျောက် ဖြစ်





တတ်တယ်၊ ကျေးလက်တောရွာတွေမှာတော့ မဆန်းပါဘူး"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီလိုမဟုတ်တော့ဘဲ မကြာခဏဆိုသလိုဖြစ်နေပြီဆိုရင်တော့ ဒီကိစ္စမျိုးက မရိုးသားတော့ဘူး၊ တစ်စုံတစ်ယောက်ရဲ့ ပယောဂအနောက်အယှက်ပါလာပြီဆိုတာ ခန့်မှန်းလို့ရနိုင်တယ်၊

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်လည်း ဒီလိုပဲယူဆမိလို့ဆရာကြီးဆီအားကိုးတကြီးနဲ့ လာခဲ့တာပါ"

ဟု ကိုထွန်းမြတ်က ဝင်ပြောလိုက်လေသည်။

ထိုစကားကြားသောအခါ ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် နားထောင်နေလေသည်။ အတန်ကြာတော့မှ ပြန်ပြောလေသည်။

"ဒီသတင်းတွေကို ငါလည်းကြားသင့်သလောက် ကြားရပါတယ်၊ သာမန်ကိစ္စတွေမဟုတ်ဘူးလို့တော့ ထင်မိပါတယ်၊ အခုနီမောင်လည်းပါလာပြီး အကူအညီလာတောင်းတော့ အကူအညီပေးရမှာပေါ့"

ဦးဇန်ကောင်းစကားကြားသောအခါ ကိုထွန်းမြတ်သာမကဘဲ နီမောင်တို့ပါ ဝမ်းသာသွားကြလေသည်။

"ဒါပေမယ့် မင်းတို့ရွာကိုသွားရင်တော့ ငါတစ်ယောက်တည်း လိုက်တာထက်၊ နှစ်ယောက်လိုက်ခဲ့တာ ပိုပြီးအဆင်ပြေလိမ့်မယ်"

"တစ်ယောက်က ဘယ်သူလဲ ဆရာကြီး"

"သားပိုက်ရွာမှာနေတဲ့ ဒေါ်မင်းဇာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကြောင့် ဒေါ်မင်းဇာကို ခေါ်မှာလည်း ဆရာကြီး"

"သူက ဓာတ်ပညာမှာ အတော်ကလေးကျွမ်းကျင် နှံ့စပ်တယ်၊ ပြောရရင်တော့ ဒီနယ်တစ်ကြောမှာတော့ သူလောက် အတတ်ပညာကျွမ်းကျင်တဲ့သူမျိုး မရှိသေးဘူး"

"ပယောဂပညာနဲ့ ဓာတ်ပညာက သက်ဆိုင်မှုရှိလို့လား ဆရာကြီး"

နီမောင်ကမေးလိုက်သည်။

"ရှိတာပေါ့၊ ဓာတ်ခိုက်ရင် နတ်တိုက်တာထက် ပိုဆိုးတယ်၊ ပယောဂနှောင့်ယှက်တာထက် ပိုပြီးထိရောက်တယ်၊ သရဲသဘက်တွေထက် ပိုပြီးကြောက်ဖို့ကောင်းတယ်၊ တစ်အိမ်လုံးရှုံးသွားအောင် လုပ်လို့ရတယ်၊ တစ်အိမ်လုံးသေအောင် လုပ်လို့ရတယ်"

ဟုပြောသည်။

ဥပမာ. . . အုတ်တစ်သောင်းထည့်ပြီး မီးဖုတ်သော မီးဖိုထဲသို့ အခြားထင်းများနှင့် ရောနှောပြီး ဇီးဖြူသားတစ်ချောင်း ထည့်ပေးလိုက်ပါက အုတ်တစ်သောင်းလုံး မီးမကျက်တော့ဘဲ ကွဲအက်ပျက်စီးခြင်းသို့ ရောက်ရလေတော့သည်။

ထိုကဲ့သို့ ပျက်စီးခြင်းမျိုးကို သရဲသဘက်များက ပြုလုပ်မရပေ။ ဓာတ်ပညာဖြင့် မီးဖိုထဲသို့ ဇီးဖြူသားတစ်ချောင်းထည့်ပေးလိုက်ရုံဖြင့် ပျက်စီးခြင်းဖြစ်ရပေသည်။

"အရသာရှိပေမယ့် ဓာတ်ခိုက်တဲ့အစာတစ်ခုကို ကျွေးရင် ချက်ချင်းသေတယ်၊ တချို့ပညာတွေဟာ အံ့စွမ်းထက်လွန်း





လို့ ပယောဂပြုစားတာ၊ စုန်းကဝေပြုစားတာနဲ့ အတော်ကလေးတူပြီး ကြောက်ဖို့လည်းကောင်းတယ်"

"ဟုတ်ကဲ့"

"အခုမင်းတို့ ပြောပြတဲ့စကားတွေ နားထောင်ကြည့်တော့ ပယောဂနဲ့ နှိပ်စက်တာတွေပါသလို ဓာတ်ပညာအတတ်နဲ့ နှိပ်စက်တာတွေလည်း ပါနိုင်တယ်၊ ဒါကြောင့် ငါတို့သွားရင် ဒေါ်မင်းဇာကိုပါ ခေါ်သွားရမယ်"

ဟု ပြောလေသည်။

"ဒေါ်မင်းဇာကရော ခေါ်လို့လိုက်ပါ့မလား ဆရာကြီး"

"လိုက်ပါတယ်၊ သူနဲ့ငါနဲ့က တစ်ယောက်အကြောင်းရှိရင်တစ်ယောက်က အကူအညီပေးနေကျပဲ၊ အကျိုးအကြောင်းပြောပြရင်ရပါ့တယ်"

"ဒါဖြင့် အခုဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"အခုတော့ မူလစီစဉ်ထားတဲ့ ခရီးစဉ်အတိုင်း ဒီပါရုံတောင်ကိုသွားပြီး ငါ့ဆရာကြီးနဲ့တွေ့ဖို့ ကြိုးစားရမယ်"

"ဆရာကြီးက ရှိသေးလို့လားဟင်"

"ဆရာကြီး ကွယ်လွန်သွားတာတော့ ကြာပါပြီ၊ ဒါပေမယ့် သူက အတွင်းဒီပါရုံစခန်းမှာ ရှိနေတယ်၊ ဒါကြောင့် ငါတို့သွားရင်တော့ တွေ့ရပါတယ်"

ထိုစကားကြားသောအခါ နီမောင်မှာများစွာ စိတ်ဝင်စားသွားမိလေသည်။

"ဒီလိုဖြင့်ကျွန်တော်တို့လည်း လိုက်ခဲ့ပါရစေ၊ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

လည်းဖူးရင်း၊ ရောက်ဖူးချင်လို့ပါ”

“အချိန်ရရင်တော့ လိုက်ခဲ့ကြပေါ့ကွယ်၊ မင်းတို့ ကံကောင်းရင်တော့ မြင်သင့်မြင်ထိုက်တာတွေ မြင်ကြရမှာပေါ့”

ဟုပြောပြီး ခရီးထွက်ရန်ပြင်ဆင်ကြလေတော့သည်။

အလုံဒီပါရုံတောင်ရှိသောနေရာမှာ ကိုထွန်းမြတ်တို့နေကြသော အာကာရွာကျေးရွာအုပ်စု၌ ပါဝင်လေသည်။ အနောက်ရိုးမ နာဂရစ်တောင်ရိုး၏ တောင်စွယ်တစ်ခုပင်ဖြစ်လေသည်။

အမြင့်ပေကတော့ ပေ(၁၀၀၀) ဝန်းကျင်ခန့်သာရှိလေသည်။

ထိုတောင်ရှိသောနေရာ တစ်ဝိုက်မှာရှိသော သစ်တောများနှင့် သားရဲတိရစ္ဆာန်တို့ကို ဘေးမဲ့ပေးထားသောကြောင့် စိမ်းလန်းစိုပြည်သော နေရာတစ်နေရာဖြစ်လေသည်။

တောင်မှာ သုံးထပ်တောင်မျိုးဖြစ်သည်။

သုံးထပ်တောင်မှာ အဆင့်သုံးဆင့်ရှိသောတောင်မျိုးဖြစ်သည်။ တောင်ခြေအတက်လမ်းများမှာ မတ်စောက်လှပြီး လူသွားလမ်းများ ဖောက်ထားသည်။

အလုံဒီပါရုံတောင်တော်သည် ဝိဇ္ဇာ၊ ဇော်ဂျီ သူတော်စင်တို့ ပျော်မွေ့သောနေရာ၊ တရားအားထုတ်သောနေရာလည်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင် မောင်စမ်းနှမစမ်း၊ နတ်ရေတွင်းကဲ့သို့ ထူးခြားသောနေရာများရှိသည်။





သိဒ္ဓိဝင် ဆေးဖက်ဝင်အပင်များလည်း ရှိသည်။

ဖျဉ်းမချောင်းသည် ဒီပါရုံတောင်မှ အခြေခံလျှက် စီးထွက်လာသော ချောင်းတစ်ချောင်း၏ အမည်ပင်ဖြစ်ပေသည်။ မောင်စမ်းနှမစမ်းတို့နှင့် ပေါင်းဆုံစီးဆင်းပြီး ပြောင်းပြန်ဘုရားတောင်အနီးတွင် အဆုံးသတ်၍ မြစ်တစ်ရာမြစ်ထဲသို့ စီးဝင်ကာ အဆုံးသတ်သွားလေသည်။

ဒီပါရုံတောင်ဝန်းကျင်တစ်ဝိုက်တွင် အလုံမြို့ရှိသည်။

အလုံမြို့သည် သူတော်စင်များ တရားကျင့်သည့်နေရာဖြစ်သည်။ ရောက်ထိုက်သူများသာ တွေ့မြင်ရသည့် မြို့ပျောက်ဖြစ်သည်။ ရှမ်ပဲလားကဲ့သို့ သူတော်စင်များသာ သီတင်းသုံးရာနေရာမြတ်ဖြစ်သည်။

ဤခရီးသို့သွားမည်ဆိုပါက ဒီပါရုံတောင်ပေါ်သို့ တက်ရောက်ကြမည့် ဘုရားဖူးပရိသတ်များအား ဘုရားဂုဏ်တော်များကို သတိရကြစေဖို့ ဆီးကြိုသတိပေးခြင်းအနေဖြင့် တည်ထားသည် အကြိုတော်ဘုရားကို အရင်ဆုံးဖူးတွေ့ရမည်။

ထိုနောက် မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီးကမ္ဘာတစ်ဝှမ်းသို့ ပျံ့နှံ့တည်တံ့စေပြီး အလုံဒီပါရုံစေတီတော်သာသနာပြန်လည်ပွင့်လန်းစေရန် ရည်သန်၍တည်ထားသည့် “ကမ္ဘာလုံးဘုရား” ကို ဖူးမြော်ရမည်။

ဆက်သွားပါလျှင် ကျောက်ပုံဆရာတော် ဦးကောသလ္လက ဓာတ်တော်များ စုပေါင်းဌာပနာ၍တည်ထားသည့် “ဓာတ်ပေါင်းစု စေတီ”တော်ကို ဖူးမြော်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



အလုံဒီပါရုံဘုရား၏ ဒုတိယတောင် အဆင့်မြေပြန့်ရသော့တောင်တွင် ညောင်ပင်သာဆရာတော် ဦးညာနုတ္တရ ဦးစီး၍ တည်ထားသော "ပြည်လုံးချမ်းသာ ကမ္ဘာအေးစေတီတော်"ကို ဖူးမြော်ကြည်ညိုရပါမည်။

ထူးဆန်းအံ့ဩဖွယ်ကောင်းသည်မှာ အမြဲတမ်း ရေတွင်း၏ အနက်တစ်ထွာခန့်ကို လှမ်းခပ်လျှင်ရနိုင်အောင် အမြဲရေပြည့်နေသော 'နတ်ရေတွင်း'ကို တွေ့ရခြင်းဖြစ်သည်။ ဘုရားဖူးများက ရောဂါဝေဒနာများပျောက်ကင်းရန် ထိုရေတွင်းမှ ရေကိုသောက်သုံးကြသည်။

ဤတောင်တွင် ဆေးဖက်ဝင်အစွမ်းထက်သော သစ်ဥ သစ်မြစ်၊ သီးပင်စားပင်များသည် သဘာဝအလျောက် ပေါက်ရောက်နေကြသည်။

ကောဇာသက္ကရာဇ် (၄၅၅)ခုနှစ်၊ ပုဂံခေတ်၊ အလောင်းစည်သူမင်းတရားကြီးသည် နောက်ပါအမတ်များနှင့် အောက်ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နယ်မြေချဲ့ထွင်ရာတွင် ငပုတောမြို့နယ်အတွင်း ပုသိမ်(၃၂)မြို့ စာရင်းဝင် ဒေသများတွင် အထိမ်းအမှတ်စေတီတော်များ တည်ထားခဲ့သည်။

ပုသိမ်(၃၂) မြို့စာရင်းဝင် ကျိုက်ထူပါရုံ ကမ်းဖြူမြို့အမည်တွင်ခဲ့သော မြစ်တစ်ရာတိုက်နယ်၌ 'ဒီပါရုံစေတီ'တော်ကို တည်ထားခဲ့သည်ဟု ယူဆနိုင်သည်။

အလုံမြို့တော်နှင့်ပတ်သက်၍ အထောက်အထားများကို လေ့လာသောအခါ ဒီပါရုံတောင်၌ အလုံမြို့တော်သည်





မျက်မြင်အားဖြင့် မတွေ့ရစေကာမူ ယုံကြည်လောက်သော အထောက်အထား အချို့ရှိပေသည်။

ပြည်မြို့၊ အောင်မြင်ဗာဟုဆရာတော် ဘုရားကြီးရေးသားတော်မူသော မဟာအဓိဋ္ဌာန်တော်ကြီး ဗုဒ္ဓဝင်ဘုရားရှိခိုးကျမ်း ပါဠိနိဿယစာအုပ်၌ ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်တောင်ပိုင်း၊ ငပုတောမြို့နယ်၊ မော်တင်ရိုးမတောရ "ဝိဇ္ဇာဌာနီ အလုံပြည်" ဟု ဆိုထားသည်။

ထိုအလုံမြို့ကျောင်းတော်တွင် သီတင်းသုံးတော်မူသော ဆရာတော်များရှိကြောင်း ရေးသားထားသည်။

လောကတွင် ဗုဒ္ဓသာသနာကို ယုံကြည်အားထားကြသော ဝိဇ္ဇာဂိုဏ်းအများအပြားရှိကြသည်။ လောကီအကျိုး၊ လောကုတ္တရာအကျိုး နှစ်မျိုးတို့နှင့် ဣဒ္ဓိပါဒ်အမျိုးမျိုးတို့ကို ပြီးမြောက်စေနိုင်သော ပုဂ္ဂိုလ်များလည်း ရှိကြပေသည်။

ယခုသက်ရှိထင်ရှား ပုဂ္ဂိုလ်အချို့သည် အလုံမြို့မှ ကြွလာသော ဆရာတော်သုံးပါးအား ဖူးတွေ့ရသည်ဟု ဆိုကြသည်။

အချို့မျက်စိလည် လမ်းမှား၍ သွားခဲ့သူများသည်လည်း မီးထိန်ထိန်လင်းနေသော အလုံမြို့ကြီးကို မြင်တွေ့ခဲ့ရသည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။

ထိုအလုံမြို့၌ ဘုံကိုးဆင့်အမြင့်ရှိသော ကျောင်းတော်၊ ဘုရားငါးဆူပုံတော်များ၊ ရတနာပစ္စည်းများရှိသည်။

ထိုရတနာပစ္စည်းတို့သည် နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူလျှင် ရွှေကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးဆောက်လုပ်လှူဒါန်းရန် တန်ခိုးကြီးသော တောင်စောင့် နတ်၊ တောစောင့်နတ်များက သိမ်းဆည်းထားကြကုန်၏။

ထိုအလုံမြို့တော်ကို သီလ၊ သမာဓိ ပြည့်စုံကြသော သူတော်စင်များ တရားပွားများအားထုတ်ပါက တွေ့မြင်နိုင်သည်။

ထို 'အလုံမြို့' ကို အစွဲပြု၍ 'အလုံဒီပါရုံ' ဟု ခေါ်ဝေါ် သုံးစွဲကြခြင်းဖြစ်သည်။

တန်ခိုးကြီးမားသော ပုဂ္ဂိုလ်များက ဖုံးကွယ်ထားကြသဖြင့် အလုံမြို့ကို 'မြို့ပျောက်' ဟု ဆိုကြခြင်းဖြစ်သည်။

သို့သော် ဗုဒ္ဓဝင်၊ သိဒ္ဓိ၊ အဓိဋ္ဌာန်ကျင့်စဉ်များကို ပွားများအားထုတ်သော ပုဂ္ဂိုလ်များသည်လည်းကောင်း၊ အနန္တရဘဝများစွာက ပါလာသော ပဋ္ဌာန်းဆက်များကြောင့် လည်းကောင်း အလုံမြို့တော်ကို တွေ့ရှိနိုင်ကြောင်း သိရပေသည်။

လပြည့်နေ့၊ လကွယ်နေ့များတွင်လည်း အလုံမြို့တော်ဆီမှ ပရိတ်၊ ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်သံများကို ကြားရတတ်သည်ကို ဒေသခံလူများက ဆိုကြသည်။

သို့ဖြစ်၍ ဝိဇ္ဇာမိုရ်များထွက်ရပ်ပေါက်များနှင့် သာသနာ့အလုပ်ကို ကြိုးစားအားထုတ်နေကြသည့် ဆရာတော်ကြီးများ နေထိုင်သီတင်းသုံးရာ 'ဝိဇ္ဇာတို့ဌာနီ အလုံပြည်ဟု ခေါ်ဆိုထိုက်သော နေရာဖြစ်သည်။

အလုံမြို့ကို စကြာမင်းနှင့် သုဝဏ္ဏဘုမ္မိသထုံပြည့်ရှင် သီဟရာဇာမင်း၊ ဂဝံပတိရဟန္တာ၊ ဝိဇ္ဇာဇော်ဂျီ သူတော်စင် အ





ပေါင်းတို့က မင်းအာဏာစက်ဖြင့် တည်ထားခဲ့သော မြို့တော်ဖြစ်ပေသည်။

မြို့တည်ပြီးသည်နှင့် ကွယ်ပျောက်သွားပြီး ထိုနေရာတစ်ဝိုက်တွင် တောကြီးပကတိပြန်ဖြစ်သွားခဲ့လေသည်၊ ထိုကဲ့သို့ ပျောက်သွားသောကြောင့် အလုံမြို့ပျောက်ဟု ခေါ်ကြခြင်းဖြစ်သည်။

တရားအလုပ် ကျင့်ကြံအားထုတ်နေကြသော သူတော်စင်များကတော့ ထိုမြို့၊ ထိုနေရာသို့ ရောက်နိုင်ကြသည်။ သာမန်ပုဂ္ဂိုလ်တို့အနေဖြင့်လည်း အတိတ်ကံမှအကြောင်းဆက်ပါလာက ရောက်နိုင်၊ တွေ့နိုင်၊ မြင်နိုင်ကြပေသည်။ အချို့ကတော့ သွားရင်းလာရင်းနှင့် ထိုမြို့ကိုမမြင်ရ၊ မတွေ့ရသော်လည်း ပရိတ်ရွတ်သံ၊ ပဋ္ဌာန်းရွတ်သံ၊ ကြေးစည်သံ၊ ဖားစည်သံများကြားကြရသည်။

အချို့လည်း ညအချိန်တွင် မီးရောင်များကို လှမ်းမြင်ကြရပေသည်။ အများအားဖြင့်တော့ လပြည့်လကွယ်၊ အခါကြီးရက်ကြီးများတွင် ထိုနေရာဘက်မှ ပရိတ်ရွတ်သံ၊ ပဋ္ဌာန်းရွတ်သံတို့ကို ကြားကြရလေ့ရှိသည်။

အလုံမြို့ပျောက်ရှိသော နေရာမှာ ဒီပါရုံဘုရားရှိသော တောင်နှင့် မဝေးလှပေ။ တောင်ပေါ်တက်သော လမ်းလေးသွယ်နှင့် မုခ်လေးမုခ်ရှိပေရာ အနောက်ဘက်၌ရှိသော မုခ်မှသွားလျှင် ရောက်နိုင်သည်ဟု ဆိုကြလေသည်။

တစ်ခါက ဦးရသေ့ဆိုသူမှာ ဒီပါရုံဘုရား အနောက်


www.burmeseclassic.com

www.burmeseclassic.com

ဘက်မုခ်မှ တောဘက်သို့ဆင်းသွားရာ တောနက်ထဲသို့ရောက်သောအခါ ရဟန်းတစ်ပါးနှင့် တွေ့ရလေသည်။

"အရှင်ဘုရား ဘယ်ကကြွလာပါသလဲ ဘုရား"

"ငါ အလုံမြို့ကလာခဲ့ပါတယ်"

ထိုစကားကြားတော့ ဦးရသေ့မှာ များစွာဝမ်းသာသွားလေသည်။

"အလုံမြို့ကို တပည့်တော်လည်း လိုက်လိုပါသည် ဘုရား"

ဟုလျှောက်ထားရာ ထိုရဟန်းက ခေါင်းညိတ်ပြပြီးရှေ့မှ ကြွသွားသောကြောင့် ဦးရသေ့လည်းနောက်မှ လိုက်သွားလေသည်။

တစ်နေရာရောက်တော့ ထိုရဟန်းမှာပျောက်ကွယ်သွားပြီး မျက်စိရှေ့တွင် ထူးဆန်းအံ့သြဖွယ်ကောင်းသော အရာများကို တွေ့မြင်ရလေသည်။ အခြားတော့ မဟုတ်ပေ။

အလုံမြို့အဝင်၌ရှိသော မုခ်ဦးတိုင်ကြီးနှစ်တိုင်ကို တွေ့ရလေသည်။ တိုင်တစ်တိုင်နှင့်တစ်တိုင် တစ်ဆယ့်ငါးတောင်မျှ ကွာဝေးသည်။ သို့သော်. . မြို့တွင်းကိုတော့ ဝင်ခွင့်မရခဲ့ပေ

တစ်ခါက အာကာရွာမှာနေသော ဦးမောင်မောင်ဆိုသူမှာ အလုံမြို့မှ ဆရာတော်သုံးပါးကို ဖူးခွင့်ရသည့်အပြင် ဆွမ်းကပ်ခွင့်ပင် ရခဲ့လေသည်။

အလုံမြို့နှင့် ပတ်သက်သည့် ထူးခြားဆန်းကြယ်သော အကြောင်းများကို ရေးမည်ဆိုပါက မြောက်များစွာကျန်ပါသေး





သည်။ နောင်အလျှင်းသင့်သောအခါမှသာ ထပ်မံဖော်ပြပေးပါမည်။

နီမောင်တို့တတွေမှာ ဦးဗန်ကောင်းက ဦးဆောင်ခေါ်သွားသောကြောင့် ဒီပါရုံတောင်ပေါ်မှာ တည်ထားသောစေတီတော်ရှိရာသို့ ရောက်သွားကြလေသည်။

ဒီပါရုံစေတီတော်မှာ (၉)တောင်ပြည့်စေတီတော်ပင် ဖြစ်သည်။

သူတို့ရောက်သွားသောအချိန်မှာ ညနေစောင်းအချိန် ဖြစ်သဖြင့် တောင်ပေါ်၌ရှင်းလင်းနေသည်။

"ကဲ. . ကဲ. . ရောက်တုန်းရောက်ခိုက်၊ ဘုရားကိုအာရုံပြုပြီးတော့ ကန်တော့ကြ၊ ဒီတောင်တော် ပတ်ဝန်းကျင်မှာရှိကြတဲ့ မြင်အပ်သော ပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်သတ္တဝါတွေကို မေတ္တာပို့အမျှအတန်းဝေပေးကြ"

"ကောင်းပါပြီ၊ ဒါထက် အဘရဲ့ဆရာကြီးက ဘယ်မှာလဲ"

"တစ်နေရာမှာတော့ ရှိမှာပေါ့၊ ညကျရင်ရောက်လာမယ် ထင်ပါတယ်၊ ငါလည်း ဘုရားရင်ပြင်တော်ပေါ်တက်ပြီး ပုတီးစိပ်လိုက်ဦးမယ်"

ဟုပြောပြီး ဦးဗန်ကောင်းက စေတီတော်၏ရင်ပြင်ပေါ်သို့ တက်သွားလေသည်။ နီမောင်တို့ လေးယောက်လည်း ဘုရားကန်တော့ကြလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါမှာတော့ မနီးမဝေး


www.burmeseclassic.com

www.burmeseclassic.com

မှာရှိသော ဇရပ်ပေါ်သို့သွားရောက်ပြီး နားကြလေသည်။ ထိုသို့ နားရင်းမှ ဦးဗန်ကောင်းက ဒီပါရုံဘုရားနှင့်ပတ်သက်သည့် ထူးခြားဆန်းကြယ်မှုများ အကြောင်းကိုပြောပြလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ အနောက်ဘက်၌ရှိသော တောထဲမှ ကြေးစည်ထုသံ၊ ဖားစည်တီးသံများကို ကြားကြရလေသည်။

ထိုအသံများကြားတော့ နီမောင်က ထိုအသံများရှိသော နေရာဘက်သို့ ရည်မှန်းကာ မေတ္တာပို့အမျှအတန်းများဝေလေ လိုက်လေသည်။

တစ်ဆက်တည်း ရင်မောင်တစ်ယောက် ဘေးအန္တရာယ်များကင်းပြီး အမြန်ဆုံးပြန်တွေ့ရန်လည်း ဆုတောင်းလိုက်လေသည်။

သူတို့တတွေ စကားပြောနေကြစဉ် အနောက်ဘက်တွင်ရှိသော တက်လမ်းမှ လူတစ်ယောက်တက်လာလေသည်။ တစ်ကိုယ်လုံး အဝတ်ဖြူများဝတ်ထားပြီး ခေါင်းပေါင်းကိုလည်း အဖြူပုဝါဖြင့် ပေါင်းထားသည်။ လက်ထဲမှာ ပုတီးတစ်ကုံးနှင့် တောင်ဝှေးတစ်ချောင်း ပါလာလေသည်။

အခြားသူတော့ မဟုတ်ပေ။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ခန့်က ဦးဗန်ကောင်းတို့အား အယူတော်မင်္ဂလာပညာများ သင်ကြားပေးခဲ့သော ဆရာကြီးဦးသူတော်ပင် ဖြစ်ပေသည်။

ဦးသူတော်ရောက်လာသည်ကို မြင်သောအခါ ဦးဗန်





ကောင်းမှာ များစွာဝမ်းသာသွားပြီး ခရီးဦးကြိုပြုလေသည်။ ဦးသူတော်၏ ပုံပန်းသဏ္ဌာန်မှာ လွန်ခဲ့သောနှစ်ပေါင်း (၃၀) ကျော်ခန့်က အရွယ်အတိုင်းပင်ဖြစ်သော်လည်း ဦးဗန်ကောင်းကတော့ လူကြီးဘဝသို့ ရောက်ခဲ့ပေပြီ။

ဦးသူတော်က ဇရပ်ပေါ်မှာဝင်ထိုင်တော့ အားလုံးက ကန်တော့လိုက်ကြသည်။ ဦးသူတော်က ကြည်လင်သော မျက်နှာဖြင့် မေတ္တာပို့ခြင်း၊ ဆုပေးခြင်းများပြုလုပ်ပေးပြီးမှ မေးလေသည်။

"ဘာအတွက် ရောက်လာတာလဲ"

"အာကာရွာအပါအဝင် ဒီအနီးတစ်ဝိုက်မှာရှိကြတဲ့ ရွာတွေမှာ အမှောင့်ပယောဂတွေ ဝင်ရောက်နှောင့်ယှက်ကြလို့ လူတွေသေကြရပါတယ် ဆရာကြီး၊ ဘယ်လိုအကြောင်းကြောင့် လည်းဆိုတာ သိလိုပါတယ်"

ဦးဗန်ကောင်းက အချိန်မရမှန်းသိသဖြင့် လိုရင်းကိုသာ မေးလိုက်သည်။

"လူမိုက်လို့ခေါ်တဲ့ လူယုတ်မာတစ်ယောက်ရဲ့ စနက်ပါပဲ၊ သူနှိပ်စက်နေတာပါ"

"ဒါဖြင့် အပြစ်မရှိတဲ့လူတွေကို ကယ်တင်ပေးချင်ပါတယ် ဆရာကြီး၊ ကျွန်တော့်ကို ကူညီပေးပါ"

ထိုအခါ ဦးသူတော်က ဇင်းထဲမှ အသင့်ဆောင်ယူလာသောပစ္စည်းတစ်မျိုးကို ထုတ်ပြီး ဦးဗန်ကောင်းကိုပေးလေရာ လှမ်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဂမုန်းဖြူညပဲ၊ မိစ္ဆာမှန်သမျှ မြင်ရုံနဲ့ထွက်ပြေးကြလိမ့်မယ်၊ မိစ္ဆာကောင်ကို ဖယ်ရှားတဲ့နေရာမှာလည်း ဂမုန်းဖြူနဲ့စီရင်ထားတဲ့ဆေးကိုပဲ အသုံးပြုဝါ၊ ဒီဆေးကိုအသုံးပြုရင် သူ့ဆီမှာရှိတဲ့ မကောင်းတဲ့အစီအရင်နဲ့ ပြုလုပ်ထားတဲ့ ဆေးဝါးတွေ မှန်သမျှ ပျက်ပြယ်ပပျောက်သွားလိမ့်မယ်"

"ကောင်းပါပြီ ဆရာကြီး၊ အနှောင့်အယှက်ပေးနေတဲ့သူကို ဘယ်နေရာမှာ တွေ့နိုင်ပါမလဲ"

"စုံစမ်းကြည့်လိုက်ရင် မကြာခင်သိရမှာပါ၊ ငါ့အနေနဲ့တော့ ပြောခွင့်မရှိပေဘူး"

ထိုသို့ပြောသဖြင့် ဦးဗန်ကောင်းလည်း ဆက်မမေးတော့ပေ၊ ထိုအခါ ဦးသူတော်က နီမောင်ကိုကြည့်ပြီးပြောသည်။

"သိပ်လည်း စိတ်ပူမနေပါနဲ့၊ ဝဋ်ကြွေးရှိလို့ခံနေရတာပါ၊ အချိန်တန်တော့ မင်းရဲ့ညီကို ပြန်တွေ့ရမှာပါ"

ဟုပြောသဖြင့် နီမောင်မှာ စိတ်ထဲ၌များစွာ ဝမ်းသာသွားလေတော့သည်။

ထို့နောက်. . . ညဥ့်နက်ပိုင်း အချိန်ရောက်သောအခါ ဆရာကြီး ဦးသူတော်မှာ နေရာမှထပြီး လာလမ်းအတိုင်း ပြန်သွားလေတော့သည်။





# အခန်း (၁၄)

# မှော်တိုက်တစ္ဆေနှင့် ကလဲ့စား

ဇာဂရနေသော အိမ်ကြီး၏အနောက်ဘက်တွင် သီးသန့်စီမံထားသော အခန်းတစ်ခန်းရှိသည်။ ထိုအခန်းမှာ လျှို့ဝှက်ထားသော အခန်းဖြစ်သည်။ အိမ်ရှေ့ခန်းဘက်မှ ကြည့်လျှင် နတ်ရုပ်များထားသည့် စင်များဖြင့် ကွယ်နေသောကြောင့် မမြင်ရပေ။ ထို့ပြင် နတ်စင်များနောက်ဘက်မှ ပိတ်နီ၊ ပိတ်နက်များဖြင့် နံရံအပြည့်ကာထားသောကြောင့် အခန်းပေါက်ဝကို မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပေ။

ထိုအခန်းမှာ ဇာဂရနှင့် ၎င်း၏တပည့်နှစ်ဦးဖြစ်သော နက်ကျော်နှင့် ရင်မောင်တို့သာ ဝင်ခွင့်ရသောအခန်းဖြစ်သည်။ အခြားသူများဆိုပါက ထိုအခန်းသို့ ဝင်ဖို့မဆိုထားနှင့် အနီးသို့ပင် ကပ်၍မရပေ။

အကယ်၍ မသိသဖြင့် အနားရောက်အောင်ကပ်လာပါက ဇာဂရအစောင့်ထားသော သရဲသဘက်များလက်ချက်ကြောင့် အသက်သေဆုံးကြရမည်ဖြစ်ပေသည်။ ဟိုယခင်က တော့မသိသဖြင့် ထိုနေရာရောက်သည်အထိ လာဖူးကြသည်။

ကျွဲကျောင်းရင်း၊ နွားမောင်းရင်းဖြင့် မယောင်မလည်နှင့် ရောက်လာကြဘူးသည်၊ ထိုသို့ရောက်လာသူတို့မှာ သရဲသဘက်တို့ ခြောက်လှန့်ခံရသဖြင့် ပြေးသူပြေး၊ လန့်ဖျပ်ပြီး သေသူသေဖြစ်ကြရပေရာ. . နောက်ပိုင်းတော့ အကြောင်းသိသွားသောကြောင့် နောက်ထပ်မလာဝံ့ကြတော့ပေ။

ဇာဂရကလည်း ထိုသို့မလာဝံ့စေရန် တမင်စီမံဆောင်ရွက်ထားခြင်းဖြစ်ပေသည်။ မည်သူမှမလာဝံ့တော့မှ သူလုပ်ချင်သောအလုပ်များကို လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်မည် ဖြစ်ပေသည်။ ယခုလပိုင်းများအတွင်းမှာတော့ ဇာဂရတစ်ယောက် ယခင်ကနှင့်မတူဘဲ များစွာစားလမ်းဖြောင့်နေလေသည်။

တပည့်နှစ်ယောက်ဖြစ်သော နက်ကျော်နှင့်ရင်မောင်တို့က သူစေခိုင်းသမျှပြုလုပ်ကြရသည်။ ဆေးဝါးအစီအရင်ဖြင့်သော်လည်းကောင်း၊ ခြောက်လှန့်နှောင့်ယှက်၍သော်လည်း





ကောင်း ရွာသူရွာသားများဒုက္ခရောက်၍ ကြောက်လန့်ကြသောအခါ သူ့ကိုလာရောက်ခေါ်ကာ ကုသကြရလေသည်။

ထိုသို့ကုသခြင်းဖြင့်ရသော ရွှေငွေ၊ ဆန်စပါး၊ အစားအသောက်တို့မှာ သူတို့အတွက် အလျှံပယ်ဖြစ်နေလေတော့သည်။

ဇာဂရထံတွင် နက်ကျော်နှင့်ရင်မောင်တို့ရှိရာ နက်ကျော်က လူမဟုတ်ပေ။ သေပြီးဖုတ်သွင်းထားသော ဖုတ်ကောင်ဖြစ်နေလေသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ဗီဇစိတ်ဟုခေါ်သောပင်ကိုယ်စိတ်ဝင်လာပါက လူ့ဘဝမှအကြောင်းများကို အနည်းငယ်မှတ်မိပြီး သရဲစိတ်ဝင်နေသော အချိန်မှာတော့ ဘာမှသတိမရတော့ပေ။

ရင်မောင်ကတော့ ထိုသို့မဟုတ်ပေ. . .။

အသက်မသေသေးပဲ လူတစ်ယောက်ဘဝမှာပင် ရှိသေးသော်လည်း ဆေးဝါးအစီအရင်ဖြင့် သရဲဘဝအသွင်သို့ အပြောင်းခံထားရသူဖြစ်သည်။

ယခုအချိန်မျိုးတွင် မိသားစုများကိုပင် 'သူ ရင်မောင်ပါ' ဟုပြောလျှင်လည်း မှတ်မိကြတော့မည် မဟုတ်ပေ။ ယုံကြည်ကြမည်လည်း မဟုတ်တော့ပေ၊

နက်ကျော်က အသက်သေပြီး ဘဝပြောင်းသွားသော်လည်း မူလရုပ်မပြောင်းပေ။ ရင်မောင်က အသက်မသေ ဘဝမပြောင်းသေးသော်လည်း လူစင်စစ်မှသရဲဘဝသို့ ပြောင်းလဲနေရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ နက်ကျော်က အခြားရွာမှ မိန်းမပျိုတစ်ယောက်ကို ဖမ်းခေါ်လာပြီး ဆရာကြီးလက်သို့ အပ်လေသည်။ တစ်ကိုယ်လုံး စောင့်ဖြင့်ပတ်ခေါ်လာသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိရပေ၊ ထိုအမျိုးသမီးမှာ ကြောက်စိတ်ကြောင့် သတိမေ့မျောနေလေသည်။

ဇာဂရက အနောက်ဘက်အခန်းထဲမှာရှိသော စင်ပေါ်သို့တင်ထားလေသည်။

"မင်းဘယ်လို ဖမ်းလာတာလဲ"

"သူ့ကို ကျွန်တော်သိတယ်၊ ပျဉ်းမကုန်းရွာက ဖမ်းလာတာ"

ထိုစကားကြားတော့ မနီးမဝေးမှာရှိနေသော ရင်မောင်ကလှမ်းကြည့်လိုက်သည်။

"မင်းတယ်တော်ပါလား"

ဟုပြောပြီး ကိုယ်လုံးပေါ်မှာ ဖုံးထားသော အဝတ်ကို ဖယ်လိုက်လေသည်။ မြနှင်းဖြူပင် ဖြစ်လေသည်။

မမျှော်လင့်ဘဲ မြနှင်းဖြူကို တွေ့လိုက်ရသောအခါ ရင်မောင်တစ်ကိုယ်လုံး ကျင်စက်နှင့် အတို့ခံလိုက်ရသကဲ့သို့ တုန်လှုပ်သွားလေသည်။

"ရုပ်ရည်ကတော့ ပြောစရာမရှိဘူးဟေ့၊ အတော်ချောတာပဲ၊ ဒီလိုချောချောလှလှလေးရတော့လည်း အမျိုးမျိုးသုံးလို့ရတာပေါ့၊ ဒါထက်ဆိုစမ်းပါဦး သူကမင်းနဲ့ဘယ်လိုသိတာလဲ၊ ဒီရွာကလည်း မဟုတ်ပါပဲနဲ့"





"သူ့နာမည်က မြနှင်းဖြူလို့ခေါ်တယ်၊ ရင်မောင်လိုချင်တဲ့ကောင်မလေးပေါ့၊ ရင်မောင်က သူတို့ရွာသွားရင် ကျွန်တော်ကိုခေါ်သွားတော့ သူကကျွန်တော့်ကို သိနေတယ်၊ ဒါကြောင့် အလွယ်တကူဖမ်းခေါ်လာလို့ ရတာပါ"

"တယ်ဟုတ်ပါလား"

"သူ့ကို ဒီမှာထားရင် ရင်မောင်ကို ဒီမှာတစ်သက်လုံး ခေါ်ထားလို့ရတယ်"

"ဘာကြောင့်လဲ"

"ရင်မောင်က ဒီကောင်မလေးကို အရူးအမူးကြိုက်နေတော့ ကောင်မလေးရှိတဲ့နေရာဆိုရင် သူနေမှာသေချာတယ်"

"မင်းကတော့ ဖုတ်ကောင်ဘဝရောက်နေတာတောင် ဒီလောက် အကြံအစည်ကောင်းနေမှတော့ လူသာဆိုရင် ရွာသူကြီးတောင် ဖြစ်နိုင်တယ်ဟေ့. . ဟားဟားဟား"

ဇာဂရ၏ သဘောကျစွာ ရယ်လိုက်သံကြီးက အခန်းထဲမှာ ဟိန်းထွက်သွားလေသည်။

ထိုရယ်သံနှင့်အတူ ရင်မောင်ရင်ထဲမှာလည်း စိုးရိမ်သောကစိတ်များဖြင့် ဗလောင်ဆူနေတော့သည်။

"ဖြစ်မှဖြစ်ရပလေ့၊ ဒီနေရာမျိုးကိုရောက်လာတာ ငါချစ်တဲ့ မြနှင်းဖြူ ဖြစ်နေပါလား၊ သူ့ခမျာ ဘာမှသိရှာမယ် မထင်ဘူး၊ လူယုတ်မာတွေလက်ချက်နဲ့ ဘဝပျက်ရတော့မယ်၊ ငါဘယ်လိုလုပ်ရပါ့မလဲ၊ ငါဘယ်လိုလုပ်ရပါ့မလဲ"

ဟူသော အတွေးများက ရင်ထဲမှာ ပွဲတင်ထပ်နေလေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ထိုအချိန်မှာ နက်ကျော်က သတင်းတစ်ခုပြော သည်။

"ဟိုဘက်ရွာမှာ ဆရာကြီးတစ်ယောက်နေတယ်"

"ဟေ. . ဘယ်ကဆရာကြီးလဲကွ"

"အထက်လမ်း ဆရာကြီးတစ်ယောက် ဖြစ်မယ်ထင် တယ်၊ ကျွန်တော်တောင် သူ့ကိုမြင်တာနဲ့ ကြောက်လို့ထွက်ပြေး လာခဲ့ရတယ်"

"မင်းက ငါ့တပည့်လုပ်နေပြီး၊ တယ်လည်းသွေးကြောင် တာကိုး၊ ငါရှိတဲ့နေရာကို ဘယ်လိုဆရာမျိုးမှ မလာဝံ့ပါဘူး၊ လာ ရင်လည်း ခွေးသေဝက်သေ သေမှာပဲ၊ ဇာဂရကို ဘယ်သူမှယှဉ် လို့မရပါဘူး"

ဟုပြောလိုက်လေသည်။

ထို့နောက် ဇာဂရက နက်ကျော်နှင့်ရင်မောင်တို့ကို အ ပြင်ဘက်မှာ နေကြစေရန် ပြောသဖြင့်အပြင်သို့ ထွက်သွားကြရ လေသည်။

အချိန်က ညဦးပိုင်းအချိန်ရောက်နေချေပြီ။ အခန်းထဲ မှာ ဆီမီးခွက်တစ်ခုထွန်းထားသောကြောင့် အလင်းရောင် ရနေ လေသည်။

နက်ကျော်နှင့် ရင်မောင်တို့ အပြင်ထွက်သွားသောအခါ ဇာဂရက တံခါးပိတ်ထားလိုက်သည်။ ပြီးမှ သတိမေ့နေသော မြနှင်းဖြူကို သတိပြန်ရအောင် ပြုလုပ်ပေးလိုက်လေသည်။ အ တန်ကြာတော့ မြနှင်းဖြူမှာ သတိရလာပြီး ဆတ်ခနဲထထိုင်လာ





သည်။

"ကျွန်. . ကျွန်မ ဘယ်နေရာ ရောက်နေတာလဲဟင်"

"မင်းကို သရဲတစ်ကောင်က ဖမ်းခေါ်လာလို့ ငါက ကယ် ပေးထားတာပါ"

"သရဲမဟုတ်ပါဘူး၊ ကျွန်မကို ဖမ်းလာတာ နက်ကျော် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် နက်ကျော်က လူမှမဟုတ် တော့တာ၊ နက်ကျော်က သရဲဖြစ်နေတာကြာပြီ"

"ဒါကြောင့်ကိုး၊ ဒါကြောင့် ဒီလိုယုတ်မာတဲ့အကြံအစည် မျိုး ကြံစည်တာကိုး"

"မင်း သိပ်ကြောက်နေသလား"

"ကြောက်တော့ကြောက်တာပေါ့၊ ဒါပေမယ့် သရဲသ ဘက်တွေထက် ပိုပြီးကြောက်ဖို့ကောင်းတာ လူတွေပဲ၊ တချို့လူ တွေက သရဲထက်ပိုပြီးကြောက်ဖို့ကောင်းတယ်"

ထိုစကားကြောင့် ဇာဂရပင် အနည်းငယ်အံ့သြသွား လေသည်။ ဒီလိုအချိန် ဒီလိုနေရာမျိုးသို့ရောက်နေရလျှင် သာ မန်မိန်းကလေးဆိုလျှင် သွေးပျက်မတတ် ကြောက်ရွံ့နေကြပေ လိမ့်မည်။

ယခု မြနှင်းဖြူကတော့ ထိုသို့မဟုတ်ပေ။

သာမန်မျှသာရှိနေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မင်းကရုပ်ရည်ချောသလို သတ္တိ လည်း အတော်ကောင်းပေတာပဲ၊ ဒီနေရာမျိုးရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မျက်နှာတစ်ချက်မပျက်ဘူး၊ မင်းလိုမိန်းကလေးမျိုးရတာ တော့ ဟန်ကျတာပေါ့"

"ကျွန်မကို ပြန်ပို့ပေးပါ"

"ခေါ်လာပြီးမှတော့ ပြန်ပို့ပေးလို့ မဖြစ်တော့ဘူး၊ မင်း ကိုငါ သိမ်းယူလိုက်ပြီ"

"ရှင် လူယုတ်မာပဲ"

ထိုသို့ပြောပြီး အနားမှာရပ်နေသော ဇာဂရ၏ပါးပြင်ကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။

"ဖြန်း . . ဖြန်း"

ထိုသို့ အရိုက်ခံရသဖြင့် ဇာဂရမှာ ပထမတော့ ကြောင် သွားလေသည်။ နောက်မှ မီးဝင်းဝင်းတောက်သော အကြည့်ဖြင့် ကြည့်လိုက်လေသည်။

"နင်က ဒီလိုဆက်ဆံမှတော့ ဇာဂရအကြောင်း သိရစေ မပေါ့"

ဟုပြောပြီး ရှေ့သို့တိုးဝင်လာလေသည်။ ထို့နောက် . . မြနှင်းဖြူကို သိမ်းဖက်လိုက်သည်။ မြနှင်းဖြူကလည်း သူ့ကိုအတိ မခံဘဲ တွန်းထိုးရုန်းကန်ပစ်နေလေသည်။

"ဒီအခန်းထဲရောက်မှတော့ နင် ငါ့လက်က မလွတ် တော့ပါဘူး"

ထိုသို့ ပြောရင်း မြနှင်းဖြူကိုလိုက်လံ ဖမ်းနေရင်းမှာပင် အိမ်ရှေ့ဘက်မှ 'ဝုန်း'ခနဲ အသံကြားလိုက်ရပြီး တံခါးချပ်က ပွင့် သွားလေသည်။





ထိုတံခါးပေါက်မှ လူသုံးလေးယောက် ဝင်လာလေ သည်။ ခေါင်းဆောင်လာသူမှာ နီမောင်ပင်ဖြစ်သည်။

"မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ဒီအခန်းထဲဝင် လာရတာလဲ၊ သေချင်ကြလို့လား"

ထိုသို့ပြောနေစဉ်မှာ အပေါက်ဝမှ နောက်ထပ်လူ တစ် ယောက်ဝင်လာပြန်လေသည်။

ဦးဇန်ကောင်းပင် ဖြစ်လေသည်။

ဦးဇန်ကောင်းဝင်လာတော့ ဇာဂရက မျက်လုံးပြူးကြီး ဖြင့် ကြည့်နေသည်။

"မင်း ငါ့ကို မှတ်မိသေးရဲ့လားကွ"

"မင်း ဘယ်သူလဲ"

"ငါ ဇန်ကောင်းလေကွာ၊ မမှတ်မိတော့ဘူးလား ချမ်းမြ ရဲ့"

"ဟင်"

"မင်းနဲ့ငါက ဆရာကြီးဦးသူတော်ဆီမှာ အတူတူ ပညာ သင်ခဲ့ကြတာပါကွာ၊ ငါ့ကိုတောင်မမှတ်မိတော့ဘူးလား၊ မင်းက ဇာဂရလို့ အမည်ပြောင်းထားပေမယ့် လုပ်နေတာတွေကို ကြည့် ရုံနဲ့ မင်းပဲဖြစ်မှာပဲလို့ ငါသိပါတယ်"

"အို . . ဒါတွေ ငါမသိတော့ဘူး၊ မင်းကိုလည်း မသိဘူး၊ ဟေ့အပြင်မှာရှိတဲ့ သရဲသဘက်တွေ အားလုံးဝင်လာခဲ့ပြီး ဒီလူ တွေကို သတ်ပစ်စမ်းဟဲ့"

ဟု အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခေါ်မနေပါနဲ့တော့ကွာ၊ မင်းကျွေးမွေးထားတဲ့ သရဲသဘက်တွေ ငါဝင်လာကတည်းက ပြေးတာကြာရောပေါ့၊ ဆရာကြီးဦးသူတော်ပေးလိုက်တဲ့ ဂမုန်းဖြူရှိတဲ့နေရာတစ်ဝိုက်မှာ သူတို့ဘယ်နေနိုင်ပါ့မလဲ၊ မင်းဖုတ်သွင်းထားတဲ့ နက်ကျော်တောင် ဖုတ်ထွက်သွားလို့ အရိုးစုဘဝ ပြန်ရောက်နေပါပြီ"

ဟုပြောသည်နှင့် ဇာဂရလည်း အခြေအနေမကောင်းမှန်းသိသဖြင့် နောက်ဘက်တံခါးကိုဖွင့်ပြီး ထွက်ပြေးရန်ကြိုးစားလေသည်။

ထိုအပေါက်ဝမှာတော့ ရင်မောင်ကအသင့်စောင့်နေလေသည်။

"ငါ့ကို ဒုက္ခပေးခဲ့တဲ့ လူယုတ်မာသေပေတော့"

ဟုပြောကာ . လက်ထဲမှာကိုင်ထားသော တုတ်ဖြင့်ရိုက်ချလိုက်ရာ ပုံလျက်သားလဲကျသွားလေတော့သည်။

"ဖြောင်း"

"အား"

ရိုက်ချက်ပြင်းသောကြောင့် ဇာဂရအမည်ခံ ဦးချမ်းမြမှာနေရာမှ ပုံလျက်သားလဲကျသွားလေသည်။ ထိုအခါမှ နီမောင်က တုတ်တစ်ချောင်းကိုင်ပြီး ရပ်နေသော ရင်မောင်အနီးသို့လျှောက်သွားလေသည်။

"ရင်မောင် ညီလေး ဘယ်လိုဖြစ်ပြီး ဒီလိုဘဝမျိုးရောက်နေရတာလဲကွာ"

"ကျွန်တော်ရဲ့မိုက်ပြစ်က ကျွန်တော့်ကို ဒီဘဝမျိုးဖြစ်





ရတာပါ၊ ကျွန်တော်ကို ညီတစ်ကိုလို သဘောမထားပါနဲ့တော့၊ ကျွန်တော့်ဘဝနဲ့ ကျွန်တော်ရှိပါစေတော့"

"ဘယ်ဟုတ်မလဲ ညီလေးရာ"

"အစ်ကို့စကားကို နားမထောင်ခဲ့လို့ ဒီလိုဖြစ်ရတာပါ၊ ကျွန်တော့်အကြောင်းကို အဖေနဲ့အမေတို့ကို အသိမပေးပါနဲ့၊ သူတို့မေ့လက်စနဲ့ မေ့မေ့ပျောက်ပျောက် ရှိကြပါစေတော့"

"မင်းရောဂါတွေက ဆေးတစ်မျိုးကြောင့်ဖြစ်နေတာပါ၊ ဆေးနဲ့ပြန်ကုရင် ပျောက်မှာပါ၊ ဒီလောက်စိတ်ဆင်းရဲမနေပါနဲ့၊ မင်းရောဂါတွေပျောက်တဲ့အထိ ဆရာကြီးက ကုပေးမယ်လို့ပြောပါတယ်"

ထိုအခါ အနားရောက်လာသော ဦးဗန်ကောင်းကလည်း ဖြေဆေးပေးပြီး တဖြည်းဖြည်းချင်းကုပါက ရောဂါများပျောက်နိုင်ကြောင်း ပြောပြလေသည်။

ထိုသို့ပြောနေစဉ် သူတို့နှင့်အတူပါလာသော ဒေါ်မင်းဇာကအနားရောက်လာပြီး ပြောလေသည်။

"ဘာမှစိတ်မပူပါနဲ့ကွယ်၊ ငါတို့အသုံးပြုတဲ့ ဓာတ်ပညာဆိုတာ ဒီလိုရောဂါမျိုးမဆိုထားနဲ့၊ အနာကြီးရောဂါတွေတောင် ပျောက်အောင် ကုပေးနိုင်ပါတယ်၊ မင်းကိုအရင်လို လူကောင်းဘဝပြန်ရောက်အောင် ကုပေးဖို့ ငါတာဝန်ယူပါတယ်"

ထိုစကားကြားသောအခါ နီမောင်မှာ များစွာဝမ်းသာသွားလေသည်။

"မင်းငါနဲ့ သုံးလလိုက်နေရမယ်၊ ရောဂါပျောက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com

ဒီအပြစ်ကြွေးတွေပြေပျောက်အောင် သက်နိုးစည်းရမယ်၊ မင်းဘုန်းကြီးလုပ်ချင်ရဲ့လား”

“ရောဂါတွေပျောက်ရင် အဖွားပြောတဲ့အတိုင်း ဘုန်းကြီးဝတ်ပ့ါမယ်၊ ကျွန်တော်လည်း ဒီလိုဘဝနဲ့ပဲ နေချင်ပါတော့တယ်”

ဟု ရင်မောင်က ပြောလေသည်။

ထိုအချိန်မှာ မြနှင်းဖြူက မရဲတရဲနှင့် အနားရောက်လာလေသည်။ သူမသည် ရင်မောင်၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး ကြောက်ရွံ့နေဟန်ရှိသည်။

“မြနှင်းဖြူ ငါ့ကိုခွင့်လွှတ်ပေးပါဟာ”

ဟု ရင်မောင်က ဝမ်းနည်းကြေကွဲသောအသံဖြင့်. . တောင်းပန်လေသည်။

ထိုအခါ မြနှင်းဖြူက ခေါင်းညိတ်ပြလိုက်သည်။

“ငါ နင့်ကိုခွင့်လွှတ်ပါတယ်၊ ဘယ်လိုမှ သဘောမထားပါဘူး”

အခြေအနေကတော့ ပြီးသွားပြီဟု ဆိုရပေမည်။

ဒီနေရာမှာတော့ နီမောင်တို့ဒီနေရာအထိ ရောက်လာပုံအကြောင်းကို ရေးသားဖော်ပြပေးရပေမည်။

ရင်မောင်က မြနှင်းဖြူကို နှစ်သက်နေမှန်းသိသဖြင့် နက်ကျော်က သူဖမ်းခေါ်ပေးမည်ဟု ကတိပေးလေသည်။

တစ်နေ့တော့. . ပျဉ်းမကုန်းရွာသို့ ရောက်သွားရင်း နီမောင်တို့ ရောက်နေသည်နှင့် တွေ့ရလေသည်။ ဆရာကြီးဦးဗန်ကောင်းက သူ့ကိုခေါ်ပြီး စစ်ဆေးမေးမြန်းသောအခါ ဇာဂ





ရအကြံအစည်နှင့် ရင်မောင်၏အကြောင်းကိုပါ သတင်းရလေသည်။

သို့ကြောင့် မြနှင်းဖြူကိုပါ အကူအညီတောင်းပြီး ဇာဂရရှိသော နေရာသို့ရောက်အောင် လာနိုင်ခဲ့ကြခြင်းဖြစ်ပေသည်။

ထိုနေရာရောက်တော့ နက်ကျော်ကို ပရိတ်ကြိုးစွပ်ပေးလိုက်ရာ ဖုတ်ထွက်သွားသောကြောင့် အရိုးပြိုင်းပြိုင်းကျနေသော အလောင်းဘဝသို့ ရောက်သွားလေတော့သည်။ ထိုအခြေအနေကိုမြင်တော့မှ အာကာရွာမှ လာရောက်အကူအညီတောင်းသော ကိုထွန်းမြတ်လည်း စိတ်ချမ်းသာရာ ရသွားလေတော့သည်။

ယခုတော့ အရာအားလုံး ပြီးဆုံးသွားခဲ့ပေပြီ။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

# သံသယမရှိသော ချစ်ခြင်းမေတ္တာ

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီးနောက် လအတော်ကြာသောအခါ ဒေါ်မင်းဇာကုသပေးသောကြောင့် ရင်မောင့်ခန္ဓာကိုယ်ပေါ်မှရောဂါများ ပျောက်ကင်းသွားပြီး မူလအခြေအနေအတိုင်း ပြန်ဖြစ်သွားလေသည်။

မိသားစုများကတော့ ထိုကဲ့သို့ လူကောင်းဘဝပြန်ရောက်သွားသောကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရလေသည်။ ထိုသို့ပျောက်ကင်းသွားသောအခါ ရင့်မောင်က မိဘ

www.burmeseclassic.com

www.burmeseclassic.com



များထံတွင် သူ့ကိုသက်နန်းစည်းပေးရန် ခွင့်တောင်းသောအခါ မိဘများကလည်း ကြည်ဖြူစွာနှင့်ပင် ခွင့်ပေးကြလေသည်။

ရင်မောင်က ဘုန်းကြီးဝတ်ကာနီးတော့ အစ်ကိုဖြစ်သူ နီမောင်ကိုပြောလေသည်။

"တကယ်တော့ ကျွန်တော်ကသာ မြနှင်းဖြူကို စွဲစွဲလန်းလန်းဖြစ်ခဲ့ပေမယ့် သူကတော့ ကျွန်တော့်အပေါ်မှာ သာမန်ပါပဲ ဒါကြောင့် မကြံစည်သင့်တာတွေ ကြံစည်ရင်းနဲ့ အဖြစ်ဆိုးနဲ့ကြုံတွေ့ရတာပါ"

ထိုစကားကြားတော့ နီမောင်က သက်ပြင်းချလိုက်သည်။

"ဒီအကြောင်းတွေ ပြောမနေပါနဲ့တော့ကွာ"

"ပြောရဦးမယ် အစ်ကိုရ ပြောစရာရှိသေးတယ်၊ မြနှင်းဖြူက ကျွန်တော့်ကိုသာ သာမန်လိုသဘောထားပေမယ့်၊ အစ်ကို့ကိုတော့ စိတ်ဝင်စားနေပုံရတယ်"

"မဟုတ်ပါဘူးကွာ"

"ဟုတ်ပါတယ် အစ်ကိုရ၊ ကျွန်တော်လည်း ဒီလောက်တော့ လူကဲခတ်မညံ့လှပါဘူး၊ သူ့အမူအယာတွေကြည့်ပြီး သူပြောတဲ့စကားတွေ နားထောင်ကြည့်ရင် သိနိုင်တာပဲ၊ အစ်ကိုကရော သူ့ကိုစိတ်မဝင်စားဘူးလား"

"မင်းနှစ်သက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ငါက ကြားထဲက ဝင်ပြီးစိတ်ဝင်စားလို့ သင့်ပါ့မလား"

"ဒီလိုစကားမျိုးပြောကတည်းက အစ်ကိုလည်း သူ့အ





ပေါ်မှာ စိတ်ဝင်စားနေတယ်ဆိုတာ သိသာပါတယ်၊ အရင်ကတော့ ဟုတ်တာပေါ့၊ အခုတော့ ကျွန်တော်လည်း သူ့ကို စိတ်မဝင်စားတော့ပါဘူး၊ ဘုန်းကြီးဝတ်ပြီး ဘုန်းကြီးဘဝနဲ့ပဲ နေတော့မှာ"

"ပျော်သရွေ့နေပေါ့ကွာ"

"ဒီတော့ အစ်ကိုကို ပြောစရာရှိတာပြောခဲ့ရဦးမယ်"

နီမောင်က တစ်ချက်ကြည့်လိုက်သည်၊

"ဘာများလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ မြနှင်းဖြူက ရုပ်လည်းချောတယ်၊ သဘောထားလည်း မှန်တယ်၊ နောက်ပြီး အိန္ဒြေသိက္ခာလည်းရှိတယ်၊ အစ်ကို့အသက်အရွယ်ကလည်း အိမ်ထောင်ပြုဖို့ အချိန်တန်နေပြီ၊ ဒီတော့ အိမ်ထောင်ဖက်ရွေးတဲ့ နေရာမှာ ဒီလိုမိန်းကလေးမျိုးမှမရွေးရင် အစ်ကိုဘယ်သူ့ကို ရွေးမှာလဲ၊ ဒီတော့ ဘာမှ ထွေထွေထူးထူးစဉ်းစားမနေနဲ့တော့၊ အစ်ကို သူ့မေတ္တာကိုသာရအောင် ကြိုးစားပေတော့"

"ဖြစ်မယ် မထင်ပါဘူးကွာ"

"ဖြစ်ပါတယ်ဗျာ၊ အစ်ကိုကသာစပြီး ပြောကြည့်ရင် သူလက်ခံပေးပါလိမ့်မယ်"

ဟု တိုက်တွန်းပြောဆိုလေသည်။

ထိုနှစ် နွေရာသီရောက်သောအခါ မိဘများက နီမောင့်ကို ပဥ္စင်းတက်ပေးရင်းနှင့် ရွာထဲမှဆင်းရဲနွမ်းပါးသူ တို့၏ ကလေးများကို ရှင်ပြုပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နယ်လုံး ဖိတ်ကြားပြီး ပြုလုပ်သောအလှူပွဲဖြစ်သောကြောင့် ခြိမ့်ခြိမ့်သဲစည်ကားလှပေသည်။ ထိုပွဲမတိုင်ခင်ကတည်းက အလှူကိစ္စကို ဝိုင်းဝန်းကူညီပေးရန် အချို့ကညအိပ်ညဥ့်နေ လာရောက်ကြသည်။ အများအားဖြင့်တော့ ဦးဘရှိန်နှင့် ကျေးဇူးခံကျေးဇူးစား ရှိကြသူများဖြစ်ကြလေသည်။

ထိုအထဲတွင် မြနှင်းဖြူတို့ မိသားစုလည်း ပါလာကြသည်။ တစ်ညမှာတော့ မြနှင်းဖြူနှင့် အေးအေးဆေးဆေး တွေ့ရသဖြင့် နီမောင်က သူပြောချင်သောသဘောထားကို ဖွင့်ပြောပြလေသည်။

"ကျွန်တော် မြနှင်းဖြူကို မေးချင်တာတစ်ခုရှိပါတယ်"

"မေးလေ"

"တခြားတော့ မဟုတ်ပါဘူး၊ မြနှင်းဖြူမှာရည်ရွယ်ထားတဲ့သူများ ရှိနေပြီလားလို့ပါ"

မြနှင်းဖြူက တစ်ချက်ပြုံးပြီး ခေါင်းခါပြလေသည်။

"ဒါဖြင့် ကျွန်တော်ပြောချင်တဲ့စကား ပြောပါရစေ"

ခေါင်းညိတ်ပြသည်။

ထိုသို့ ညိတ်ပြရင်းနှင့် ခေါင်းငုံ့သွားလေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်မြနှင်းဖြူကို မေတ္တာရှိနေပါတယ်၊ ကျွန်တော့်မေတ္တာကို လက်ခံစဉ်းစားပေးပါ"

ထိုသို့ပြောတော့ ခေါင်းပြန်မော့လာသည်။

"အစ်ကိုက အလှူဖိတ်ပြီး ကျွန်မကို ရည်းစားစကားပြောတာလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ပြောချင်တာတော့ ကြာပါပြီ၊ စတွေ့ကတည်းက ဆိုပါတော့"

"ဒါဖြင့် အစကတည်းက ဘာဖြစ်လို့ ဖွင့်မပြောခဲ့တာလဲ"

"အမှန်အတိုင်း ပြောရရင်တော့ ညီလေးကို ဦးစားပေးခဲ့ရလို့ပါ"

"ဒါဖြင့် ကျွန်မက သူ့မေတ္တာကို လက်ခံခဲ့မိရင် ဘယ်လိုလုပ်မှာလဲ"

"ဒီလိုဆိုတော့လည်း ကျွန်တော့်ကံတရားလို့ပဲ သဘောထားပေးရမှာပေါ့"

"အစ်ကိုကျွန်မအပေါ်မှာထားတဲ့ မေတ္တာကလည်း ရရင်ယူလိုက်မယ်၊ မရရင် နေလိုက်မယ့်သဘောမျိုးလိုပဲ"

"ဒီသဘောမျိုးတော့ မဟုတ်ပါဘူး၊ ညီလေးမို့လို့သူ့ကို ဦးစားပေးလိုက်တာပေါ့၊ တခြားတစ်ယောက်ဆိုရင်တော့ မရရအောင် ကြိုးစားယူမှာပါ"

ထိုစကားကြားတော့ မြနှင်းဖြူမျက်နှာပေါ်တွင် ကျေနပ်မှုအရိပ်အယောင်ကလေးများ ယှက်သန်းသွားလေသည်။

နီမောင်ကဆက်ပြောသည်။

"နောက်ပြီး ကျွန်တော်ယုံကြည်ထားတာ တစ်ခုရှိပါတယ်"

"ဘာများလဲ ဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ကံတရားနဲ့ ဖူးစာဆိုတာ







www.burmeseclassic.com

www.burmeseclassic.com

ကိုယုံကြည်ပါတယ်၊ ကျွန်တော်တို့ချင်း ဖူးစာဘက်မှန်ခဲ့ရင်တော့ ကြားထဲက ဘယ်သူဝင်ဖျက်လို့မှမရဘဲ တစ်နေ့ကျရင် ဆုံဆည်းနိုင်လိမ့်မယ်လို့ ယုံကြည်ထားလို့ပါ"

"အစ်ကိုက ရိုးရိုးအေးအေး နေတတ်တယ်သာဆိုရတယ်၊ စကားအပြောအဆိုကတော့ အတော်ကောင်းတယ်၊ အစ်ကိုက ကျွန်မကို မေတ္တာစစ်နဲ့ တကယ်ချစ်ရင်တော့ ကျွန်မဘက်က စဉ်းစားပေးပါ့မယ်"

"ဒီစကားကြားရတာနဲ့တင် ဝမ်းသာပါတယ်၊ ကျွန်တော့်ကို အဖြေပေးနိုင်မလား"

"အခုမှ စဉ်းစားမယ်လို့ ပြောတာလေ"

"ဒါဖြင့် ဘယ်တော့အဖြေပေးမှာလဲ"

"အစ်ကို သိချင်ရင် အလှူပြီးတော့ ရွာကိုလာခဲ့ပေါ့"

"ဟိုရောက်တော့မှ လက်မခံနိုင်ပါဘူးလို့ ပြောလွှတ်မှာလား"

"အဲဒီစကားပြောဖို့ဆိုရင် အချိန်ဆွဲနေစရာတောင် သိပ်မလိုပါဘူး၊ အခုပြောမှာပေါ့"

"သဘောပေါက်ပြီ . . သဘောပေါက်ပြီ၊ ဒါဖြင့် အလှူပြီးတာနဲ့ရွာကို ချက်ချင်းလိုက်လာခဲ့မယ်"

ဟု ဝမ်းသာအားရပြောလေရာ မြနှင်းဖြူက အပြုံးကလေးနှင့် ချစ်စဖွယ်မျက်စောင်းတစ်ချက် ထိုးလိုက်လေတော့သည်။ ကြယ်ပွင့်ကလေးတွေကို မီးတောက်တွေပဲဆို့ သံသယရှိနိုင်ပါသည်။ နေမင်း လမင်းတို့ရွေ့လျားခြင်းကို သံသယရှိနိုင်





ပါသည်။ သစ္စာတရားကို မုသားစကားလို သံသယရှိနိုင်ပါသည်။

သို့သော် . . .

စစ်မှန်သော သူတို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာကိုတော့ ဘယ်လိုမှ သံသယရှိစရာမလိုတော့ပါချေ။ ဤနေရာတွင် တွန့်စ်ရေးသားသော (ကြာပိုက် သားပိုက် မျော်တိုက်တစ္ဆေ) ဟု အမည်ပေးထားသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်သည်လည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု

မြဝတီ

**အပြီးသတ်ချိန် ။ ။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၂၅)ရက်၊ ကြာသပတေးနေ့ ည (၉) နာရီ**



www.burmeseclassic.com